www.burmeseclassic.com

မင်းဘာဇ္ဇကာ ကိုယ့်ဘဝ




အသစ်စက်စက်လုံးချင်းဝတ္ထု

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်
၅၀၀၄၆၀၀၆၀၄
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၅၇၅၀၆၀၅
ထုတ်ဝေခြင်း
ပထမအကြိမ်
၂၀၀၆ခုနှစ်၊ အောက်တိုဘာ
အုပ်ရေ
၅၀၀
တန်ဖိုး
၁၀၀ ကျပ်

# မိုးနီလွင်

(လုံး ချင်း ဝ တ္ထု သစ်)

## မင်းအတ္တကာ ကိုယ့်ဘာဝ

www.burmeseclassic.com

www.burmeseclassic.com

ထုတ်ဝေသူ
ဦးနိုင်မျိုးထွန်း (အင်ပါယာစာပေ)
တိုက် ၂၁၊ အခန်း ၁၁၊
စီးပွားကူးသန်းဝန်ထမ်းအိမ်ယာ၊
ဦးဝိစာရလမ်း၊ မြောက်ဒဂုံ။

ပုံနှိပ်သူ
ဦးမောင်မောင်လွင် (ကဝိရတနာအော့ဖ်စက်)
၂၀၄၊ လမ်း ၃၀၊ ရန်ကုန်။

**ဒို့တာဝန် အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန် ဖြစ်သည်။

**ပြည်သူ့သဘောထား**

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး။

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

**လူမှုရေးဦးတည်ချက် (၄) ရပ်**

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

www.burmeseclassic.com

www.burmeseclassic.com

အသည်းနှလုံးဆိုတာ
လူမြင်ရတဲ့ နေရာမှာ မရှိဘူး
သူငယ်ချင်း….။
ကိုယ်မမြင်ရတဲ့ အရာတွေကို
မရှိဘူး … လို့ ပြောတတ်တဲ့
အယူသီးလူမိုက်တွေကြားထဲ
မင်း မယ်ဒါလေနဲ့ ….။

www.burmeseclassic.com

www.burmeseclassic.com

မိုးနီလွင်

မင်းအတ္တကကိုယ့်ဘာဝ

# နိဒါန်း

www.burmeseclassic.com

www.burmeseclassic.com

"ခင်ဗျား . . . အရပ် ဘယ်လောက်ရှည်သလဲ . . ."

စစချင်း ဆောက်နဲ့ထွင်းဆိုသလို မေးလိုက်တဲ့ မေးခွန်းက သူနားထဲသို့ ကန့်လန့်ဝင်လာသည်။

မေးနေတဲ့ ပုံစံကိုလည်း . . . ကြည့်ဦး။

ကုလားထိုင်ရဲ့ နောက်မှီမှာ ခပ်လျှောလျှောထိုင်ကာ ဘေးအိတ်ကပ် ခပ်များများပါသော ကာကီရောင် (ESPRIT) ဘောင်းဘီ ပွပွ ဝတ်ထားသည့် ခြေထောက်နှစ်ချောင်းကို အနီးက နောက်ထပ် ကုလားထိုင်တစ်လုံးပေါ် အကျအန ခြေဆင်းတင်ထားသည်။

လက်ညှိုးလေးတစ်ချောင်းတည်းထောက်၍ ခေါင်းပေါ်က (NY) တံဆိပ်ပါ နီညိုရောင် ကက် (ပ်) (Cap) ဦးထုပ်၏ လျှာဖျားကို ပင့်တင်လျက် . . .၊ မျက်လုံးလေးတွေ မှေးထားပြီး ခပ်စွေစွေ စောင်းကြည့်မေးလိုက်ပုံက ကောင်းဘွိုင်သေနတ်ပစ် ရုပ်ရှင်ကား

www.burmeseclassic.com

www.burmeseclassic.com



တွေမှာပါတဲ့ မင်းသား ကလင့်အီစ်ဝုဒ် (Clint Eastwood) ရဲ့ စတိုင်လ်အတိုင်း။

သူ ရယ်ချင်သွားသည်။

အခု မေးနေတဲ့သူက ကလင့်အီစ်ဝုဒ်လို မုတ်ဆိတ်မွေး ထိုးထိုးထောင်ထောင် ပခုံးကျယ်ကျယ် ရင်အုပ်ကားကား ယောကျ်ားဘသားကြီးဆိုလည်း ထားပါတော့။

ကြားထဲက သူနဲ့ မိတ်ဆက်ပေးဖို့ ခေါ်လာတဲ့ ဘောဂ တောင် အံ့ဩခပ်ရင့်ရင့်မေးပုံကြောင့် နည်းနည်းမျက်နှာပျက်သွားတာ သူ တွေ့လိုက်ရသည်။

ဘောဂက လွတ်နေတဲ့ ကုလားထိုင်တစ်လုံးမှာ **ဝင်ထိုင်ပြီး** မျက်နှာ ခပ်ရှုံ့ရှုံ့လုပ်ကာ ပြောသည်။

"ဟော့ကောင် ကိုနေ . . . ဒါ မင်းအ**တွက် ငါခေါ်**လာတဲ့ ဖြူဖွေးဆိုတာလေ"

"အဲဒါ . . . ကိုယ် သိတယ်လေ"

ဖြေနေတဲ့ပုံကလည်း အပူထိ **ထောင့်**မကျိုးသေး။ သူက တော့ ရယ်ချင်စိတ်ကို အတင်းမျိုချပစ်နေရသည်။ ဘောဂခေါ် လိုက်တဲ့ ဟော့ကောင် . . . ဆိုတဲ့စကားရော၊ ကိုနေဆိုတဲ့ နာမ်စား ရော . . . သူ့နားထဲမှာ တစ်မျိုးကြီး . . .။ တစ်မျိုးကြီးကို ဖြစ်လို့နေ ပါသည်။

ဘောဂက ထပ်ပြောမြန်သည်။

"သိရင်လည်း မင်းက သူနဲ့အရင် မိတ်ဆွေလေးဘာလေးဆက်၊ ရင်းနှီးအောင် တခြားအကြောင်းလေး . . . ဘာလေး ပြော



. . . လုပ်ပါလား . . . ကိုနေရာ . . .၊ မင်းကလည်း . . . ဗွမ်"

"မလိုပါဘူး"

စူပုပ်ပုပ်မျက်နှာထားနဲ့ ပြောလိုက်တဲ့လေသံက ခပ်ဆောင့် ဆောင့်။ အံ့ဩ ဂွကျကျလူသားကလေးရဲ့ အသံဟာလည်း ဩရှရှနဲ့ . . . ယောကျ်ားလေးအစစ်တစ်ယောက်ရဲ့အသံနဲ့ မခြား။ ပုံစံကိုက . . . မသိတဲ့ လူတစ်ယောက်ယောက်များ ခပ်လှမ်းလှမ်းက ကြည့် လိုက်ရင် . . . အံ့ဩစတိုင်လ် ခပ်မိုမိုထိုင်နည်းမျိုးနဲ့ ရှုတည်တည် ကြည့်တတ်တဲ့ ကောင်ကလေးဟာ တော်တော်လေး ရုပ်ဖြောင့်တဲ့ ဘဲလေးတစ်ပွေပဲဟု ထင်သွားမှာ အမှန်။

သို့ပေမယ့် အံ့ဩမျက်နှာကလေးဟာ ဆံပင်အရှည်တွေထား ပြီး ပါးဘေးနှစ်ဖက်မှာ စင်းနေအောင်ချ၊ ရင့်စေ့အကျီနဲ့ ထဘီ ကလေး ဝတ်ပြီး တည်ငြိမ်စွာ **မျက်လွှာလေးချလို့** ကျို့ကျို့လေးထိုင် နေတဲ့ပုံစံမျိုးနဲ့သာ တွေ့ရရင် . . သိပ်ကို **နူးညံ့သိမ်မွေ့**တဲ့ မိန်းမလှ လေး တစ်ယောက်ပါလား . . . လို့ လူတိုင်း ကော**က်ချက်**ချနိုင်မယ့် ရုပ်ရည်မျိုးလည်း ဖြစ်နေပြန်သည်။

ကြည့်လေ။ အံ့ဩ ဝတီ . . . အဲလေ . . . ဝတီ**ဟန်ဆောင်** ထားတဲ့ ဝတီမလေးက ဆေးမဆိုးဘဲ ရှန်းစိုနက်မှောင်**နေတဲ့ မျက်** ဝန်းတွေကို ပိုင်**ဆိုင်ထား**သည်။ နှာတံကလေးကလည်း **ခပ်ထင်း** ထင်းနဲ့ အဖျားမှာ **လုံးလုံး**လေး။ နှုတ်ခမ်းတွေကျတော့ ပါးလှပ်လှပ် ကလေးပေမယ့် **အပေါ်** နှုတ်ခမ်းလေး တွန့်ကွေးပုံက စင်ရော် တောင်ပံတွေလို တိကျသေသပ်လှပသည်။ မျက်နှာပေါ်က အသား အရေဟာ ဘာမိတ်ကပ်၊ ဘာသနပ်ခါးမှ ကူမထားဘဲ ဖြူစင်ကြည်

www.burmeseclassic.com



သန့်နေပုံက အောက်မျက်ခမ်းနဲ့ ပါးပြင်အထက် နှားဆီမှာ စိမ်းလဲ့ယှက်ဖြာနေတဲ့ သွေးကြောမျှင်ကလေးတွေကို အတိုင်းသား မြင်ရတဲ့အထိ . . . ။

အဲ့ဒီ . . . ကောင်မလေး . . . ချောသည်။ သို့ပေမယ့် မြင်တွေ့နေရတဲ့ပုံစံနဲ့ ကြားနေရတဲ့ စကားပြောဟန်က တစ်ချက်တလေးမှ ကြည်နူးချင်စရာ မရှိ။

မိန်းကလေးစစ်စစ်ကလေးသာဆို သူ့ရဲ့ နောက်ဆုံးမြောက် ရည်းစားအဖြစ် ပစ်မှတ်ထားဖို့ ချက်ချင်းမဆိုင်း သစ္စာဆိုပစ်လိုက်နိုင်သည်။

ယခုတော့ . . . အဲ့ဒီ ငတိမလေးက။ နာမည်ကို ခေါ်ရတာတောင် ကိုနေ . . . တဲ့လေ။

ကိုနေရဲ့မျက်နှာက နှုတ်ခမ်းညာဘက်ထောင့် တစ်ဖက်တည်း ကွေး၍ ပြုံးသည်။ ပြီးတော့ . . . ရှေ့တည့်တည့်မှာ ယခုထက်ထိ မတ်တတ်ရပ်နေသော သူ့တစ်ကိုယ်လုံးကို ဆံဖျားကနေ ခြေထောက်မှ ဖိနပ်ထိပ်အဆုံးအထိ ပိုက်စိပ်တိုက် မျက်လုံးကလေး စင်း၍ ကြည့်သွားသည်။

"မလိုပါဘူး . . . ဘောဂရာ၊ သူ့ကို ပါအောင် ခေါ်ခဲ့လို့ မင်းကို ကိုယ်နိုင်းလိုက်ခဲ့ကတည်းက ဖြူဖွေးဆိုတဲ့ လူတစ်ယောက်အကြောင်းကို ကကြီးက အ,အထိ ကိုယ်သိပြီးမှ ခေါ်ခိုင်းလိုက်တာပါကွ၊ ဘာမှ မိတ်ဆက်ပေးနေစရာ မလိုဘူးလေ"

ဗုဒ္ဓေါ . . . မလွယ်ပါလား။ နေစမ်းပါဦး . . မင်းက ကိုယ့်အကြောင်းကို ဘယ်လောက်များသိနေလို့ ဒီစကားပြောရတာပါ



လိမ့်။ သူ့ရင်ထဲက စကားလုံးတွေ သူ့မျက်လုံးမှတစ်ဆင့် အပြင်သို့ ထွက်ကျသွားပုံရသည်။ ကိုနေတာ "အဟင်း . . ." ဟု မခိုးမခန့် တစ်ချက် ရယ်လိုက်သေး၏။ ပြီးမှ . . .

"ခင်ဗျားနာမည် ဖြူဖွေး၊ မှတ်ပုံတင်ထဲမှာလည်း . . . ဖြူဖွေး၊ အိမ်နာမည် . . . ကိုဖြူ၊ သူငယ်ချင်းတွေကလည်း ကိုဖြူလို့ပဲ ခေါ်တယ်၊ နာမည်နဲ့လိုက်အောင် အဖြူရောင် ကြိုက်တယ်၊ နောက်ပြီးတော့ မိန်းကလေးတွေကို အသည်းခွဲရတာလည်း ကြိုက်တယ်၊ အခုလက်ရှိအချိန်အထိ မိန်းကလေးပေါင်း နှစ်ဆယ့်လေးယောက်တိတိကို ချစ်တယ်လို့ ပြောခဲ့ဖူးသူ၊ မချစ်တော့ဘူးလို့လည်း ပြောခဲ့ဖူးသူ၊ ဒါပေမဲ့ . . . မိန်းကလေး သုံးဆယ့်ငါးယောက်လောက်ကတော့ သူတို့အသည်းကို ခွဲသွားတာ ဖြူဖွေးပါလို့ အပြောခံနေရသူ၊ ဒါဆို ကောင်မလေးဆယ့်တစ်ယောက်လောက်က လိမ်ပြောနေတာပေါ့နော်၊ အဲ . . . ပြီးတော့ . . ."

ကိုနေဆိုသည့် ငတိအတုလေးက ပြောနေသည့်စကားတွေ ခန် ··ခန် . . . သူ့မျက်နှာကို ရယ်ကျဲကျဲတစ်ချက်မော့ကြည့်လိုက်သေးသည်။ ပြီးမှ ဆက်ပြောပြန်သည်။

"ခင်ဗျားရဲ့ မွေးသက္ကရာဇ်က ခုနစ်၊ ခုနစ်၊ ရှစ်ဆယ့်တစ်၊ ထူးခြားထင်ရှားသည့် အမှတ်အသား . . . လည်ပင်းညာဘက်ဘေးမှာ မှဲ့အနက်ရှိ၊ မျက်လုံးအရောင် . . . အညိုဖျော့ဖျော့၊ အဲ့ဒီ မျက်လုံးတစ်စုံကို မိန်းကလေးတွေရဲ့ အသည်းတွေ ခွဲရာမှာ ကျင်လည်နိုင်နပ်စွာ အသုံးချတတ် . . ၊ အမြဲသုံးစွဲတတ်သည့် ရေမွှေး . . . ချယ်လောရင်းမှထုတ်သည့် ပိုလိုစပေါ့ရေမွှေး၊ အနှစ်သက်ဆုံး

www.burmeseclassic.com



ယောလ်ဝုဒ်ရုပ်ရှင် မင်းသမီးက လစ်ဗ်တိုင်လာ၊ ရွှေဂုံတိုင်မှ ကွန်ဒိုမီနီယံ၏ ကိုးထပ်မြောက်တိုက်ခန်းတွင် တစ်ယောက်တည်းနေ၊ မိဘနှစ်ယောက်စလုံး ယူအက်စ်က ဖလော်ရီဒါမှာ အလုပ်သွားလုပ်နေ၊ တစ်ဦးတည်းသော . . သား ကဲ . . . ကိုယ်တော့ မောပြီ၊ ဒါပေမဲ့ . . . သိထားတွေ ကျန်သေးတယ်၊ ခင်ဗျား သဘောပေါက်အောင် ပြောထားတာ"

သူ့စိတ်ထဲမှာ အဲ့ဒီ ကိုနေဆိုတဲ့ ကောင်မလေးကို ရှုံ့ချင်စိတ်တွေ တဖွားဖွား ပေါ်ပေါက်လာသည်။ ကိုနေထိုင်သည့် စားပွဲပေါ် လက်နှစ်ချောင်းစလုံး သူ ထောက်၍ ကိုယ်ခန္ဓာကိုအနည်းငယ် ညွှတ်ကိုင်းကာ ခပ်ရိရိလေသံမျိုးဖြင့် တမင်လုပ်မေးလိုက်သည်။

"ကိုယ့်အကြောင်းတွေ မင်း ဒီလောက်သိထားတယ်ဆိုရင် ဘာဖြစ်လို့ ကိုယ့်အရပ် ဘယ်လောက်ရှည်သလဲလို့ မင်း ထပ်မေးနေသလဲ . . . ကိုနေ"

သူမက တည်ငြိမ်စွာ မဲ့ပြုံးလေးတစ်ချက် လှလှပပ ပြုံးသည်။

"ခင်ဗျားရဲ့ မှတ်ပုံတင်ထဲမှာ ငါးပေဆယ်လက်မ၊ အဲ့ဒါ ဆယ့်ခြောက်နှစ်တုန်းက လုပ်ထားတဲ့ မှတ်ပုံတင်၊ အသက်နှစ်ဆယ်တုန်းက ကွန်ပျူတာသင်တန်းမှာ တင်ထားခဲ့ (C.V.Form) (ကိုယ်ရေးရာဇဝင်) ထဲမှာက ခင်ဗျားအရပ် ငါးပေဆယ့်တစ်လက်မ၊ ကိုယ် အပြင်မှာ တွေ့ရတာကတော့ ခင်ဗျားအရပ် ဒီထက် ပိုရှည်နေသလိုပဲ"

သူ့မျက်ခုံးနှစ်ဖက်စလုံး မြင့်သွားသည်။ မလွယ် . . .



ဒီဟာမလေး မလွယ်။ သူ့နောက်ကျောမှာ အနည်းငယ်အိုက်စပ်စပ် ဖြစ်သွားသည်။ ချွေးပြန်လာပြီ ထင်သည်။

သို့ပေမယ့် အမူအရာကို ထိမထင်သည့်ဟန်ဆောင်ကာ သူ ခပ်တည်တည်မျက်နှာလုပ်၍ ပြန်ပြောလိုက်ရသည်။

"ကိုယ်စီးထားတဲ့ ကက်တာပေလာ Boot (ဖိနပ်) ရဲ့ ခွာက တစ်လက်မခွဲ မြင့်တယ်ဆိုတာလည်း ထည့်တွက်လိုက်ဦးလေ"

သူမက ကိုယ့်နဖူးကိုယ် လက်ဖဝါးပြင်လေး ဆန့်ပြီး ပုတ်ရင်း အလေးပြုသည့်ဟန် လုပ်သည်။

"ဩော် . . . ဆောရီး၊ ကိုယ် အဲ့ဒါ သတိမထားမိဘူး၊ ဒါကြောင့် ခင်ဗျားအရပ်ကြီး မိုးထိုးနေတာ၊ ဒါပေမဲ့ . . . နောက်တစ်ခု . . . ကိုယ့်တွေ့ထားတဲ့ ဓာတ်ပုံထဲမှာ ခင်ဗျားက ခပ်သွယ်သွယ် ပိန်ပိန်လေး၊ အခု အပြင်မှာတွေ့တော့ ကိုယ်ထင်ထားတာထက် ပိုပြီး ဖလတွေ ထွက်နေတယ်၊ ကိုယ်များ လူမှားသလားလို့"

သူ ရယ်မောလိုက်ပါသည်။

"မင်း မမှားပါဘူး . . ကိုနေ၊ မင်းတွေ့ထားတဲ့ ဓာတ်ပုံဟာ အနည်းဆုံးတော့ လွန်ခဲ့တဲ့ သုံးလကျော်ကပဲ၊ ကိုယ် ဓာတ်ပုံမရိုက်တာ သုံးလရှိပြီ၊ အဲ့ဒီသုံးလအတွင်း ကိုယ် ဘော်ဒီဘေလ်ဒင် (Body Building) ကစားထားတယ်၊ သုံးလအတွင်းမှာ ဆယ့်နှစ်ပေါင် တက်လာတယ်၊ ကဲ . . . မင်း ဘာသိချင်သေးသလဲ"

ဒီတစ်ခါတော့ သူမ မျက်လုံးများ ပြူးကျယ်သွားသည် [illegible]သည့် ဖြစ်လေသည်။

"ဘုရားရေ . . . ကိုယ့်ရဲ့ရွေးချယ်မှုက နည်းနည်းတော့

www.burmeseclassic.com

www.burmeseclassic.com



လွဲသွားပြီ ထင်တာပဲ၊ ခင်မျှားအရပ်ကြီး ဒီလောက် မိုးထိနေရင် 'တေး' နဲ့ လိုက်မှာမဟုတ်ဘူး၊ တေးအရပ်က ပုပုကလေးလေးရယ်၊ ပြီးတော့ တေးက ခင်မျှား . . . အခုလိုပုံစံမျိုး ကျားကျားလျားလျား ဗလတောင့်တောင့်နဲ့ အားကစားသမားပုံစံမျိုးကို သိပ်ခိုက်မှာ မဟုတ်ဘူး၊ သူ ကြိုက်တာက နုနုနယ်နယ်၊ ခပ်သွယ်သွယ် ခပ်နွဲ့နွဲ့ ကောင်လေးတွေပဲ သဘောကျတာ . . . ”

သူမရဲ့လေသံက သူ့ပုံစံကိုပဲ အသားလွတ် အပြစ်တင် ဝေဖန်ပြီး နှိမ့်ချနေတဲ့ဟန် အပြည့်။ သူ နည်းနည်းတော့ စိတ်တို လာပြီ။ ဆက်လက်၍ သည်းခံရမည့်အချိန် မဟုတ်တော့။

'တေး' ဆိုတဲ့ သူ မမြင်ဖူးသေးသော နောက်ကောင်မလေး တစ်ယောက် ကြိုက်သည့်ပုံစံဟာ . . . 'ဒင်း' လို့ပဲ ဖွင့်ပြောလိုက်ပါလား။ ဒင်းပုံစံကလည်း နုနုနယ်နယ်၊ ခပ်သွယ်သွယ် ခပ်နွဲ့နွဲ့ ကောင်လေးပုံစံပဲ မဟုတ်လား။ ယောကျ်ားအစစ် မဖြစ်တာသာ ခက်နေတာ။

စိတ်ထဲကနေ မေတ္တာပို့လိုက်မိပြီးမှ သူ တကယ် နှုတ်ကနေ ခပ်မာမာ ထုတ်ပြောဖြစ်လိုက်သည်။

“ဒီမယ် . . . သူငယ်ချင်း . . . ကိုယ့်ကို ဘောဂခေါ်လာ တုန်းက ကိုယ်ကျွမ်းကျင်တတ်မြောက်ပြီးသား အလုပ်တစ်ခုကို လုပ်ပေးဖို့ အလုပ်အပ်ချင်တဲ့ လူတစ်ယောက်ရှိတယ်ဆိုပြီး ပြောလို့ ကိုယ်လိုက်လာတာ၊ ကိုယ် အခု မင်းနဲ့တွေ့တော့ အဲ့ဒီအလုပ်ဟာ ဘာအလုပ်လဲလို့ မင်း တစ်ခွန်းမှ မပြောသေးဘူး၊ ပြီးတော့ အဲ့ဒီ လုပ်ငန်းကိုလည်း ကိုယ်က လက်ခံပြီး လုပ်ပေးမယ်လို့ တစ်ခွန်းမှ



မပြောရသေးဘူး၊ မင်းအပ်မယ့် လုပ်ငန်းရဲ့အနေအထားကို ကိုယ် နားထောင်ပြီး စိတ်ဝင်စားတယ်ဆိုမှ ဒီအလုပ်ကို ကိုယ် လက်ခံမှာနော်၊ ဒီတော့ . . . တစ်ဆိတ်လောက် . . . ဒီအလုပ်ကို ကိုယ်နဲ့ မသင့်တော်ဘူး၊ မဖြစ်နိုင်ဘူးဆိုတဲ့ ဝေဖန်အကဲဖြတ်မှုတွေကို မင်း ရပ်ပေးစမ်းပါ။ အဲ့ဒီလို ဆုံးဖြတ်ချက်တွေ ပေးဖို့ သိပ်စောနေသေး တယ်၊ ကိုယ် . . . မင်းရဲ့အလုပ်ကို လက်မခံရသေးဘူး”

ကိုနေဆိုသည့် ငတိမလေးက ပခုံးကို တစ်ချက်တွန့်၍ ခပ်မဲ့မဲ့ ပြုံးလိုက်သေး၏။ ဘောဂခမျာလည်း မျက်နှာခပ်ပျက်ပျက် နှင့် သူ့ဘက်က ဝင်ပြောပေးရှာပါသည်။

“ဟုတ်တယ် ကိုနေ . . . ငါက ဖြူဖွေးကို မနည်းပြောပြီး ခေါ်လာရတာ၊ သူက ဘယ်အလုပ်မဆို သူ စိတ်ပါမှ လုပ်တဲ့ကောင်၊ မင်း . . . ဘယ်လောက် ငွေပုံပေးပေး . . . သူ စိတ်မဝင်စားရင် အဲ့ဒီအလုပ်ကို သူ လှည့်တောင်ကြည့်မှာ မဟုတ်ဘူး၊ ဒီတော့ မင်း အလုပ်ကို သူ လက်ခံလာအောင် မင်းအလုပ်ဟာ ဘယ်လို စိတ်ဝင် စားစရာကောင်းကြောင်း အရင်ပြောဦး . . . ကိုနေ၊ ဖြူဖွေးက ငါ့ကို ပြောထားပြီးသား၊ ဒီကောင်က နှစ်ဆယ့်ငါးယောက်မြောက် . . . အခု မိန်းကလေးရဲ့ အသည်းကို ခွဲပြီးရင် ဒါ နောက်ဆုံးပဲလို့ ကြွေးကြော်ထားတာ၊ အဲ့ဒီနှစ်ဆယ့်ငါးကြိမ်မြောက် အသည်းခွဲခြင်း ဟာ သူ့အတွက် အဓိပ္ပာယ်ရှိရှိနဲ့ လှလှပပ,လေး ဖြစ်ရမယ် . . . တဲ့၊ သူ့အတွက် မဟုတ်တောင် တစ်ယောက်ယောက်အတွက် အဓိပ္ပာယ် ရှိရမယ်လို့ ပြောထားတာ၊ မင်းအလုပ်ကို သူ လက်ခံအောင် အရင်ပဲ ကြိုးစားပြီး ပြောစမ်းပါဦး ကိုနေရာ . . . ”

www.burmeseclassic.com



သူမက ဘောဂကို မျက်လုံးလေးတွေ စင်းလျက် ပြန်ကြည့်နေသည်။

"လောကကြီးမှာ မိန်းမတွေကို ဖြားယောင်းပြီး အသည်းခွဲတတ်တဲ့ ယောက်ျားမျိုး ဒီလောက်တောင်ပဲ ရှားနေသလား ... ဘောဂ"

"ဟော့ကောင် ... ကိုနေ ..."

ဘောဂလည်းပဲ စူပွပွမျက်နှာ ဖြစ်လာသည်။ ကြားထဲကနေ ပွဲစားတောင် စိတ်သိပ်ရှည်ချင်ပုံ မရ။ ဘောဂက သူ့ဘက်ကို လက် တစ်ချက်ဝှေ့ရင်း ...။

"မင်း ... ဖြူဖွေးကို ကြည့်စမ်းပါဦး၊ ဒီကောင့်လို ပုံစံမျိုး နောက်ထပ် ငါ ဘယ်နားက သွားရှာရမလဲ၊ ရုပ်ရည်ကလည်း ယောက်ျားလေးအချင်းချင်းတောင် နှစ်ခါပြန်ကြည့်မိတဲ့ ရုပ်မျိုး၊ အပြောလေးကလည်း ညက်တယ်၊ အတွေ့အကြုံကလည်း ရှိတယ်၊ မိန်းကလေးတစ်ယောက်က သူ့ကို ချစ်ပါတယ်ရှင် ... လို့ မနေနိုင် မထိုင်နိုင် အမြန်ဖြေပေးဖို့ လုပ်တဲ့အလုပ်က သူ့အတွက် ထမင်းစား ရေသောက်ပဲ၊ မင်းရဲ့ ... တေး ... ဆိုတဲ့ ဟာမလေး အသည်းကို ခွဲဖို့ဆိုတာ ဖြူဖွေးရဲ့ နှစ်ချက် သုံးချက် မွှေ့စာလောက်ပဲ ရှိတယ်၊ ငါပြောတာ ယုံ၊ သူ့ကြောင့် ... သူ့ကိုမှ မရရင် ငိုကြီးချက်မနဲ့ ကိုယ့်ကိုယ်ကိုယ်သတ်သေဖလို့ လုပ်တဲ့ ကောင်မလေးသုံးယောက် ငါမျက်စိနဲ့ကိုယ်တိုင် တွေ့ဖူးပြီးပြီ"

"တော်ပါတော့ကွာ ..."

ကြားထဲက သူ့ ရယ်ချင်စိတ်နှင့် ဘောဂကို လှမ်းတား



သည်။ သို့သော် ဘောဂ ... မရပ်။

"အဲဒီတော့ မင်း ... ဖြူဖွေးကိုပဲ အလုပ်အပ်ချင် အပ်၊ မအပ်ရင် ငါ မတတ်နိုင်တော့ဘူး၊ မင်းကို ငါက ယောက်ျားလေး သုံးလေးယောက်ရဲ့ ကိုယ်ရေးရာဇဝင်တွေ လာရွတ်ပြတုန်းက မင်းပဲ ပါတ်တစ် အလုပ်အအပ်ချင်ဆုံးလူလို့ ဖြူဖွေးကို ရွေးခဲ့တာလေ၊ ဘာအခုမှ ဂဂျိဂကြောင် ကျနေတာလဲ ... ကိုနေ၊ မင်း ... သူ့ကို းဝင်အောင် မပြောရင် ငါ နောက်ထပ် (Heart Breaker) ယောက် ထပ်မရှာပေးနိုင်ဘူး၊ ဒါပဲ ..."

သူမ, မျက်နှာက မချိုမချဉ်နဲ့ ပြုံးတာ သူ တွေ့သည်။

"မဆိုးပါဘူး ... ဘောဂ၊ မင်း ... ပွဲစား ပီသတယ်"

"ငါ ... ထ,ထိုးလိုက်ရ ... ကိုနေ"

သူတို့နှစ်ယောက် စကားပြောနေဟန်တွေကိုကြည့်ကာ သူ့ စိတ်ထဲ ပိုးကောင်ဝင်သလိုမျိုး ခိုးလိုးခုလု ဖြစ်နေသည်။ ဘောဂ တော့ သူမကို တကယ့်ယောက်ျားလေးတစ်ယောက်လို ပေါင်း းဆက်ဆံနေတာ နေသားကျ ရိုးစင်းနေတဲ့ဟန် ...။ သူမှာ အဲဒီကို ပြောဆိုရင်းနှီးမှုမျိုးနှင့် ဘယ်လိုကျွမ်းဝင်အောင် လုပ်ရ တာ ခေါင်းထဲမှာ အကျပ်ရိုက်နေသည်။

တော်တော်ကြီးကို နေရထိုင်ရ ခက်ပါလား။ ရှေ့လျှောက် အဲဒီ ယောက်ျား မကျ၊ မိန်းမ မကျ ဟာမလေးနဲ့ ဘယ်လိုများ သွားရပါ့။

သူမကတော့ သူ့ကို ခုနကလောက် မတင်းမာသော ခင် အကြည့်ဖြင့် မော့ကြည့်ကာ ခြေထောက်တင်ထား

www.burmeseclassic.com



ခုံကို တွန်း၍ . . .

"ထိုင်လေ . . ." ဟု ပြောသည်။

သူ . . . အောင့်သီးအောင့်သက်နှင့် ထိုင်လိုက်ရသည်။ တ ဆက်တည်း သူမက မေးသည်။

"ခင်ဗျား . . . ဘာသောက်မလဲ၊ ဘီယာတော့ မသောက်ချင်ဘူး ထင်တယ်၊ အားကစားသမားဆိုတော့ ရှောင်မလားလို့"

သူ ခပ်ပြတ်ပြတ် ဖြေလိုက်သည်။

"ဘဒ်ဝိုက်ဇာဆို . . . သောက်မယ်"

"ကောင်းသားပဲ . . ."

သူမက ချက်ချင်းမဆိုင်း စားပွဲထိုးကို လက်ယပ်လှမ်းခေါ်ကာ ဘဒ်ဝိုက်ဇာ 'သုံးဘူး' ဟု လှမ်းမှာသည်။ ဘောဂက သူမမမြင်အောင် သူ့ဘက်လှည့်၍ သွားတွေ့ မစုပြသည်။ သူ ရယ်ချင်သွား၏။ ယောကျ်ားလေးဟန် ဆောင်တဲ့နေရာမှာ သူမ တော်တော့ ပီပြင်သားပဲ။

"ခင်ဗျားကိုအပ်မယ့် ကျွန်တော့်လုပ်ငန်းအကြောင်း ဘောဂက အရိပ်အမြွက် ပြောထားပြီးသား မဟုတ်လား"

သူမက စကား စမေးတော့ . . . သူ ပြန်ဖြေလိုက်သည်။

"မိန်းကလေးတစ်ယောက်ရဲ့ အသည်းကို ခွဲပေးရမယ့် အလုပ်ပဲ မဟုတ်လား"

"ဟုတ်အင်း . . . ခင်ဗျားရဲ့ အသုံးအနှုန်း မှားတယ်၊ ကျွန်တော်ခိုင်းတဲ့ အလုပ်က ဒီ့ထက်ပိုပြီး လေးနက်တယ်"

"ဒါဆိုရင် . . . ကိုယ်က ဘာလုပ်ရမှာလဲ . . . ပြော"



"ခင်ဗျားက ကျွန်တော်ပြောတဲ့ . . . တေး . . . ဆိုတဲ့ ကောင်မလေး ကို ခင်ဗျားအပေါ် အရူးအမူး စွဲလမ်းပြီး တကယ် ချစ်လာအောင် . . တကယ်နော် . . တကယ် အမှန်အကန် ချစ်လာအောင် လှလှပပလေး သိမ်းသွင်းပြီး . . .၊ ပြီးတော့မှ ရက်ရက်စက်စက် သစ်စိမ်းချိုး ချိုးရမှာ၊ ခင်ဗျားကို . . . သူ လုံးဝဥဿုံ မုန်းတီးနာကြည်းသွားတဲ့အထိ ခင်ဗျားလုပ်ရမှာ"

သူ . . . ဟက်ခနဲ တစ်ချက် ထုတ်ရယ်လိုက်သည်။

"ဒါလေးများ . . ."

"မဟုတ်သေးဘူး . . . ခင်ဗျားကို သူ မုန်းရုံတင် မဟုတ်ဘူး၊ ယောကျ်ားတွေအားလုံးကို ခါးခါးသီးသီး နာကြည်းပြီး မုန်းတီးသွားတဲ့အထိ ခင်ဗျား လုပ်ရမှာ . . . ဒါပဲ"

ဗုဒ္ဓေါ . . . နောက်ဆုံးတော့ အဖြေကို သူ ရှာတွေ့သွားသည်။သို့မဟုတ် သူရှာတွေ့ပြီ ထင်သည်။

"တော်တော်ကြီးကို ရက်စက်ပြီး ပြင်းထန်တဲ့ ခိုင်းစေချက်ပဲ၊ အဲ့ဒီလို ငယ်ရွယ်ပြီး နုနယ်လှတဲ့ မိန်းကလေးတစ်ယောက်အပေါ် ဒီလောက်အငြိုးကြီးကြီးနဲ့ ကလဲ့စားချေရလောက်အောင် မင်းနဲ့သူ့ အကြားမှာ ဘယ်လောက်များ အာဃာတကြီးမားခဲ့ပါလိမ့်၊ တော်ရုံတန်ရုံ ရန်ငြိုးတော့ ဟုတ်ပုံမရဘူး"

"ဘာ . . ရန်ငြိုး . . အာဃာတ . . . ဟုတ်လား၊ ခင်ဗျား ဒီတစ်ခါတော့ အိုင်ကျူကျသွားပြီ၊ ကျွန်တော်က တေးကို ကလဲ့စား ချေလိုစိတ်နဲ့ ခိုင်းတယ်လို့များ ခင်ဗျား ထင်နေသလား၊ ခင်ဗျား နည်းနည်းလိုသွားပြီ ကိုဖြူဖွေး၊ ဒီမှာ . . . အခု လုပ်ရပ်ရဲ့ နောက်

www.burmeseclassic.com

www.burmeseclassic.com



ဆုံး ကျွန်တော်နှစ်စေချင်တဲ့ ရလာဒ်က တစ်ခုပဲရှိတယ်၊ ကျွန်တော် . . . ဘဝမှာ အချစ်ဆုံးသူငယ်ချင်းနား ပြန်ရောက်လာဖို့ပဲ"

သူမ စကားအဆုံးမှာ ဘောဂနှင့်သူ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိကြပြန်သည်။ ရယ်တော့ မရယ်ရဲ။ အဲ့ဒီ ငတိမ လေးဟာ အတည်ပေါက်နှင့် နင့်နင့်သီးသီး ရင်ထဲက ပြောနေတာ။ ငတိမလေးရဲ့ မျက်လုံးအကြည့်တွေက တကယ့်ကို ထိထိခိုက်ခိုက် လေသံကို အကဲခတ် နားထောင်ကြည့်ရင် အဲ့ဒီတေး . . . ဆိုတဲ့ မိန်းကလေးကို သူမ ဘယ်လောက် စွဲလမ်း ရူးသွပ်ခဲ့တယ်ဆိုတာ သိနေနိုင်သည်။

သူမက သူ့မျက်လုံးတွေထဲသို့ စေ့စေ့စိုက်စိုက်ကြည့်လျက် ထိုစကားကို ပြောသည်။

"ဒီမှာ ကိုဖြူဖွေး . . . ဒီအလုပ်ဟာ ကလဲ့စားချေခြင်း သက်သက်ပဲလို့ ခင်ဗျားက စွပ်စွဲရင် ကျွန်တော် ဝန်ခံလိုက်မယ် ဟုတ်တယ် . . . ဒါပေမဲ့ ကျွန်တော် ကလဲ့စားချေချင်တာဟာ တေး . . . မဟုတ်ဘူး၊ ကျွန်တော့်ရဲ့ တေးကလေး မဟုတ်ဘူး"

"ဒါဖြင့် . . . ဘယ်သူလဲ"

သူ . . . ဒီဇာတ်လမ်းမှာ စိတ်ဝင်စား နှစ်မျောလာရင်း ထ, မေးလိုက်မိသည်။

"ဘယ်သူလဲ . . . ဆိုတော့ . . . တေးကလေးကို မြူဆွယ် ဖြားယောင်းခေါ်ဆောင်သွားတဲ့၊ အဲ့ဒီ ဖြူသွယ်သွယ် ခပ်နွဲ့နွဲ့ မိန်းမ လျာလို မျက်နှာမျိုးနဲ့ ထွဋ်ခေါင်မိုးဆိုတဲ့ကောင်ကို ကလဲ့စားချေချင် တာ . . . သိလား၊ သူ့ရင်ခွင်ထဲကနေ တေးကို ပြန်ဆွဲထုတ်ပေးဖို့



အခု ခင်ဗျားကို ကျွန်တော် . . . ခိုင်းနေတာ၊ ကဲ . . . ရှင်းပြီလား၊ တောက် . . . နာမည်ကိုက ထွဋ်ခေါင်မိုး . . . တဲ့၊ ကြားရတဲ့သူ တိုင်း မေတ္တာပို့ခံရမယ့် နာမည်မျိုး၊ မတန်မရာ . . ."

"ဩော် . . . ဒီလိုကိုး"

အခုတော့ ဒီဇာတ်လမ်း၏ အုတ်မြစ်သဲခြေကို သူ ရှာတွေ့ သွားပြီ ဖြစ်သည်။ ဇာတ်လမ်းက ရိုးရိုးကလေး။ သုံးပွင့်ဆိုင် . . .။ ဒါပေမယ့် . . . မကြာခင်မှာ လေးပွင့်ဆိုင် ဖြစ်တော့မည်။ ဖြူဖွေးဆို သည့် ငနဲချောချောလေးတစ်ကောင်က ဒီသုံးယောက်ကြားမှာ ခလောက်ဆန်ရတော့မှာကိုး . . .။

ကိုနေက အရေးကြီးစကား ပြောချင်သလိုမျိုး ကိုယ်ကို ရှေ့ကိုင်း၍ စားပွဲပေါ် လက်တင်လိုက်သည်။

"ကျွန်တော် . . . ကြိုတင်ပြီး ခင်ဗျားကို ညှိနှိုင်းထားမယ် ကိုဖြူဖွေး၊ ခင်ဗျား . . . အခု လုပ်ရမယ့် အလုပ်ဟာ . . . ခင်ဗျား ထင်သလောက် လွယ်မှာ မဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျား တွေ့ခဲ့ဖူးတဲ့ အရင့်အရင် နှစ်ဆယ့်လေးယောက်သော မိန်းကလေး တွေဟာ ရည်းစားမရှိဘူး၊ အခု . . . တေးမှာက သူ အရူးအမူး ချစ်နေတဲ့ ထွဋ်ခေါင်မိုးရှိတယ်၊ ဒီတော့ ရည်းစားရှိနေတဲ့ မိန်းမ တစ်ယောက်ရဲ့အသည်းကို ခွဲရမှာမို့ ခင်ဗျား ဒီအလုပ်ကို ခက်ခဲ တယ်ထင်ရင် လက်မခံဘဲ နေနိုင်တယ်၊ လက်ခံမယ်ဆိုရင် . . . ကျွန်တော် ခင်ဗျားကို ငွေ ဘယ်လောက်ပေးရမလဲ . . . ခင်ဗျားရဲ့ ကြေးကို ပြောပါ"

သူ . . . ရယ်မောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ . . . ယခုမှ သူ့အလှည့် ရောက်ပြီဆိုတဲ့ ဟန်ဖြင့် လက်ပိုက်ကာ ခေါင်းငုံ့လေးကို လက်ချောင်းတွေနှင့် အကြောင်းမဲ့ ပွတ်သပ်လိုက်သည်။

"ဒီမှာ . . ကိုနေ . . မင်းကို ဘောဂ ပြောပြီးပြီပဲ၊ ကိုယ်က ကိုယ်စိတ်ဝင်စားတဲ့ အလုပ်မှ လက်ခံတာလေ၊ ကိုယ်ကလည်း အရင့်အရင် နှစ်ဆယ့်လေးကြိမ်ဟာ သိပ်ကို လွယ်ကူရိုးစင်းလွန်းလို့ ငြီးငွေ့နေတာပါကွ၊ အခုနှစ်ဆယ့်ငါးကြိမ်မှာ ခက်ခက်ခဲခဲလေး တွေ့ရတော့မှ ကိုယ့်အကြိုက် တွေ့မှာ၊ ကိုယ် . . . ဒီအလုပ်ကို စိတ်ဝင်စားတယ်၊ ဒါပေမဲ့ . . ."

သူ့ရဲ့ ဒါပေမဲ့ကြောင့် . . . ကိုနေနဲ့ ဘောဂတို့ အံ့အားသင့် မျက်ဝန်းများနှင့် သူ့ကို မော့ကြည့်ကြသည်။

"ဒါပေမဲ့ . . . ကိုယ်က ကြေးစားမဟုတ်ဘူးလေ၊ ကိုယ်ဟာ ငွေကြေးအတွက်နဲ့ ဘယ်မိန်းမကိုမှ အသည်းမခွဲခဲ့ဖူးဘူး၊ ကိုယ် မိန်းကလေးတွေကို လှည့်စားတယ်ဆိုတာ ကိုယ့်ပျော်ရွှင်မှုအတွက် သက်သက်ပဲ၊ အခုလည်း ကိုယ့်ရဲ့ ပျော်ရွှင်မှုအတွက် ဒီအလုပ်ကို လက်ခံမှာ၊ ဒါပေမဲ့ မင်းဘက်ကလည်း ဒီအလုပ်ကို လုပ်ဖို့ ကိုယ့်ဆီမှာ ယုံကြည်စိတ်ချမှုတွေနဲ့ အဓိပ္ပာယ်ရှိရှိ မြှုပ်နှံထားရတာ၊ ဒီတော့ ဒီလိုလုပ်ရင် မကောင်းဘူးလား . . . ကိုနေ၊ မင်းနဲ့ ကိုယ် . . . အလောင်းအစားလေးတစ်ခု လုပ်ကြရအောင်"

"အလောင်းအစား . . ."

သူမရော ဘောဂပါ အံ့ဩတကြီး လိုက်ရေရွတ်ကြသည်။ သူ ဆက်ပြောလိုက်သည်။



"ဒီလိုလေ . . . ကိုယ်က မင်း ဖြစ်စေချင်တဲ့ နောက်ဆုံး ရလာဒ်ကို ရအောင် လုပ်ပေးမယ်၊ အတိအကျ ပြောရရင် မင်းရဲ့ တေးနဲ့ သူ့ရဲ့ထွဋ်ခေါင်မိုးတို့ လုံးဝ ခေါ်စပ်ညှိနှိုင်းလို့မရတဲ့အထိ ခွာပြသွားအောင် ကိုယ်က လုပ်ပြနိုင်၊ မလုပ်ပြနိုင် မင်းနဲ့ကိုယ် နှစ်ယောက်တည်း လောင်းကြမယ်၊ ကိုယ်တို့ လောင်းကြေးတစ်ခု တင်ထားမယ်၊ ကိုယ်လုပ်နိုင်ရင် မင်းလောင်းကြေးကို ကိုယ် သိမ်းမယ်၊ ကိုယ် မလုပ်နိုင်ရင် ကိုယ့်လောင်းကြေးကို . . . မင်း သိမ်း၊ ကဲ . . . သဘောတူသလား၊ ဒါဆို . . . မင်းအတွက်လည်း တန်တယ်လေ . . ."

ဘုန်းခန့် သူမက စားပွဲပေါ် လက်ပုတ်လိုက်၍ ဘောဂ လန့်ပြီး တုန်သွားသည်။

"ကြိုက်တယ် . . . ခင်ဗျားနဲ့ ကျွန်တော် လောင်းတယ်၊ ကဲ . . . ပြော . . . ကြေးက ဘယ်လောက်လဲ"

"မင်း . . . စပြောပါ၊ မင်းက အလုပ်စ,အပ်တဲ့သူပဲ . . . ကိုနေ"

"ဒါဆို . . . ကျွန်တော် ပြောမယ်၊ ဘောဂ . . . မင်း သက်သေ၊ ကျွန်တော့်ကားက လောင်းကြေး"

"မင်းကားက . . ."

"ဆယ်လီကာ (Celica) တံခါးနှစ်ပေါက်၊ အနီရောင်"

"ကိုယ့်ကားက မြင့်တယ်၊ ဖို့ဒ် (Ford) တောရပ်စ် (Tau-rus) အဖြူရောင်၊ ကြေးမညီဘူး"

"ကြေးကြောင့် မဟုတ်ပါဘူး၊ ခင်ဗျားက အဖြူရောင်

www.burmeseclassic.com

www.burmeseclassic.com



ခရေဇီပါ၊ ဒီမှာ . . . တိုယိုတာ စိုက်ဂနပ်စ် (Cygnus) အဖြူရောင်၊ ဒါဆို ဘယ့်နှယ်လဲ"

သူမ စကားအဆုံးမှာ ဘောဂက ပျာပျာသလဲ ဝင်ပြောသည်။

"ဟော့ကောင် ကိုနေ . . . မင်း . . . ဘိုးတော်ကြီးကားနဲ့ လောင်းလို့ ဘယ်ရမလဲ၊ မင်းဘိုးတော်က သတ်မှာပေါ့"

သူမ၏ မျက်လုံးများ မွေးစင်းလျက် မခို့တရို့ ပြုံးသည်။

"ဘောဂရာ . . . သူ့ကားကို ကိုယ်က တေးနဲ့ လဲလိုက်တယ်လို့ ပြောရင် . . . ကိုယ့်ဒက်ဒီ . . . ကိုယ့်ကို ဘာပြောမယ် ထင်လို့လဲ"

သူမ နှုတ်ခမ်းထောင့်မှာ ကျစ်ခနဲ အသံပြု၍ ညာဘက်မျက်လုံးကို မှိတ်ပြလိုက်သေးသည်။ ကြည့်ရတာ ဒီ . . . ကိုနေဆိုတဲ့ သတ္တဝါဟာ တစ်ဦးတည်းသောသား . . . အဲလေ သမီး၊ ပြီးတော့ သူ့အဖေရဲ့ သဲသဲလှုပ်သမီး ဖြစ်ပုံရသည်။ ပြောလိုက်ပုံက . . . အပိုင်။

"ကဲ . . . ကိုယ်ကတော့ လောင်းကြေး ကြိုက်ပြီ . . . ကိုနေ အလုပ်ဖြစ်ပြီနော်"

သူမ ဝမ်းသာအားရမျက်နှာထားနှင့် ဘဒ်ဝိုက်ဇာဖန်ခွက်ကို ကောက်ကိုင်ကာ မြှောက်သည်။

"အိုကေ . . . ရိုက် (Right)၊ ပွဲစတဲ့ အထိမ်းအမှတ်အဖြစ် . . . ချီးယားစ် (Cheers)"

သူနဲ့ဘောဂ ဖန်ခွက်ကိုမြှောက်၍ အသံမြည်အောင် မြန်



ထိလိုက်ရသည်။ ဖန်ခွက်တွေကို တစ်ကျိုက်စီခန့် သုံးယောက်လုံး သောက်အပြီးမှာ ကိုနေကပဲ စကားပြန်စသည်။

"ခင်ဗျားကို ကျွန်တော် သဘောကျသွားပြီ ကိုဖြူဖွေး၊ ခင်ဗျား . . . တေးကို ဆွဲဆောင်နိုင်မယ့် အဓိက အကောင်းဆုံး အချက် ကျွန်တော် ရှာတွေ့လိုက်ပြီ၊ ခင်ဗျား စကားပြောကောင်းတယ်၊ စကားပြောနေတဲ့အချိန်မှာ ခင်ဗျားရဲ့ မျက်နှာပေးက မိန်းမတွေ ကျမယ်ဆို ကျလောက်တယ်၊ ကဲ . . ကျွန်တော်တို့ သူငယ်ချင်းဖြစ်ပြီ၊ ခင်ဗျားကို အခုအချိန်ကစပြီး ကိုဖြူလို့ပဲ ခေါ်မယ် . . . ကျေနပ်လား"

"ကျေနပ်ပါတယ်၊ ကိုယ်လည်း မင်းကို သဘောကျတဲ့ အချက် ရှာတွေ့သွားပြီ၊ မင်းက အရမ်းပွင့်လင်းတယ်၊ သိပ်ရိုးသားတယ်၊ ဒီအတွက် မင်းကို သူငယ်ချင်းအဖြစ် ခင်လို့ရပြီ၊ ဒါပေမဲ့ ကိုယ်ကတော့ မင်းကို ဘောဂခေါ်သလို ကိုနေလို့ မခေါ်ချင်ဘူး"

အဲ့ဒီမှာတင် ဘောဂက ဝမ်းသာအားရ ဝင်ပြောပါသည်။

"ကိုဖြူ . . . သူ့နာမည်ရင်းက . . . နေနီနီ . . . တဲ့၊ ငါ မိတ်ဆက်ပေးဖို့ . . . မေ့ . . ."

"ဟော့ကောင် . . . ဘောဂ"

ဘောဂ၏ စကားက သူမ၏ လေသံတင်းတင်းပြတ်ပြတ်ကြောင့် အဆုံးမသတ်ရဘဲ ထစ်ငေါ့ရပ်ဆိုင်းသွားရသည်။ ဘောဂ တစ်ယောက် ပခုံးတွန့်၍ ငြိမ်ကုပ်သွားတာကို သူ ရယ်ချင်လှသည်။

"ငါ့နာမည်ရင်းကို သူစိမ်းတစ်ယောက်ရှေ့မှာ ဘယ်တော့မှ ထုတ်မပြောပါနဲ့လို့ မင်းကို ဘယ်နှစ်ခါပြောရမလဲ . . . ဘောဂ"

www.burmeseclassic.com

www.burmeseclassic.com



"မင်းပဲ . . . ခုနကတော့ ကိုဖြူနဲ့ သူငယ်ချင်းဖြစ်ပြီဆို"

"သူငယ်ချင်းက သူငယ်ချင်း နာမည်က နာမည်ပဲ၊ ဒီမှာ ကိုဖြူ . . . ကျွန်တော့်နာမည်ရင်းရဲ့ နောက်ဆုံးနှစ်လုံးက လွဲပြီး ခင်ဗျား ကြိုက်သလိုခေါ် . . . ရတယ်၊ အိမ်မှာ ဒက်ဒီက ကျွန်တော့်ကို ဆန်နီ (Sunny) လို့ခေါ်တယ်၊ သူ စိတ်ဆိုးရင်တော့ ဟော့ကောင် . . . ငနေလို့ အော်တတ်တယ်၊ အဲ . . . တေးကတော့ ကျွန်တော့်ကို နေကလေး . . . တဲ့"

သူ့စိတ်ထဲက ရယ်ချင်သွားစဉ် သူမ၏ မျက်လုံးများက ကြေကွဲ ရီဝေစွာ အတိတ်သို့ လွင့်စင်သွားပါသည်။

"သူ့ကိုလည်း ကျွန်တော်က တေးကလေး . . . လို့ ခေါ် ထားတာကိုး၊ သူ့နာမည်ရင်းက . . ."

အလွမ်းမျက်လုံးများဖြင့် သူမ အဝေးသို့ ငေးကာ ဆက် ပြောပြသည်။

"သူ့နာမည်ရင်းက . . . တေးတဗျာ . . တဲ့၊ နာမည်နဲ့ လိုက်အောင် . . . သိပ်လှတဲ့ ကောင်မလေးပေါ့ . . ."

* ✿ *

# တေးတဗျာ

www.burmeseclassic.com

www.burmeseclassic.com

အဲဒါ ကဗျာတစ်ပုဒ်ပဲ။

တကယ့်ကို ကဗျာ။

ကောင်မလေးက တော်တော်လှသည်။

ကိုနေပြောလိုက်တာ လုံးဝ မလွန်။ လမ်းလျှောက်တာလေးကိုက လှုပ်လီလှုပ်လဲ့ ကန့်ကလျ . . .။ တိမ်တိုက်လေးတစ်ခု လေထဲမှာ လွင့်မျောသွားတဲ့ ဟန်။

သူကားထဲက ပိုင်အိုနီးယား စီဒီစက်ထဲမှာ (Aerismith) အဖွဲ့၏ 'ဘယ်အရာတစ်ခုမှ လက်လွှတ်မခံနိုင်ဘူး' ဆိုတဲ့ သီချင်းလေးတစ်ပုဒ်ကို ဖွင့်၍နားထောင်ရင်း အဲဒီ 'ဘေးကဗျာ' ဆိုတဲ့



မိန်းကလေးရဲ့အလှကို တိတ်တခိုး ချောင်းကြည့်ခံစားရတာ တော်တော်အရသာရှိသည်။

သူ ဒီနေရာ . . . အင်းစိန်လမ်းမကြီးဘေးတွင် ကားရပ်လျက် သူမကို လာစောင့်ကြည့်နေတာ ဒါပါနဲ့ဆို လေးကြိမ်မြောက်။

အမှန်တော့ ဒီကိစ္စမှာ သူ့အနေနဲ့ အချိန်ယူလိုက်သည်။

အလောတကြီး မလုပ်လို။

အရင်တုန်းကလိုဆိုရင်တော့ ဒီနေ့တွေ့၊ ညကျ ဖုန်းဆက်၊ နောက်ဖြန် ရည်းစားစကားပြော၊ သန်ဘက်ခါ အဖြေရ. . မြန်သည်။

ဒါပေမဲ့ အခုကိစ္စက. ထူးခြားသည်။

သူ့ဘက်က အစစအရာရာ သေချာမှ ဖြစ်မည်။

အမှားတစ်ချက် လုပ်လို့ မရ။

သူမရဲ့အကြောင်းကို သူ သိထားနိုင်သမျှ သိဖို့ လိုသည်။

ထို့ကြောင့်လည်း သူမ နေထိုင်ရာ မိန်းကလေးအဆောင်ရှိသည့် စံရိပ်ငြိမ် (၆)လမ်းထိပ်တွင် သူ မနက်တိုင်း ကားရပ်၍ သူမ၏ အဝင်အထွက်ကို လာစောင့်ကြည့်နေတာ လေးရက်ရှိပြီလေ။

မနက်ရှစ်နာရီမိနစ်လေးဆယ်ဆိုလျှင် သူမ အဲဒီလမ်းထိပ်ကနေ ထွက်လာမည်။

ပြီးတော့ အင်းစိန်လမ်းမကြီးကို ဖြတ်ကူးမည်။

ပြီးတော့ လှည်းတန်းမီးပွိုင့်ဘက်ဆီသို့ ကုက္ကိုပင်ကြီးများ တည်ငြိမ်သော ခြေလှမ်းများနှင့် ဘေးဘီဝဲယာကို တစ်ချက်မျှ မျက်လုံး မကစားဘဲ ခေါင်းလေးငုံ့၍ လျှောက်သွားမည်။

www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီလိုလျှောက်သွားလျှင် သူမ ဇေယျာသီရိလမ်းထိပ်နား အရောက်ကို မှန်း၍ သူက သူ့ကားကို ခပ်ဖြည်းဖြည်း မောင်းကာ သူမ, ကို ကျော်တက်သွားသည်။ ပြီးတော့ ဦးထွန်းလင်းခြံလမ်းထဲကို သူ့ကားအား ကွေ့၍ သင့်တော်ရာ နေရာတစ်ခုမှာ ကားကို ရပ်ထား ပစ်လိုက်သည်။

ပြီးတော့ . . .

သူက လမ်းထိပ်ကားမှတ်တိုင်က လူအုပ်ကြား ထဲမှာ သူမ ရောက်လာတာကို မယောင်မလည် စောင့်သည်။

သူမ ကားမှတ်တိုင်ကို ကျော်ပြီးလျှောက်သွားတာနှင့် သူက ဝါးတစ်ရိုက်လောက်ခွာ၍ နောက်က လိုက်သည်။

သူမက ပြည်မြန်မာကုန်တိုက်ဘေးက တိုက်ခန်းတွဲကြီး၏ ပထမထပ်တွင် ဖွင့်ထားသည့် ကွန်ပျူတာသင်တန်းတွင် ကိုးနာရီ သင်တန်းချိန်၌ ဆရာမအဖြစ် ပြသရန် သွားခြင်းဖြစ်သည်။

အဲ့ဒါသည် သူမ၏ မနက်တိုင်း နေ့စဉ်အလုပ်။

အဲ့ဒီသင်တန်း အခန်းရှေ့ကနေ သူမ စာသင်နေစဉ် သူ ဖြတ်လျှောက်ကာ သူမ စာသင်နေသော ဟန်ပန်အမူအရာကို ခိုး ကြည့်ကြည့်သွားတာ ငါးကြိမ်ခန့်တော့ ရှိသည်။

သင်တန်းတိုက်ခန်းတံခါးက တစ်ဝက်ကို မှန်ဖြင့်သာ ကာ ထား၍ (White Board) အနီးတွင်ရပ်၍ စာရေးခြစ် သင်ကြားနေ တာကို အပြင်ဘက်ဝရန်တာမှ ဖြတ်လျှောက်လျှင် မြင်ရသည်။

သိပ်တော့လည်း ခဏခဏ ဖြတ်မလျှောက်ရဲတော့။

သူ့ပုံစံကို သူမ, သတိထားမိဖို့ သိပ်လွယ်သည်။



သူ့ရဲ့ ခြောက်ပေနီးပါး အရပ်နှင့် နာမည်နှင့်လိုက်အောင် ဖွေးသော အသားအရေ၊ ယောကျ်ားတန်မဲ့ ကော့ညွတ်နေသော က်တောင်နှင့် မျက်လုံးညို ဝိုင်းစက်စက်များ၊ နှာတံပေါ်ပေါ်နှင့် အမြဲတစေ ခပ်ထော့ထော့လေး ပြုံးနေသလို ကွေးထားသည့် နှုတ်ခမ်း ထူအမ်းအမ်း၊ နီစွေးစွေး တစ်စုံ။

ခြုံကြည့်လိုက်ရင် အဲ့ဒီလို သိပ်ချောမောနေသော သူ့ က်နှာက လူတွေကြားထဲမှာ ထင်းထင်းကြီး ပေါ်နေတတ်သည်။

ဒါကြောင့် သူမရဲ့ ဒစ်ဂျစ်တယ် အိုင်ဒီယာ (Digital Idea) သို့ ဆိုင်းဘုတ်တပ်ထားသည့် ကွန်ပျူတာသင်တန်းလေးရှေ့က သူ ငါးကြိမ်ထက် ပို၍ ဖြတ်မလျှောက်ရဲ။

သို့ပေမယ့် . . .

သူမ အဲ့ဒီသင်တန်းသို့ အဝင်အထွက်ကို နောက်ယောင်ခံ ိုက်ချောင်းရလွန်း၍ ဒီသင်တန်းအောက်ထပ်က လှေကားရင်းမှာ ွင့်ထားသည့် မိတ္တူကူးဆိုင်မှ ကောင်မလေးနှစ်ယောက်တောင် သူ့ကို မှတ်မိနေကြပြီ။ သူ လှေကားမှ တက်သွားလျှင် သူတို့ချင်း ာကျိုကကျိုနှင့် စကားပြောကာ တဟိဟိနှင့် ရယ်မော၍ ညိုမြ ည်နေကြပြီ။

သွားရင်းလာရင်းနဲ့ အဲ့ဒီလို နွယ် . . . လာတာမျိုးတွေက ည်း တစ်ဒုက္ခ။

ဒီတစ်ကြိမ်မှာတော့ သူ့အနေနဲ့ ပစ်မှတ် တိတိကျကျ တ်မှတ်ပြီးသားမို့ ဘယ်ဘေးဘီကိုမှ စိတ်မဝင်စားတော့။

သူမ,တစ်ယောက်တည်းအကြောင်းသာ သူ့ခေါင်းထဲသို့

www.burmeseclassic.com

www.burmeseclassic.com



ဒေတာ (Data) တွေအပြည့် သွတ်သွင်းနေရသည်။

နာမည်ရင်းက တေးကဗျာ။

အသက်က သူနဲ့အတူတူ နှစ်ဆယ့်တစ်။

မိဘနှစ်ပါးစလုံး မရှိကြတော့။ ဦးလေးနှင့် အဒေါ်က

ပေါင်းတည်ဆိုတဲ့ ပြည်နားက မြို့ကလေးမှာ။

သူမ တက္ကသိုလ် ရောက်ကတည်းက ရန်ကုန်မှာ အဆော

နေ။ ဘွဲ့ရပြီး . . . အဲဒီကွန်ပျူတာသင်တန်းမှာ ဆရာမ ဝင်လု

မနက်ပိုင်းကနေ နေ့လယ် ဆယ့်နှစ်နာရီအထိ အဲဒီမှာ စာသင်

ဆယ့်နှစ်နာရီမှာ သူမ, နေသည့် စံရိပ်ငြိမ် (၆) လမ်း

အဆောင်သို့ လမ်းလျှောက်ပြန်။ ထမင်းစား။

ပြီးတော့ တစ်နာရီထိုးရန် ဆယ်မိနစ်အလိုမှာ သူမ, ပြန်

ထွက်လာ။ စံရိပ်ငြိမ်ကားမှတ်တိုင်မှနေ၍ မြေနီကုန်းသို့ ဘတ်

ကားစီး။ မြေနီကုန်း စမ်းချောင်းလမ်းထဲက တိုက်ခန်းတစ်ခုမှာ

ကွန်ပျူတာ စာစီစာရိုက်လုပ်ငန်းတွင် သူမ, က စာစီစာရိုက် အလု

ကို နေ့လည်တစ်နာရီခွဲကနေ ညခုနစ်နာရီလောက်အထိ လု

သည်။ စာရိုက်စရာ များလျှင် သူမက တစ်ခါတစ်ရံ . . . ညရှစ်နာ

အထိ နေတတ်သည်။ အတော်ကြီးမိုးချုပ်မှ သူမ အဆောင်သို့ပြန်

သူမရဲ့ တစ်နေ့တာလုပ်ငန်းစဉ်က ဒါပဲ။ သို့ပေမယ့် သူ

သည် လှပနုနယ်သည့် မိန်းမပျိုလေး ဖြစ်လင့်ကစား . . . ကိုယ်

ခြေထောက်ပေါ် ကိုယ်ရပ်နေခြင်း ဖြစ်သည်။

ကိုယ့်ဘဝကိုယ် ထူထောင်ထားသော မိန်းကလေးမျိုး

ဒီလိုမိန်းကလေးမျိုးကို အထင်သေး၍ မဖြစ် . . .။ မာနက . .



ဘစ်ကမ္ဘာလောက် ကြီးလိမ့်မည်။

အချစ်ကိုလည်း ဆော့စရာ၊ ကစားစရာလို့ သူမ ဘယ်လိုမှ သတ်မှတ်မှာ မဟုတ်။ အချစ်ကိစ္စနှင့် ပတ်သက်လျှင် သူမ . . . အင်မတန် စေ့စပ်သေချာစွာ၊ လေးနက်စွာ ရွေးချယ်လိမ့်မည်။

အလွယ်တကူ သူ ဝင်ရောလို့ရမည့် ပုံစံမျိုး လုံးဝ မဟုတ်။

တော်တော်လေးတော့ သူ ကြိုတင်ကြံစည်ရလိမ့်မည်။ သူမ ရဲ့ ထွန်းခေါင်မိုးဆိုသည့် ရည်းစားဆီကနေ အချစ်တွေကို သူ လုယူရမည့်ကိစ္စမှာ စိတ်ရှည်ရှည်နှင့် ပါးနပ်စွာကစားသည့်ပွဲ ဖြစ်သည်။

ပညာကုန်တော့ သူ ထုတ်သုံးရလိမ့်မည် ထင်သည်။ တေးကဗျာဆိုသည့် ကောင်မလေးက မနူးမနပ် ပျံတံတံ အမျိုးအစား မဟုတ်။ တည်ငြိမ်ရင့်ကျက်သည့်ဘဝပိုင်ရှင်၊ လောကခံမှာ အန်တု၍ ရေဆန်ကို ဖြတ်ကူးနေသော သတ္တိရှိသည့် ရှားရှားပါးပါး မိန်းကလေး။

ဒီလိုကောင်မလေးကို ကိုနေ စွဲလမ်းမည်ဆိုလည်း စွဲလမ်းချင်စရာ။ သူတော်င် လျှော့မတွက်ရဲဘဲ လုံးဝ ပစ်၍ အထင်ကြီးထားတာ ကြည့်။

သူ့ဘက်က ကံကောင်းနေတာတော့ တစ်ခု ရှိသည်။ သူမ ၏ တစ်ဦးတည်းသောချစ်သူ (ယောက်ျားလေးအစစ်) ထွန်းခေါင်မိုး ဆိုသည့် ဘဲလေးက ဒုတိယအကြိမ် သင်္ဘောပြန်တက်နေသည်။ ၎င်းအတွက် ချစ်သူကို ခွဲခွာနေရသော မိန်းကလေးတစ်ယောက်အဖို့ ယခုအချိန်မှာ သိပ်အားငယ်နေရှာမည်။

သူ့ရဲ့ ပထမဆုံးနည်းဗျူဟာက ဒစ်ဂျစ်တယ်အိုင်ဒီယာ

www.burmeseclassic.com

www.burmeseclassic.com



ကွန်ပျူတာသင်တန်းမှာ ဘေ့စစ်ဝင်းဒိုးကို့စ် (Basic Windows Course) သင်တန်းတက်ရန် သွားရောက် စာရင်းပေးလိုက်ခြင်း ဖြစ်သည်။

※ ✿ ※

"ဆရာမ"

သင်တန်း စတက်တက်ချင်းနေ့မှာပင် သူ ပစ်ခေါ်လိုက်သည်။ ဒီသင်တန်းမှာတက်နေသော မိန်းကလေးတွေက သူမအား ရိုသေစွာဖြင့် မမ . . . ဟု ခေါ်ကြသည်။ ယောကျ်ားလေးတွေက အစ်မ . . . ဟု ခေါ်ကြသည်။

ရွယ်တူတွေ ဖြစ်လင့်ကစား သူက ဆရာမဟု ခေါ်လိုက်တာ အကြောင်းရှိသည်။ ဒီလိုခေါ်ပုံမျိုးကို သူမ ဘယ်နည်းနှင့်မှ ကြိုက်နှစ်သက်မှာ မဟုတ်ဘူးလေ. . .။

တစ်ခါတစ်ရံကျတော့ မိန်းမတွေရဲ့ စိတ်ဝင်စား အာရုံစိုက်မှုကို ရဖို့ဆိုတာ မိန်းမတွေ ကြိုက်နှစ်သက်လောက်မည့် အမူအရာမျိုးချည်း လုပ်ပြနေလို့ မရ။ သူတို့ မကြိုက်တာ တစ်ခုလောက်လည်း ကိုယ်က လုပ်ပြတတ်ရမည်။

ထို့ကြောင့် သူ ထပ်ခေါ်လိုက်သည်။

"ဆရာမ"



ကွန်ပျူတာစက်တွေ စီတန်းကာ ချထားသော စားပွဲများကြားက ကော်ရစ်ဒါလမ်းကလေးထဲတွင် သူမ ခြေစုံရပ်ကာ မျက်မှောင်နည်းနည်းကြုတ်၍ လှည့်ကြည့်သည်။ မျက်လုံးတွေက သူ့ခေါ်သံကို အလိုကျပုံတော့ မရ။

သူမ့ မျက်လုံးတွေက သူ့မျက်နှာပေါ်မှာ တစ်ချက်တော့ ငေးသွားသည်။ သူမရဲ့ သင်တန်းသားအသစ်စက်စက်တွေကြားထဲမှာ ဒီလို ခပ်ဖြောင့်ဖြောင့်ဘဲလေးတစ်ယောက် ပါလာမှန်း သူမ ဂရုတော့ ပြုမိသွားပြီ။ ဒါပေမဲ့ ဒီလို ရုပ်ချောချောယောကျ်ားလေးများနှင့် ဆက်ဆံနေကျ မိန်းကလေးတချို့ရဲ့ ပုံစံအတိုင်း မျက်နှာကို အနည်းငယ် သံပတ်တင်းလိုက်သည်။

ပြီးတော့မှ သူ့ဆီ လျှောက်လာပြီး. . . .

"ဘာလဲ. . ."

များသောအားဖြင့် မိန်းကလေးများနှင့် စကားပြောတိုင်း သူ့ရဲ့ မြင့်မားသောအရပ်ကို သတိထားမိအောင် မတ်တပ်ရပ်၍ ပြောတတ်သည်။ ယခုအခေါက်မှာတော့ ဆရာမ. . . ဆိုတဲ့ ရိုသေမှုမျိုးနဲ့ သူက မတ်တပ်ရပ်၍ ပြောခြင်းဆိုတော့ ပိုယုတ္တိရှိသည်။

သူမ့ အရပ်က ငါးပေကျော်ရုံလေး ရှိမည်။ သူတော်တော်ကြီးကို ငုံ့၍ ပြောနေသည်။ အနီးကပ်ကြည့်လိုက်တော့ သူမမျက်နှာဝိုင်းဝိုင်းလေးက အပြစ်ကင်းစင်စွာ လှလွန်းနေပြန်သည်။

"ဆရာမ. . . ဒီနေ့သင်မယ့် သင်ခန်းစာက ဗလာစာအုပ်ထဲ ရေးမှတ်ဖို့လိုသလား ဆရာမ"

သူ့ရဲ့လေသံနှင့် မျက်လုံးများကို အစွမ်းကုန် ရိုးသားနှိမ့်ချ

www.burmeseclassic.com

www.burmeseclassic.com



နေဟန် တမင်လုပ်ထားသည်။ သူမဘဝထဲကို ဝင်ရောက်ဖို့ ကြိုးစားရမယ့်နည်းလမ်းက တစ်ခုပဲ။

ရိုးသားဖြူစင်သော သာမန်ယောကျ်ားလေးပုံစံ။

သူ့လို ရုပ်ရည်မျိုးနှင့် ယောကျ်ားလေးတစ်ယောက်က စ,ကတည်းက ရိသဲ့သဲ့ . . . ထိအာပါး၊ ရိကပါး စကားမျိုး ပြောလျှင် ဘယ်လိုမှ အကြည်ကြဲတာမဟုတ်မှန်း သူမ ချက်ချင်း ရိပ်မိသွားမည်လေ။ အဲ့ဒါကြောင့် သူ့မျက်နှာအမူအရာက တကယ့်ကို မသိ နားမလည်၍ မေးသည့်ပုံ လုပ်ထားရသည်။

"ဘာလဲ . . . ရှင် ဗလာစာအုပ် မပါလာဘူးလား၊ စာရင်းသွင်းတဲ့နေ့မှာ ကောင်တာက မမှာလိုက်ဘူးလား"

"ဟဲ . . . ဟဲ . . . မေ့လာလို့၊ ကျွန်တော်က အရမ်းအလုပ်ရှုပ်လို့ပါ၊ အဲ့ဒါ . . . တကယ်လို့ လိုမယ်ဆိုရင် ဆရာမ ကျွန်တော့်ကို ဗလာစာအုပ်တစ်အုပ်လောက် ချေးပါလား၊ မနက်ဖြန် ပြန်ပေးပါ့မယ်"

သူ့အကြံက ရိုးရိုးလေး။ သူမက ဗလာစာအုပ်ချေးလျှင် သူက မနက်ဖြန် ပြန်ဆပ်သည့်အခါ သူ့ရဲ့ ကိုယ်ရေးကိုယ်တာကိစ္စတစ်ခုခု (ဥပမာ . . ရည်းစားစာတစ်စောင်ဖြစ်ဖြစ်) မသိလိုက်သလိုထည့်ပေးလိုက်မည်။ သူမက သိသွားလျှင် ပြန်ပေးရင်းနဲ့ သူက စကားရောဖောရောလုပ်ကာ ရင်းနှီးအောင် လုပ်မည်။ ဒီလို . . . အကြံက။

သို့ပေမယ့် သူ့အကြံက အဲ့ဒီအထိ မရောက်လိုက်။

"ဗလာစာအုပ်တော့ . . . လိုတယ်၊ ဒါပေမဲ့ ဒီနေ့ သင်



ခန်းက Hands Out (လက်ကမ်းစာရွက်) တွေ ဝေပြီး . . . သင်မှာ၊ အဲ့ဒီစာရွက်တွေရဲ့ နောက်ကျောက တစ်ဖက်လွတ်နေရာမှာ မှတ်စရာရှိတာ မှတ်ပြီး သင်လိုက်၊ မနက်ဖြန် ဗလာစာအုပ် သေသေချာချာ ယူခဲ့"

စကားဆုံးတာနဲ့ သူမရဲ့ ဆံပင်ရှည်ရှည်စင်းစင်းတွေ ဝဲခါသွားအောင် ချာခနဲ လှည့်၍ သူ့ရှေ့က ထွက်ခွာသွားသည်။ အဲ့ဒီနေ့က သူမနဲ့ စကားပြောလိုက်ရတာ အဲ့ဒါအကုန်။ အခြေအနေက သူ မှန်းထားတာထက် လျော့တော့လျော့နေသည်။

ဘာပဲဖြစ်ဖြစ်လေ . . . ။ ခြေတစ်လှမ်းတော့ သူ စ,လှမ်းလိုက်ပြီ ဖြစ်သည်။

✳ ✿ ✳

"ဒါပဲလားဗျာ . . . ခင်ဗျားဟာကလည်း "

ကိုနေဆီက မျက်နှာခပ်ရှုံ့ရှုံ့နှင့် မကျေနပ်စကားသံ စ,ထွက်လာသည်။ ဘောဂက သူ့ဘက်ကနေ ဝင်ပြောပေးသေးသည်။

"ဟ . . . ဒါ တစ်ရက်ပဲ ရှိသေးတယ်လေကွာ၊ ပထမဆုံးရက်မှာတော့ ကိုဖြူ့အနေနဲ့ ဒီလောက်ပဲ စ,ထားလို့ ရမှာပေါ့၊ ချစ်တွေ့ချင်း အတင်းကြီး ဝင်လုံးလို့ ဘယ်ရပါ့မလဲ၊ မင်းဟာမ လန့်ထွက်သွားမှာပေါ့၊ ဒါက အင်ထရို (Intro) ကွ . . . ၊

www.burmeseclassic.com

www.burmeseclassic.com



**အင်အရှိ** . . . ပဲ ရှိသေးတာ၊ လာမယ် . . .”

သူ ရယ်မောလိုက်ပါသည်။ ဒီနေ့ အဲ့ဒီကွန်ပျူတာသင်တ

**တိုသူ** စ, တက်သည်။ တေးကဗျာနှင့် စကားပြောဖြစ်သည်
တိုနေ့ဆီသို့ ဖုန်းလှမ်းဆက်လိုက်တာနှင့် ကိုနေတစ်ယောက် စိတ်
တစားဖြစ်ကာ . . .

“ဒီအကြောင်းကို ကျွန်တော် သေသေချာချာ နားထော
ချင်တယ်၊ ခင်ဗျားအိမ်ကို ကျွန်တော် အခု လာခဲ့မယ်”

ဟု ဆိုကာ ဖုန်းကို ချက်ချင်း ချသွားတော့သည်။

ဆယ့်ငါးမိနစ်တောင် မကြာလိုက်။ ကိုနေဆိုသည့် တေ
လေး . . . ဘောဂကိုပါ ကန့်လန့်ကန့်လန့် ဆွဲခေါ်လာကာ သူ
တိုက်ခန်းပေါက်ဝရှေ့ ရောက်လာကြတော့သည်။

အမှန်တကယ်ဆို ဒီကွန်ဒိုမီနီယမ်ရဲ့ ကိုးထပ်မြောက်
တိုက်ခန်းကလေးသည် သူတစ်ဦးတည်း နေထိုင်သော တိုက်ခန်
ဒီတိုက်ခန်းထဲကို ယောကျ်ားလေးနှစ်ယောက်နှင့် သူမ တစ်ယော
တည်း ဝင်ရမှာပါလား . . . ဟု တွေးကာ ရှိုးတိုးရှန့်တန့် ဖြစ်
သည့် အမူအရာမျိုး လုံးဝ မရှိ။

ရဲတင်းစွာပင် သူမက ရှေ့မှ ဦးဆောင်ဝင်လာကာ . . .

“ဟော့ . . . ဘယ်လိုလဲ ကိုဖြူ။ ဒီနေ့အခြေအနေ ဂွတ်
လား . . .”

ဟု အာသွက်လျှာသွက် မေးနေတော့သည်။

ထို့ကြောင့်ပင် သူက သူမနှင့် ဘောဂနှစ်ယောက်စလုံ
ကို ဒီနေ့မနက်က တေးကဗျာနှင့် တွေ့ပြီး ပြောဖြစ်ခဲ့သည့် စကာ



တွေကို ပြန်ပြောပြလိုက်ရခြင်း ဖြစ်သည်။ ပြောပြရမည့် အကြောင်း
အရာကလည်း တကယ့်ကို တိုတိုပြတ်ပြတ်ကလေးဖြစ်တော့ ကိုနေ့
ခမျာ တော်တော်စိတ်ပျက်သွားပုံ ရသည်။

“ဒါပေမဲ့ဗျာ . . . စတွေ့တွေ့ချင်း ခင်ဗျားအပေါ် သူ
စိတ်ဝင်စား အာရုံစိုက်အောင် ဒီလောက်ပဲ လုပ်နိုင်ခဲ့တယ်ဆိုတာ
ကျွန်တော် ကြားထားဖူးတဲ့ ဖြူဖွေးက ခင်ဗျား မဟုတ်သလို ဖြစ်နေပြီ
ဗျာ၊ ခင်ဗျား . . . ကိုယ့်နာမည်ကိုယ်တောင် ပြောင်းသင့်တယ်၊
ဟော့ . . . ခင်ဗျားနဲ့ ကျွန်တော့်ရဲ့ လောင်းကစားပွဲက အချိန်ကန့်
သတ်ချက် မထားခဲ့တာ မှားပြီထင်တယ်၊ ဒီပုံစံအတိုင်းဆို ခင်ဗျားရဲ့
နည်းဗျူဟာက အချိန်တော်တော်ကြီး ကြာဦးမယ့်သဘော ရှိတယ်”

အရမ်းကို ဘက်ကြွစိတ်လှုပ်ရှားနေသော ကိုနေ့ပုံစံကို
ကြည့်ကာ သူ ရယ်ချင်သွား၏။

“ကိုနေ . . . မင်းကို ကိုယ်ပြောထားပြီးပြီလေ၊ တေးကဗျာ
ကို ချဉ်းကပ်တဲ့အလုပ်ဟာ ကိုယ် အရင်တွေ့ခဲ့ဖူးတဲ့ ကေ့စ် (Case)
တွေနဲ့ လုံးဝ မတူဘူးဆိုတာ၊ ဒီမှာ . . . အခုဟာ အပြောင်အပျက်
အပျော်ရည်းစားထားကြမယ့် ဇာတ်လမ်းမျိုး မဟုတ်ဘူးနော်၊ သူ့
ဘက်က တကယ့်ကို အရှုံးအမှုး စွဲလမ်းစွာ ချစ်လာမယ့် အချစ်မျိုး
ရအောင် ကိုယ့်ဘက်ကလည်း တကယ့်ကို အချစ်စစ်အချစ်မှန်နဲ့
အခုမှ ချစ်တတ်သွားတဲ့ ပုံစံမျိုး လုပ်ပြရမှာ၊ ဒါကြောင့် အချိန်တော့
ကြာမယ်”

“ဘယ်လောက်ကြာမလဲ၊ တစ်လ . . လား၊ နှစ်လ . . လား”

“ဒီမယ် ကိုနေ . . . မိန်းကလေးတစ်ယောက်ဟာ သူ

www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်မယ့် ယောကျ်ားတစ်ယောက်ကို အချိန်ဘယ်လောက်တိုတို အတွင်းမှာ ရွေးချယ်တတ်ကြသလဲ၊ အဲ့ဒီအတိုင်းအတာအတွင်းမှာ တေးကဗျာလက်ထပ်ချင်လာမယ့် တစ်ဦးတည်းသော ယောကျ်ားဟာ ကိုယ် ဖြစ်လာစေရမယ်၊ ကဲ . . . ကျေနပ်ပြီလား၊ ရှင်းတယ်နော် . . . ကိုယ်က သူ့ဘဝတစ်သက်တာမှာ အမြတ်နိုးဆုံး ခံရမယ့် ယောကျ်ားတစ်ယောက် ဖြစ်လာအောင် လုပ်နေတာကွ"

ကိုနေက ဖျောင်းခနဲ လက်ခုပ်တစ်ချက် ထ, တီးသည်။

"ကြိုက်သွားပြီ . . . တိုဖြူ ခင်ဗျားရဲ့ ဒိုင်ယာလော့ခ်တွေကို တေးကဗျာ မကြွေခင် ကျွန်တော် အရင် ကြွေသွားပြီ" ဟုဆိုကာ တဟားဟား ထ, ရယ်ပြန်တော့သည်။

ဘောဂကတော့ သူ့ရဲ့ ဧည့်ခန်းထဲက Kenwood ဟိုင်းဖိုင်ကက်ဆက်ထဲသို့ N'sync အဖွဲ့ရဲ့ စီဒီခွေတ်ပြားတစ်ချပ် ထည့်ဖွင့်ရန် ကြိုးစားနေရင်း သူမရဲ့အမူအရာကို မျက်မှောင်ကြီးတစ်ချက်ကြုတ်လျက် လှည့်ကြည့်လေသည်။

"ဖြစ်ရပြန်ပြီ . . . သူပဲ"

ကက်ဆက်ထဲက ထွက်လာသည့်သီချင်းက It's gonna be me ... (အဲ့ဒါ . . . ကိုယ်ပဲ ဖြစ်ရမယ်) ဆိုတဲ့ သီချင်း။

ကိုနေကတော့ ရယ်သံတွေကို အီတောမသတ်သေးဘဲ သူ့ဧည့်ခန်းထဲက နှစ်ယောက်ထိုင်ဆိုဖာဆက်တီကြီးပေါ်သို့ ပစ်လှဲထိုင်ချကာ ခေါင်းကိုပါ ကုလားထိုင်ရဲ့လက်တန်းပေါ် အိပ်လှဲချလိုက်သည်။

သူမ, ပုံစံက ဒီတိုက်ခန်းဟာ သူမ, ပထမဆုံး စ,ရောက်ဖူး



တဲ့ သူစိမ်းယောကျ်ားလေးတစ်ယောက်ရဲ့ တိုက်ခန်းဟူ၍ ဘယ်လိုမှ စိတ်ထဲ ရှိနေပုံမရဘဲ အင်မတန် ပွင့်လင်းလွတ်လပ်နေတော့သည်။

ကြည့်စမ်း . . . သူမ အဲ့ဒီလို အိပ်လှဲချလိုက်တော့ အရင် ဆံပင် ထိုးထိုးထောင်ထောင်တွေ ရှုပ်ယှက်ခတ်ကာ ဖုံးကွယ်နေသည့် နဖူးပြင်ဝင်းဝင်းလေး ပေါ်လာသည်။ အဲ့ဒီနဖူးပြင်ထက်က ဆံစပ်ဆီမှာ ကကြီးပုံကလေး မပြူပြင်၊ မပြင်ဆင်ရဘဲ အလိုလို ရှိနေတာ။

သူ ငေးကြည့်ခံစားနေခိုက်မှာ အဲ့ဒီကောင်မလေးက သူမ ဆံပင်တွေကို ကဗျာမဆန်စွာ လက်ဖြင့် ဆွဲဖွလိုက်တော့ သူ ကြည်နူးစိတ်ကူးယဉ်မှုလေး ပျက်သွားရသည်။ တော်တော်စုတ်ပဲ့တဲ့ ဟာမ, လေး . . .။ လှလှပပ, ကို မနေတတ်ဘူး။

"ကဲ . . . ကိုဖြူ . . . ခင်ဗျား ဒီနေ့ပထမဆုံး တေး . . . နဲ့ နီးနီးကပ်ကပ် စကား စ, ပြောခဲ့ရတယ်၊ အဲ့ဒီတော့ ကျွန်တော့်ရဲ့ တေးအပေါ် . . . ခင်ဗျား ဘယ်လို မြင်သလဲ၊ ခင်ဗျားရဲ့ အမြင်ကို ကျွန်တော် သိချင်တယ်၊ ပြောဗျာ . . . တေး . . . ဘယ်လောက် လှတယ်ဆိုတာ၊ သူ့ရဲ့ စကားပြောသံလေးက ဘယ်လောက်ချိုမြပြီး နားထောင်ချင်စရာ ကောင်းတယ်ဆိုတာ . . ."

ဘောဂရဲ့မျက်နှာက သူမပုံစံကို အမြင်ကတ်နေဟန်နှင့် ခဲကျသွားသည်။

"အာလကားနေရင်း . . . နားအရသာ ခံချင်ရပြန်ပြီ"

သူ . . . စိတ်ထဲကနေ အနည်းငယ်တော့ သူမ,ကိုအရွဲ့ တိုက်ချင်စိတ် ပေါ်လာ၏။ ထို့ကြောင့် သူ ခပ်ကျယ်ကျယ် အော်

www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်သည်။

"တေးက . . . မင်းနဲ့တော့ တခြားစီပဲ . . . ကိုနေ"

"ဘာဗျ . . ."

"ဟုတ်တယ်လေ . . . သူက မင်းလို အောက်ကလီအာသံနဲ့ စကားပြောတာ မဟုတ်ဘူး၊ သူ့အသံလေးကိုက ကြည်လင်အေးမြပြီး နားထောင်နေတဲ့သူတိုင်း . . . ဟာ့ (Heart) ထိသွားစေတဲ့ အသံမျိုး"

သူမ . . . ယောကျ်ားလေးတစ်ယောက်လို တဟားဟားနှင့် အော်ပြီးရယ်ရင်း သူမ, အိပ်နေသော ဆက်တီဘေး . . . ကြမ်းပြင်တော်ဇောပေါ်မှာ ထိုင်နေသည့် သူ့ရဲ့ပခုံးကို ဖြန်းခနဲ မြည်အောင် လှမ်းရိုက်သည်။

သူမရဲ့အပြုအမူက သူနှင့် ငယ်ငယ်ကတည်းက လည်ပင်းဖက် ပေါင်းလာသည့် ယောကျ်ားလေးသူငယ်ချင်းတစ်ယောက်ရဲ့ ဟန်မျိုး။ တကယ့်ယောကျ်ားလေးသာဆိုရင် အခုနေ ငေါက်ခနဲသူ ထပြီး သူမ လည်ပင်းကို ထ, ညှစ်လို့ နပမ်းလုံးပစ်လိုက်မိမှာ။

အခုတော့ စပ်ဖျဉ်းဖျဉ်းဖြစ်သွားသည့် သူ့လက်မောင်းကိုသာ ပွတ်ရင်း သူမကို မကျေမနပ် ပြန်ကြည့်လိုက်ရသည်။

သူမက သူ့ကို ပြန်ရန်တွေ့သည်။

"ခင်ဗျားကြီး . . . နည်းနည်းတော့ အိုဗာဖြစ်တယ်၊ နားထောင်နေတဲ့သူတိုင်း ဟာ့ထိသွားတာတော့ မဖြစ်နိုင်ဘူး၊ ခင်ဗျားကြီး ဟာ့ထိသွားတာပဲ ဖြစ်မယ်"

"ဟာ . . . ထိတယ်လေ၊ ထိလို့ ကိုယ် ပြောနေတာပေါ့



ဒီသင်တန်းမတက်ခင် ငါးရက်ကတည်းက ကိုယ် သူ့ကို စောင့်ကြည့်နေတာလေ၊ အဲ့ဒီကတည်းက ကိုယ့်ရဲ့ အသည်းနှလုံးတွေ တဖြုံးဖြုံး လှုပ်ခါနေကြပြီ၊ တကယ်လှတယ်ကွာ၊ မင်းပြောတာထက်ကို ပိုသေးတယ်၊ လှတာထက်စာရင် ကျက်သရေရှိတယ်လို့ကို ဆိုရမယ်"

"တယ်စာ . . . တဲ့ ဆို . . . ပါလား"

ဘောဂပါ ကက်ဆက်နားက ခွာရင်း သူတို့စကားဝိုင်းသို့ စိတ်ပါဝင်စားစွာ ရောက်လာသည်။ ကိုနေကတော့ ဆိုဖာဆက်တီပေါ် ခေါင်းနောက်ပြန်လှန်ချရင်း သူ ပြောသမျှ အရသာခံ နားထောင်တော့မည့်ဟန်နှင့် မျက်လုံးတွေ မှိတ်ပြီး ပြုံးနေသည်။

"တကယ် . . . ဘောဂ . . . ရဲ့၊ မင်း မမြင်ဖူးဘူးမို့လား၊ တကယ်နာမည်နဲ့လိုက်တဲ့ ကောင်မလေး၊ ဆံပင်တွေက ခါးကျော်တဲ့အပြင် ဖြောင့်စင်းပြီး နက်မှောင်နေတာပဲ၊ ကိုနေ့လို မဟော်ဂနီရောင် ဆေးဆိုးထားတဲ့ ဆံပင်ကို ကြွက်ကိုက်ထားတဲ့ပုံမျိုး မဟုတ်ဘူး၊ ပြီးတော့ တေး . . . လမ်းလျှောက်တာကလည်း ခြေတစ်လှမ်းကုဋေတစ်သန်းကွာ၊ တကယ့်ကို ညင်ညင်သာသာလေး၊ တမင်တကာ အိုက်တင်လုပ်ပြီး ပဲထုတ်လျှောက်နေတဲ့ ခြေလှမ်းမျိုးလည်း မဟုတ်ဘူး ရွရွလေး . . . ဖွဖွလေးကွာ၊ ကိုနေ့လို ဘဲသွား, သွားတဲ့ လျှောက်ပုံမျိုးနဲ့တော့ တခြားစီပဲ"

ကိုနေ . . . စူပွပွမျက်နှာနှင့် မျက်လုံးများ ဖွင့်လာကာ သူ့လက်မောင်းကို လက်သီးနှင့် ပိတ်ထိုးပြန်သည်။ ဒီတစ်ခါလေး . . . သူ့အသားကို လာထိတာ နှစ်ခါရှိသွားပြီ။

"ဟေ့ . . . လူကြီး . . . ခင်ဗျား တေးအကြောင်းကို ညွှန်း

www.burmeseclassic.com

www.burmeseclassic.com



ချင်သလောက် ညွှန်းဗျာ၊ ကျွန်တော့်ကိုတော့ လာ . . . လာ . . . မပုတ်ခတ်နဲ့"

သူ ပြုံးစိစိဖြစ်သွားမိရင်း စကားကို ဆက်လိုက်သည်။

"ပြီးတော့ တေး . . . ရဲ့ မျက်နှာလေးကို ဒီနေ့မှ အနီးကပ်မြင်ရတာကွ၊ ငါ အရင်က မိန်းကလေး အချောဆုံး၊ အလှဆုံးဆိုတာတွေ ကွဲခဲ့ဖူးပါတယ်၊ ဒါပေမဲ့ အခု တေးနဲ့လောက် စိတ်မလှုပ်ရှားဖူးဘူး၊ တေးကတော့ . . . တကယ်ကွာ . . . မျက်လုံးလေးတွေက နက်စိုပြီး တောက်နေတာ၊ လှတယ်ဆိုတာထက် သို့မျက်လုံးတွေက အရောင်တစ်ခု ထွက်ကိုထွက်နေတယ်၊ ငါ မပြောတတ်ဘူး၊ အဲ့ဒီအရောင်က ယောကျ်ားတစ်ယောက်ကို ညို့ယူဆွဲဆောင်နေတဲ့ အကြည့်မျိုးလည်း မဟုတ်ဘူး၊ အိုကွာ . . . သူ့ရှေ့တည့်တည့်မှာ ရပ်ပြီး သူစိုက်ကြည့်တာကို ခံလိုက်ရရင် ကိုယ့်အကြောင်းတွေကကြီးက . . . အ . . . အထိ သူသိနေပြီလို့ ခံစားရတဲ့ မျက်လုံးမျိုး အဲ့ဒီလို ကြည့်ပုံမျိုး . . ."

"အဲ့ဒီတော့ . . . မင်းဆိုလိုတာက . . ."

ဘောဂက . . . သူပြောနေသမျှကို အဟုတ်ကြီးအထင်နဲ့ တအံ့တသြ ပြန်မေးလေသည်။

"အဲ့ဒီတော့ . . . ငါဆိုလိုတာက . . . ကွာ၊ တေးကို . . . ကိုနေထက် အရင်သာ ငါ စ,တွေ့ခဲ့ရင် ငါကိုယ်တိုင် ငါ့ရဲ့နှစ်ဆယ့်ငါးယောက်မြောက် ရည်းစားဖြစ်အောင် အသေအလဲ လိုက်မိမှာပဲ၊ အခုတောင် သူ့ဆီက အခကြေးငွေယူပြီး ဒီအလုပ်ကို လက်ခံမိတာမှားတယ်လို့ ငါထင်နေပြီ၊ တစ်ပြားမှ မရဘဲနဲ့တောင် ဒီအလုပ်ကို



လိုလိုလားလား ငါလုပ်ချင်နေပြီလေ"

ကိုခနေ အိပ်နေရာမှ ဝေါက်ခနဲ ထ,လိုက်သည်။

"ဟေ့ . . . လူကြီး . . . ကိုဖြူ . . . ခင်ဗျားနဲ့ ကျွန်တော်ရဲ့ လောင်းကစားပွဲက သတ်မှတ်ပြီးသား . . . နော်၊ တေးကို သူ့ရဲ့ ထွင်ရှုခေါင်မိုးနဲ့ ကွဲအောင်လုပ်ပေးဖို့ပဲ၊ လုပ်ရင်း . . . လုပ်ရင်းနဲ့ တေးကို ခင်ဗျား . . . တကယ်ကြိုက်သွား၊ ချစ်သွားလို့ လုံးဝမရဘူး၊ ဒါ . . . ကျွန်တော်ကြိုထုတ်ထားတဲ့ စည်းကမ်းပဲ၊ ခင်ဗျား တေးကို လုံးဝမချစ်ရဘူး၊ ခင်ဗျားတင် မဟုတ်ဘူးဗျာ၊ တေး . . . ကို ဘယ်သူမှ မချစ်ရဘူး"

ကိုနေက လက်ဟန်ခြေဟန်နှင့် တကယ့်ယောကျ်ားလေးလို စကားပြောနေရင်းက သူ့ရှေ့သို့ ခုန်ဆင်းလာပြီး သူ့လက်နှစ်ဖက်စလုံးကို အမှတ်မထင် ဆွဲယူဆုပ်ကိုင်ရင်း တောင်းပန်လေတော့သည်။

"ခင့်ဗျားဗျာ . . . ခင်ဗျားလို ရုပ်ရည်မျိုးနဲ့ ဒီထက်မကချောတဲ့လှတဲ့ကောင်မလေးတွေ ခေါင်းခေါက်ရွေးယူဗျာ၊ တေးကိုတော့ ချမ်းသာပေးပါ . . . ကိုဖြူ . . . နော်"

ချော့တစ်ခါ၊ ခြောက်တစ်လှည့် အပြောင်းအလဲမြန်မြန်ပြောတတ်တဲ့ တေးသံလေးကိုက ရယ်ချင်စရာ။ သနားလည်း သနားချင်စရာ ကိုယ့်ရဲ့ညီမအရင်းလေးသာဆို နဖူးထိပ်ကိုပဲ နာနာလေးခေါက်မိမလား။ ပခုံးကနေ တွန်းပြီး ကြမ်းပေါ် လဲအောင်ပဲ လှဲချပစ်လိုက်ရမလား . . . တစ်ခုခုပဲ။

သူ့လက်နှစ်ဖက်စလုံးကို တအားတင်းကျပ်စွာ ဆုပ်ထားတဲ့

www.burmeseclassic.com

www.burmeseclassic.com



သူမ,ရဲ့ လက်ချောင်းတွေကိုလည်း အခုထိ မရုပ်သိမ်းသေးဘူး။ ဒါ . . . တတိယ အကြိမ်ပဲ။ သူ့အသားကို သူမ, ထိတာ။

ချက်ချင်း သူမရဲ့ လက်တစ်ဖက်ကို သူ အရိုးသား၊ အဖြူစင်ဆုံး ဆုပ်ကိုင်လိုက်မိသည်။

"မင်းဆီကို တေး . . . ပြန်လာစေရမယ်လို့ ကိုယ် ကတိပေးတယ် ကိုနေ"

သူ့စကားကြောင့် ဘောဂက အံ့အားသင့် မျက်ဝန်းများနှင့် သူ့မျက်နှာကို လှမ်းအကဲခတ်နေသည်။ သူ့စကားတွေထဲက တစ်စုံတစ်ခုကို ဘောဂ, ရသွားဟန်ရှိသည်။ သူ့မျက်နှာကို ဘယ်သူမှ မပြရဲစွာ တစ်ဖက်သို့ လှည့်ပစ်လိုက်၏။

အဲ့ဒီကတိတစ်ခုကို သူမ,ဆီမှာ ဘာ့ကြောင့် သူ အလွယ်တကူ ပေးပစ်လိုက်မိသလဲဆိုတာလည်း သူ့ကိုယ်သူ မသိချင်။ မသိချင်တော့။

N' sync အဖွဲ့ရဲ့ သီချင်းသံလေး . . . သူ့တိုက်ခန်းထဲမှာ လွင့်ပျံ့နေသည်။ သူမရဲ့ ကျေနပ်စွာ ရယ်မောသံလေးကို သူကြားသည်။ သူ ပျော်ရွှင်သွားပါသည်။

"Your might 've been hurt babe ..."

မင်း . . . တကယ်ကို နာကျင်ခဲ့မှာပါ . . .

"That 've seen them all come and go.. "

သူတို့အားလုံး မင်းဘဝထဲ ဝင်လာပြီး ပြန်ထွက်သွားတာ မင်းမြင်ခဲ့ပြီပဲ . . .

"I remember you told m ...



That it made you believe in ...

No man no cry ..."

မင်းပြောခဲ့တာ ကိုယ်မှတ်မိပါတယ်၊ အဲ့ဒီအဖြစ်တွေက မင်းကို . . . မငိုတတ်တဲ့ ယောက်ျားဆိုတာ . . . မရှိဘူးလို့ ယုံကြည်သွားစေတဲ့ အဖြစ်မျိုး . . . လေ . . . ။

သူမ,က သီချင်းသံအတိုင်း levi 's ဂျင်းဘောင်းဘီပြာနုနုလေးဝတ်ထားသည့် ခြေထောက်တွေကို စည်းချက်လှုပ်နေရင်း သူ့ကို မကြည့်ဘဲ လှမ်းအော်သည်။

"ကိုဖြူ . . . ခင်ဗျား . . . နေ့တိုင်း တေး . . . နဲ့ သွားပြီး ပြောဖြစ်ကြတဲ့ စကားတွေ၊ ပြီးတော့ တိုးတက်လာမယ့် အခြေအနေတွေ ကျွန်တော့်ဆီ . . . မှန်မှန်သတင်းပို့ရမယ်နော်၊ အဲ့ဒါလည်း ဒီနေ့လောင်းကစားပွဲရဲ့ စည်းကမ်းချက်ထဲမှာ ပါတယ်"

သူ . . . ခေါင်းလည်း မညိတ်မိ။ ခေါင်းလည်း မခါမိဘဲ နေရာတွင် သေဆုံးနေသလို ငေးငိုင်နေမိ၏။ သို့ပေမယ့် သူမ . . . ပြောသည့်အတိုင်း သူ လိုက်လုပ်ပေးလိမ့်မည်ဆိုတာ သူ့ကိုယ်သူ သိနေပြန်သည်။

မင်း . . . အလိုကျအတိုင်းပဲပေါ့ကွာ။ မင်းအလိုကျ . . . ကိုယ့်ဘဝ ဖြစ်ရမှာပေါ့။

* ✿ *

www.burmeseclassic.com

www.burmeseclassic.com



"ဆရာမ . . . ဆောရီးပါ ဆရာမ၊ ကျွန်တော် ဒီနေ့လည်း ဗလာစာအုပ် ယူခဲ့ဖို့ မေ့ကျန်ခဲ့ပြန်ပြီ၊ အဲ့ဒါ . . ."

နောက်တစ်ရက်မှာလည်း သူ လုပ်ဇာတ် ထပ်ထွင်ပြသည်။ အမှန်တော့ သူမရဲ့သည်းခံစိတ်တွေကို သူ သွားဆွနေခြင်း ဖြစ်သည်။

အဲ့ဒါမှ သူမ တစ်ချိန်ချိန်မှာ ဒေါသထွက်လာမည်။ သူ့ အပေါ် ငြူစူစိတ်တိုကာ အောင်ဟစ်မာန်မဲလိမ့်မည်။ အဲ့ဒီအချိန်မှာ သူက သနားစရာ မျက်နှာကလေးနဲ့ ပြန်တောင်းပန်မည်။ ဒီလိုနဲ့ သူမရဲ့ အာရုံစိုက်မှုကို ရလာအောင် သူ လုပ်မည်။

သို့ပေမယ့် အဲ့ဒီအကြံအစည်တွေက တေးကဗျာနဲ့ကျ အံမဝင် လွဲချော်ရပြန်လေသည်။

သူမ မျက်နှာ ရှုတည်တည်နဲ့ သူ့စားပွဲနား လာရပ်သည်။ ပြောတဲ့စကားသံကတော့ ဘယ်လိုမှ ဒေါသသံ မပါ။ တည်ငြိမ် အေးဆေးသည်။

"အခု . . . မြေညီထပ်ကို ဆင်းပြီး စတေရှင်နရီဆိုင် တစ်ခုမှာ ဗလာစာအုပ် သွားဝယ်လိုက်ပါလား၊ ငါးမိနစ်တောင် မကြာပါဘူး ကျွန်မ သင်ခန်းစာတွေ စ မသင်သေးဘဲ ရှင့်ကို စောင့်မယ်"

သူ ပြန်ဖြေမယ့် စကားတောင် မစောင့်။ သူမက ချာခနဲ လှည့်ထွက်သွားသည်။ သူ့မှာသာ ကိုယ့်စကားနှင့်ကိုယ်မို့ သင်တန်းခန်းထဲက ပြန်ထွက်ကာ အောက်ထပ်သို့ မျက်နှာစူပုပ်ပုပ်နှင့် ပြန်ဆင်းပြေးလာရသည်။



ဗလာစာအုပ်တွေက သူ့ကားထဲမှာ သုံးလေးအုပ်။ ဘယ်မှ ပြေးဝယ်စရာ မလို။ ဒုက္ခ . . . ဒုက္ခ။ သူမကို ချဉ်းကပ်ရမည့် အလုပ်က သူ ထင်သလောက် မလွယ်။

သူမအကြည့်တွေက ရိုးရှင်းသည်။ သူမစကားတွေက ပြတ်သားသည်။

အလွယ်တကူနှင့် ယောက်ျားတစ်ယောက်အပေါ် သိမ်းယိုင်လာနိုင်မည့် အခြေအနေ လုံးဝ မတွေ့။

သင်တန်းဒုတိယနေ့မှာလည်း သာမန်ဖြစ်ရိုးဖြစ်စဉ်များနဲ့သာ အချိန်ကုန်သွားသည်။ သူမနဲ့ သူ့အကြားမှာ ကွန်ပျူတာသင်တန်းဆရာမနဲ့ သင်တန်းသားတစ်ယောက်ပုံစံထက် ဘယ်လိုမှ မပိုခဲ့။

သူမ ဝှိုက်ဘုတ်ရှေ့မှာ ရပ်ရင်း စာတွေသင်နေတုန်း သူ့မှာ မျက်တောင်မခတ်ဘဲ အင်မတန် စိတ်ဝင်စားသည့်ဟန်နဲ့ နစ်မျော ငေးကြည့်ခဲ့ရတာလည်း အလကား။

သူမအကြည့်တွေက သူ့မျက်နှာပေါ်သို့ သာမန်ကာလျှံကာ ဖြတ်ပြေးသွားရုံ။ သူ့မျက်လုံးတွေကို သူမရဲ့မျက်နှာလေးကို အလွန်စွဲလမ်းမြတ်နိုးသွားမိတဲ့ အကြည့်မျိုး ပုံဖမ်းထားတာလည်း သူမ မမြင်။ သင်ခန်းစာတွေပြီးအောင် သင်တန်းချိန်တိုတိုထဲမှာ အက်သုတ်ရိုက်ပြီး သင်ဖို့ပဲ ကြိုးစားနေသည်။

နောက်ရက်တွေမှာလည်း ဤသို့နှင့်နှင့်။ သို့ပေမယ့် သူ တစ်ခု ကံကောင်းသည်။ (ဒီလို ကံကောင်းအောင်ပဲ တမင်လုပ်ယူခဲ့တာ)။ သူထိုင်ရာ အလယ်လူသွားလမ်း၏ ဘယ်ဘက်မှာ ကွန်ပျူတာ

www.burmeseclassic.com

www.burmeseclassic.com



ခြောက်လုံးကို သူမ အနီးကပ်သင်ပေးရန် တာဝန်ယူရသည်။ ဒီ ဘယ်ဘက်အခြမ်းမှာသာ သူမ သင်ကြားပြသကြောင်း သူ ကြို အောင်ပဲ သင်တန်းမစခင်ကတည်းက ချောင်းကြည့်ထားရတာ လေ။

ညာဘက်အခြမ်းက ဆရာတစ်ယောက်ကိုး။ သည်တော့ ကွန်ပျူတာစက်နှင့်အတူ အနီးကပ် သင်ကြားပေးရသည့်အခါမျိုးမှာ သူမ့က သင်တန်းသားများနှင့် နီးကပ်စွာ ဘေးချင်းကပ်လျက် ထိုင်ပြီး ကွန်ပျူတာဖန်သားပြင်ကို ကြည့်၍ သင်တတ်သည်။ သူ ဘက်အခြမ်းက သင်တန်းသားတွေကို သူမ ဒီလိုပဲ သင်လာသ သူ့အလှည့်မှာလည်း သူ့ဘေးကပ်လျက်မှာ လာထိုင်၍ သင်ပါသည်

သူမ့ကတော့ သူ့စိတ်ထဲက လှုပ်ရှားခုန်ပေါက်စွာ သူမ့ ရင်းနှီးကျွမ်းဝင်မှုရအောင် အင်မတန် ပါးနပ်စွာ ကြံစည်နေမှ လုံးဝ ရိပ်မိသိရှိပုံမရဘဲ သူ့ဘေးမှာ ခပ်အေးအေး လာထိုင်သည်

သူလုပ်ထားသည့် သင်ခန်းစာတွေကို စစ်သည်။ သူ ရှေ့မှာပဲ သူ့ကို (Word) ထဲဝင်ခိုင်း၍ စာတွေ ရိုက်ပြခိုင်းသည်

သူက သူမကို သူ့အနားမှာ ခပ်ကြာကြာထိုင်စေလိုသ ရည်ရွယ်ချက်နှင့် သင်ခန်းစာကို အမှားတွေချည်း လုပ်ထားသည် သူမက စိတ်ရှည်လက်ရှည် အမှားပြင်ပေးသည်။ စာစီစာရိုက် တော့မှ သူက လက်ကွက်တွေကို တမင်တကာ အမှားတွေလုပ် (Keyboard) ပေါ်မှာ ဖြစ်သလိုရိုက်တော့ သူမ့ စိတ်တိုလာ သည်။

"ကော်ပီလုပ်တာ၊ ပေ့စ် (Paste) လုပ်တာ ဒီတူးလ်စ်



Tools bar) က ရှော့ကပ် (Short Cut) တွေနဲ့ လုပ်လို့ရတယ်လေ၊ ဘာလို့ . . . အဲ့ဒီအက်ဒစ် (Edit) ထဲဝင်ပြီး ပြန်၊ ပြန်လုပ်နေတာလဲ၊ အဲ့ဒီလိုသာ လုပ်နေရင် ဒီတစ်မျက်နှာက ပြီးပါတော့မလား"

သူမက ခပ်မာမာလေသံနဲ့ စ,ဟောက်သည်။

"ဟုတ်ကဲ့ . . . ဟုတ်ကဲ့ပါ ဆရာမ"

သူက အင်မတန်ရိုကျိုးလိုက်နာသည့် တပည့်တစ်ယောက် ပုံနှင့် ခေါင်းညိတ်ပြကာ အမှားတွေ ပြင်သည်။ သူမကို ဆရာမ . . . ဆရာမနဲ့ ပစ်၊ ပစ်ခေါ်နေတာလည်း သူမဘက်က ဘယ်လိုမှ စိတ်အနှောင့်အယှက် ဖြစ်ပုံမရ။

သူ့လို ချောမောလှပသည့် ယောကျ်ားတစ်ယောက်နဲ့ ဒီ လောက် နီးကပ်စွာ ဘေးချင်းယှဉ်ထိုင်လျက် စကားပြောရတာကို သည်း စိတ်လှုပ်ရှားပုံမျိုး အလျဉ်းမရှိ။ သူကသာ သူမအနားကို နီးကပ်တိုင်း သင်းပျံ့လာသည့် သနပ်ခါးရနံ့သင်းသင်းလေးကို နည်းငယ် ရင်ခုန်လှုပ်ရှားချင်နေပြန်သည်။

"ဟောကြည့် . . . ရှစ်ဖ် (shift) ကို လက်သန်းနဲ့ ဖိပြီး အဲ့ဒီကျူ (Q) တို့၊ ဒဗလျူ (W) တို့ကို လက်ခလယ်၊ လက်ညှိုးနဲ့ သွားရိုက်လေ၊ ဘာဖြစ်လို့ ဒီညာဘက်လက်ကြီးက သွား၊ သွားရိုက်နေ တာလဲ၊ ကဲ . . ."

သူမက ပြောပြောဆိုဆို သူ့ညာဘက်လက်ကို ဖတ်ခနဲ သံမြည်အောင် သူမ့ လက်ချောင်းလေးတွေနဲ့ လာရိုက်သည်။

ကြည့်စမ်း . . . ဘယ်လောက်ရဲတင်းပြီး ရိုးသားတဲ့ အပြု မူလဲ။ သူနှင့် သူမရဲ့ဆက်ဆံရေးကို တကယ့်ဆရာမနဲ့ တပည့်ပုံစံ

www.burmeseclassic.com

www.burmeseclassic.com



ဖမ်းထားတာ။ ဒီကကောင်က အဲ့ဒီတေးကဗျာဆိုတဲ့ မဒီလေးကို အကြီးအကျယ်ဆုံး ပစ်မှားဖို့ ကြံစည်နေတာ မသိရှာထင်။

သူက ကွန်ပျူတာရိုက်နေရင်းနဲ့ အဲ့ဒီလို အမှားတွေ လုပ်တိုင်း သူမက စိတ်လွတ်ကိုယ်လွတ်နဲ့ သူ့ညာဘက်လက်ဖမိုးပေါ် ဖတ်ခနဲ့ အဲ့ဒီလို လာ, လာရိုက်ပေးသည်။ အဲ့ဒီလို အပြုအမူလေးတွေ ရှိတတ်မှန်း သိလို့လည်း သူက ကွန်ပျူတာကို (System Course) အထိ တတ်ထားပြီးပေမယ့် မတတ်ချင်ယောင်ဆောင်ကာ ခဏခဏ မှားပြနေရသည်။

“လုပ်ပြန်ပြီ . . . ဒီညာဘက်လက်က . . .”

ဖတ်ခနဲ အသံမြည်သွားပြန်သည်။

“ကီးဘုတ်ကို ညာဘက်လက်အတွက်သတ်သတ်၊ ဘယ်ဘက်လက်အတွက်သတ်သတ် ခလုတ်တွေ ခွဲထားတာ၊ ဘာဖြစ်လို့ ကျော်, ကျော် ရိုက်နေတာလဲ၊ ဒီသင်ခန်းစာက နှစ်ရက်ရှိပြီ လုပ်နေတာ၊ ခုထိ လက်ကွက်က အသားမကျသေးဘူး၊ ပြန်ရိုက် . . . အဲ့ဒီအပိုဒ်ကို . . .”

ဘာပဲဖြစ်ဖြစ် သူ့နည်းဗျူဟာက အနည်းငယ်တော့ အောင်မြင်မှု ရသည်။ ကွန်ပျူတာသင်တန်းသားတွေထဲမှာ သူ့ကို သူများတွေထက် ဉာဏ်ထုံထိုင်းတာ၊ လေးပင်သော တပည့်အဖြစ် သူမ သတ်မှတ်သွားပုံ ရပြီ . . .။ နေ့တိုင်း၊ နေ့တိုင်း သူ့ကို အချိန်ပိုပေး၍ သင်ပေးလာသည်။

“မြန်မြန်လုပ်ပါ . . .ဟိုမှာ သူများတကာတွေ အိပ်စဲလ် (Excel) တက်ကုန်ပြီ၊ ဒီမှာ ရှင်က ဖိုင်လ် (File) ကူးတာ၊ ပြောင်းတာ



တင် လုံးချာလည်လိုက်နေတာပဲ၊ ပြောနေတုန်း သေချာနားထောင် ား၊ မရှင်းတာရှိရင် ချက်ချင်းမေး”

သူ ရယ်ကျဲကျဲလုပ်ရင်း သူမ၏ သင်ခန်းစာတွေကို မနည်း အာရုံစိုက်သင်ယူနေရသည့်ပုံစံမျိုး ဖမ်းကာ လေ့ကျင့်ခန်းတွေ လုပ် နေရသည်။ အဲ့ဒီလိုနဲ့ သူမနဲ့ သူ ရင်းနှီးမှုတွေ တစ်စထက်တစ်စ းလာအောင် သူ ဖန်တီးယူပစ်လိုက်သည်။

တစ်ရက်မှာတော့ သင်တန်းပြီးဆုံးလို့ သင်တန်းသားတွေ တ်ခွာစပြုချိန်မှာ သူမအနားသို့ သူ တမင်သွားရပ်ကာ စကား,စ ၍ သက်သက်လုပ်ဇာတ်ထွင်ရပြန်သည်။

“ဆရာမ . . . ဆရာမကို ကျွန်တော် အရမ်းတောင်းပန် ပါတယ်၊ ဆရာမရဲ့ တပည့်တွေထဲမှာ ကျွန်တော်ဟာ တော်တော် တဲ့ ကောင်ပါ။ ကျွန်တော့်ကိုယ်ကျွန်တော်လည်း သိပါတယ်၊ ကျွန် တော့်လို ထုံတဲ့ ထိုင်းတဲ့ကောင်ကို သင်ရတဲ့အတွက် ဆရာမလည်း တော်စိတ်ရှုပ်ရှုပ်ထားရမယ်နော်၊ ကျွန်တော့်ကို သင်ရလို့ တောင်ပျက်နေပြီလား မသိဘူး”

သူမ,က သူ့စကားကြောင့် မဲ့ပြုံးလေးတစ်ချက် ပြုံးကာ လုံးတွေ ထောင့်ကပ်၍ မော့ကြည့်သည်။ အဲ့ဒီ မဲ့ပြုံးလေးက ယ်ကစိတ်ကုန်တဲ့ ပုံစံမျိုး မဟုတ်။ ရင်းနှီးနှစ်လိုဖွယ်ရာ ကောင်း အပြုံးမျိုး။

သူ့ရဲ့ ညံ့ဖျင်းမှုကို စိတ်ရှည်ရှည် သည်းခံပေးနေပါတယ်ဆို အပြုံးမျိုး။ သူ အားတက်သွားသည်။ ထို့ကြောင့် ခြေတစ်လှမ်းတိုး ၍ စကားကို ပြောချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကို သင်ရတာ ဆရာမ စိတ်ကုန်နေပြီဆိုရင် ကျွန်တော် ဒီသင်တန်းက ထွက်လိုက်ပါတော့မယ်၊ အိမ်က ကွန်ပျူတာနဲ့ပဲ ဆရာခေါ်ပြီး ကျွန်တော် သင်လိုက်တော့မယ်၊ ကျွန်တော့်လိုလူမျိုးက အဲဒီလို အချိန်များများယူပြီး သင်မှ ရမှာပါ၊ ဒီမှာဆိုရင် အများနဲ့ ရောသင်ရတော့ ကျွန်တော် အတတ်နှေးနေရင် ဆရာမလည်း အချိန်ပိုကုန်တယ်၊ တခြားလူတွေလည်း အနှောင့်အယှက် ဖြစ်ပါတယ်"

"အို . . . ဘာလို့ ထွက်ရမှာလဲ"

သူ့စကားအဆုံးမှာ သူမ့ဆီက ချက်ချင်းတုံ့ပြန်၍ ငြင်းဆိုသံ ထွက်လာသည်။ သူ ဝမ်းသာသွား၏။ အဲဒါ . . . သူမဆီက ပထမဆုံး ထွက်လာတဲ့ သံယောဇဉ်စကား အစ,အနလေးတစ်ခု မဟုတ်လား။

သူက အဲဒီလို ထင်လိုက်တာ ဖြစ်သည်။ တကယ်တော့ အဲဒီလို မဟုတ်ပါ။ သူမရဲ့ အကြောင်းပြချက်စကားက သူ့ရင်ဝကို ဆောင့်ကန်သလို ဖြစ်နေ၏။

"ဘာလို့ ထွက်ရမှာလဲ . . . သင်တန်း စတက်ကတည်းက ဒီသင်တန်းကြေး ပိုက်ဆံ ရှင်တို့ အကုန်ပြည့်ပြည့်ဝဝ ပေးထားပြီးသားဥစ္စာ၊ အခုနေ ထွက်သွားရင် ရှင် နာတာပေါ့၊ သင်တန်းပြီးဖို့ နောက်ထပ် တစ်လခွဲလောက် လိုသေးတာ၊ ရှင် ဆက်တက်ပါ"

သူမရဲ့စကားကို သူ အလိုမကျစွာ ငြင်းဖို့ ကြိုးစားလိုက်ပြန်သည်။

"ဒါပေမဲ့ . . ."



"ဒါပေမဲ့တွေ . . . ဘာတွေ လုပ်မနေနဲ့၊ ရှင့်ကို ဘယ်သူက စိတ်ကုန်တယ်ပြောနေလို့လဲ၊ သင်တန်းမှာ ဆက်တက်ပါ၊ တတ်အောင် သင်ပေးရမယ့်တာဝန်က ကျွန်မတို့တာဝန်၊ ဒီမှာ . . . ရှင့်ထက်ပိုပြီး သင်ရခက်တဲ့၊ အတတ်နှေးတဲ့သူတွေ ကျွန်မ သင်လာတာ အယောက်ပေါင်း မနည်းတော့ဘူး၊ ဒီလောက်လည်း စိတ်ဓာတ်ကျ မလွယ်စမ်းပါနဲ့"

သူမရဲ့အားပေးစကားကြောင့် တကယ့်ကို အားတက်လာသည့်ဟန်နှင့် မျက်လုံးတွေကို တောက်ပဝင်းလက်သွားအောင် သူ ပြုပြင်လိုက်ရင်း တမင်ကို ထစ်ငေါ့နေသည့် စကားတစ်ခွန်း လုပ်ပြောလိုက်သည်။

"ဆရာမကို . . . ကျွန်တော် . . . ကျွန်တော် . . . အရမ်းအားနာ . . ."

"အားနာစရာ မလိုပါဘူး၊ ဒါပေမဲ့ ရှင့်ဘက်က ပြင်ဆင်ရမယ့် အရာတစ်ခုတော့ ကျွန်မ ပြောပြမယ်၊ ရှင်က အလုပ်တစ်ခု လုပ်ရင် သေသေချာချာ ဂရုတစိုက် မစဉ်းစားဘဲ အလောတကြီး မြန်မြန်ဆန်ဆန် လုပ်ပစ်တတ်တယ်၊ စိတ်အပြောင်းအလဲ သိပ်မြန်တယ်၊ အဲဒီလို မစဉ်းစား၊ မချင့်ချိန်ဘဲ လုပ်တော့ အမှားများတာပေါ့၊ ရှင်က ကျွန်မ သိရသလောက် အိုင်ကျူ သိပ်မနိမ့်ပါဘူး၊ သင်ခန်းစာတွေကို လုပ်တဲ့အခါ လေ့ကျင့်တဲ့အခါ လောမကြီးဘဲ ဖြည်းဖြည်းမှန်မှန် လုပ်ရင် မမှားနိုင်ဘူးပေါ့၊ သေသေချာချာ စဉ်းစားပြီးမှ လုပ်"

သူမ့ရဲ့ ပုံစံက တကယ့်ကို စေတနာနဲ့ စိတ်ပါလက်ပါ အကြံပြုပေးနေတဲ့ဟန်။

www.burmeseclassic.com

www.burmeseclassic.com



သူ ကျေနပ်သွားပါသည်။ ကျေကျေနပ်နပ်ကြီးလည်း ပြုံးရယ်ပစ်လိုက်သည်။

သူမ,က အကြည့်စူးစူးတစ်ချက် သူ့မျက်ဝန်းထဲ စိုက်ကြည့်ရင်း ထပ်ပြောသေး၏။

"ကျွန်မ,အကြံပေးတာ အခု ဒီသင်တန်းအတွက်တင် မဟုတ်ပါဘူး။ ရှင့်ရဲ့ဘဝတစ်ခုလုံးအတွက်ပါ . . . ပါတယ်၊ ဘယ်အရာမဆို မလုပ်ခင် သေသေချာချာ အရင်စဉ်းစား . . . ဆုံးဖြတ်ပြီးပြီဆိုမှ လုပ်ပါ၊ အပြောင်းအလဲ မမြန်ပါနဲ့"

အို . . . အဲ့ဒီလို ဂရုတစိုက် အကြည့်တွေနဲ့ စေတနာပါလှတဲ့ စကားတွေကို ပြောပေးတဲ့ ဒီလိုမိန်းမချောလေးတစ်ဦးဟာ သူ့ရဲ့ သိပ်ချစ်ရတဲ့ ချစ်သူတစ်ယောက်သာ ဖြစ်လိုက်ပါတော့၊ ကိုယ့်ရဲ့ ချစ်သူအစစ်အမှန်သာဆို ဘယ်လောက် ကောင်းလိုက်လိမ့်မလဲ။

ဒီတစ်ခါတော့ ဟန်လုပ်သရုပ်ဆောင်ခြင်း မဟုတ်ဘဲ သူမကို ရင်ထဲကရှိတဲ့အတိုင်း ပြောပြလိုက်မိပါသည်။

"ဆရာမ . . . ကို ကျွန်တော် သိပ်ကျေးဇူးတင်ပါတယ်"

"မလိုပါဘူး"

"မဟုတ်ဘူး . . . တကယ်ပါ၊ တကယ် ကျေးဇူးတင်တာပါ။ ကျွန်တော့်ဘဝမှာလေ . . ."

သူ စကားကို တမင် ခေတ္တရပ်လိုက်သည်။

"ကျွန်တော့်ဘဝမှာလေ . . ဆရာမလို ကျွန်တော့်ကို ဆုံးမ ပြုပြင်ပေးမယ့်လူ တစ်ယောက်မှ မရှိခဲ့ဘူး . . . ဆရာမရယ်၊ အခုမှ ဒီလိုစကားကို ကျွန်တော် စ,ကြားရလို့ ကျွန်တော် အရမ်း ကျေးဇူး



တင်တာပါ"

သူမ,မျက်လုံးများ စိတ်ဝင်တစားဟန်နှင့် သူ့ကို မော့ကြည့်၍ မေးလေသည်။

"ဘာဖြစ်လို့ . . . ဘာဖြစ်လို့ . . . တစ်ယောက်မှ မရှိခဲ့ တာလဲ၊ ရှင့်မိဘတွေရော . . ."

သူ . . . သက်ပြင်းချလိုက်သည်။

"သူတို့က အဝေးမှာ၊ နှစ်ယောက်စလုံး ယူအက်စ်မှာ၊ ကျွန်တော် ငါးတန်း၊ ခြောက်တန်းလောက်ကတည်းက ထွက်သွားကြတာလေ၊ ကျွန်တော်က အဘိုးအဘွားနဲ့ နေခဲ့ရတာ၊ အခုတော့ အဘိုးရော အဘွားရော ဆုံးသွားကြပါပြီ၊ ကျွန်တော် တစ်ယောက်တည်းပေါ့"

"ရှင့်မိဘတွေဆီ ရှင် လိုက်မသွားဘူးလား"

သူ . . . သူမ စကားကို ချက်ချင်း မဖြေမိဘဲ အကြည့်ကို လွှဲပစ်လိုက်သည်။ သက်ပြင်းတစ်ချက်ကို ခပ်ဖွလေးလေး မှုတ်ထုတ်လိုက်ပြီးမှ . . .

"ကျွန်တော့်ကို သူတို့ ခေါ်နေတာတော့ ကြာပါပြီ၊ လွန်ခဲ့တဲ့ လေး၊ ငါးနှစ် . . . အဘိုးအဘွားတွေ မရှိတော့ကတည်းကပေါ့၊ ဒါပေမဲ့ . . . ဆရာမရယ် . . ."

သူ့စကားကိုသူ တမင်တကာ ရပ်တန့်ပစ်လိုက်သည်။

"အကြောင်းကြောင်းကြောင့်ပေါ့ . . . ဆရာမရယ်၊ ကျွန်တော် သူတို့ဆီ မလိုက်ဖြစ်သေးတာ . . . မလိုက်ချင်သေးတာ . . . ဒီအကြောင်းတွေ ဆရာမကို ကျွန်တော် တစ်နေ့နေ့မှာ အေးအေး

www.burmeseclassic.com

www.burmeseclassic.com



ဆေးဆေး ပြောပြပါ့မယ်၊ ဆရာမလည်း နားထောင်ချင်တယ် ဆိုရင်ပေါ့ . . . အဲ့ဒီအကြောင်းတွေကြားရင် ဆရာမ စိတ်ညစ်သွားမှာ၊ အခုတော့ နားမထောင်ချင်ပါနဲ့ဦး၊ ကျွန်တော်လည်း မပြောချင်သေးဘူး၊ တစ်နေ့နေ့ပေါ့ . . . ဆရာမ၊ အခုတော့ ကျွန်တော့်ကို ခွင့်ပြုပါဦး"

သူမ၏ တုံ့ပြန်စကားကို မစောင့်ဘဲ သူ နေရာမှ ချာခနဲ လှည့်ထွက်လာလိုက်သည်။ သူမကတော့ ပဟေဠိမျက်ဝန်းများနှင့် သူ့ကို ငေးကြည့်ရင်း ကျန်ရစ်ခဲ့၏။

အဲ့ဒီနေ့က သူ ပြောခဲ့တာတွေနဲ့ ပတ်သက်၍ သူ့ကိုယ်သူ သိပ်ကျေနပ်သွားသည်။ ဘာပဲဖြစ်ဖြစ် သူမ၏ စိတ်ဝင်စား ဂရုစိုက်မှုကို သူ ပိုင်ပိုင်နိုင်နိုင်ရရှိလိုက်ပြီ။ တကယ်တော့ . . . အဲ့ဒါ သူ တတ်စွမ်းသည့် ပညာတွေထဲက တစ်ခု။

မိန်းမတစ်ယောက်ကို စကားပြောသည့်အခါ အမြဲတမ်း ကိုယ့်ဘက်မှာ တစ်ကွက် ချန်ထားပါ။ သူတို့ စိတ်ဝင်စား၊ သိလိုသည့် အကြောင်းအရာတစ်ခုခု ကိုယ့်ဆီမှာ အမြဲတမ်း ရှိနေပါစေ၊ အဲ့ဒါ ယောကျ်ားများ၏ ပါးနပ်စွာ ဆွဲဆောင်နိုင်မှုတစ်ခု ဖြစ်လေသည်။

❋ ✿ ❋

"ဟော့တော် . . . အဲ့ဒါ ဘယ်လိုဖြစ်လာတာလဲ"



ကွန်ပျူတာသင်တန်း ခန်းမပေါက်ဝမှာသူ ရပ်, ရပ်ချင်း သူမကတော့ သူ့ပုံစံကိုတွေ့ပြီး အော်လိုက်ခြင်း ဖြစ်သည်။ အဲ့ဒီတုန်းက သင်တန်းခန်းထဲမှာသင်တန်းသားတွေ သိပ်မရောက်ကြသေး။

သူမက သူ့နားသို့ လျှောက်လာပြီး ခန်းမတံခါးဝမှာ ပိတ်ရပ်ရင်း သူ့ကို ခြေဆုံးခေါင်းဆုံးကြည့်သည်။ ပြီးတော့ ထပ်ပြောသည်။

"တစ်ကိုယ်လုံးကို ရွှဲနေတာပဲ"

အဲ့ဒီနေ့က မိုးလင်းတာနဲ့ မိုးက သဲကြီးမဲကြီးရွာချသည်။ တိတ်သည့်အချိန်ကို မရှိ။ ခဏ စဲလိုက် . . .၊ ပြန်၍ သဲသမြမဲရွာချလိုက်နှင့်။ အငြိုးကြီးကြီး ရွာနေသော မိုးစက်များကိုကြည့်၍ ဖျူဖွေးဘစ်ယောက်အကြံကောင်းတစ်ခု ရသွားပြန်သည်။

ကွန်ပျူတာသင်တန်းဆီကို ခပ်စောစော ထွက်လာလိုက်ပြီး သင်တန်းရှိရာသို့ မသွားခင် လမ်းမပေါ်မှာ ထီးမပါဘဲ တစ်ကိုယ်လုံး ရွှဲစိုနေအောင်ကို ငါးမိနစ်လောက် လမ်းသလားပစ်လိုက်သည်။ ပြီးတော့မှ သင်တန်းရှိရာ ပထမထပ်သို့ တက်လာခြင်းဖြစ်သည်။ သူ့အကြံအစည် အောင်မြင်သည်။

သူ့ကို တွေ့တွေ့ချင်း သူမ့ဆီက စိုးရိမ်ပူပန်သော လေသံနှင့် အကြည့်ကို သူ ရရှိလိုက်သည်။ သူ ရယ်ကျဲကျဲလုပ်ရင်း ခေါင်းက ဆံပင်ရှည်တွေကို ရေခြောက်အောင် ခါနေလိုက်သည်။

"အခုလို မိုးတွင်းကြီးမှာ ထီးဆောင်ထားဖို့သင့်တယ်၊ ဒီလောက်စိုရွှဲနေတော့ ရှင် . . . ဘယ်လိုလုပ် သင်တန်းတက်လို့ ရဦးမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



သူ ပြုံးလိုက်သည်။

"မစိုးရိမ်ပါနဲ့ ဆရာမ၊ ကျွန်တော်က မချမ်းတတ်ပါဘူး။ ငယ်ငယ်ကတည်းက မိုးရေထဲ ရေချိုးလာတဲ့ကောင်"

သူမ မျက်မှောင်တွေကြုတ်သွားသည်။

"ရှင့်အတွက် ပြောနေတာ မဟုတ်ဘူး၊ ဒီသင်တန်းက ကွန်ပျူတာစက်တွေ ရေစိုကုန်မှာ စိုးလို့ ပြောနေတာ၊ ပြီးတော့ ဒီသင်တန်းခန်းက အဲကွန်း (Air Con) ခန်း၊ ခင်းထားတဲ့ ကော်ဇော်တွေက ရေစိုရင် တော်တော်နဲ့ ခြောက်တာမဟုတ်ဘူး၊ စက်တွေလည်း မှိုက်စချာ (Moisture) ထိမယ်၊ ဒီတော့ ဒီနေ့သင်တန်းကို ရှင် တက်လို့ မဖြစ်ဘူး၊ အိမ်သာ ပြန်လိုက်တော့"

သူ တော်တော်စိတ်တိုသွားသည်။ ကြည့်စမ်း . . . ဘယ်လောက်မာရေကျောရေ နိုင်လိုက်တဲ့ မိန်းမလဲ။ သူ့အပေါ် နည်းနည်းလေးမှ သနားစိုးရိမ်ပုံလေးတောင် မပြ။ အင်မတန် အကြင်နာတရား ကင်းမဲ့ပါလား။

တေးကဗျာ . . . မင်းကို ချဉ်းကပ်ရတဲ့အလုပ်ကလည်း မလွယ်သေးပါလား။ သူ စိတ်ညစ်ညစ်နဲ့ အတင်းထပ်ပြောပစ်လိုက်မိသည်။

"ကျွန်တော် . . . အိမ်မပြန်ချင်ဘူး၊ ဒီနေ့ သင်တန်းကို မဖျက်ချင်ဘူး"

"ဘာဖြစ်လို့လဲ၊ ဒီတစ်ရက် ဖျက်ရုံနဲ့ ဘာမှဖြစ်မသွားဘူး"

"မဟုတ်ဘူး . . . ဆရာမ၊ ကျွန်တော်က သူများတွေထက် အတတ်နှေးနေတာ၊ ဒီတစ်ရက်စာ . . . သင်တန်းလွတ်သွားရင်



သူများထက် ပိုနောက်ကျနေမှာပေါ့၊ နောက်နေ့ကျ ဘာမှနားမလည်ဘဲ ဖြစ်မှာ စိုးလို့ . . .၊ ဒီနေ့ကို . . ."

သူမက သူ့စကားတွေကို ဖြတ်ပြောလေသည်။

"ကဲပါ . . . ဘာမှ ပြောမနေနဲ့၊ ဒီနေ့တော့ ရှင် မတက်နဲ့၊ ဒီနေ့အစား ကျွန်မ . . . ရှင့်ကို တနင်္ဂနွေ ဒီသင်တန်းချိန်ပြီးရင် တစ်နာရီသတ်သတ် အချိန်ပိုထပ်သင်ပေးမယ်၊ ဘယ့်နှယ်လဲ . . ."

"တကယ် . . ."

ဟန်မဆောင်နိုင်ဘဲ သူ့နှုတ်ဖျားက လွှတ်ခနဲ ထွက်သွားသည်။ မှန်သွားပြီ . . မိုးရေထဲ ငါးမိနစ်လောက် လမ်းသလားခဲ့တာ မှန်သွားပြီ။

သူမက ထုံးစံအတိုင်း မဲ့ပြုံးလေးနှင့် မျက်စောင်းထိုးကာ သူ့ရှေ့က လှည့်ထွက်သွားသည်၊ သူကတော့ လက်နှစ်ဖက်စလုံးကို ခေါင်းပေါ် ကျော်မြှောက်၍ ဝမ်းသာအားရ ဟန်လုပ်ပြကာ လှေကားမှ ပြေးဆင်းလာခဲ့သည်။

တနင်္ဂနွေနေ့ . . . တစ်နာရီ အချိန်ပို . . .။

ဘာပဲဖြစ်ဖြစ် သူ ကံဇာတာ တက်လာပြီ။

❊ ✿ ❊

"ဆရာမကို ကျွန်တော် အရမ်းကျေးဇူးတင်တယ်၊ ကျွန်

www.burmeseclassic.com

www.burmeseclassic.com



တော့်ကို အချိန်ပို ထပ်သင်ပေးနေရလို့ ထမင်းစားချိန်တောင် လွန်သွားပြီ ဆရာမ၊ ဆရာမကို ကျွန်တော် နေ့လယ်စာတစ်ခုခု လိုက်ကျွေးပါရစေ . . .”

တနင်္ဂနွေနေ့ အချိန်ပိုတစ်နာရီ ထပ်သင်ပေးအပြီးမှာ သူ သွေးတိုးစမ်းကြည့်လိုက်သည်။ သူမက သူမ၏ စာရွက်စာတမ်းများ၊ ဖိုင်တွဲများကို စုထပ်ကောက်သိမ်းနေရင်း သူ့ကို မော့မကြည့်ဘဲ ဖြေသည်။

“ကျွန်မမှာ ထမင်းဘူး ပါ,ပါတယ်”

သူမ၏ လေသံက အနည်းငယ် ပြတ်တောင်းတောင်းနိုင် သည်။ သူ့ရဲ့အကြည့် အပြုံးတွေကို အကဲခတ်ရုံနှင့် သူ . . . ဘယ်လို ခြေလှမ်းမျိုး လှမ်းတော့မယ်ဆိုတာ သူမ မသိရလောက်အောင် တော့ မညံ့ဖျင်းတန်ကောင်းပါဘူး။

ဘာပဲဖြစ်ဖြစ် သူ့ခြေလှမ်းတွေကို မရမက တားဆီးပိတ်ပင် ဖို့ သူမကတော့ ဆုံးဖြတ်ထားပုံရသည်။ သူမဆီက ကြားရသမျှတွေ သည် အငြင်းစကားချည်း။

အင်းပေါ့လေ . . . သာမန်ယောကျ်ားတစ်ယောက်သာ ဆိုလျှင် သူမ၏ ငြင်းပယ်မှုတွေကြောင့် တပ်ခေါက်ပြန်ချင်ပြန်သွား နိုင်သည်။ သို့ပေမယ့် သူက . . . ဖြူဖွေး . . . လေ။

“ထမင်းဘူးပါပေမယ့် ဆရာမရယ် . . . ဒီကွန်ပျူတာခန်း ထဲမှာ စားဖို့ အဆင်မပြေပါဘူး၊ စားသောက်ဆိုင်တစ်ခုခုမှာ ဆရာ လိုက်စားပါ၊ အအေးလေး . . . ဘာလေးလည်း သောက်ရတာပေါ့ လာပါ . . . ဆရာမ၊ ဆရာမကို . . . ကျွန်တော် တစ်ခုခု ကျွေး



ဘဲပြန်ချင်နေလို့ပါ”

“မလိုပါဘူး . . . ကျွန်မက ကျွန်မကတိအတိုင်း ရှင် တစ် က် သင်တန်းဖျက်ရတာအတွက် အချိန်ပို သင်ပေးတာ၊ ပြီးတော့ င်နဲ့ စားသောက်ဆိုင် လိုက်ထိုင်ဖို့လည်း ကျွန်မမှာ အချိန်ပို မရှိဘူး၊ ခုကို စမ်းချောင်းက ကျွန်မရဲ့ နောက်ထပ်အလုပ်ကို သွားဖို့ နောက်ကျနေပြီ၊ ထမင်းဘူးကို ဟိုကျမှ အလုပ်လုပ်ရင်း ဖွင့်စား တော့မှာ”

“ဆရာမကတော့ . . . လုပ်ပြီ၊ အဲ့ဒါဆိုလည်း စမ်းချောင်း ကို ကျွန်တော် လိုက်ပို့ပေးပါရစေ၊ ဒါတော့ ခွင့်ပြုပါ ဆရာမရယ်၊ ကျွန်တော့်အတွက် အပန်းမကြီးပါဘူး”

သူ့ရဲ့ တောင်းတောင်းပန်ပန် ပြောပုံကြောင့် သူမမျက်နှာ အနည်းငယ်ပြုံးလာသည်။ ပြုံးစစ မျက်နှာပေးနဲ့ သူ့ကို မော့ကြည့် သည်။

“ကျွန်မက သူစိမ်းယောကျ်ားလေးတစ်ယောက်ရဲ့ ကား ပေါ်မှာ နှစ်ယောက်တည်း ဘယ်တော့မှ လိုက်မစီးဘူး . . . လို့ ဖြတ်ထားတယ်”

“ဆရာမက . . . ရက်စက်တယ်”

“ရက်စက်တယ် . . . ဟုတ်လား”

သူမက အံ့အားသင့်စွာ ပြန်မေးသည်။

“ဟုတ်တယ် . . . ဆရာမကို ကျွန်တော် ခင်သလောက် ဆရာမက ကျွန်တော့်ကို ပြန်မခင်ဘူး၊ ဆရာမ ရက်စက်တယ်၊ တော်က ဒီကွန်ပျူတာသင်တန်းမှာ အညံ့ဆုံး ဒါပေမဲ့ . . .

www.burmeseclassic.com

www.burmeseclassic.com



ဆရာမက ကျွန်တော့်ကို စိတ်ရှည်လက်ရှည် သင်ပေးတယ်၊ စေတနာနဲ့လည်း ဆူတယ်၊ အတြံပေးတယ်၊ ဆုံးမတယ်၊ ကျွန်တော်ကအခု တစ်ကောင်ကြွက်ပါ ဆရာမ၊ ဆရာမကို ကျွန်တော်က အားကိုးပြီး ကိုယ့်အစ်မတစ်ယောက်လို ခင်ချင်တာ၊ ကျွန်တော့်ဘဝမှာ ကျွန်တော်က တစ်ယောက်တည်းနေရတာ များလွန်းလို့ မိတ်ဆွေ အပေါင်းအသင်းသစ် တွေ့ရင် အရမ်းခင်ချင်တာ၊ အဲ့ဒါကို ဆရာမက သူစိမ်းစကား ပြောရက်တယ်"

သူမက နှုတ်ခမ်းလေးတွေကို တင်းတင်းစေ့ရင်း ရယ်ချင်နေတာကို ထိန်းထားသည်။ လှပစွန်းသော မျက်ဝန်းများနှင့် မျက်စောင်းလဲ့လဲ့ သူ့ကို ထိုးသည်။

"ထားပါတော့ . . . ကျွန်မက ရှင့်ကွားပေါ် ထိုင်လိုက်လာတုန်း ရှင့်ရဲ့ ရည်းစားကောင်မလေးတစ်ယောက်ယောက်က တွေ့သွားလို့ အထင်လွဲသွားရင် ဘယ်လိုလုပ်မလဲ"

သူမရဲ့ မေးခွန်းမှာ သူ အငိုက်မိသွားသည်။ ရုတ်တရက် အကောင်းဆုံးအဖြေကို ဖြေဖို့ သူ တုံ့ဆိုင်းသွားစဉ်မှာ သူမက ထပ်ပြောသည်။

"ဒီမှာ . . . ရှင့်လို ရုပ်ရည်၊ ရှင့်အသက်အရွယ်၊ ရှင့်အပြောကောင်းပုံနဲ့ ရည်းစားတစ်ယောက်မှ မရှိဘူးလို့ မညာနဲ့နော် ကျွန်မယုံမှာ မဟုတ်ဘူး"

သူ တဟားဟား ရယ်မောလိုက်ပါသည်။ မဆိုးဘူး . . သူမသည်း ဒီလို အပိုင်ချည်ပြီး ပြောတတ်တဲ့ နည်းပညာတွေ တတ်သားပဲ။ သို့ပေမယ့် ဒီလောက်နဲ့တော့ ဖြူဖွေး နောက်ဆုတ်ဖို့ မစဉ်းစား



"မဟုတ်ဘူး . . ဆရာမရဲ့၊ ဆရာမစကားကြောင့် စဉ်းစားနေတာ၊ ကျွန်တော့်ရဲ့ဘယ်နှစ်ယောက်မြောက်ရည်းစားက အထင်လွဲမှာပါလဲ . . . လို့လေ၊ ကျွန်တော့်မှာက ရည်းစားတွေ အများကြီး ဆရာမရဲ့၊ အဲ့ဒါရော . . . ဆရာမ ယုံလား"

သူမ,က မျက်နှာကို ခပ်မဲ့မဲ့လုပ်ထားရင်း ရယ်မောလေ တော့သည်။

"အဲ့ဒါ . . . ရှင် ကျွန်မကို ရွဲ့ပြောတာ မဟုတ်လား"

"မရွဲ့ပါဘူးဗျာ၊ တကယ်ပြောတာ. . . တကယ်၊ ကျွန်တော့် ရည်းစားအရေအတွက်က ကျွန်တော့်အသက်ထက် ပိုများတယ်၊ ကျွန်တော်နဲ့ မိန်းကလေးတစ်ယောက်ယောက် တွဲသွားတာတွေ့လို့ ကျွန်တော့်ရည်းစားတွေက ကျွန်တော့်ကို ဖြတ်ကြမယ်ဆိုရင် ဒို့ထက် တောင် အရေအတွက် များနိုင်သေးတယ်၊ သူတို့က မဖြတ်လို့ ကျွန် တော် စိတ်တောင်ညစ်နေတာ၊ ကျွန်တော်ကချည်းပဲ စ, စဖြတ်နေရ တယ်၊ ကဲ . . ."

သူမက နှုတ်ခမ်းကို လက်ဖဝါးလေးနှင့် ကွယ်ကာ ရယ်နေ ရင်း . . . ။

"ကြွားတတ်တယ်နော် . . ."

သူမက ပြောရင်းနဲ့ သင်တန်းခန်းမ အပေါက်ဝဆီသို့ လျှောက်သွားတော့ သူ နောက်နားကနေ ထက်ကြပ်မကွာ လိုက် သွားသည်။ ဒီနေ့အတွက်ကတော့ သူနဲ့သူမဟာ အလွန်ကို ဘာကြ သချာစွာ ရင်းနှီးသော မိတ်ဆွေများအဆင့်သို့ ရောက်ရှိသွားပါပြီ။

သူ့စိတ်ထဲက အားတက်သရော ဖြစ်လာကာ အတက်ကြွ

www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြစ်နေသည့် လေသံနှင့် သူမကို ထပ်ပြောလိုက်သည်။

"အဲ့ဒီတော့ ကျွန်တော်ကားနဲ့ ဆရာမ လိုက်လာလို့ သူတို့ အထင်လွဲမယ်ဆိုလည်း ကျွန်တော်က ဂရုမစိုက်ဘူး၊ ကျွန်တော့်မှာ အများကြီး ရှိသေးတယ်"

"အလို . . . ရှင်က ဂရုမစိုက်ပေမယ့် ကျွန်မက ဂရုစိုက်တယ်ရှင့်၊ ကျွန်မက အထင်မခံနိုင်ဘူး"

"ဟာဗျာ . . ."

"ဟာဗျာ မလုပ်နဲ့ . . . ကိုယ့်အစ်မတစ်ယောက်လို ခင်ချင်တယ်ဆိုရင် ကျွန်မစကားကိုလည်း ရှင် နားထောင်ရမယ်၊ သွား . . . ပြန်တော့၊ ဒီနေ့ ရှင့်ကားနဲ့ ကျွန်မ လိုက်ဖို့ အစီအစဉ်ကို လက်လျှော့လိုက်"

သူ မျက်နှာကို မကျေနပ်ဟန် အနည်းငယ်ပုပ်ထားလိုက်တော့ သူမ ရယ်သည်။

"ဆရာမရော . . . ကျွန်တော့်ကို တကယ်ခင်ပြီလား"

"ဟော . . . တကယ်ခင်ချင်တဲ့သူက ကျွန်မကိုရော ဆရာမလို့ ခေါ်တုန်းပဲလား၊ ဒီမှာ . . . ကျွန်မအသက်နဲ့ ရှင့်အသက် ဘယ်သူက ပိုကြီးမယ် ထင်လို့လဲ"

သူ ရယ်ကျဲကျဲ လုပ်လိုက်သည်။ အဲ့ဒါ တံခါးတစ်ချပ် ပွင့်သွားတာပဲ၊ အဲ့ဒီလိုတံခါးမျိုးကို ဝင်ခွင့်ရဖို့ သူ အချိန်တော်တော်ကြာ စောင့်ဆိုင်းခဲ့ရတာ။

"ကျွန်တော်က လေးစားမှုနဲ့ ခေါ်တာပါ၊ ပြီးတော့ . . . ဆရာမနာမည်မှ ကျွန်တော် မသိဘဲ၊ ဘယ်လို ခေါ်ရမှာလဲ"



"ကိုယ့်အစ်မလို ခင်မယ်၊ သူငယ်ချင်းလို ခင်မယ်ဆိုလို့ ပြောပြမယ်၊ ကျွန်မနာမည် . . တေးကဗျာ၊ ရှင် ကြိုက်သလို ခေါ်ပါ . . . ရတယ်"

သူမ၏နာမည်လေး သိခွင့်ရတာကိုပဲ သိန်းထီဆုပေါက်တဲ့ မျက်နှာထားမျိုး သူ ဖန်တီးလိုက်သည်။

"ဟာ . . . နာမည်နဲ့ လူနဲ့ လိုက်တယ်ဗျာ၊ အရမ်းလိုက်တယ်၊ နာမည်ရော လူရော လှတဲ့ ဒီလိုမိန်းကလေးတစ်ယောက်နဲ့ ခင်မင်ခွင့်ရတာ ဒီနေ့အဖို့တော့ ကျွန်တော် အရမ်းပျော်သွားပြီ၊ ကျွန်တော် . . . မတေး . . . လို့ ခေါ်မယ်၊ နော် . . . မတေး"

သူမ . . . ခေါင်းလည်း မညိတ်၊ ခေါင်းလည်း မခါ။ ဒါဆိုရင် ခွင့်ပြုချက် ရပြီပေါ့။

"ကျွန်တော့်နာမည် ပြောပြရမှာတောင် ရှက်သွားပြီ၊ ကျွန်တော်က နာမည်နဲ့ လူနဲ့ လုံးဝမလိုက်ဘူးဗျာ၊ လူက အကျင့်မကောင်းဘူး၊ တစ်ကိုယ်လုံး အစွန်းအထင်းတွေနဲ့ မည်းနက်နေပြီး နာမည်ကျတော့ . . . ဟာ . . . ပြောချင်တော့ဘူးဗျာ၊ ဆရာမ . . . အဲ . . . ဆောရီး၊ မတေး ကျွန်တော့်ကို နာမည်အသစ်တစ်ခု ထပ်ပေးရင် ကောင်းမယ် . . . သိလား"

သူမက မျက်လုံးများပြူး၍ သူ့ကို မော့ကြည့်သည်။

"အံမယ် . . . ဘာလို့ နာမည်သစ် ပေးရမှာလဲ၊ ကျွန်မ ရှင့်နာမည်ပဲ ခေါ်ရမှာပေါ့ . . . ကိုဖြူဖွေးရဲ့၊ ကဲ . . ."

"ဟာ . . . မတေး . . . ကျွန်တော့်နာမည် သိတယ်"

သူ့ရင်ထဲက အမှန်အတိုင်း ဝမ်းသာအားရ စကားလုံးများ

www.burmeseclassic.com

www.burmeseclassic.com



ခုန်ပေါက် ထွက်ကျလာခြင်း ဖြစ်သည်။ သူမ တကယ်ကို သူ့နာမည် ကြိုသိနေသည်။ အဲ့ဒါ သူ့ဘက်က နှိုင်ကွက်တစ်ကွက် မဟုတ်လား။ သူ့အပေါ်မှာ စိတ်ဝင်စားမှု တစ်ခုခု သူမဆီမှာ ရှိနေလို့ သူ့နာမည် ကြိုသိနေတာပေါ့။ သို့ပေမယ့် သူမက ငြင်းသည်။

"အို . . . အဆန်းလား ဒီသင်တန်းမှာ ဘယ်သူ့စားပွဲ ဘယ်ကွန်ပျူတာစက်မှာ ဘယ်သူထိုင်ရမယ်ဆိုတဲ့ ခုံနံပါတ်နဲ့ စာရင်းသွင်းတဲ့ အလုပ်က ကျွန်မ လုပ်ရတာ၊ ရှင့်နာမည်ကို ကျွန်မ မသိဘဲ နေမလား၊ သင်တန်းသားအားလုံးနာမည် ကျွန်မ သိတယ် ကိုဖြိုးဖွေး ရှင့်နာမည်ကို ပဟေဠိဖွက်ဖို့ မကြိုးစားနဲ့တော့ . . . သိလား"

သူ ခပ်ရှက်ရှက်ဟန်နှင့် ဟက်ခနဲ တစ်ချက် ရယ်မောပစ်လိုက်ရသည်။

"အမှန်တော့ . . . အဲ့ဒီနာမည်ကို မတေး မသိစေချင်ဘူးဗျ၊ ကျွန်တော့်နာမည်ကို တခြားလူတွေ သိပ်လျှောက်မပြောနဲ့ မတေး၊ ကျွန်တော်က လူမုန်းများတယ် သိလား၊ အထူးသဖြင့် ကျွန်တော် ဖြတ်လိုက်တဲ့ ရည်းစားဟောင်းတွေကပေါ့"

သူမရဲ့ လှပသောမျက်စောင်းများ ဝေ့ခနဲ သူ့ထံ ရောက်လာသည်။

"အဲ့ဒီလို လူမုန်းများမှန်းသိလျက်နဲ့ ဘာဖြစ်လို့ အဲ့ဒီအလုပ်တွေ လုပ်သလဲ ကိုဖြိုးဖွေးရဲ့၊ ရည်းစားတွေ မများနဲ့ပေါ့၊ အားလုံးထဲက တစ်ယောက်ယောက်ကို ရွေးပြီး အတည်ကြိုက်လိုက်တော့ပေါ့"

သူ ပြုံး၍ ခေါင်းခါပြလိုက်ပါသည်။

"ကျွန်တော်လည်း အဲ့ဒီလိုပဲ ဖြစ်ချင်တာပေါ့ မတေးရာ



ဒါပေမဲ့ . . ."

"ဘာ . . . ဒါပေမဲ့လဲ"

"ကျွန်တော်က ကျွန်တော့်ရင်ထဲက နှစ်နှစ်ကာကာ ချစ်မြတ်နိုးမယ့် မိန်းကလေးတစ်ယောက်ကိုပဲ လက်ထပ်ချင်တယ်လေ၊ အဲ့ဒီအတွက်ကို ကျွန်တော်မှ မတွေ့သေးဘဲ"

"ဩော် . . . အဲ့ဒါဆိုလည်း မိန်းကလေးတွေများစွာကို ဘာဖြစ်လို့ ရည်းစားလုပ်ပြီး ဒုက္ခပေးနေရသေးလဲ ကိုဖြိုးဖွေးရဲ့၊ ရှင့်ကို ကျွန်မ ပြောဖူးတယ်လေ၊ အလုပ်တစ်ခုကို လုပ်မယ်ဆိုရင် သေသေချာချာ စဉ်းစားဆုံးဖြတ်ပြီးမှ လုပ် . . . ဆိုတာလေ၊ မမှတ်မိတော့ဘူးလား"

"မှတ်မိတာပေါ့ဗျာ"

"မှတ်မိရင် နားထောင်မယ်ပေါ့"

"စိတ်ချ . . . မတေး၊ အခုအချိန်ကစပြီး ဘယ်မိန်းကလေးကိုမှ ကျွန်တော် တကယ်မချစ်ဘဲ ရည်းစားစကား မပြောတော့ဘူး၊ ဒါဆို . . . ယုံလား မတေး၊ ကျွန်တော် တကယ်ကတိပေးတယ်၊ ကျွန်တော့်ဘဝမှာ တကယ့်အချစ်ဆုံးသူကိုပဲ ချစ်တယ်လို့ ပြောတော့မယ်ဗျာ၊ ကတိ . . . ကတိ"

သူမက ပြုံးတေ့တေ့မျက်နှာပေးနဲ့ သူ့ကို မော့ကြည့်ကာ ပြောလေသည်။

"ဒီလိုကျတော့လည်း တယ်လိမ္မာပါလား၊ မယုံချင်စရာပဲ"

သူ ရယ်မောရင်းနဲ့ သူမကို အရိုအသေပေးသည့်ဟန်ဖြင့် နည်းနည်း ခေါင်းငုံ့ကာ ပြောချလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"လီမွှာသွားတာ ဆုံးမတဲ့ ဆရာမ တော်လို့ နေမှာပေါ့ဗျာ"

ပေါ့ပါးလွတ်လပ်စွာ ရယ်မောလိုက်သည့် သူမ၏ ရယ်သံလွင်လွင်ကလေးကို သူ ကြားရသည်။

အဲ့ဒီနေ့က စ၍ တေးကဗျာဆိုသော နယ်ရုပ်ကလေး တစ်ရုပ် ဖြူဖွေးရဲ့ စစ်တုရင်**ကစားခုံ**ပေါ်မှာ တစ်ကွက်ရွှေ့ခံလိုက်ရပြီ ဖြစ်လေသည်။

* ✿ *

# ဖြူဖွေး



www.burmeseclassic.com

www.burmeseclassic.com

"ဟေး . . . ဘော်ဒါကြီး . . . ဘာတွေ လုပ်နေလဲ"

တံခါးဖွင့်ပေးလိုက်တာနှင့် သူ့တိုက်ခန်းထဲသို့ ကိုနေရော ဘောဂပါ အော်ဟစ်ပြီး ဝင်လာကြသည်။

ဟန်ဆောင်ပန်ဆောင် ကြိုဆိုမှုလေးတောင် မလုပ်နိုင် တော့။ သူတစ်ယောက်တည်း အားလပ်ရက်မှာ အေးအေးဆေးဆေး ဗီဒီယိုကြည့်ချိန်ဆိုလျှင် အဲ့ဒီ ကိုနေတစ်ယောက် ပေါက်ပေါက်ချ လာသည်။

အခုလည်း ကြည့် . . .။ လက်ထဲမှာလည်း ဆာတေး အသားကင်တွေ တထောကြီးကို ကြွတ်ကြွတ်အိတ်နှင့် ထုတ်လျက် လက်တစ်ဖက်က အချဉ်ရည်ဆော့စ်ပုလင်းကို ကိုင်လျက် . . .။

ကိုနေ့နောက်က ကပ်လိုက်လာသည့် ဘောဂ,က ကိုနေ မမြင်အောင် သူ့ကို မျက်စိတစ်ဖက် မှိတ်ပြနေသေးသည်။



"ဟေး . . . ကိုဖြူ ဒီမှာ ခင်ဗျားကြိုက်တဲ့ ဆာတေးတွေ ယူလာတယ်၊ ထုတ်ဗျာ . . ခင်ဗျားရေခဲသေတ္တာထဲက ဘီယာတွေ၊ ဘာဘီယာ ရှိလဲ၊ ဘီယာနဲ့ မြည်းမယ်"

သူ စိတ်အချဉ်ပေါက်ပေါက်နှင့် ကြည့်လက်စ ဗီဒီယိုကို (Pause) သွားလုပ်ရင်း . . . သူမကို လှည့်မကြည့်ဘဲ ပြောပစ်လိုက်သည်။

"ငါ့ အရက်သမား မဟုတ်ဘူးကိုနေ၊ ငါ့အိမ်မှာ ဘာဘီယာမှ မရှိဘူး၊ မင်းသောက်ချင်ရင် ကုတ်ခ် ရှိတယ်၊ ဆန်းတစ် ရှိတယ်၊ ပေါ်ကာ ရှိတယ်၊ ကြိုက်တာ ဖောက်သောက် . . . ဒါပဲ"

ကိုနေက ဗျန်းခနဲ သူ့နောက်ကျောကို လာရိုက်သည်။ ဒီကောင်မလေးဟာ . .။ ပြီးတော့ သူ့ထမင်းစားခန်းထဲ ပိုင်စိုးပိုင်နင်း ဝင်၍ စတီးလ်လင်ပန်းတစ်ချပ်ထဲ အသားကင်တွေ သွားထည့်နေသံ ကြားရသည်။ ထမင်းစားခန်းထဲကနေ သူ့ဆီ အသံပြဲကြီးနဲ့ လှမ်းအော်ပြန်သည်။

"ခင်ဗျားကြီး အတော်တုံးတာပဲ ကိုဖြူ၊ ယောကျာ်းလေး တစ်ယောက်တည်းနေတဲ့ အိမ်တဲ့ဗျာ၊ အရက် မပြောနဲ့၊ ဘီယာတောင် ဆောင်မထားဘူး၊ ခင်ဗျားကြီး ဘယ်လိုလူလဲ၊ ဒီမှာ ခင်ဗျား ကြိုက်တဲ့ ဆာတေးတွေ . . . မစားဘူးလား"

"ငါ ဝက်သား မစားဘူး၊ ငါ့အိမ်က ဝက်သားလည်း မတင်ဘူး၊ မင်းဟာတွေ ဝက်သားဆိုရင် . . ."

"ဟော့လူကြီး . . အော်မနေနဲ့၊ ဒါ . . . အကုန် ကြက်ဆာတေးချည်းပဲ၊ ခင်ဗျား . . ဒီလောက် နေ့တိုင်း (Fitness Centre)

www.burmeseclassic.com

www.burmeseclassic.com



သွားပြီး ဝိတ်မ,နေတာ၊ ဝက်သားစားလည်း ဝိတ်မတက်ဘူး၊ ဘီယာသောက်လည်း ဝိတ်မတက်ဘူး၊ ဗိုမနေနဲ့"

"ဝိတ်မတက်ပေမယ့် ကိုလက်စထရော တက်တယ်ကွ"

သူ ဘုချည်းထိုင်တောနေ၍ သူမ မျက်စောင်းထိုးလေသည်။

"ကိုဖြူ . . . ဘာလဲ . . . ခင်ဗျားတစ်ယောက်တည်း ဗီဒီယိုကြည့်ပြီး ဇိမ်နဲ့ နှပ်နေတုန်း ကျွန်တော်တို့ လာနှောင့်ယှက်လို့ ခုနေတာလား၊ မခုပါနဲ့ဗျာ၊ ကျွန်တော်လည်း ကျွန်တော့်ဘော်ဒါတွေနဲ့ လျှောက်လိမ့်ရတာ ပျင်းလာလို့ တောဂကိုခေါ်ပြီး ခင်ဗျားဆီလာတာ၊ ခင်ဗျားကလည်း ဧည့်သည်ကို နည်းနည်းပါးပါး ဧည့်ခံပါဦး၊ ခင်ဗျား ဗီဒီယိုကြည့်နေရင် ကျွန်တော်တို့လည်း ကြည့်မယ်လေဗျာ၊ ခင်ဗျား ဘာကားကြည့်နေတာလဲ"

လာပြီ . . . လာပြီ။ အဲ့ဒီစကားနောက်မှာ ဘာတွေ ထပ်ဖြစ်ဦးမယ်ဆိုတာ သူ သိနေသည်။ ကိုနေက တီဗွီရဲ့ အဝေးထိန်းခလုတ်ကို ဆွဲယူရင်း . . . တီဗွီကို မော့ကြည့်သည်။

"နေပါဦး . . . အဲ့ဒီမင်းသားက ရောဘတ်ဒီနီရိုး မဟုတ်လား၊ ခင်ဗျားကလည်းဗျာ . . . ဒီလို အဖိုးကြီးဇာတ်လိုက်ပါတဲ့ ကားတွေပဲ ကြည့်နေတယ်၊ ပျင်းစရာကြီး"

ဆာတေးတစ်ချောင်းကို လက်ကဆွဲကာ ကိုနေတစ်ယောက် ပါးစပ်ထဲ ပလုပ်ပလောင်း ဆွဲကိုက်ဝါးစားရင်း သူ ထိုင်နေသည့် နှစ်ယောက်ထိုင် ဆက်တီဆိုဖာပေါ် လာကပ်ထိုင်ပြန်သည်။

သူမရဲ့ လက်တစ်ဖက် . . . က ဆာတေးတစ်ချောင်းကို



သူ့လက်ထဲ အတင်းလာထိုးထည့်ပြီး စားဖို့ ပေးပြန်သည်။ ပြီးတော့ ငါးစက္ကန့်လောက် တီဗွီကိုငေးကြည့်ကာ အသံထွက်လာတော့သည်။

"ခင်ဗျားဗီဒီယိုကလည်းဗျာ . . . သေနတ်လည်း မပစ်ဘူး၊ ဒရာမာကြီးပဲ၊ အခွေလဲဗျာ၊ ဝုန်းဝုန်းဒိုင်းဒိုင်း ချတဲ့နှက်တဲ့ကားတွေ မရှိဘူးလား၊ ဟေ့လူ . . ."

"ငါ . . . အဲ့ဒီလို ကလေးကြိုက်ကားတွေ မကြည့်ဘူး"

"ဘာ ကလေးကြိုက်လဲ . . . ၊ လူငယ်ကြိုက်ဗျ . . . လူငယ်ကြိုက်"

တီဗီရှေ့က ဗီဒီယိုခွေနဲ့ ဒီဗီဒီ၊ ဗီစီဒီအချပ်တွေ ထားရာဆီတို ကုန်းကုန်းကုန်းကုန်းနဲ့ သွားကာ ကိုနေ မွှေပြန်သည်။ သူမ, ကြိုက်တဲ့ ကားကို မတွေ့ပြန်တော့ . . .

"ကိုဖြူ . . . ဒီကားကြီး ဆက်မကြည့်နဲ့တော့၊ အမ်တီဗွီဖွင့်ဗျာ"

ပြောပြောဆိုဆို သူမက ဂြိုလ်တုစလောင်း အဝေးထိန်းခလုတ်ကို လှမ်းဆွဲကာ အဲ့ဒီ (MTV) ဆိုသော သီချင်းချန်နယ်လ်ကို ပြောင်းဖွင့်ပြန်သည်။ သူ စိတ်တိုလာပြီး ထ,အော်ပစ်လိုက်သည်။

"မင်း . . . အဲ့ဒီ အရူးချေးပန်းချန်နယ်လ်ပဲ ကြည့်စရာရှိသလားကွ . . . ကိုနေ၊ ဒါလောက်မျက်စိနောက် နားညည်းအောင် လုပ်ပြနေတာ"

"ဟာ . . . ခင်ဗျားကြီး တော်တော်ဒိတ်အောက်တာပဲ၊ ဒီမှာ . . . ဒီမှာ . . ."

တီဗီထဲက စာဖတ်သလို လက်တန်းရွတ်ဆိုနေတဲ့ အော်လ်

www.burmeseclassic.com

www.burmeseclassic.com



တာ (Alter) သီချင်းတစ်ပုဒ်ထွက်လာသည်။ သူမ, ဝမ်းသာအားရ ထခုန်သည်။

"ဟာ . . . အဲ့ဒါ အင်မီနမ်နဲ့ ဒီဒိုတို့ရဲ့ နာမည်ကြီး သီချင်း ဗျ။ ကိုဖြူ . . . မပိတ်နဲ့ဗျာ၊ ကျွန်တော်က အင်မီနမ်ခရေဇီနော်၊ ထ, ထိုးမှာ၊ ဒီမှာ . . . သူ့ဆံပင်ပုံကိုတောင် ဗိုလ်ချုပ်ဈေး သွားပြီး လေးထောင့်ငါးရာနဲ့ ပြောင်းညှပ်ထားတာ၊ ခင်ဗျားကြီး . . . ငြိမ်ငြိမ် နားထောင်ဗျာ"

သူမက သူမရဲ့ ကော်ဖီရောင်မျိုးမျိုးခြောက်ရောင်လိုလို၊ ရွှေရောင် လိုလို အရောင်ပြောင်းနေတဲ့ အဲ့ဒီနဖူးထိပ်က ငုံးစိစိ ဆံပင်လေးတွေ ကို လက်ညှိုးနဲ့ ထောက်ထောက်ပြီး ပြောတော့ သူ မရယ်ဘဲမနေနိုင် တတ်လည်း တတ်နိုင်တဲ့ ကိုနေ။

"မင်း အိပ်ပျော်နေတုန်း ဆံပင်တွေ ကြွက်စားသွားတဲ့ ပုံကိုများ လေးထောင့်ငါးရာပေး ညှပ်သတဲ့၊ ဟား . . . ဟား . . . ဟား . . . နောက်တစ်ခါ မင်းကို ငါကိုယ်တိုင် ဒီပုံရအောင် ညှပ် ပေးမယ်၊ ငါ့ကို ငါးရာပဲ ပေး . . ."

"သွားစမ်းလိုက် . . ."

သူမ ခန္ဓာကိုယ်ပေါ်က မိန်းမအဆန်ဆုံးသော မျက်စောင်း ကလေး သူ့ထံ ရောက်ရှိလာသည်။ ပြီးတော့ သူမက မျက်စိနောက် စရာကောင်းမရာရိုက်ချက်တွေ ဖျတ်ခနဲ၊ ဖျတ်ခနဲ ပြောင်းလဲနေသော တီဗီထဲသို့ ပြန်စိုက်ငေးပြန်သည်။

အဲ့ဒီနားငြီးလှစွာသော သီချင်းကို သူ နားမထောင်ချင် တာနှင့် သူမကိုပါ စ,နောက်ရန် သူ အကြံရသွားသည်။



"ဟော့ကောင် . . . ကိုနေ၊ ငါနဲ့ . . . မင်းရဲ့ တေးကဗျာ တော်တော်ညက်တဲ့အဆင့် ရောက်နေပြီကွ . . . သိလား၊ မင်းဟာမ လေးက ဒီလောက်လည်း နှုန်းရနှုပ်ရ မခက်ပါဘူးကွာ၊ ဖြူဖွေးဆိုတဲ့ ကောင် စကားနှစ်ခွန်းလောက် ပစ်ကျွေးလိုက်ရုံနဲ့ . . . ကျွန်မကို ခင်ရင် ဆရာမလို့ မခေါ်ပါနဲ့ . . . တဲ့၊ နာမည်က တေးကဗျာပါ၊ ချင် ကြိုက်သလို ခေါ်ပါတဲ့၊ ကဲ . . . မလွယ်ဘူးလား၊ မင်း မဒီလေး က အလွယ်စားလေးပါကွာ၊ ပျင်းတောင် ပျင်းသေးတယ်"

'ကိုနေတစ်ယောက် ထိုင်ရာမှ ဝုန်းခနဲ ခုန်ထကာ သူ့ကို သည်ပင်း ထ,ညှစ်တော့သည်။

သူမရဲ့လက်နှစ်ဖက်က လွတ်အောင် သူ နောက်ဆုတ် ရှောင်လိုက်ရင်း တဟားဟား ရယ်မောလိုက်ရသည်။

"ဟော့ကောင် . . . ငါဆိုလိုတာက . . ."

"တော်တော့ ကိုဖြူ ခင်ဗျားကြီး ဘာကိုပဲ ဆိုလို . . . ဆိုလို ခင်ဗျားစကားရဲ့အဓိပ္ပာယ်ကို ကျွန်တော် သိနေတယ်၊ ခင်ဗျားက ဆားကို အထင်သေးတဲ့အမြင် ရှိနေတယ်၊ တေးကို လွယ်လွယ်နဲ့ ရမယ် ခင်ဗျား အောက်မေ့နေတယ်၊ စောင့်ကြည့်စမ်းပါ၊ ခင်ဗျား ကြီး . . . စောင့်ကြည့်စမ်းပါ"

"စောင့်ကြည့်လေ . . . မကြာခင်မှာ မင်းရဲ့ တေးကဗျာ ငါ့ကိုမှ ငါ . . . တမ်းတမ်းစွဲ ဖြစ်လာစေရမယ်၊ ကိုနေ . . . မင်း သေးမယ့် စိုက်ဂနပ်စ်ကြီး ငါ မလိုချင်ပါဘူးကွာ၊ တန်ဖိုးက နည်း နည်းများနေသလိုပဲ၊ ငါ အဲ့ဒီလောက်ကြီး မကြိုးစားရပါဘူး"

"ဒီမှာ . . . ကိုဖြူ အခုအချိန်မှာ သူက ခင်ဗျားကို မိတ်ဆွေ

www.burmeseclassic.com

www.burmeseclassic.com



ဆူငယ်ချင်းအဆင့်မှီ တရင်းတနှီး လိုက်လိုက်လျောလျော ဆက်ဆံနေတာ၊ ကိုယ့်ဘက်က အပိုင်မတွက်နဲ့၊ ခင်ဗျား . . . သူ့ကို ရည်းစားစကား သွားပြောကြည့်ပါလား၊ သူ ဘယ်လို တုံ့ပြန်မလဲလို့၊ တေးလိုမိန်းကလေးမျိုးက သူ့ရည်းစား ထွင့်ခေါင်မိုးအပေါ် ဘယ်နည်းနဲ့မှ သစ္စာဖေါက်မယ့် မိန်းကလေးမျိုး မဟုတ်ဘူး၊ အင်မတန်သစ္စာရှိစွာ ချစ်သူတစ်ယောက်ကိုပဲ တစ်သက်လုံး လက်တွဲဖို့ ဆုံးဖြတ်ထားတဲ့ပုံစံ၊ အဲ့ဒီထဲကမှ သူ သစ္စာဖောက်ပြီး ခင်ဗျားကို ချစ်သွားခဲ့မယ်ဆိုရင် ခင်ဗျား တော်လို့ပဲ ကိုဖြူး ခင်ဗျား နာမည်ကြီးသလောက်တော်၊ မတော် ကြည့်ကြသေးတာပေါ့"

"ကြည့်ဗျာ . . . ကြည့် . . . ကြည့်၊ ကိုယ်ကတော့ တစ်ပတ်အတွင်းမှာ မင်းရဲ့တေးကဗျာကို ရည်းစားစကားပြောဖို့ ဆုံးဖြတ်ပြီးပြီ၊ အေး . . . အဲ့ဒီအခါကျတော့မှ သူနဲ့ ငါ သမီးရည်းစား ဖြစ်သွားရင် မင်း တေးက မနာလိုဝန်တို မဖြစ်နဲ့နော်၊ သမီးရည်းစားဘဝဆိုတာ သမီးရည်းစားဘဝနဲ့ တူအောင်လည်း နည်းနည်းပါးပါးတော့နေပြ၊ ထိုင်ပြရဦးမယ်၊ ဒါမှ ကိုယ့်ကို သူ တကယ်ချစ်လာမှာလေ"

ဖတ်ခနဲ့ ကိုနေ့ရဲ့ခေါင်းလေး မော်သွားတာကို ကြည့်၍ သူ အလွန်ရယ်ချင်သွားပါသည်။ ချက်ချင်းပဲ သူမအသံက စီခနဲ ထွက်လာသည်။

"ခင်ဗျားကြီး . . . ခင်ဗျားကြီး . . . သိပ်အသားယူမနေနဲ့နော်၊ ခင်ဗျား လူပါးသိပ်ဝလာပြီ၊ ဒီမှာ . . . ခင်ဗျားနဲ့ သူ သမီးရည်းစားဖြစ်သွားလည်း သူ့ရဲ့ လက် . . . ၊ အဲ . . . သူရဲ့လက်ပဲ ခင်ဗျားကို ကိုင်ခွင့်ပေးတယ်၊ ဒီထက် လွန်းဝ မပိုရဘူး . . . ဒါပဲ၊



...ရင် ခင်ဗျားနဲ့ ကျွန်တော် တွေ့မယ်"

"ဟ . . လက်ထက် ပိုကိုင်တော့ရော မင်း သိမှာမို့လို့လား"

အုံးခနဲ သူ့လက်မောင်းကို သူမ ပိတ်ထိုးလိုက်ရာ လူ...ာင် တစ်ဖက်စောင်းသွားပြီး ပခုံးလည်း အောင့်တက်သွား...သည်။ တော်တော်လက်သံပြောင်တဲ့ . . . ကိုနေ။

"ဟာ . . . တကယ်ဆော်တယ်ဟ"

သူမ, က လက်သီးဆုပ် တပြင်ပြင်နဲ့ ပြောပြန်သည်။

"ဒါ နမူနာပဲ ရှိသေးတယ်၊ နောက်ထပ်ခါ ခင်ဗျား ဒီစကား...ပ်ပြောရင် ကျွန်တော့်လက်သီးက ခင်ဗျားမျက်ခွက်ကြီးဆီ တန်း...ပဲ၊ ကိုဖြူး . . . ခင်ဗျား စည်းစောင့်ဗျာ၊ စကားရော . . . လူရော၊ ...န်တော့်တေးကဗျာကို လက်က လွဲပြီး မထိနဲ့"

ဖြူဖွေးတစ်ယောက် သူမကို နည်းနည်းတော့ မခံချိမခံသာ...အောင် စ, နောက်ချင်တဲ့ စိတ်က ထိန်းမရ။ ထို့ကြောင့် ထပ်ပြော...က်သည်။

"ကိုယ်ကတော့ စည်းစောင့်နိုင်ပါပြီတဲ့၊ မင်းရဲ့တေးကဗျာ...က စည်းမစောင့်ဘူးဆို ဘယ်လို လုပ်ကြမလဲ . . . ကဲ . . ."

သူတို့နှစ်ယောက် စကားတွေကို နားထောင်နေသော...ဂကတော့ တဟားဟား အော်ရယ်လေသည်။ ကိုနေက သူ့ကို...်စောင်းထိုးလိုက်ပြန်သည်။

"ခင်ဗျားကြီးနော် . . . ကျွန်တော့်ကို စိတ်ဆိုးအောင် လာ...ခနေနဲ့"

"ဟ. . . ကိုယ် တကယ်ပြောနေတာ၊ အတည်ပြောနေတာ၊

www.burmeseclassic.com

www.burmeseclassic.com



ဒါမျိုးလည်း ဖြစ်တတ်တာပဲ၊ အခုတောင် ကိုယ်က ဘာမှ မယ်
သေးဘဲ မင်းရဲ့တေးက စာသင်နေရင်း ကိုယ့်ရဲ့ လက်ဖမိုးပေ
တဖျပ်ဖျပ်နဲ့ လာရိုက်နေတာ၊ သူက စထိနေတာ"

"ဒါက ဆရာမနဲ့ တပည့်ဆက်ဆံရေးပဲ၊ ခင်ဗျား ဘာ
အသားယူနေစရာ မလိုဘူး"

"အသားယူတာ မဟုတ်ဘူး . . . ကိုနေ၊ မင်း . . . မ
သေးဘူးနော်၊ မိန်းကလေးတွေက သူတို့ တကယ်ချစ်လာပြီဆို
ယောကျ်ားလေးတွေထက် ရဲရင့်တယ်၊ ငါက ကိုယ်တွေ့တွေ ပြော
တာကွ၊ ကိုယ့်ရဲ့ ရည်းစားဟောင်းတွေထဲမှာလေ . . . ကိုယ်
စပြီး နမ်းခဲ့တဲ့ မိန်းကလေးက ခပ်ရှားရှားပဲ၊ သူတို့က ကိုယ့်ကို
နမ်းခဲ့တာ ပိုများတယ်မောင်၊ ကဲ . . . သိပြီလား"

"ကြွားရဲလိုက်တာ . . . ဒီရုပ်ကြီးနဲ့"

ကိုနေက မကျေမနပ်နဲ့ သူ့ကို လှောင်သည်။

"မင်း . . . မယုံဘူးလား ကိုနေ၊ မင်းလေ . . . ဒစ်စကလ
ရှာ (Disclosure) ဆိုတဲ့ဇာတ်ကား မကြည့်ဖူးဘူးလား၊ အဲ့ဒီကား
မှာပေါ့ . . . ဒမ်မီမိုးက မိုက်ကယ်ဒေါက်ဂလပ်စ်ကို . . ."

"ဟော့လူ . . . တော်ဗျာ . . . တော်၊ ခင်ဗျား . . . ဒေ
တော်ယုတ်ကန်းတဲ့ လူ"

ကိုနေခမျာ မျက်နှာနီရဲရဲနှင့် သူတို့နားက ဆောင့်အော
ပြီး ထ, ထွက်သွားတော့ သူနဲ့ဘောဂတို့ နှစ်ယောက်ပေါင်း၍ တ
ဝါးနဲ့ ရယ်လိုက်ကြရသည်။

ကိုနေက ခြေကိုဆောင့်၍ ထမင်းစားခန်းထဲဝင်ကာ



က ထားခဲ့သော အချဉ်ရည်ပုလင်းကို သွားဆွဲယူသည်။ ပါးစပ်က
သည်း ပွစိပွစိနဲ့ အော်နေသေးသည်။

"ခင်ဗျားနာမည် ဖြူဖွေးလို့ မှည့်ဖို့ မကောင်းဘူး၊ မည်းတူး
. . . လို့ပဲ မှည့်ဖို့ကောင်းတယ်၊ အင်မတန် ညစ်ပတ်စုတ်ပဲ့တဲ့ လူ၊
ဟောကောင် . . . ဘောဂ၊ မင်းခေါ်လာတဲ့ဘဲက . . . ဘယ်လိုလဲကွ၊
ဒါ်ဒါတီး (Very Dirty) ပဲ"

"ဟ . . . ကိုယ် ဘာပြောသေးလို့လဲ . . . ကိုနေရ"

ကိုနေက သူ့ကို ပြန်မပြောဘဲ အချဉ်ရည်ပုလင်းရဲ့ဖင်ကို
တဖတ်ဖတ်နဲ့ ပိတ်ဆောင့်ကာ အသားကင်ပန်းကန်ထဲ အချဉ်ရည်
တွေ ဒေါသတကြီး လောင်းချသည်။

"ဟေ့ . . . ဟေ့ . . . ရပ်တော့၊ အသားကင်တွေ အကုန်
ချဉ်စုတ်ကုန်တော့မယ်၊ ငါက အချဉ်နဲ့ မစားတတ်ဘူး"

သူက ဆာတေးအကင်တစ်ချောင်းကို ကမန်းကတန်း
လှမ်းဆွဲတော့ သူမက ရယ်မောပါလေသည်။ မျက်စောင်းလည်း
ထိုး၍ စူပွပွပြောသေး၏။

"အဲ့ဒါဆိုလည်း ခင်ဗျားကြီး မြန်မြန်စား၊ စကားမများနဲ့"

အဲ့ဒီလို . . . အဲ့ဒီလို ဒေါသမျက်နှာနဲ့ သူ့ကိုလည်း ခင်မင်
နှစ်လိုစွာ စေတနာထားတတ်သော သူမ,မျက်နှာ အမူအရာတွေ
အား သူ စွဲလမ်းစွာ မေ့မရဖြစ်နေတာနေမှာ . . .။

✳ ✿ ✳

www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီနေ့က ကွန်ပျူတာသင်တန်းကို ဘေးကဗျာ မလာ
သူတို့ဘက်က သင်တန်းသားအားလုံးကို ဟိုဘက်တစ်ခြမ်းက ဆရာ
တစ်ယောက်တည်း ပေါင်း၍သင်ပေးသည်။

အဲ့ဒီဆရာ သူ့အနားလာတော့ ဘေးကဗျာ ဘာဖြစ်လို့
မလာတာလဲဟု သူ မေးလိုက်သည်။ သူမ နေမကောင်းလို့ ခွင့်ယူ
ထားတယ်ဟု ဆရာက ဖြေသည်။

သူမအတွက် သူ တကယ်ပဲ စိတ်ပူသွားပါသည်။ တော်ရုံ
တန်ရုံ နှာစေးချောင်းဆိုးလောက်ဆိုလျှင် သူမဟာ သင်တန်းချိန်ကို
မဖျက်ဘဲ မပျက်မကွက် လာရောက်သင်ပြပေးမှာ သေချာသည်။
အခုတော့ သင်တန်းတောင် ဖျက်ပြီး ခွင့်ယူထားသည်ဆိုတော့. . .

သင်တန်းမလာဘဲ ညနေပိုင်း စာစီစာရိုက်အလုပ်ကိုရော
သူမ, သွားသလား . . .။

ဘာပဲဖြစ်ဖြစ် သူမ, နေထိုင်ရာ စံရိပ်ငြိမ် (၆)လမ်းထိပ်မှာ
ဒီနေ့ ထိုင်စောင့်ကြည့်ဖို့ သူ ဆုံးဖြတ်လိုက်သည်။ သူမ, နေထိုင်သည့်
အဆောင်သို့ ချက်ချင်းကြီးလိုက်သွားဖို့ မသင့်သေး။ အဲ့ဒီလောက်
ခြေလှမ်းသွက်ဖို့ မလိုသေးဟု သူ ထင်သည်။

အဲ့ဒီနေ့ တစ်နေ့လုံးနီးပါး အင်းစိန်လမ်းမဘေးတွင် ကား
ကိုရပ်လျက် သူ စောင့်သည်။ တကယ်ပဲညနေစောင်းအထိ သူမ,
အဆောင်က ထွက်မလာပါ။ တကယ်နေမကောင်းဖြစ်နေတာ သေ
ချာလောက်သည်။



မနက်ဖြန်မှာ သင်တန်းချိန်အထိ သူမ, မလာဘူးဆိုလျှင်
တော့ သူမအဆောင်အထိ လိုက်သွားတော့မည်ဟု သူ စဉ်းစားလိုက်
သည်။

ညနေ (၆)နာရီစွန်းစ အချိန်ကျမှ အဲ့ဒီလမ်းကြားထဲကနေ
အနွေးထည်ခရမ်းရောင်လေး ဝတ်လျက် သူမ ထွက်လာတာတွေ့
တော့ သူ ရုတ်တရက် ဝမ်းသာသွားရသည်။ သူမ တကယ်ပဲ နေ
မကောင်းဖြစ်နေသည်။ မျက်နှာလေး အနည်းငယ် ချောင်ကျနေ၏။

ကြည့်ရတာ လှည်းတန်းမီးပွိုင့်ဘက် လျှောက်လာသည်ဆို
တော့ ဆေးခန်းသွားပြမလို့ထင်သည်။ သူမကို သူ တော်တော်သနား
သွားသည်။ ဒီလိုနေထိုင်မကောင်းဘဲ ဆေးခန်းသွားပြရမည့် အချိန်
မှာတောင် သူမမှာ အဖော်တစ်ယောက်မှ မရှိနေပါလား။

အဖော်အဖြစ်နေပေးရမယ့် သူမရဲ့ ချစ်သူကလည်း
အဝေးမှာ၊ သူငယ်ချင်းမိတ်ဆွေဆိုတာရော သူမဆီမှာ မရှိဘူးတဲ့
လား . . .။ အင်မတန်ပြတ်သားရဲဝံ့တဲ့ အဲ့ဒီလိုမိန်းမ,မျိုး သူ့ဘဝမှာ
တစ်ခါမှ မတွေ့ခဲ့ဖူးတာ သူ ဝန်ခံရမည်။

သူမ,က သူ့ကို မတွေ့သေး။ ခေါင်းလေးကို ငုံ့လျက်
ပလက်ဖောင်းအတိုင်း လျှောက်လှမ်းလာတော့ သူ့ကားရပ်ထားရာ
နှင့် တဖြည်းဖြည်း နီးလာသည်။ သူ ကားအပြင်ကိုထွက်ကာ ကားကို
ကျောမှီလျက် ရပ်လိုက်သည်။

အဲ့ဒါလည်း သူမ,က သူ့ကို မတွေ့သေး။ သူ့ဘေးနားနေ
သူမ ဖြတ်ကျော်ခါနီးမှာ သူ လှမ်းခေါ်လိုက်သည်။

"မတေး . . ."

www.burmeseclassic.com

www.burmeseclassic.com



သူမ ရုတ်တရက်မို့ ထိတ်လန့်သည့် အမူအရာနှင့် သူ့ကို လှည့်ကြည့်သည်။

"ဟင် . . . ရှင် . . ."

သူ ပြုံးနေလိုက်သည်။

"ကိုဖြူထွေး . . . ရှင် ဒီမှာ ဘာလာလုပ်နေတာလဲ"

"မတေးကို လာစောင့်နေတာလေ"

"ဘာလုပ်ဖို့လဲ"

"ဒီနေ့ သင်တန်းကဆရာ့ကို မေးကြည့်တော့ နေမကောင်းဘူးပြောတာနဲ့ မတေးကို စိုးရိမ်လို့ လာစောင့်နေတာ၊ မတေး အဆောင်လိပ်စာကို မေးလာတယ်၊ ဒါပေမဲ့ ကျွန်တော် အဆောင်ထိ လိုက်မလာရဲသေးဘူး၊ မတေး နှင်လွှတ်မှာစိုးလို့၊ အဲ့ဒါနဲ့ ဒီလမ်းပေါ်ကနေ နေ့လယ်ကတည်းက စောင့်နေတာ"

"အို . . . ဘာဆိုင်လို့လဲ၊ ဘာဆိုင်လို့ ရှင်က စောင့်နေရတာလဲ"

"စိုးရိမ်လို့ပါဆိုမှဗျာ၊ အခု တကယ်ကို နေမကောင်းဖြစ်နေတာမို့လား၊ မတေး . . . ပိန်လည်းပိန်သွားတယ်၊ တော်တော်ဖျားနေတာလား၊အခု ဆေးခန်းသွားပြမလို့ မဟုတ်လား၊ အဖော်လည်း မပါဘူးဗျာ၊ ကဲ . . . ကျွန်တော် ဆေးခန်းလိုက်ပို့ပေးမယ်၊ ကားပေါ်တက်"

"အို . . . ဘာလို့ တက်ရမှာလဲ"

"ဟာဗျာ . . . လုပ်ပြီ၊ ကျွန်တော့်ကို ဒီတစ်ခါတော့ ကူညီခွင့် ပေးပါဗျာ၊ နော် . . . တေး . . . ဒီလောက်နေမကောင်းဖြစ်



နေတာကို တစ်ယောက်တည်း ဆေးခန်းသွားလို့ ဘယ်ဖြစ်မလဲဗျ၊ အားလမ်းတွေလည်း ကူးရဦးမယ်၊ ဆေးခန်းမှာ ဆေးတွေ ဘာတွေ ထိုးတော့ မူးတာ,မောတာဖြစ်ရင် ဘယ့်နှယ့်လုပ်မလဲ၊ မရဘူး . . . ကျွန်တော် လိုက်ပို့မယ်"

သူမ, မျက်နှာလေးက သူ့ကို ဒေါသဖြစ်လာသည့်ပုံနှင့် သေသံ ခပ်ဆတ်ဆတ် ထွက်လာတော့သည်။

"ဘယ်လို ဖြစ်နေတာလဲ . . . ကိုဖြူဖွေး၊ ကျွန်မ ဒီလိုပဲ အရင်လဲည်း တစ်ယောက်တည်း သွားနေကျ၊ ဘယ်သူ့အကူအညီမှ မလိုချင်လို့ ဘယ်သူ့ကိုမှ ခေါ်မလာတာ ကျွန်မ သူစိမ်းယောကျ်ားတစ်ယောက်နဲ့ နှစ်ယောက်တည်း ကားအတူမစီးဘူးလို့ ရှင့်ကို ဘယ်နှစ်ခါ ပြောရမလဲ၊ ရှင် ပြန်ပါ"

"မပြန်ဘူး"

သူ ငြင်းတော့ သူမက စိတ်ကုန်သည့်အမူအရာလုပ်ကာ လှည့်ထွက်ဖို့ ဟန်ပြင်သည်။ သူက သူမ, သွားမည့်လမ်းရှေ့မှ ပိတ်ကာ ရပ်လိုက်သည်။

"မတေး . . . အဲ့ဒီလို မလုပ်နဲ့ဗျာ၊ မတေးနဲ့ ကျွန်တော်က ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေတွေ ဖြစ်နေပြီပဲ၊ မိတ်ဆွေတွေအဖြစ်နဲ့တောင် မလိုက်နိုင်ဘူးလား၊ ဒီမှာ . . . ဒီတစ်ခါတော့ ကျွန်တော် အလျှော့ပေးမယ် မထင်နဲ့၊ မတေး လမ်းလျှောက်သွားချင်ရင် ကျွန်တော် ဆေးခန်းအထိ လမ်းလျှောက်လိုက်လာမယ်၊ အဲ့ဒါကမှ ပိုပြီး ရှုပ်ပျက်မယ်နော်၊ ကျွန်တော့်ကားနဲ့ပဲ သွားပါဗျာ၊ မတေး မလိုက်ရင် ကျွန်တော် ကားပေါ် အတင်းဆွဲတင်မှာနော်"

www.burmeseclassic.com

www.burmeseclassic.com



"တင်ရဲရင် တင်ကြည့်လေ"

"မတင်ရဲဘူး ထင်လို့လား၊ မတေး . . . ကျွန်တော့်ကို
ရိုက်မလား၊ ရိုက် . . . ရိုက် . . . ၊ အခုအချိန်မှာ မတေးက အ
အညီ တကယ်လိုနေတာ၊ မတေး ရိုက်ရက်ရင် ရိုက်ပါ"

သူမ ပလက်ဖောင်းပေါ်မှာ ခြေကိုဆောင့်၍ မျက်နှာ
လည်း ရှုံ့မဲ့သွားသည်။

"စိတ်ညစ်လိုက်တာ ကိုဖြူဖွေးရယ်၊ ရှင်ဟာလေ . . .
တကယ်ပဲ . . ."

သူမ၏လေသံလေးကတော့ ဖျော့တော့ အားနည်းသွား
သည်။ သူ ကျေနပ်အားရစွာ တံခါးကို သူမအတွက် ဖွင့်ပေးလိုက်
သည်။

သူမ မကျေမနပ် သူ့ကို မျက်စောင်းထိုးကာ ကားရှေ့ခန်း
တွင် ဝင်ထိုင်သည်။ သူ ကားကို ပတ်၍လျှောက်ပြီး မောင်းသူနေရာ
မှာ ထိုင်ကာ ကားစက်နှိုးလိုက်သည်။ သူမက အနည်းငယ် စိတ်ဆိုး
နေသေးသော လေသံနှင့် ပြောသည်။

"လှည်းတန်းဈေးနားက အေးငြိမ်းသာဆေးခန်းကို . . ."

"ဟုတ်ကဲ့"

သူ့ရဲ့ ရိုရိုသေသေ ဟုတ်ကဲ့ကြောင့် သူမ၏မျက်နှာလေး
အနည်းငယ် ပြုံးသွားသည်။ သို့ပေမယ့် ဘာစကားမှ ထပ်မပြော။
ဆေးခန်းရောက်သည်အထိ သူမက ငြိမ်ဆိတ်စွာ သူ့ဘေးမှာ ထိုင်
လိုက်လာသည်။ ဆေးခန်းရောက်တော့ လူနာစာရင်းသွင်းပြီး သူမ၏
ပြနေကျဆရာဝန် မလာသေး၍ ကားထဲမှာပဲပြန်ထိုင်စောင့်ရသည်။



အဲဒီအချိန်မှာတော့ သူမမျက်နှာလေးက အတော်ကို
ကြည်လင်နေပါပြီ။ သူက သူမဘေးမှာ ဝင်ထိုင်ရင်း။

"မတေး . . . ဘာစားမလဲ၊ ဆေးခန်းမပြခင် အစာ
တစ်ခုခု စားထားမှကောင်းမယ် ထင်တယ်၊ အဖတ်စားလို့ ရမလား၊
အချိုရည်ပဲ သောက်မလား၊ ကျွန်တော် သွားဝယ်ပေးမယ်"

သူမက အဲဒီလိုစိုးရိမ်ပူပန်မှုတွေ လွှမ်းနေသော သူ့မျက်
နှာကို ငေးကြည့်နေသည် ပြီးတော့ ပြုံးပဲ ပြုံးနေသည်။ အဖြေ
မပေး။ ခဏအကြာမှ . . .

"ရှင် . . . ကျွန်မကို ဘာဖြစ်လို့ ခင်တာလဲ ကိုဖြူဖွေး . ."

သူမရဲ့မေးခွန်းလေးက ရိုးရှင်းသလောက် ဖြေရခက်နေ
သည်၊ သူ့ဆီက ဘယ်လိုအဖြေမျိုးကို သူမ မျှော်လင့်နေပါသလဲ။
သူစိမ်းယောကျ်ားတစ်ယောက်ရဲ့ ရင်နှီးနွေးထွေးသော ကူညီမှုတွေ
ကို ဘယ်မိန်းကလေးမဆို သံသယ တစ်စွန်းတစ်စတော့ ထားမိကြ
မှာလေ။ သူ့အနေနဲ့ သန့်ရှင်းစင်ကြယ်သော အဖြေတစ်ခု ပေးဖို့
လိုအပ်သည်။

သူ့ရင်ထဲမှာလည်း တကယ်ကို ဖြူစင်ရိုးသားသော အဖြေ
တစ်ခု ရှိနေပါသည်။

"ကျွန်တော် မတေးကို ခင်တာ . . . ကျွန်တော့်လိုပဲ
. . . မတေးလည်း တစ်ယောက်တည်း ဖြစ်နေလို့ပါ"

"ကျွန်မကို တစ်ယောက်တည်းလို့ ဘယ်သူပြောလဲ"

"မညာပါနဲ့ မတေးရယ်၊ မတေးလည်း အဆောင်မှာသာ
နေရတယ်၊ ကျွန်တော့်လိုပဲ ဘဝကို တစ်ယောက်တည်း ရုန်းကန်နေ

www.burmeseclassic.com

www.burmeseclassic.com



ရတဲ့သူဆိုတာ ကျွန်တော် သိထားတယ်၊ မနက်က သင်တန်းဆရာဆီမှာ မတေးရဲ့ အဆောင်လိပ်စာကို မေးရင်း မတေးရဲ့မိဘတွေ မရှိကြတော့ဘူးဆိုတာ ကျွန်တော် သိလိုက်ရတယ်၊ ညီအစ်ကို မောင်နှမ အရင်းအချာလည်း မရှိဘူး၊ ဆွေမျိုးတွေကလည်း နယ်မှာ၊ ရန်ကုန်မြို့ကြီးမှာ မတေးလို မိန်းကလေးတစ်ယောက်အဖို့ ကိုယ့်ဘဝကိုယ် ထူထောင်ပြီး နေထိုင်ဖို့ဆိုတာ ကျွန်တော့်ထက် အဆပေါင်းများစွာ ပိုပင်ပန်းခက်ခဲလိမ့်မယ်လို့ ကျွန်တော် ကိုယ်ချင်းစာပြီး သိနေတယ် မတေး၊ ဒါကြောင့် မတေး ကျွန်တော့်ကို ခင်ခင် မခင်ခင် . . . ကျွန်တော်ကတော့ မတေးရဲ့ အမြဲတမ်း ထာဝရ မိတ်ဆွေအဖြစ် ကူညီမယ်၊ ခင်မယ်"

သူမ ကျေနပ်စွာ ပြုံးနေလေသည်။ ပြီးတော့ နှုတ်ခမ်းထောင့်မှာ သူ့ကို သရော်လိုသည့် လှောင်ပြုံးလေးတစ်ခုပါ တွယ်ကပ်လာသည်။

"ကိုဖြူဖွေးလို အပြောလည်း ကောင်းပြီး ရုပ်သိပ်ချောတဲ့ ယောကျ်ားလေးတွေက ကြောက်ရတယ်နော်၊ ဒါ့ကြောင့်လည်း . . . ကိုဖြူဖွေး စွံတာနေမှာ၊ ကျွန်မ ထင်တယ်၊ ကျွန်မလိုတော့ ကိုဖြူဖွေး အထီးကျန် မဆန်ပါဘူး၊ ကိုဖြူဖွေးမှာက ရည်းစားတွေအများကြီးပဲ"

သူ ရယ်မောလိုက်ပါသည်။ 'အဲ့ဒီရယ်သံဟာ ကိုယ့်ကိုယ်ကိုယ် လှောင်ပြောင်ရယ်မောလိုက်သည့် ခြောက်ကပ်အက်ကွဲသော ရယ်သံဖြစ်နေမှန်း သူမ သတိထားမိပါလိမ့်မည်။

"ဘာဖြစ်လို့ ရယ်တာလဲ၊ ကျွန်မ,ပြောတာ မှန်တယ်မဟုတ်လား . . . ကိုဖြူဖွေးရဲ့"



"မှန်ပါတယ်ဗျာ. . . မှန်လို့လည်း ရယ်တာပေါ့၊ ကျွန်တော် ရည်းစားတွေ အများကြီး ထားခဲ့တယ်၊ ဟုတ်တယ် . . . ကျွန်တော့်ဘဝကလည်း သိပ်ကို ခြောက်သွေ့ပြီး အထီးကျန် ဆန်လွန်းတော့ အပျော်ရှာခဲ့မိတယ် မတေး၊ ကျွန်တော် ဝန်ခံတယ်၊ အဖော်တစ်ယောက်ကို ကိုယ့်အနားမှာ သိပ်လိုအပ်လာတဲ့အခါ ကျွန်တော် ကောင်မလေးတစ်ယောက်ယောက်ကို မစဉ်းစားမဆင်ခြင်ဘဲ ရည်းစားစကား ပြောပစ်လိုက်တယ်လေ၊ ခက်တာက ကျွန်တော်က ဝမ်းသာတယ်၊ မညာပါဘူး၊ ကျွန်တော့်မှာ ပိုက်ဆံတွေ သုံးလို့မကုန်အောင် ကျွန်တော့် မိဘက ဖေးထားတယ်၊ ပြီးတော့ ကျွန်တော်က ရုပ်ဖြောင့်တယ်၊ ဒီတော့ ကောင်မလေးတွေက ကျွန်တော် နှစ်ခါမပြောရဘူး၊ ကျွန်တော့်ကို ပြန်ကြိုက်တယ်၊ ဒါပေမဲ့ . . ."

သူ့လေသံတွေ တိတ်ဆိတ်အသွားမှာ သူမက စိတ်ဝင်တစား မေးပါသည်။

"ဒါပေမဲ့ ဘာဖြစ်လဲ . . . ကိုဖြူဖွေး"

"ဒါပေမဲ့ . . . အဲ့ဒီသူတို့ရဲ့ အချစ်တွေကို အချစ်စစ်တွေလို့ မတေး ထင်သလား"

သူမ မျက်လုံးများ ရီဝေစွာ တွေးတောသွားကြသည်။ နှုတ်ခမ်းတွေက သူ့ကို အားပေးသော အပြုံးလား၊ နားလည်သော အပြုံးလား မသိ။ ပြုံးတော့ ပြုံးနေခဲ့၏။

"အဲ့ဒီအဖြေကို ကိုဖြူဖွေးကိုယ်တိုင် အသိဆုံးနေမှာပေါ့"

သူ ခေါင်းညိတ်လိုက်ပါသည်။

"သိတာပေါ့ မတေးရယ်၊ သိလို့လည်း သူတို့ကို ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



လမ်းခွဲခဲ့ရတယ်လေ၊ သူတို့က ကျွန်တော့်ပိုက်ဆံတွေကို ချစ်တယ်၊ ကျွန်တော့်မျက်နှာကို ချစ်တယ်၊ ဒါပေမဲ့ ကျွန်တော့်နှလုံးသားကို သူတို့ မချစ်ဘူး၊ ကျွန်တော့် ဘဝကို သူတို့ မချစ်ဘူး၊ သူတို့ ကျွန်တော့်ကိုချစ်တာ အချစ်တုတွေနဲ့ပါ မတေး၊ တကယ်လို့များ ကျွန်တော် ဆင်းရဲသွားမယ်၊ ဒုက္ခိတ ဖြစ်သွားမယ်၊ ဒါမှမဟုတ် ကျွန်တော့် မျက်နှာ ရုပ်ပျက်ဆင်းပျက် ဖြစ်သွားမယ်ဆိုရင် သူတို့ အခုလို ကျွန်တော့်ကို ဆက်ချစ်နိုင်ပါ့မလား၊ ဘယ် . . . ဝေးသေး၊ အဲ့ဒီတော့ ဒီဘဝကြီးကို ကျွန်တော် စိတ်ပျက်လာတယ် . . . မတေးရာ"

"အို . . . ဒီလောက် လိုတ, ရပြီး ပြည့်စုံနေတဲ့ ဘဝမျိုးကို စိတ်ပျက်ရသေးလား . . . ရှင့်"

"စိတ်ပျက်တာပေါ့၊ အဲ့ဒီလို အပေါ်ယံဆန်တဲ့ အချစ်တုတွေကြားထဲမှာ လူတစ်ယောက်က ဘယ်လောက်ကြာကြာများ ရှင်သန်နိုင်မှာမို့လဲ၊ ကျွန်တော်လိုချင်တာ တကယ့်အချစ်စစ် အချစ်မှန်တစ်ခုပါ၊ ကျွန်တော့်လိုဘဝမျိုးမှာ အဲ့ဒီလိုမေတ္တာမျိုးကို ရဖို့ ဘယ်လွယ်ပါ့မလဲ . . မတေး၊ ဒါကြောင့် တစ်ခါတစ်ခါ ကျွန်တော် ကိုယ့်ဘဝကိုယ် စိတ်ပျက်တယ်၊ ကျွန်တော် ဆင်းရဲချင်တယ်၊ ကျွန်တော် ရုပ်ဆိုးဆိုးကောင်လေးတစ်ယောက် ဖြစ်ချင်တယ်၊ လူတွေကြားထဲမှာ ရောနှောပျောက်ကွယ်သွားမယ့် သာမန်အညတရလူတစ်ယောက် ဖြစ်ချင်တယ်၊ အဲ့ဒါမှ ကျွန်တော့်ဘဝကို တကယ်ချစ်မြတ်နိုးမယ့် မိန်းကလေးတစ်ယောက် ရှာလို့တွေ့မယ်လေ"

သူမသည် ကားအပြင်ဘက်မှ ရှုပ်ထွေးစွာ သွားလာနေကြသော လူများ၊ ကားများကို ငေးကြည့်နေသည်။ ဘာကြောင့်မှန်း



မသိဘဲ သူမအပေါ်မှာ နှစ်လိုခင်မင်စွာ သူ့အကြောင်းတွေကို အကုန် ဖွင့်ပြောမိနေပါလိမ့်။

တကယ်တော့ အဲ့ဒါ သူမက သူ့အပေါ် သနားလာအောင် လိမ္မာပါးနပ်စွာ ဖြားယောင်းနေခဲ့တာလည်း မဟုတ်။ ရင်ထဲက ရှိနေတဲ့အတိုင်း ရိုးသားစွာ သူ ဖွင့်ပြောနေမိခဲ့တာ။ သူမကတော့ သူ့ကို နားလည်နေသည့်ဟန်နှင့် ပြုံး၍ ပြန်လှည့်ကြည့်လေသည်။

ပြီးတော့ အေးဆေးညင်သာသော လေသံလေးနှင့် သူ့ကို အားပေးရှာသည်။

"ဒီလိုပဲပေါ့ ကိုဖြူဖွေးရယ် . . . လူဆိုတာ ကိုယ့်ဘဝကိုယ် ဘယ်တော့မှ ကျေနပ်ရောင့်ရဲကြတာ မဟုတ်ပါဘူး၊ တစ်ခုမဟုတ် တစ်ခုကတော့ အမြဲလိုချင် လိုအပ်နေကြတာပဲ၊ အဲ့ဒါမှလည်း လူပီသမယ်လေ . . .၊ ကျွန်မမှာလည်း . . ."

သူမမျက်လုံးများ ရီဝေစွာ အဝေးသို့လွင့်သွားကြပြန်သည်။

"ကျွန်မမှာလည်းလေ . . . အချစ်ဆုံး သူငယ်ချင်းလေးတစ်ယောက်ရှိတယ် သိလား . . . ကိုဖြူဖွေး၊ သူ့မှာ အမေ မရှိတော့ ဘာက လွဲလို့ သူ့ဘဝ အစစ,အရာရာ အကုန်ပြည့်စုံတယ်၊ ရုပ်ချောတယ်၊ ပညာတတ်တယ်၊ သူ့ကို သိပ်အလိုလိုက်ပြီး သိပ်ချစ်တဲ့ အဖေတစ်ယောက် ရှိတယ်၊ ကျိကျိတက် ချမ်းသာတယ်၊ ဒါပေမဲ့ ကျွန်မသူငယ်ချင်းကလေ . . . မဖြစ်နိုင်တဲ့ အရာတစ်ခုကိုပဲ အမြဲ စွဲလမ်းပြီး တောင့်တနေတတ်တယ်၊ မရနိုင်တဲ့ အရာကိုမှ သူက သိပ်လိုချင်ရှာတယ်၊ ကျွန်မလည်း သူ လိုချင်တဲ့အရာကို ဘာမှ ဖြည့်ဆည်းမပေးနိုင်ဘူး၊ ကျွန်မလည်း ဘာမှ မတတ်နိုင်ပါဘူး ကိုဖြူဖွေးရယ်၊ ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



. . . သူ့ကို သိပ်သနားတယ်”

“သူက . . . ဘာကို လိုချင်နေတာလဲ”

သူ ရုတ်တရက် ကောက်မေးလိုက်တော့ သူမက ကြေကွဲစွာ ပြုံး၍ ခေါင်းခါပြလေသည်။

“မသိချင်ပါနဲ့ရှင် . . . အဲ့ဒီအကြောင်းကို ကျွန်မ အခု မပြောချင်သေးဘူး၊ နောက်တစ်ချိန်ချိန်ကျမှ သူ့အကြောင်းတွေ ကျွန်မ အကုန်ပြောပြမယ်၊ အကြောင်းတွေ အကုန်ပြောပြမယ်၊ ကိုဖြိုးဖွေးရော ဟိုတစ်ခါ ကျွန်မကို တစ်နေ့နေ့မှ အေးအေးဆေးဆေး ပြောပြမယ်ဆိုတဲ့ ကိုဖြိုးဖွေးရဲ့ အဖေနဲ့အမေအကြောင်း အခု ပြောချင်ပြီလား၊ ကျွန်မ စိတ်ဝင်စားပါတယ်၊ ဘာဖြစ်လို့ ကိုဖြိုးဖွေး သူတို့ရှိတဲ့ နိုင်ငံခြားကို လိုက်မသွားချင်ရတာလဲ . . . ဆိုတာ”

သူ ဟက်ခနဲ တစ်ချက်ထုတ်ရယ်လိုက်သည်။ စိတ်ကျဉ်းကြပ်မှုကို ထွက်ပေါက်ပေးမိတာလည်း ဖြစ်နိုင်ပါသည်။ သူ့လက်ချောင်းလေးတွေ ကားစတီယာရင်ကို အကြောင်းမဲ့ လှည့်ကစားနေစဉ်မှာ သူ အဲ့ဒီအကြောင်းကို ထုတ်ပြောလိုက်သည်။

“ကျွန်တော့်အဖေနဲ့ အမေလား . . . ဟင်း . . ဟင်း . . သူတို့က ကျွန်တော့်ကို သိပ်ချစ်ကြပါတယ်၊ သူတို့ရှိတဲ့ ယူအက်စ်ကိုလည်း လိုက်လာဖို့ အမြဲဖုန်းဆက်တယ်၊ သူတို့က ကျွန်တော်ငါးတန်း စာမေးပွဲ ဖြေပြီးကတည်းက ထွက်သွားကြတာဆိုတော့ ဟိုမှာ အခြေကျနေကြပြီ၊ ကျွန်တော် ဆယ်တန်းအောင်ပြီးကတည်းက ဟိုမှာ တက္ကသိုလ်လာတက်ဖို့ ကျွန်တော့်ကို ခေါ်ကြတယ်၊ ဒါပေမဲ့ . . .

သူ စကားထစ်ငေါ့သွားရပြန်ပါပြီ။



“ဒါပေမဲ့ . . . ကျွန်တော် ဟိုကို လိုက်သွားရင် . . .”

“သူမ,က လေသံတွေ တုန်ရီလိုက်မောစ, ပြုလာသော သူ့ကို လှည့်ကြည့်သည်။

“ကျွန်တော် ဟိုကိုလိုက်သွားရင် ဘယ်သူ့အိမ်မှာ နေရမှန်း မသိဘူးလေ . . . မတေး”

“အို . . .”

အာမေဍိတ်သံလေးနှင့်အတူ သူမ၏ မျက်ဝန်းတွေက သူ့အပေါ် အားနာ ရှက်ရွံ့သွားတဲ့ ဟန်။ သူ . . . ဆက်ပြောပြလိုက်ပါသည်။

“ဟုတ်တယ် . . . မတေး၊ သူတို့က အိမ်ခွဲနေနေကြပြီလေ၊ သူတို့က နောက်အိမ်ထောင်ကိုယ်စီနဲ့၊ ကျွန်တော်က ဘယ်သူနဲ့ လိုက်နေရမှာလဲ၊ အဖေနဲ့နေရင် ကျွန်တော် မိထွေးနဲ့ နေရမယ်၊ အမေနဲ့ နေရင် ကျွန်တော် ပထွေးနဲ့ နေရမှာ၊ ကျွန်တော် မနေချင်ဘူး၊ ကျွန်တော် အဲ့ဒီလို မနေချင်ဘူး၊ သူတို့က ပြောတယ်၊ ဘယ်သူ့အိမ်မှာမှ မနေချင်ရင် ကျွန်တော် တက္ကသိုလ်တက်တဲ့အခါ အဆောင်မှာ ထားမယ် . . . တဲ့၊ မတေး . . . စဉ်းစားကြည့်စမ်းပါ”

သူ့လေသံတွေ မာကျောကြွပ်ဆတ်လို့ လာလိမ့်မည်မှန်းသိပေမယ့် မတတ်နိုင်။

“စဉ်းစားကြည့်ပါဦး၊ ကိုယ့်မွေးရပ်ဒေသကနေ သူတို့ဆီ ထွက်သွားတယ်ဆိုတာ ကျွန်တော်က သူတို့နဲ့ နေချင်လို့၊ အဖေနဲ့ အမေနဲ့ ကျွန်တော်နဲ့ မခွဲမခွာဘဲ မိသားစုလေးတစ်ခုလို ပျော်ရွှင်စွာ နေချင်လို့ ကျွန်တော်က လိုက်သွားရတာ၊ ဟိုကို ရောက်ပြီးမှ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်ယောက်တစ်နေရာစီ ကွဲကွာနေရမယ်ဆိုတော့ ကျွန်တော့်အတွက် ဘာအဓိပ္ပာယ်ရှိလဲ မတေး၊ ကျွန်တော်လိုက်သွားရတာ ဘာအကျိုးရှိမလဲ၊ ကျောင်းပိတ်တဲ့ ဟောလီးဒေး အိမ်ပြန်ချိန်တွေမှာ ကျွန်တော်ဘယ်သူ့အိမ် ပြန်ရမှန်းမသိဘဲ ဖြစ်နေမှာ၊ အိမ်မပြန်ဘဲ အဆောင်မှာပဲ ဆက်နေချင်စိတ်တွေ ဖြစ်လာမှာ . . . အဲ့ဒါတွေ ကျွန်တော် ရင်မဆိုင်နိုင်ဘူးဗျာ၊ ဒါကြောင့် . . . ကျွန်တော် အားလုံး ခွဲခွာနေကြမယ့်အတူတူ . . . ဒီမှာပဲ နေ့, နေတော့မှာပေါ့၊ နေတော့မယ်လို့လည်း. . . သူတို့ကို ပြောလိုက်တယ်"

သူမရဲ့ သက်ပြင်းချသံလေး သူနဲ့အတူ ထွက်ပေါ်လာသည်။ သူမ,၏ နားလည်စာနာသော မျက်ဝန်းများ သူ့မျက်နှာပေါ်သို့ ရောက်ရှိလာသည်။ သူမ . . . သူ့ကို အချိန်တော်တော်ကြာ ငေးကြည့်နေသေးသည်။ ပြီးမှ. . .

"စိတ်မကောင်းဘူး ကိုဖြူဖွေးရယ်"

"ရပါတယ်. . ."

"ကျွန်မ ရှင့်ကိုတွေ့ခါစက အဲ့ဒီလိုဘဝမျိုး ပိုင်ဆိုင်ထားလိမ့်မယ်လို့ မထင်ခဲ့ဘူး၊ ရှင့်ကို ပေါ့ပေါ့နေ၊ ပေါ့ပေါ့စား၊ မိဘတွေက အလိုလိုက် ဖူးဖူးမှုတ်ထားလို့ ပေတေပြီး ဘာကိုမှ အလေးအနက်မထားတတ်ဘဲ သာမန်လူဆိုးလေးတစ်ယောက်၊ လူပေါ်ကြောလေးတစ်ယောက်လို့ပဲ မြင်ထားတာ"

"အခုလည်း အဲ့ဒီလိုပဲ မြင်ပါ မတေးရဲ့၊ စိတ်မဆိုးပါဘူး"

သူမက ရယ်သည်။

"အခုတော့ ရှင့်ဘဝရဲ့ အဓိကကွက်လပ်တွေကို သိလိုက်ရ



တဲ့အခါ ကျွန်မ တကယ်စိတ်မကောင်းပါဘူး"

သူလည်း စိတ်ပြေလက်ပျောက် ရယ်မောလိုက်ရင်း . . .။

"သူတို့ ကွဲသွားကြတာ ဟိုကိုရောက်ပြီး သုံးနှစ်လောက်ကတည်းက မတေး၊ သူတို့ အစ,ကတော့ ကျွန်တော်မသိအောင် ဖုံးထားကြပါသေးတယ်၊ ဒါပေမဲ့ အသိမိတ်ဆွေတချို့ ဟိုက ပြန်လာတော့ သတင်းသယ်လာတာနဲ့ ကျွန်တော်သိနေပါပြီ၊ ကျွန်တော် ဆယ်တန်းအောင်တော့ ပြောင်ဖွင့်မေးလိုက်တယ်၊ မေမေက . . . ဖေဖေ့ကို အပြစ်ဖို့တယ်၊ သူ အရင် စ, သစ္စာဖေါက်တာ . . . တဲ့၊ မေမေက အဲ့ဒါမျိုးဆို လုံးဝခွင့်မလွှတ်ဘူး . . . တဲ့၊ မေမေ့က မာနကြီးတယ် မတေးရယ်၊ မေမေတစ်ယောက်တည်း ကိုယ့်ဘဝကိုယ် ရပ်တည်နေရင် သူပြန်လာတာကို စောင့်နေတယ် ထင်မှာစိုးလို့ . . . တဲ့၊ မေမေလည်း နောက်အိမ်ထောင်ပြုလိုက်တယ် . . . သား . . . တဲ့၊ တစ်ခါတည်းပြတ်သွားတာပေါ့ . . . တဲ့"

သူ ရယ်နေပါသည်။ လောကကြီး၌ ငိုကြွေးရမည့် အဖြစ်အပျက်တို့ကို ရယ်မောတတ်သွားအောင် ဘယ်သူကများ သင်ပေးလိုက်ကြပါသလဲ။

"ကိုဖြူရယ်"

သူမရဲ့ အဖျားဆွတ်ခေါ်ဝေါ်မှုသည် အဲ့ဒီအချိန်က စတင်ခဲ့ပါသည်။

"ကျွန်တော် ဖေဖေ့ဆီ ဖုန်းဆက်ပြီး ရန်တွေ့တော့လည်း ဖေဖေက ရယ်တယ်၊ ရယ်တယ်လေ၊ သူတို့ဆီမှာ အဒေါ်လ်ထရီ (Adultery) ဆိုတာ ဆန်းတဲ့ကိစ္စမှ မဟုတ်ဘဲ၊ ဖေဖေက ရယ်မှာပေါ့၊

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ပြောတယ်၊ ဘာဖြစ်လို့ ဒီကိစ္စကို သားခေါင်းထဲမှာ အဲ့ဒီ လောက် လေးလေးနက်နက်ထည့်ထားတာလဲ . . . တဲ့၊ မင်းအမေ တုန်းကလည်း ဒီအတိုင်းပဲ . . . တဲ့၊ ဒီတစ်ဒင်္ဂအမှားတစ်ခုကို တစ် ဘဝလုံးစာ ယူသွားတယ် . . . တဲ့၊ သူတို့ဆီမှာ အဖေမပေါ်ဘဲ မွေးတဲ့ကလေးတွေတောင် ကိုယ့်ဘဝကိုယ်ထူထောင်ပြီး အောင်မြင် တဲ့ အနုပညာရှင်တွေ၊ လုပ်ငန်းရှင်တွေ ဖြစ်နေပြီတဲ့ . . ၊ ကျွန်တော့် ကို လာသာ လာခဲ့စမ်းပါ။ မင်းစရိတ်ကို မထောက်နိုင်ဘူးလို့ ငါရော မင်းအမေရော မပြောဘူး မဟုတ်လား . . . တဲ့"

အမှတ်မထင် သူ့ရဲ့အောက်နှုတ်ခမ်းကို တင်းကျပ်စွာ ဖိ ကိုက်ထားနေမိသည်။

"အမှန်တော့ သူတို့ပြောတာ မှန်တယ်ထင်ပါတယ်၊ သူတို့ နှစ်ယောက်စလုံး မှန်ပါတယ်၊ မှားတဲ့သူက ကျွန်တော်ပဲဖြစ်မှာပါ၊ ကျွန်တော်က သူတို့နှစ်ယောက်ကြားမှာ မှားယွင်းစွာ မွေးဖွားလာတဲ့ သူ ဖြစ်မှာပါ မတေး . . ."

သူ့အသံတွေ အဖျားခတ်၍ အတိုင်းအဆ,မရှိ တုန်ယင် လာသောအခါ သူမ၏ ပူနွေးသော လက်ဖဝါးလေးတစ်ဖက် သူ့ လက်ချောင်းတွေကို တည်ငြိမ်တင်းကျပ်စွာ လာရောက်ဆုပ်ကိုင် လေသည်။

"ကိုဖြူ . . . ရှင် ငိုချင်နေသလား . . . ဟင်"

"ကျွန်တော် . . . မငိုချင်ပါဘူး"

"ငိုချင်ရင် ငိုလိုက်ပါ၊ ကျွန်မကို အားမနာပါနဲ့၊ ကျွန်မတို့ က မိတ်ဆွေကောင်းတွေ ဖြစ်နေပြီလေ . . ."



သူ့ ခပ်မဲ့မဲ့လေး ပြုံးပြနေမိသည်။

"ကျွန်တော် မငိုပါဘူး မတေး၊ ကျွန်တော်က ကျွန်တော် ...ပ်တဲ့ အမှားတစ်ခုအတွက် ဘယ်တော့မှ မငိုဘူးလို့ ဆုံးဖြတ် ...ပါတယ်"

သူ့နှလုံးသားကို အကာအရံ အတားအဆီးမရှိ သူမ မြင်ရပြီ ...သူ ထင်သည်။

❋ ✿ ❋

နောက်တစ်နေ့ကျတော့ ကွန်ပျူတာသင်တန်း မစ,ခင် ...၏အဆောင်သို့ သွားကာ နေမကောင်းသူများစားသည့် အစား ...တွေ လက်ဆောင်သွားပေးတော့ သူမ ခါးခါးသီးသီးငြင်းပြန်၏။

"မတေးပဲ . . . မနေ့ကတော့ မိတ်ဆွေကောင်းတွေဆို၊ ... ကျွန်တော် အခုယူလာတာတွေလည်း မတေး လက်ခံရမယ်၊ ...တော်က မတေး စားစေချင်လို့"

"အို . . . အဲ့ဒီလောက်တန်ဖိုးကြီးတာတွေ ကျွန်မ လက် ...င်ဘူး၊ ကိုဖြူ့ကို မခင်လို့ မဟုတ်ဘူး၊ ဒါတွေ ကျွန်မအတွက် ...ူး ကိုဖြူ ဘယ်တုန်းကမှလည်း ဒါမျိုးတွေ ကျွန်မ မသုံးခဲ့ဖူးဘူး၊ ... နေမကောင်းဖြစ်ရင် ဆန်ပြုတ်ရယ်၊ ထမင်းရည်ရယ် ...စ် ... သောက်ချင် သောက်၊ တစ်ခါတလေ ပိုက်ဆံရှိရင် ကွေကာ

www.burmeseclassic.com

www.burmeseclassic.com



အုပ်လေး ဝယ်သောက်ချင် သောက် . . . ဒီလိုပဲ နေလာတာ[illegible] ယူလာတာတွေ ကျွန်မအတွက် အပိုပဲ . . . ပြန်ယူသွား”

“ဟာဗျာ . . . အရင်က သုံးဖူးဖူး မသုံးဖူးဖူး . . . ကျွန်[illegible] နဲ့ မိတ်ဆွေဖြစ်ပြီဆိုရင် ဒါတွေ စားရမယ်၊ သောက်ရမယ်[illegible] ကျွန်တော့်အတွက် ဒီဟာတွေဝယ်လာတာ ဘာမှ အကုန်အကျ[illegible] တာ မဟုတ်ဘူး၊ မတေး မယူရင် ကျွန်တော် အဆောင်ဧည့်ခ[illegible] မှာပဲ ထားခဲ့မှာ . . . ဒါပဲ”

သူမ ခေါင်းကုတ်သည်။

“ကိုဖြူ . . . ရှင်ဟာလေ၊ တကယ်ပဲ၊ တကယ့်ကလေး[illegible]

“ကလေးပဲဗျာ၊ မတေးနဲ့ဆိုရင် ကျွန်တော် . . . ကလေ[illegible]

သူမရဲ့ လှပသော မျက်စောင်းလေးကို တွေ့ရပြန်သ[illegible]

“ဒီမှာ ကိုဖြူ . . . ဒီလက်ဆောင်တွေကို ကျွန်မ လက်[illegible] ရင် ကျွန်မ . . . ကိုဖြူ့ဆီက ကတိတစ်ခု တောင်းမှ ရမယ်[illegible]

“တောင်းဗျာ . . .၊ တောင်း . . .”

“ဒီပစ္စည်းတွေကို ကိုဖြူက ကျွန်မရဲ့ မိတ်ဆွေသူငယ်[illegible] ကောင်းအနေနဲ့ ပေးတာနော်”

“ဟုတ်တယ်လေ”

“ဒါဆို . . . ကျွန်မရဲ့မိတ်ဆွေဘဝနဲ့ ကိုဖြူ တစ်သက်[illegible] နေနိုင်ပါ့မလား၊ တစ်သက်လုံးနော် . . .”

“ဟာဗျာ . . .”

သူ့နဖူးသူ လက်ဝါးနဲ့ရိုက်ကာ ညည်းတွားလိုက်မိ[illegible] သူမက ရယ်သည်။

“တကယ်ပြောတာ ကိုဖြူ၊ ကိုဖြူ ကျွန်မရဲ့မိတ်ဆွေကောင်း[illegible]နဲ့ တစ်သက်လုံးနေနိုင်မယ်ဆိုရင် ဒီပစ္စည်းတွေကို ကျွန်မ[illegible]ခံမယ်၊ မဟုတ်ရင်တော့ လက်ခံလို့ ဘယ်ဖြစ်ပါ့မလဲ၊ ကျွန်မ[illegible]ကျားတစ်ယောက်ကို မဖြစ်နိုင်တဲ့ မျှော်လင့်ချက်တွေပေးပြီး[illegible]ဆွေအဖြစ်နဲ့ ဟန်ဆောင်ဆက်ဆံရမှာ အမုန်းဆုံးပဲ”

“ဘာဖြစ်လို့ မဖြစ်နိုင်တဲ့ မျှော်လင့်ချက် ဖြစ်ရတာလဲဗျာ”

“ကျွန်မ . . . အဲ့ဒီစကားကို မပြောချင်ပါဘူးကိုဖြူ၊ ဒါပေမဲ့[illegible]မ . . . ရှင်နဲ့ အရိုးသားဆုံး မိတ်ဆွေတွေအဖြစ်နဲ့ပဲ ဆက်ဆံ[illegible]တယ်၊ ဒါကြောင့် ကျွန်မ ပြောရမယ်၊ ကျွန်မမှာ . . . ကျွန်မမှာ[illegible]သူရှိတယ်”

“ဗျာ . . .”

နောက်ဆုံးတော့ . . . ဖြူဖွေးသည် ဖြူဖွေးသာ ဖြစ်၏။ [illegible]မေဒိုက်သံကျယ်ကျယ်နှင့်အတူ သွေးပျက်ထိတ်လန့်သည့် မျက်[illegible]အမူအရာကို ခဏအတွင်း သူ လုပ်ယူလိုက်နိုင်သည်။ လုံးဝ[illegible]င်မှတ်ထားသည့် ဟန်အဖြစ်နဲ့ပေါ့။

သူ့ပုံစံကို သူမ တကယ်ပဲ သနားသွားပုံရသည်။ တုန်ရီ[illegible]ာ လေသံများနှင့် သူမ ဆက်ပြောသည်။

“ကျွန်မ စိတ်မကောင်းပါဘူး ကိုဖြူ၊ ကိုဖြူ ကျွန်မဆီက[illegible]လိုချင်သလဲဆိုတာ ကျွန်မ သိပါတယ်၊ ဒါပေမဲ့ အဲ့ဒါ . . . အဲ့ဒါ[illegible]မ မပေးနိုင်ပါဘူး၊ ကျွန်မမှာ ချစ်သူရှိတယ်၊ ပြီးတော့ သူဟာ[illegible]မလက်ထပ်မယ့် တစ်ဦးတည်းသော ချစ်သူလည်း ဖြစ်တယ်၊ [illegible]မည်က ထွဋ်ခေါင်မိုး . . . တဲ့”

www.burmeseclassic.com

www.burmeseclassic.com



သူ့လေသံက နာနာကြည်းကြည်း အော်မိအော်ရာ အေ
လိုက်တဲ့ ပုံမျိုး၊ တောက် . . . ဒီလောက် သရုပ်ဆောင်ကောင်း
ပုံစံကို ကိုနေတွေ့စေချင်လိုက်တာ၊ အဲ့ဒါ မင်းအတွက်ကွ . .
မင်းအတွက် . . . သိရဲ့လား။

"ကျွန်မ မညာဘူး ကိုဖြူ ကိုဖြူ မြင်ဖူးချင်ရင် ကျွ
ထွင့်ရဲ့ခါတ်ပုံကို ပြလို့ရတယ်၊ ထွင့်က စက်ဘူသအော်လ
တစ်လိုင်းကနေ သင်္ဘောပြန်တက်သွားတာ ခြောက်လလောက်
ဒီတစ်ခေါက်ပြန်လာရင် ကျွန်မနဲ့သူ လက်ထပ်ကြတော့မယ်"

ဒီလိုအချိန်မျိုးမှာ သူ ဘာမှထပ်ပြောစရာ မလိုတော
အဆ,မတန် စိတ်ပျက်အားလျော့သွားသည့် မျက်နှာမျိုးလုပ်
ခေါင်းကို ငိုက်စိုက်ချထားလိုက်သည်။ သူတို့နှစ်ဦးတည်းသာ ရှိ
သော အဆောင်ဧည့်ခန်းထဲတွင် အဝ်ကျသိတောင် ကြားသော
အောင် တိတ်ဆိတ်သွားပါသည်။

သူမဆီကလည်း ဘာစကားသံမှ ထွက်ပေါ် မလာ။ သူ
နှာကို သူမ ရှက်ရွံ့အားနာစွာ ငုံ့ကြည့်နေမှန်းတော့ သူ သိသ
အချိန်တော်တော်ကြာသည်အထိ ဘယ်သူမှ စကားမပြောဖြစ်
တိတ်ဆိတ်မှုကို ပထမဦးဆုံး ဖြိုခွင်းလိုက်သူက သူပဲ
သည်။

"ကျွန်တော် . . . ပြန်တော့မယ်"

ရုတ်တရက် ထိုင်ရာမှ ဝုန်းခနဲ ထ,ကာ ချာခနဲ လှည့်ထ
ဖို့ ဟန်ပြင်တော့ သူမလည်း စိတ်မကောင်းဟန်နှင့် မျက်နှာအ
ပျက်အယွင်းယွင်း ဖြစ်နေသည်။



အဆောင်ဧည့်ခန်း တံခါးပေါက်ဝ အရောက်မှာ သူမက
သူ့မ်းခေါ်သည်။

"ကိုဖြူ . . ."

သူ လှည့်မကြည့်ဘဲ ရပ်တန့်နေလိုက်တော့ သူမက ထပ်
ပြောသည်။

"ကျွန်မ,ရဲ့ မေးခွန်းကို ကိုဖြူ မဖြေသေးဘူး၊ ကျွန်မတို့
နှစ်ယောက် မိတ်ဆွေတွေဘဝနဲ့ပဲ တစ်သက်လုံး မနေနိုင်ဘူးလား
. . . ကိုဖြူရယ်၊ ကျွန်မ . . . ကိုဖြူကို မိတ်ဆွေကောင်းတစ်ယောက်
လို သူငယ်ချင်းလို . . . ခင်ချင်တယ်"

သူ ခပ်အက်အက် ရယ်မောလိုက်ပါသည်။ ရယ်သံတွေ
ကြားက သူ လှည့်ကြည့်ပြီး သူမကို ပြောပြလိုက်သည်။

"မတေး . . . ကျွန်တော့်ကို ခင်ချင်တဲ့ပုံစံနဲ့ ခင်ပါ၊ ဆက်
ဆံချင်တဲ့အနေအထားနဲ့ ဆက်ဆံပါ၊ ကျွန်တော်က မတေး ထားရာ
မှာ နေပါ့မယ်၊ ဒါပေမဲ့ . . . ကျွန်တော့်နှလုံးသားကို မတေး မြင်ရ
တာမှမဟုတ်တာ၊ ကျွန်တော့်နှလုံးသားကိုတော့ မတေး လိုသလို
ပြုပြင်ဖန်တီးယူလို့ မရဘူးလေ၊ ကျွန်တော့်နှလုံးသားရဲ့ ခံစားချက်
ကတော့ မတေး . . . ဘယ်ဘဝရောက်ရောက် . . . ဘယ်တော့မှ
ပြောင်းလဲမပေးနိုင်ဘူး . . . မတေး၊ ကျွန်တော့်ကို ခွင့်လွှတ်ပါ"

သူ . . . အဆောင်တံခါးဝကနေ အပြင်ဘက်သို့ မထွက်
ခင် သူမ,ကို မျက်ရည်ရစ်ဝိုင်းသော မျက်လုံးအစုံနှင့် လှည့်ကြည့်
လိုက်ပါသည်။

မထင်မှတ်သော မျက်ရည်စ,ကို သူမ မြင်ရျှထင့် . . .။

www.burmeseclassic.com

www.burmeseclassic.com



"အို" ခနဲ သူမ ထိတ်လန့်စွာ ရေရွတ်သည်။ တကယ်တော့ အဲဒီ နာကျင် အေးစက်သော မျက်ရည်များသည် သူ ... ဘယ်သူ့အတွက် ကျရခြင်းဖြစ်ကြောင်း သူတစ်ယောက်ပဲ သိပါသည်။

"မတေး ... ကျွန်တော် ... သိပ်ဆိုးတဲ့လူပါ။ ကျွန်တော်ဟာ လူတွေဆီက မရနိုင်တဲ့အရာတွေကိုပဲ တောင့်တမျှော်လင့်ပြီး လိုချင်နေတဲ့သူပါ၊ ကျွန်တော်လေ ... ကျွန်တော့်အဖေနဲ့ အမေဆီက သူတို့မပေးနိုင်တဲ့ အရာတစ်ခုကိုပဲ လိုချင်နေခဲ့တယ်၊ အခုလည်း မိန်းမတစ်ယောက်ဆီက သူ မပေးနိုင်တဲ့ အရာတစ်ခုကိုပဲ လိုချင်မက်မောနေပြန်ပြီ၊ ဘာဖြစ်လို့များ အဲ့ဒီလို မရနိုင်တဲ့အရာတွေကိုမှ ကျွန်တော် လိုချင်နေရတာလဲ၊ ကျွန်တော်ကိုက သိပ်ပြီး မိုက်မဲတဲ့သူ ဖြစ်နေလို့ နေမှာပါ။ မတေး ... ကျွန်တော့်ကို မသနားပါနဲ့"

သူ ချာခနဲ သူမရှေ့က လှည့်ထွက်လာလိုက်သည်။ အဲဒီစကားတွေကို ဘယ်သူ့အတွက် သူနှုတ်က ထုတ်ဖော်ပြောမိရသလဲဆိုတာလည်း သူတစ်ယောက်ပဲ သိပါသည်။

❊ ✿ ❊

"ဟယ် ... ကောင်လေးက သနားစရာလေးတော့ ... ဖြူဖွေး ပြန်သွား,သွားချင်း ... အဆောင်မှာ သူမနဲ့ တစ်



ခန်းတည်းနေ၊ သူမရဲ့ အရင်းနှီးဆုံး တိုးတိုးဖော်သူငယ်ချင်းလည်းဖြစ်သူ နှင်းနုနုက ဧည့်ခန်းသို့ ထွက်လာပြီး အော်တော့သည်။

သူမ,က နှင်းနုကို မျက်စောင်းထိုးပစ်လိုက်သည်။

"မိန်းမ ... သနားရင် နင်ပဲ ကြိုက်လိုက်၊ ကျုပ်တော့ဖြင့်မကြိုက်နိုင်ဘူး"

"အံမယ်လေး မိစွာတေးရဲ့ ... စွာလိုက်တာ၊ ကျုပ်ကကြိုက်ချင်တာပေါ့၊ ကျုပ်ကိုမှ သူက မကြိုက်တာ၊ ဟွန်း ... ကြည့်ပါဦး ... ဒီလိုကောင်လေးမျိုးကို မကြိုက်ဘူးပြောတဲ့ မိန်းမလောက် မူးတာနမ်းတာ မရှိဘူး၊ ရုပ်ကလည်း ဖြူးနေတာပဲ၊ အဲ့ဒီလောက်ချောတဲ့ ယောကျာ်းမျိုး ငါ အပြင်မှာ တစ်ခါမှ မတွေ့ဖူးဘူး"

"အပြင်မှာ မတွေ့ဖူးဘူးဆိုတော့ နင်က ဘယ်မှာ တွေ့ဖူးလို့လဲ"

"ဩော် ... အိပ်မက်ထဲမှာပေါ့တဲ့၊ မိန်းကလေးတွေရဲ့စိတ်ကူးယဉ်အိပ်မက်ထဲမှာ ထည့်ထည့်မက်နေကျ အိပ်မက်ထဲက ရွှေမင်းသားလေးဟာ သူ့လိုရုပ်မျိုးပေါ့"

"အရူးမ ..."

"ငါ မရူးဘူး၊ နင်သာ ရူးတာ၊ သူ့လိုလူမျိုးကို နင် ဘာလို့အဲလို ယတိပြတ်ကြီး ငြင်းလိုက်ရသလဲ၊ အဲ့ဒါ နင် ရူးလို့ပေါ့၊ ကြည့်စမ်း ... ရုပ်ရည်ချင်းကအစ နင့်ရဲ့ ထွန့်ခေါင်မိုးထက် အပြတ်အသတ် သာတယ်"

သူမ, မကျေမနပ်နဲ့ နှင်းနုရဲ့လက်မောင်းကို လိမ်ဆွဲပစ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်မစုတ် . . . ငါ့ရဲ့ထွင့်ကို ဆွဲမထည့်နဲ့၊ အချစ်မှာ ရုပ်ချောတာ ရုပ်ဆိုးတာ မရှိဘူး၊ ထွင့်ကို ငါကချစ်တော့ ထွင့်သာ လျှင် ဒီကမ္ဘာပေါ်မှာ ငါ့အတွက် အချောမော အခန့်ညားဆုံး ယောကျ်ား"

"အမလေး . . . အဲ့ဒီပိန်လိမ်နေတဲ့ ရှူနာရှိုက်ကုန်း ထွင့် ခေါင်ကိုများ မက်နေတယ်၊ ဟိုကောင်လေးနဲ့များ . . . တခြားစီ ဒီလောက် ထွားထွားကျိုင်းကျိုင်း ကျားကျားလျားလျားနဲ့၊ ပြီးတော့ နင့်ရဲ့ထွင့်ထက်လည်း အဆ,ပေါင်းများစွာ ချမ်းသာဦးမယ်၊ ထွင့် က အခုမှ သဘော်လိုက်ပြီး ငွေစုတုန်း၊ မိဘနဲ့ဆွေမျိုး ကျောထောက် နောက်ခံလည်း ဘာမှ မရှိ၊ ခုနက ကောင်လေးစီးလာတဲ့ ကားကို ကြည့်စမ်း . . . အဲ့ဒီကားကိုတော့ ငါ အိပ်မက်ထဲမှာရော အပြင်မှာ ရော တစ်ခါမှ မမြင်ဖူးဘူး . . . ဟဲ့"

နှင်းနုရဲ့ပြောပုံကြောင့် စိတ်ညစ်နေတာတွေပင် ပြေ ပျောက်ကာ သူမ ဟက်ဟက်ပက် ရယ်မောလိုက်ရတော့သည်။ ရယ်ရင်းနဲ့ပဲ သူမ ရှင်းပြရသည်။

"နှင်းနုရယ် . . . အချစ်မှာ . . . ချမ်းသာတာ ဆင်းရဲတာ လည်း မရှိဘူးလေကွယ်၊ ငါ့နှလုံးသားထဲမှာ ထွင့်ကို ချစ်နေမိပြီဆိုမှ တော့ ဘယ်သူ့ကို အစားထိုးလို့ရမှာလဲ"

"ဒါပေမဲ့ မိတေး . . . ညည်းကို ကျုပ် အကောင်းပြော မယ်၊ အချစ်မှာ ချမ်းသာတာ ဆင်းရဲတာ မရှိပေမယ့် လက်ထပ်ခြင်း မှာတော့ ရှိတယ်၊ အိမ်ထောင်တစ်ခု ထူထောင်ဖို့နေရာမှာ ရှင့်အနေ နဲ့ သေသေချာချာဆုံးဖြတ်ဖို့ သင့်တယ်၊ မျက်စိစုံမှိတ်ပြီး ထွင့် . . .



ထွင့်နဲ့တထွင့်တည်း ထွင့်မနေနဲ့ဟဲ့ . . .၊ ရှင့်အနေနဲ့ ရွေးချယ်စရာ လမ်းနှစ်ခုရှိလာရင် ပိုကောင်းတဲ့လမ်းကို ရွေးရမှာပဲ၊ အဲ့ဒါ ရှင့်ဘဝ တစ်ခုလုံးနဲ့ ဆိုင်တယ်နော်"

"ဒီလိုဆိုတော့ ထွင့်ကိုငါက သစ္စာဖောက်ရမှာလား နှင်းနု"

"ဒီမှာ တေးကဗျာ . . . သစ္စာဖောက်တယ်ဆိုတာ အခု နှစ်ဆယ့်တစ်ရာစုကျမှ နင်တစ်ယောက်တည်း စလုပ်ရမယ့် အလုပ် တစ်ခု မဟုတ်ဘူး၊ ဟိုး လွန်ခဲ့တဲ့ နှစ်သန်းပေါင်းများစွာကတည်းက လူပေါင်းမြောက်များစွာ လုပ်ခဲ့ပြီးသား အလုပ်တစ်ခု၊ ကိုယ့်ရဲ့ဘဝ မှာ ကိုယ့်အတ္တနဲ့ယှဉ်လာရင် သစ္စာဆိုတဲ့အရာက အသေးအမွှား လေးတစ်ခု ဖြစ်သွားပြီ၊ လောကကြီးမှာ ဘယ်သူမှ ကိုယ့်အတ္တထက် ပိုပြီး ဘာကိုမှ မချစ်နိုင်ကြဘူး၊ နင်က နင့်ရဲ့ဘဝ၊ နင့်ရဲ့အတ္တထက် အဲ့ဒီသစ္စာဆိုတဲ့အရာကို ချစ်မှာလား . . . ဟင်"

"အို . . ."

သူမ . . . စိတ်ရှုပ်ထွေးသွားပါသည်။ သူမ တကယ့်ကိုပဲ ထွင့်ကို ချစ်ခဲ့ပါသလား . . .။ ကိုယ့်ကိုယ်ထက်တောင် ပို၍ ထွင့်ကို ချစ်ခဲ့ပါသလား . . .။ မသေချာ။

"ဒါပေမဲ့ သူ့ကို သစ္စာဖောက်ရအောင် ထွင့်မှာ ဘာအပြစ် မှ မရှိဘူး နှင်းနုရာ . . ."

"အပြစ် . . . ဟုတ်လား"

နှင်းနုက သူမကို တအံ့တသြ မျက်လုံးများဝိုင်းလျက် ကြည့် သည်။ ပြီးတော့ ပြောသည်။

"အပြစ်ဆိုတာလေ . . . အမှားတစ်ခုခု လုပ်မှ အပြစ်ဖြစ်

www.burmeseclassic.com



တာ မဟုတ်ဘူး တေးကဗျာရဲ့၊ နှိုင်းယှဉ်ချက်တစ်ခုခုနဲ့ တွေ့လာလို့ အဲ့ဒီတစ်ခုနဲ့ နှိုင်းယှဉ်တဲ့အခါ ဟိုဘက်မှာရှိတဲ့အရာ သူ့မှာမရှိရင် လိုအပ်နေရင် အဲ့ဒါ အပြစ်ဖြစ်တာပဲ . . . ဟဲ့၊ လိုနေတယ်ဆိုတာက အပြစ်ပဲ"

"ကဲ . . . ပြောပါဦး ငါ့ရဲ့ထွဋ်က ဘာတွေများ လိုနေလို့လဲ"

"မိန်းမ . . . နင်က မှန်နေတာဆိုတော့ ဘယ်တွေ့ပါ့မလဲ၊ ကဲ . . . နင်ပြောသလို ရုပ်ဆိုးတာ၊ ရုပ်ချော်တာ ထားလိုက်၊ ချမ်းသာတာ ဆင်းရဲတာ ထားလိုက်ဦး၊ နင့်ရဲ့ထွဋ်က ခုနက ကောင်လေးလောက်တောင် နင့်အပေါ်မှာ စိတ်မရှည်ဘူး၊ သည်းမခံတတ်ဘူး၊ စကားပြောရင် အမြဲတမ်း နင့်ကို အထက်စီးကချည်းပဲ၊ နင့်ကို ပိုင်စိုးပိုင်နင်းနဲ့ သိပ်ပြောတတ်တာပဲ၊ မရခင်ကတောင် နင့်ကို အရမ်းနိုင်နေပြီ၊ နင်ရော သူက ဒါလုပ်ဆို . . . လုပ်ရတယ်၊ ဟိုဟာ မလုပ်နဲ့ဆို မလုပ်ရဘူးမို့လား"

"ဩော် . . . ငါက ချစ်တာကိုးဟဲ့"

"ချစ်တာက ချစ်တာ တစ်ပိုင်း၊ တစ်ဖက်စောင်းနင်း ဖြစ်တာက တစ်ဖက်စောင်းနင်းပဲ၊ သူက နင့်ရဲ့ ဟိုနှစ်ပိုင်းတစ်ပိုင်း သူငယ်ချင်း နေနီနီကို ကြည့်မရတာနဲ့ နင့်ကိုပါ အဆက်အသွယ်ဖြတ်တာ တရားသလား . . . ကြည့်စမ်း၊ နေနီနီဆိုတာ နင်နဲ့ ဟိုး . . . မူကြိုဘဝကတည်းက ပေါင်းလာတဲ့ သူငယ်ချင်း၊ နင့်အပေါ်လည်း အရမ်းအနွံအတာခံပြီး အရမ်းချစ်ခဲ့တဲ့သူ၊ သူ့ဟာသူ ယောကျ်ားစိတ် ပေါက်နေတာ ဘာဆိုင်လဲ . . . ဟဲ့၊ နင် ဘာကိစ္စ အဆက်အသွယ် ဖြတ်စရာလိုသလဲ၊ အဲ့ဒါ ထွဋ်ခေါင်မိုး သက်သက်



အတ္တကြီးတာ"

"အို မဖုတ်ပါဘူးဟယ်"

သူမရဲ့ လေသံလေးကတော့ အဆမတန် ဖျော့တော့ အားနည်းလို့ လာပါပြီ။ သူမရဲ့ ချစ်သူဘက်က အကြောင်းပြ ငြင်းဆန်ဖို့ရာလည်း ခွန်အား မရှိတော့။

"ဘာမဟုတ်ရမှာလဲ . . . ဒီလို ယောကျ်ားအစစ် မဟုတ်တာနဲ့တောင် အဲ့ဒီလောက် သဝန်တိုနေတာ၊ နင့်ကို ချုပ်ချယ်ချင်လိုက်တာများ . . . ကြည့်စမ်း၊ ရှယ်တူယောကျ်ားလေး တစ်ယောက်ယောက်နဲ့များ စကားပြောဆိုရယ်မောမိပြီဆိုရင် နင့်ကို ဟောက်လိုက်ဟိန်းလိုက်တာ . . ငါ မသိဘူးမှတ်နေလား၊ ခုဆို ကြည့် . . . နင့်မှာ ဘယ်မှာလဲ ယောကျ်ားလေးအပေါင်းအသင်း မိတ်ဆွေ"

"သူက အဝေးမှာ ရောက်နေတော့ ငါ့ကို စိတ်မချတာလည်း ပါ၊ ပါတယ်ဟယ်၊ သဝန်တိုတာ ချစ်လို့ပါ"

"ဩော် . . . နင်ကရော သူ့ကို သဝန်မတိုရတော့ဘူးတဲ့လား၊ သူကရော စိတ်ချရပါတယ်လို့ နင့်ကို ဘယ်သူက အာမခံထားလဲ၊ နင်က သူ့ကို သစ္စာရှိသလောက် သူကရော နင့်အပေါ် သစ္စာရှိမယ်လို့ ဘယ်အချိန်ထိ ယုံရမှာလဲ၊ အဝေးမှာ ခွဲနေရတာချင်း အတူတူ သူက နိုင်ငံခြားမှာဟဲ့၊ သူက ဟိုမှာ ဖောက်ပြန်နေရင် သစ္စာမဲ့နေရင်ရော နင် သိနိုင်မှာလား . . . ၊ တေး . . . ဒီမှာ ကြည့်စမ်း"

နှင်းနုရဲ့ မျက်လုံးများက စူးရှစွာ သူမကို ကြည့်တော့ သူမ ခေါင်းကို ငုံ့ပစ်လိုက်ရသည်။

"အချစ်ဆိုတာ နှုတ်ခမ်းဖျားနဲ့ ပြောကြတာပါကွယ်၊ ချစ်

www.burmeseclassic.com

www.burmeseclassic.com



ဘယ် . . . ချစ်တယ်နဲ့ ပြောကြပြီး မနက် လက်ထပ်၊ ညကျ ကွာရှင်းလိုက်ရတဲ့ မင်္ဂလာပွဲတွေ တစ်ပုံကြီးပါ၊ အချစ်လို့ သုံးနှုန်းပြီး လက်ထပ်ပြီးမှ ဖောက်ပြန်ပြီးရင်း ဖောက်ပြန်နေကြတဲ့ အိမ်ထောင်ရှင်တွေလည်း တစ်ပုံကြီးပါ၊ ကိုယ်ပြောချင်တာက အချစ်ဆိုတဲ့ စကားလေးတစ်ခွန်းနဲ့ ဘဝတစ်ခုလုံး မလဲရဘူး . . . တေးရဲ့"

နှင်းနုပြောသော စကားတွေက နားထဲမှာ ပဲ့တင်ထပ်နေစဉ် သူမကတော့ စားပွဲပေါ်မှ ဖြူဖွေးတင်ထားခဲ့သော လက်ဆောင်ပစ္စည်းတွေကို ငေးကြည့်နေမိသည်။

ပြီးတော့ . . . သူမဘာသာ ရေရွတ်သလိုလို နှင်းနုကိုတိုင်တည်မိသလိုလိုနဲ့ စကားတွေ ထုတ်ပြောလိုက်မိသည်။

"အချစ်ဆိုတာ ယုံကြည်စရာ မကောင်းတဲ့ စကားတစ်ခွန်းဆိုရင် ခုနက ဖြူဖွေးပြောသွားဟာတွေကရော ယုံကြည်ရပါ့မလားကွယ်၊ သူ ကိုယ့်ကို လှည့်ဖျားနေတာရော မဖြစ်နိုင်ဘူးလား . . ."

သူမ စကားအဆုံးမှာ နှင်းနု ပြုံးလေသည်။

"ကျုပ် အထဲက ချောင်းကြည့်နေတာပါ တေးရယ်၊ ရှင် . . . သူ့မျက်လုံးတွေကို မမြင်လိုက်ဘူးလား၊ ရှင် ငြင်းလိုက်တော့လေ ရှင့်ဆီက သူလိုချင်တာ မရလိုက်တော့ ထိခိုက်ကြေကွဲသွားတဲ့ မျက်လုံးတွေကိုလေ . . . ၊ အဲ့ဒီလို မျက်လုံးမျိုးတွေကြောင့် သူဟာ သိပ်ကို အချစ်ကြီးပြီး အစွဲအလန်းကြီးတတ်မယ့် ယောကျ်ားမျိုးလို့ ကိုယ် ဆုံးဖြတ်ချင်တယ်"

"အို . . . တော်ပါတော့ နှင်းနုရယ် . . . ကိုယ်လည်း သူ့ကို အဲ့ဒီလိုမျိုး မပြောချင်ပါဘူး၊ ကိုယ်က သူ့ကို ခင်ချင်ပါတယ်၊ မိတ်



ဆွေသူငယ်ချင်းအနေနဲ့ဆိုရင် ကိုဖြူက သိပ်ကို ခင်မင်စရာကောင်းပါ၊ သူ အဲ့ဒီလောက် ထိခိုက်ခံစားသွားလိမ့်မယ်လို့လည်း ကိုယ်ကယ် မထင်ထားတာ၊ သူ့ဘဝက သိပ်အထီးကျန်ပြီး မေတ္တာငတ်တဲ့သူလေ၊ သူ့မိဘတွေက နိုင်ငံခြားမှာ၊ ပြီးတော့ . . . နောက်မ်ထောင် ကိုယ်စီနဲ့"

"ခြော် . . . ဟုတ်လား"

"သူ့ကို ကိုယ် တကယ်သနားတယ်"

နှင်းနု ရယ်လေသည်။ ပြီးတော့ မေဆွိရဲ့ သီချင်းတစ်ပိုင်းင်ခဲစာသားတစ်ခုဖြစ်သော 'သနားတဲ့ စိတ်ကလေး . . . ဘယ်ကင်လာတယ် . . .' ဟု ကောက်ဆိုလိုက်တော့ ရှက်ရှက် နှင့် သူမင်းနုခေါ့ကို လိုက်ထုရသည်။

ထွန့်ရေ . . . ထွန့်မဟုတ်တဲ့ သူစိမ်းယောကျ်ားလေး တစ်ယောက်ကို ကျွန်မ သနားတယ်ဆိုရင် ထွန့် . . . ကျွန်မကို အပြစ်လို့ င်ဦးမှာ မဟုတ်လားကွယ်။

*✿*

"ဟော့ . . . လူကြီး"

အဲ့ဒီကိုနေဆိုတဲ့ ဟာမလေးက သူ့ကို ခေါ်လိုက်ရင် ဟော့ကြီး . . ဘော်ဒါကြီး . . ခင်ဗျားကြီးနဲ့။ အသက်ကဖြင့် သတူတူ။

www.burmeseclassic.com

www.burmeseclassic.com



သူ့အရပ် ခြောက်ပေနီးပါးနဲ့ သူမ့အရပ် ပုပျပ်ပျပ်လေးကွာတာ ခဏခဏ ခလုတ်တိုက်ချင်တယ်။

အခုလည်း ဖုန်းထဲမှာ သူ့ကို တွေ့တွေ့ချင်း ခေါ်လိုက်ပြ သည်။ ထို့ကြောင့် သူကလည်း. . . .

"ဘာလဲ ငနေလေးရဲ့"

"ကျွန်တော့်ကို ငနေလေးလို့ မခေါ်ပါနဲ့ဗျ၊ ငနေလို့ ခေ ချင် ခေါ်ပါ၊ လေး . . . ဆိုတာမထည့်နဲ့၊ ကျွန်တော်နဲ့ ခင်ဗ အသက်အတူတူပဲ"

ဪ . . . ဟော့။ လာ လာချည့်သေး။ သူ့အလှည့် တော့ . . . ကြည့်စမ်း။

"ဒါဖြင့် မင်းငါ့ကို ဘာဖြစ်လို့ ကြီး . . . တွေချည်း ထ ခေါ်နေသေးလဲ၊ ဟော့လူကြီး . . . ဘော်ဒါကြီး . . . ခင်ဗျားကြ . . . နဲ့ စုံနေတာပဲ"

"ဒါတော့ ခင်ဗျားခန္ဓာကိုယ်ကြီးကြောင့် ခေါ်တာ၊ ခင်ဗ ဘော်ဒီက အယ်နေတာကိုး"

"ငါ ပြောလိုက်ရ မကောင်းဘူး ဖြစ်ရော့မယ်"

"ဟော့လူကြီး . . . မယုတ်ပတ်နဲ့နော်"

"ငါက ဘာပြောသေးလို့လဲ"

"တော်ဗျာ . . . တော် . . . စကား အကောင်းပြော ခင်ဗျား . . . ကွန်ပျူတာသင်တန်း သွားမတက်တာ တစ် လောက် ရှိပြီဆို"

"အဲ့ဒါ ဘာဖြစ်လဲ"



"ဟ . . . အဲ့ဒါ ဘာလုပ်တာလဲဗျ၊ ခင်ဗျားပဲ ပြောတော့ ားနဲ့ ခင်ဗျားရဲ့ အခြေအနေက အရမ်းတိုးတက်လာပြီဆို၊ ဒီလို အချိန်မှာ တေးအနားကပ်ပြီး ခင်ဗျားက အချိန်ရှိသမျှ ကပ်ကြွေ နေရမှာ၊ ခုတော့ . . . ခင်ဗျားက အိမ်မှာ ထိုင်နှပ်နေတယ်"

"ထိုင် မနှပ်ပါဘူး၊ အိပ်ပြီး နှပ်နေတာ"

"ခင်ဗျားကြီး ဖုန်းထဲမှာမို့နော်၊ အပြင်မှာဆို မလွယ်ဘူး"

"ဘာမလွယ်တာလဲ၊ ဖက်နမ်းမလို့လား . . . မလုပ်ပါနဲ့"

"သေတော့မှာပဲ . . . ခင်ဗျား တော်တော်လူပါးဝပါလား၊ ခင်ဗျား ဒီနေ့တော်တော်ပျော်နေသလား၊ ဘာဖြစ်နေတာလဲ . . . ခင်ဗျားက တေးကို တစ်ပတ်လောက်ပစ်ထားတုန်း ဟိုမှာ တေးက င့် ခင်ဗျားကို မေ့လောက်ပြီ၊ ခင်ဗျားလုပ်စရာရှိတာ သွက်သွက် ပ်ဗျာ၊ အချိန် သိပ်မရှိတော့ဘူး၊ ဟိုထွန်းခေါင်မိုးဆိုတဲ့ ဘဲက နောက်တစ်လ နှစ်လနေရင် ပြန်လာတော့မယ် ကြားတယ်၊ သူ ပြန်မလာခင် ခင်ဗျားရဲ့ရင်ခွင်ထဲ တေးရောက်နေဖို့ လိုတယ်၊ ဒါမှ သူလည်းပြန်လာရော တစ်ခါတည်း ပန်လန်လက် ပက်လက်လန် သွားမှာဗျ"

"ဟော့ကောင် သိတယ် ကိုနေ၊ ဆရာ မလုပ်နဲ့"

"သိရင် အဲ့ဒီမှာ အိပ်မနေနဲ့ဗျာ၊ သွား . . . တေးဆီ သွား"

"နားစမ်းပါ ကိုနေရာ၊ ဒီမှာ မင်းထက်နပ်လို့ ဖြူဖွေးဆိုတဲ့ မည်တစ်လုံး ရထားတာကွ၊ မင်း ဘာသိလို့လဲ ငါက တေးတို့ ည်းစားစကား အတိအလင်း ပြောပြီးပြီ"

"ဗျာ. . . ."

www.burmeseclassic.com

www.burmeseclassic.com



"မင်းမါးစပ်ကြီး ပိတ်လိုက်ဦး။ ယင်ကောင်တွေ ဝင်သွ
ဦးမယ်"

"အဲ့ဒီတော့ သူက ဘာပြန်ပြောလဲ"

"ဘာပြန်ပြောရမှာလဲ . . . သူက သူ့မှာ ရည်းစားရှိ
အကြောင်း၊ အဲ့ဒီရည်းစားကိုပဲ လက်ထပ်မယ့်အကြောင်း ပြန်ပြေ
တာပေါ့ကွ"

"အဲ့ဒါများ ခင်ဗျားက အဲ့ဒီမှာ ဘာထိုင်လုပ်နေတာလဲ"

"ဟ . . . ဒါ အသည်းကွဲနေတဲ့ အချိန်လေ၊ မိန်းမ တ
ယောက်ရဲ့ ငြင်းပယ်မှုကို ရက်ရက်စက်စက်ကြီးခံစားလိုက်ရ
ယောကျ်ားတစ်ယောက်ရဲ့ အသည်းကွဲချိန်၊ မင်း . . . ဒါလောက်
မပေါက်ဘူးလား၊ တော်တော်ဝေးတဲ့ ကောင်၊ ဒီမှာ ဖြူဖွေးဆို
အချစ်နှုးလေး အသည်းကွဲပြီး လေလွင့်နေတယ်၊ အရက်တွေသော
နေတယ်၊ မိုးရွာထဲ လျှောက်ဒိုးနေတယ်၊ ပျက်စီးနေပြီ၊ ကွန်ပျူတ
သင်တန်းက ဘော်ဒါတွေ ဖုန်းဆက်ရင်တောင် ကိုယ်က လျှာလေ
အာလေးသံနဲ့ အသည်းကွဲသီချင်းတွေ ဟစ်ပြလိုက်သေးတာ"

"ဖွီး . . ."

ဖုန်းတစ်ဖက်မှာ ကိုနေရဲ့ ထိန်းမရ ရယ်ချလိုက်သံကြ
ထွက်ပေါ်လာသည်။

"ဘာရယ်တာလဲ"

"ရယ်ရလို့ပေါ့ဗျာ၊ ခင်ဗျား တတ်လည်း တတ်နိုင်တဲ့သ
အိမ်မှာဖြင့် အရက်ပုလင်း မပြောနဲ့ ဘီယာဘူးတောင် မရှိတဲ့သူ
များ၊ ခင်ဗျားကို ကြိုက်သွားပြီ . . . ကိုဖြူ"



"ဖော့ကောင် အချင်းချင်းတွေနော်"

"ဘာလဲဗျ . . . ခင်ဗျားရဲ့ ဒိုင်တွေ မာယာတွေ ဗျူဟာ
တွေကို ကြိုက်သွားပြီ ပြောတာ၊ ဂျွန်တော့်မှာသာ ညီမရှိရင် ချက်
ချင်း ပေးစားတယ် . . . တကယ်"

ဩော် . . . ကလေးမရယ် . . . မင်းရဲ့ နှလုံးသားကရော
ဘယ်များရောက်နေသလဲ . . .။ ကိုယ့်ရဲ့ လှမတဲ့ မာယာတွေဟာ
မင်းရှေ့မှောက်မှာတော့ သုံးမရတဲ့ အပေါင်းအနှမ်း အကျိုးအမဲ့
တွေ ဖြစ်ကုန်ကြပြီကွ . . . သိရဲ့လား။

"အဲ့ဒီတော့ ခင်ဗျားရဲ့ အသည်းကွဲအပိုင်းအစတွေကို သူ
သိအောင် ဘယ်တော့ . . . သွားထုတ်ပြမှာလဲ"

"သွားထုတ်ပြမှာ မဟုတ်ဘူး၊ သူက လာကြည့်မှာ"

"လာကြည့်မှာ . . ."

အံ့အားသင့်တကြီးသံနှင့် သူ့စကားကို သူမ သံယောင်
လိုက်သည်။

"ဟုတ်တယ် . . . သူ့ကြောင့် အသည်းကွဲ ပျက်စီးလေလွင့်
သွားတဲ့ ဖြူဖွေးဆိုတဲ့ ကောင်လေးတစ်ယောက်ရဲ့ အသည်းကွဲ
အခန်းလေးကို သူ လာကိုကြည့်ဦးမှာ၊ ဒါကြောင့် ကိုယ့်အခန်းကို
မတေလေလွင့်နေတဲ့ ယောကျ်ားလေးတစ်ယောက်ရဲ့ အခန်းမျိုး
ဖြစ်အောင် အစွမ်းကုန် ပြင်ဆင်ထားပြီးပြီ၊ အဝတ်ဟောင်းတွေ
လျှောက်ဘဲ နှစ်ပတ်စာလောက် ဖွထားတယ်၊ စီဒီ၊ ဗွီစီဒီအချပ်တွေ
အိမ်ရှေ့မှာ ပွပလဲနေအောင် ချထားတယ်၊ သူငယ်ချင်းတွေအိမ်က
ယာက်ပြီးသား ဘီယာဘူးခွံတွေ ငါးဆယ်လောက် တစ်အိမ်လုံး

www.burmeseclassic.com



ဖြန့်ပြီး ပစ်ထားတယ်၊ အိမ်ခန်းထဲမှာရော ဧည့်ခန်းထဲမှာပါ ဝီစကီ
နံ့လေး သင်းနေအောင် ဘယက်လေဘယ် တစ်လုံးဝယ်ပြီး နှစ်ခွက်
လောက် လျှောက်ဖြန်း ဒီအတိုင်း အခြောက်ခံထားတယ်"

"ဒါပဲလား . . ."

ကိုနေက သူ့ကို ရွဲ့ပြီးမေးတော့ သူကလည်း ရွဲ့ပြီးဖြေ
ဆုံးဖြတ်လိုက်သည်။

"ဘယ်ဟုတ်မလဲ . . . ငါ စားထားပြီးသား ထမင်းပန်းကန်
တွေကိုလည်း နှစ်ရက်စာလောက် ပုပ်ပွမှိတက်နေအောင် ဘောစိ
မှာ တင်ထားတယ်၊ ငါ့ခုတင်အောက်မှာထားမယ့် ထွေးခံထဲ ထည့်
ခွေးအနံ့ဖတ်တွေ တစ်နေရာမှာ သွားကျုံးရဦးမယ်၊ ပြီးတော့ . . ."

"ဟေ့လူ . . . တော်တော့ဗျာ၊ တော်တော့ . . . ဝေါ . . .
အန်ချင်လိုက်တာ"

"အန်မယ်ဆိုရင် ကြွပ်ကြွပ်အိတ်နဲ့ ထုပ်ပြီးသိမ်းထား၊ ငါ
လာယူမယ်"

"ဖြူဖွေး . . . ခင်ဗျား အင်မတန် ညစ်စုတ်တဲ့လူ"

"ကျန်သေးတယ် . . . လူကိုလည်း ဝိတ် မ,မ၊ ညနေစာ
မစား၊ ရေလျှော့သောက်ပြီး ကျနေအောင် ချထားတယ်၊ နှုတ်ခမ်း
မွေးတွေ မုတ်ဆိတ်တွေလည်း မရိတ်ဘဲ အရှည်ချန်ထားတယ်၊
ညတွေလည်း အိပ်မပျော်အောင် NC17 ကားတွေ နှစ်ညတိတိ
မိုးအလင်း ထိုင်ကြည့်ထားတယ်၊ လူလည်း မျော့နေပြီ၊ ကဲ . . .
ဘာကျန်သေးလဲ"

"လူယုတ်မာကြီး ...Dirty ဖြူဖွေး "



ကိုနေ့ဆီက ကုန်းအော်သံကြီး ထွက်လာသည်။ သူ တဟား
ဟား အော်ရယ်နေလိုက်သည်။ ကိုနေရဲ့ စူပုပ်ပုပ်အသံ ကြားကြားမှ
ဖြန့်ထွက်လာ၏။

"ဒါပေမဲ့ ခင်ဗျားကို သနားတယ်၊ တေးကဗျာက ခင်ဗျား
အခန်းကို ဘယ်တော့မှ လာမှာမဟုတ်ဘူး၊ တေးကဗျာဟာ သူစိမ်း
ယောကျ်ား တစ်ယောက်တည်းနေတဲ့ အိမ်ကို အားအားလျားလျား
လိုက်လျှောက်လည်နေတဲ့ မိန်းကလေးမျိုး အောက်မေ့လို့လား၊ . . .
ဝေးသေးတယ်၊ ခင်ဗျား လုပ်ဇာတ်ဆင် ဖန်တီးထားတာတွေ အလ
ကားပဲ . . . ညောင်း"

"လာတာ မလာတာ ကိုယ့်အလုပ်ပါကွ၊ ကိုယ် ဒီလောက်
ဦးနှောက်မနည်းပါဘူး၊ တေးကဗျာ ကိုယ့်အခန်းကို လာကို လာ
ရမယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်က သေတော့မှာ . . ."

"ဗျာ . . ."

"ဟုတ်တယ် . . . သူ မလာရင် ကိုယ်က အသည်းရောင်
အသားဝါဖြစ်ပြီး သေတော့မှာ၊ ဒါကြောင့် သူလာမယ့်နေ့ကျရင်
သေတ္တာရှိအောင် ဆေးကျောင်းက ကိုယ့်ဘော်ဒါတစ်ယောက်ကို ကြို
ခေါ်ပြီး အားဆေးတွေ၊ ဂလူးကို့စ်ပုလင်းတွေနဲ့ ကိုယ့်ကို ဒရစ်ပိုက်
ချိတ်ခိုင်းထားဦးမှာ"

"ဟိုက်"

သူမ . . . သူ့ကို လက်ကုန်သွားပြီဆိုသော သဘောဖြင့်
အာမေဍိတ်သံပြုသွားတော့သည်။

သူ မခိုးမခန့် ရယ်မောလိုက်စဉ်မှာပင် သူ့ဆီက ဘာည

www.burmeseclassic.com

www.burmeseclassic.com



တည်ငြိမ်ငြိမ် လေသံကို စကြားရသည်။

"ခင်ဗျား တော်တော် ကြောက်စရာ ကောင်းတာပဲ"

"ကြောက်စရာ ကောင်းတယ် . . . ဟုတ်လား။ အဲ့ဒါကို မင်း အစောကြီးကတည်းက သိဖို့ကောင်းတာ၊ အချစ်ဆိုတာ သိပ် ကြောက်စရာ ကောင်းတဲ့အရာလေ . . . မင်း မသိဘူးလား၊ အချစ် ကြောင့် လူတွေ သေနိုင်တယ်၊ အချစ်ကြောင့် လူတွေ ရှင်သန်နိုင် တယ်၊ အချစ်ကြောင့် လူတွေဟာ ကိုယ်တစ်ခါမှ မလုပ်ဖူးတဲ့ အလုပ် တွေ လုပ်တတ်လာကြတယ်၊ ကိုယ်ချစ်တဲ့သူအတွက် ဘာတိုပဲ လုပ်ရ လုပ်ရ ဘာကိုပဲ စွန့်လွှတ် ပေးဆပ်ရ ပေးဆပ်ရ . . . ပေးဆပ်ရဲလာ ကြတယ်၊ အဲ့ဒါကို မင်း မြဲမြဲမှတ်ထားစမ်းပါ . . . ကိုနေ"

ဖုန်းထဲမှာ သူမ တိတ်ဆိတ်နေပါသည်။ တယ်လီဖုန်းကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားရင် ပြင်းထန်စွာ ရှူရှိုက်နေသော သူ့သက်ပြင်းတွေကို သူမ ကြားကောင်းကြားပါမည်။ သို့ပေမယ့် သူ့ရင်ခုန်သံကိုတော့ သူမ ဘယ်တော့မှ မကြားနိုင်ပါ။

သူမ၏ ခပ်တိုးတိုးရယ်သံ စတင် ထွက်ပေါ်လာသည်။

"ခင်ဗျား ဒီအလုပ်မှာ သိပ်ကြိုးစားနေတယ်၊ ကျွန်တော် ခင်ဗျားကို မသက်ာဖြစ်လာပြီ၊ ခင်ဗျား . . . တေးကို . . . တကယ် ချစ်နေပြီလား ကိုဖြူ . . ."

သူ . . . ခြောက်ကပ် အက်ကွဲစွာ ရယ်မောလိုက်ပါသည်။ ပြီးတော့ မေးလိုက်မိသည်။

"မင်း . . . မနာလို ဖြစ်နေသလား"

"ဒီမှာ ခင်ဗျားနဲ့ ကျွန်တော် ဒီလောင်းကစားပွဲ စကတည်း



. . . စည်းကမ်းချက်တွေ ချမှတ်ထားပြီးသားနော်၊ ခင်ဗျား နောက်ဆုံး . . .ရောက်ရမယ့် ပန်းတိုင်ကို လုံးဝ မပျောက်ပါစေနဲ့၊ ခင်ဗျားရဲ့ ပန်း . . .ိုင်က တေးရဲ့အသည်းကို ရက်ရက်စက်စက် ခွဲပြဖို့ပဲ"

"ဒီမှာ ကိုနေ"

သူ အော်ဟစ်လိုက်မိပါသည်။

"အသည်းခွဲတယ်ဆိုတာကို လွယ်တယ်လို့များ ထင်နေကြ . . .လား၊ သူများအသည်းကို ခွဲဖို့ဆိုတာ ကိုယ်ကိုယ်တိုင်တာ အရင် အသည်းကွဲဖူးရတယ် . . . ကွ၊ ဒါကြောင့် ငါ အသည်းကွဲပြနေတယ်၊ အခု ငါ့အသည်းတွေ တစ်စစီ ကွဲကြေပြဖို့ ငါ ကြိုးစားနေတယ်"

သူမ . . . ပေါ့ပါးစွာ လွတ်လပ်စွာ ရယ်မောလိုက်သံကို သူ ကြားလိုက်ရပါသည်။ အဲ့ဒီလို သူမရယ်မောသံကို ကြားချင်လွန်း သို့ သူ့အသည်းနှလုံးတွေ တစ်စစီ၊ ဇာစ်စိတ်စီ ခွဲချပစ်ခဲ့တာကို သူမ . . . ဘယ်တော့မှ သိနိုင်မှာ မဟုတ်။

အဲ့ဒီလောင်းကစားပွဲကို သူ့အသည်းနှလုံး အကျိုးအပဲ့ အစိတ်အပိုင်းများနှင့် လောင်းကြေးထပ်၍ လောင်းခဲ့ပါသည်။

* ✿ *

ပြုံးပြုံးပျာပျာနှင့်ရောက်လာသော ကောင်လေးကို ကြည့်လိုက်ကတည်းက ဖြူဖွေးရဲ့ သူငယ်ချင်းလို့တော့ နှင်းနှ ထင်

www.burmeseclassic.com

www.burmeseclassic.com



လိုက်မိသား။

"ဒါ မတေးကဗျာတို့ အဆောင်မို့လား . . . ဟင်၊ မတေးကဗျာ ရှိလား"

"ရှိတယ် . . . ခဏစောင့်၊ ဘယ်သူလို့ ပြောပေးရမလဲ"

"မတေးကဗျာကိုသာ ခေါ်ပေးပါဗျာ၊ သူနဲ့တွေ့မှ ဖြစ်မှာ သူ့ကိုပြောမှ ရမှာ"

အသံတွေတုန်ပြီး ပျာယီးပျာယာဖြစ်နေပုံက အရေးတကြီးကိစ္စနဲ့လာသလိုလိုမို့ နှင်းနုတစ်ယောက် အချိန်မဆိုင်းဘဲ ခုတင်ပေါ်မှာ စာထိုင်ဖတ်နေသော တေးကို သွားခေါ်ရသည်။

"ဟဲ့ . . . တေး . . . ရှင့်ညီသည်၊ ရှင်နဲ့ တွေ့ပြီးပြောမှရမယ်တဲ့ . . . ကောင်လေးတစ်ယောက်၊ ကိုယ်တော့ တစ်ခါမှ မတွေ့ဖူးဘူး"

တေးကဗျာက စိတ်မပါလက်မပါနဲ့ စာအုပ်ကို ပိတ်လိုက်ပြီး ခုတင်ပေါ်က နှေးတိနှေးကန် ဆင်းသည်။ နှင်းနုက ဖြည့်ပြောလိုက်သည်။

"ကိုဖြူဖွေးရဲ့ သူငယ်ချင်းများလား မသိဘူး၊ သူ့ကြည့်ရတာ ပျာယီးပျာယာနဲ့ ကိုဖြူဖွေးများ တစ်ခုခုဖြစ်သလား . . . လို့"

"ဘာ . . ."

တေးကဗျာရဲ့ အထိတ်တလန့် အမူအရာကြောင့် နှင်းနု ရယ်လိုက်ရသေးသည်။

"မိန်းမ . . . အဲ့ဒီလောက်ပဲ အစိုးရိမ်ကြီးရသလား၊ ဟင်း . . . ခုမှ . . . သွားပါ ဧည့်ခန်းကို"



"အို . . . ကိုဖြူကို ကျွန်မက အစ်ကိုတစ်ယောက်၊ မောင်တစ်ယောက်လိုတော့ ခင်ချင်ပါတယ်ဆိုမှ၊ နှင်းနုကလည်း သူ . . . သင်တန်းကို မလာတာ ဆယ်ရက်လောက်ရှိပြီ၊ စိုးရိမ်တာပေါ့"

ဧည့်ခန်းထဲကို တေးကဗျာ လှစ်ခနဲ ပြေးထွက်သွားတော့ နှင်းနုလည်း စပ်စုချင်စိတ်နဲ့ နောက်က လိုက်လာသည်။ တေးကဗျာကို ဧည့်သည်က တွေ့တွေ့ချင်း . . .

"မတေးကဗျာဆိုတာလား"

"ဟုတ်ကဲ့ . . ."

"ကျွန်တော် ဖြူဖွေးသူငယ်ချင်း ဘောဂပါ"

"အို . . . ကိုဖြူ ဘာဖြစ်လို့လဲ"

စိုးရိမ်ပူပန်စွာ မေးသံကိုကြားရ၍ ဘောဂ အားတက်သွားသည်။ ဦးနှောက်ထဲက ဖြူဖွေး နှုတ်တိုက်ချ၍ သင်ပေးထားသော စကားလုံးတွေ အစီအရီ ထွက်ပေါ်လာသည်။

"မတေးကဗျာ . . . ကျွန်တော်လေ ကြားထဲက ကိုဖြူ့ကိုယ်စား တောင်းပန်ချင်ပါတယ်၊ မတေးကဗျာနဲ့ ကိုဖြူတို့ကြားထဲမှာ အရင်က ဘာတွေ ဖြစ်ခဲ့ဖြစ်ခဲ့ အခုအချိန်မှာတော့ ကျွန်တော့် သူငယ်ချင်း ဖြူဖွေးကို ငဲ့ညှာတဲ့အနေနဲ့ သူ့ကို လိုက်ကြည့်ပေးပါလို့ ကျွန်တော် အနူးအညွတ်တောင်းပန်ပါတယ်၊ အခု ကျွန်တော် ဒီကို လာတာလည်း ဒီကောင်ကြီး မသိပါဘူး၊ ကျွန်တော်လည်း ကြုံရာမရှိ ဖြစ်တာနဲ့ မတေးကဗျာဆီကိုပဲ . . ."

သူ့စကားမဆုံးသေး . . . တေးကဗျာရဲ့ အသံက စူးခနဲ ထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုဘောဂ . . . ကိုဖြူ ဘာဖြစ်လဲ . . . အရင်ပြောဦး"

"ဟုတ်ကဲ့ . . . သူ မတေးကဗျာနဲ့ နောက်ဆုံးတွေ့ပြီးကတည်းက အရမ်းကို လေလွင့်ပျက်စီးသွားတာ၊ ကျွန်တော်တို့လည်းအားက ဝိုင်းထိန်းပေးတာပဲ၊ ဒါပေမဲ့ မရပါဘူး၊ တစ်ခါမှ မသောက်ဖူးတဲ့ အရက်ပြင်းတွေလည်း နေ့ညဆက်သောက်တယ်၊ တစ်နေကုန်တစ်နေခန်း မိုးရွာထဲ လျှောက်သွားတယ်၊ နောက်ဆုံးတော့ အိပ်ရာထဲ လဲတာပေါ့ဗျာ၊ ဘယ်ခံနိုင်မှာလဲ အခု အပြင်းဖျားပြီး သတိရတစ်ချက် မရတစ်ချက် ဖြစ်နေတာ. . ."

"အို . . . ရှင်တို့ ဆေးရုံမပို့ဘူးလား"

"ကိုဖြူကလေ . . သနားစရာကောင်းတယ် မတေးကဗျာ၊ သူ့မှာ အရင်းနှီးဆုံး မိတ်ဆွေသူငယ်ချင်းဆိုလို့ ပြေးကြည့်လိုက်မှ ကျွန်တော်တစ်ယောက်ပဲ ရှိတာ၊ ဆေးရုံပို့တော့ ဘယ်သူက ကြည့်မှာလဲ၊ အရင်ကတော့ သူ့ရည်းစားတွေက သူ နေမကောင်းရင် ပြုစုမှာပေါ့၊ အခုတော့ ကျွန်တော်သိသလောက် အဲ့ဒီရည်းစားတွေ သူဖြတ်ထားတာ တော်တော်ကြာပြီဗျ၊ အဲ့ဒီလို သူ ပွေတာရှုပ်တာတွေ ရပ်လိုက်တာ မတေးကဗျာနဲ့ စတွေ့ပြီးတဲ့ အချိန်က စတာပဲ"

တေးကဗျာ ဘာမှ ဆပ်မမေးနိုင်။ ဒီတော့ ဘောဂက ဆက်ပြောသည်။

"ပြီးတော့ ယောက်ျားလေးသူငယ်ချင်းတွေ တော်တော်များများက ဖြူဖွေးနဲ့ဆို အပေါင်းအသင်း သိပ်မလုပ်ကြတော့ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကိုဖြူက စွံတယ်လေ၊ အဲ့ဒီသူငယ်ချင်းတွေရဲ့ အစ်မတွေ ညီမတွေကလည်း ဖြူဖွေးနဲ့တွေ့လိုက်ရင် ကျကုန်ကြ



တော့ အဲ့ဒီကောင်တွေက မကြိုက်ဘူးနဲ့ တူပါတယ်၊ ပြီးတော့ သူငယ်ချင်းတွေမှာ ရည်းစားရှိနေရင်တောင် အဲ့ဒီရည်းစားတွေက ဖြူဖွေးဆီကိုပဲ စိတ်ရောက်ပြီး ကျ,ကျနေကြတော့ ဖြူဖွေးကို ဘယ်ယောက်ျားလေးက ပေါင်းချင်မှာလဲ၊ ကျွန်တော်တောင် အစ်မလည်းမရှိ ညီမလည်း မရှိလို့ သူ့ကို ပေါင်းနေတာ"

ဘောဂစကားအဆုံးမှာ နှင်းနုဆီက ခစ်ခနဲ ရယ်သံထွက်သာ၍ တေးကဗျာက ဖတ်ခနဲ လှမ်းရိုက်လိုက်ရသေးသည်။

"ကိုဘောဂ လိုရင်းပြောပါ . . . ကိုဖြူက အခု ဘယ်မှာလဲ၊ သူ့အခြေအနေက ဘယ်လိုရှိလဲ"

"သူ . . . သူ့အိမ်မှာပဲ၊ ကျွန်တော် ဆရာဝန်ခေါ်ပြီး ပြသားတယ်၊ သူ အခုလို အိပ်ရာထဲ မလဲခင်ကဲ အရက်ချည်းပဲ လိမ့်သောက်ပြီး ဘာမှ မစားဘဲနေတာလေ၊ အခုတော့ အရက်တောင်သောက်လို့ မရတော့ဘူး၊ ဘာစားစား . . . ဘာသောက်သောက်အကုန် ပြန်အန်ချည်းနေတာ၊ ဆရာဝန်က အစာအိမ်ရောင်တယ်ပြောတယ်၊ အသည်းလည်း နည်းနည်းရောင်တယ်တဲ့၊ အခုတော့ အခုက ဘာမှ မစားရဘဲ အကြောဆေး ဂလူးကို့စ်ပုလင်းတွေပဲသွင်းထားရတယ်၊ အဲ့ဒီဒရစ်သွင်းတာ နှစ်ရက်သုံးရက်အထိ သွင်းရမယ်တဲ့၊ မနေ့ညကဆို ဖြူဖွေးလေ ဗိုက်တွေ မတရားအောင့်တာ ကျွန်တော်တောင် မအိပ်ရဘူး၊ စိုးရိမ်လိုက်တာဗျာ . . . မနက်ကျဆရာဝန် ပြေးခေါ်ပြီးပြ ဆေးထိုးလိုက်မှ သက်သာသွားတာ၊ ဆရာဝန်က အိပ်ဆေးထိုးပေးထားလို့ မှိန်းပြီး အိပ်ပျော်နေတုန်း ကျွန်တော် ဒီကို ပြေးလာတာ"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတ သူ့ကို သွားကြည့်ဖို့ လိုလို့လား . . . ကိုဘောဂ"

"ဘယ့်နှယ့်ပြောပါလိမ့်ဗျာ . . . ဖြူဖွေး အခုလို ဖြစ်သွားတာ ဘာကြောင့်လဲဆိုတာ မတေးကဗျာ သိပါတယ်၊ ဖြူဖွေးကလေ အရင်က အရက်မပြောနဲ့ ဘီယာတောင် သောက်တဲ့ကောင် မဟုတ်ဘူး၊ သူ့ကျန်းမာရေးသူ အရမ်း ဂရုစိုက်တာ၊ ဒီလိုမျိုးဖြစ်သွားတာ ကျွန်တော် ဒီတစ်ခါပဲ တွေ့ဖူးတယ်၊ ကျွန်တော် တကယ်အံ့သြတယ် အရင်က မိန်းကလေးတွေ အများကြီးနဲ့ အတွေ့အကြုံ ရှိခဲ့ပြီးသား လူတစ်ယောက်က ဒီလောက်ထိ ဖြစ်သွားတာ မတေးကဗျာ သူ့ အပေါ် နည်းနည်းနားလည်ကြည့်ပေးဖို့ သင့်တယ်၊ သူ . . . ဘယ် မိန်းကလေးကိုမှ ဒီလောက်မစွဲလမ်းခဲ့ဖူးဘူး မတေးကဗျာ၊ သူ့နှုတ် ဖျားကနေ မတေးကဗျာရဲ့ နာမည်ကို အခုလို တဖွဖွ ရေရွတ်မနေ ခင် ယောင်ယမ်းပြီး မအော်ခင်ကတည်းက သူက ကျွန်တော့်ကို လာ . . . လာကြွားနေတာ၊ ငါ အခု တကယ့်ကို အချစ်စတွေ့နေပြီ ငါ တကယ်ချစ်တဲ့ မိန်းမတစ်ယောက်ကို တွေ့ပြီတဲ့၊ သူပြောနေတာ တွေ ကျွန်တော်က မယုံတော့ သူက အဲ့ဒီမိန်းကလေးကို ရအောင် လက်ထပ်ပြမယ်ဆိုပြီး အလောင်းအစား လုပ်နေသေးတာ"

"တော်ပါတော့ ကိုဘောဂရယ်"

မသက်မသာမျက်နှာနှင့် တေးကဗျာက တားတော့ ဘောဂက စကားလမ်းကြောင်း ပြောင်းလိုက်ရသည်။ ငါ့ကို ဖြူဖွေး သင်ပေးလိုက်တာ ဘာတွေပြောဖို့ ကျန်ပါသေးလိမ့် . . .။

"မတေးကဗျာနဲ့ သူ့ရဲ့အခြေအနေအမှန်ကို ကျွန်တော် အတိအကျ မသိပါဘူး၊ မတေးကဗျာ သူ့အချစ်ကို လက်မခံဘဲ



ငြင်းလိုက်တယ်ဆိုတာပဲ ကျွန်တော် ဘေးကနေ ရိပ်မိပါတယ်၊ အဲ့ဒါ တော့ မတေးကဗျာရဲ့ ဆုံးဖြတ်ချက်ပါ၊ ကျွန်တော်လည်း ဘယ်လိုမှ မတိုက်တွန်းနိုင်ပါဘူး၊ ဒါပေမဲ့ အခုအချိန်ကတော့ မိတ်ဆွေ အနေနဲ့ဖြစ်ဖြစ်၊ လူသားချင်း ထောက်ထားတဲ့အနေနဲ့ဖြစ်ဖြစ် ဖြူဖွေး ဆီ တစ်ချက်လောက် လိုက်ကြည့်ပေးပါ၊ မတေးကဗျာ မျက်နှာကို ခဏလေးပဲဖြစ်ဖြစ် သွားပြပါ၊ သူလေ သတိလစ်ပြီး ယောင်ယမ်း နေတုန်းကလည်း မတေးကဗျာရဲ့ နာမည်ပဲ အမြဲ ရွတ် ရွတ်နေတာ၊ အခုလည်း အိပ်ဆေးထိုးပြီး သိပ်ထားလို့၊ အိပ်ရာက နိုးလာရင် တယောင်ကတမ်းနဲ့ အရမ်းသွေးဆိုးတာ မတေးကဗျာ၊ ဒရစ်ပိုက် တွေ ဆွဲဖြုတ်၊ အရက်ပုလင်းတွေလိုက်ရှာ အတင်းမော့သောက်၊ ဆရာဝန်က သေသေချာချာ မှာထားတာ၊ ဒီလိုမျိုးဖြစ်ပြီးမှ အရက် ထပ်သောက်ရင် အစာအိမ်ပေါက်ပြီး သေမယ်တဲ့"

"အို . . ."

"ဟုတ်တယ် မတေးကဗျာ၊ မယုံရင် လိုက်ကြည့်ပါ၊ သူ့ အခြေအနေကို မတေးကဗျာမြင်ရင် သဘောပေါက်မှာပါ၊ သူ့ကို ဘယ်ပါ မတေးကဗျာရယ်၊ ကျွန်တော့်သူငယ်ချင်းက အင်မတန် စိတ်ကောင်းရှိပြီး သနားစရာကောင်းတဲ့ ကောင်ပါ၊ အချိန်တန်ရင် သူလည်း သူ့မိဘတွေရှိတဲ့ အမေရိကားကို လိုက်သွားတော့မှာပါ၊ ဒါပေမဲ့ ဒီမှာ နေနေတုန်း အခုလို မတော်တဆနဲ့ သူ့ဘဝလေး ပျက်စီးသွားမှာ၊ ရေတိမ်နစ်မှာ . . . စိုး"

"အို . . . တော်တော့ ကိုဘောဂ၊ ရှင် ခဏစောင့်၊ ကျွန်မ အခု လိုက်ခဲ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဖျတ်ခနဲ တေးကဗျာ ထိုင်ရာမှ အထ၊ ဘောဂတစ်ယောက် ဝမ်းသာလုံးဆို့၍ အကျေနပ်ကြီး ကျေနပ်သွားသည်။ ဘယ်တော့ ဒါပါလား။ ဒါ . . . ဖြူဖွေးသင်ပေးတဲ့ စကားလုံးတွေအတိုင်း ပြော လို့ မဟုတ်ဘူး။ ပြောတဲ့လူ ငါကိုယ်တိုင် တော်လို့။

တေးကဗျာသာ တကယ်လိုက်လာရင် ဖြူဖွေးက သူ့ဆီက ချေးထားတဲ့ ပိုက်ဆံတွေ အကုန်ချေပေးမယ်တဲ့။ ဟီ . . . ဟိ . . . ဘာယ်ဆိုးလို့လဲ။

ဘောဂတစ်ယောက် သူ့အတွေးနဲ့သူ ကျေနပ်နေစဉ် အဆောင်ထဲက တေးကဗျာရဲ့အခန်းထဲမှာ တေးကဗျာက နှင်းနှင် လောဆော်နေသည်။

"နှ . . . ရှင်လည်း အကျီလဲလေ၊ ဘာလုပ်နေတာတုန်း"

"ဟောတော့ . . . ကျုပ်ရော လိုက်ရမှာလား"

"အစုတ်ပလုတ်မ . . . လိုက်ရမှာပေါ့၊ ကိုဖြူရဲ့တိုက်ခန်း က သူတစ်ယောက်တည်းနေတာ၊ ယောကျ်ားတစ်ယောက်တည်း နေတဲ့အိမ်ကို ကျုပ်က မိန်းကလေးတန်မဲ့ တစ်ယောက်တည်း လိုက် ပါ့မလား၊ ရှင် ပါမှ ဖြစ်မှာပေါ့ မယ်နုရဲ့၊ ကဲ . . . မြန်မြန်လုပ်"

❊ ✿ ❊

"ကြွပါ . . . ကြွပါ . . . မတေးကဗျာ၊ အဲ့ဒီမှာ ထိုင်ပါ



အဲ့ဒါ ဧည့်ခန်းပါ၊ ကျွန်တော် သူ နိုးပြီလား သွားကြည့်လိုက်ဦးမယ်၊ သူနိုးရင် မတေးကဗျာလာကြောင်း ကျွန်တော် ပြောပေးပါ့မယ်၊ ဩော် . . . ဩော် ဒီခုံတွေကလည်း ရှုပ်ပွနေလိုက်တာ ကျွန်တော် ရှင်းပေးပါ့မယ်"

ဘောဂ ပျာယာခတ်ပြီး ဧည့်ခန်းထဲ ဆက်တီခုံများတွင် ရှုပ်ပွနေတာကို ကမန်းကတန်း ကောက်ရှင်းသည်။ ကြိုတင်စီမံထား သည့်အတိုင်း ဆက်တီခုံများပေါ်တွင် ဖြူဖွေးရဲ့ အဝတ်အစား ဟောင်းတချို့၊ အရက်ပုလင်းခွံများ၊ ဘီယာဘူးခွံများ၊ စားထား လက်စ အမြည်းပန်းကန်များ၊ သောက်ရေခွက်များ ရှုပ်ပွပြန့်ကျဲနေ၏။

ဘောဂ ဇာတ်တိုက်ထားတဲ့အတိုင်း အဝတ်အစားတွေ ပန်းကန်တွေ ကောက်သိမ်းနေစဉ် . . .

"ကဲ ကိုဘောဂ . . . အဲ့ဒါတွေ ကျွန်မတို့ဘာသာပဲ သိမ်း ဆည်းပေးထားလိုက်မယ်၊ ရှင့်လူနာဆီကိုသာ သွားကြည့်လိုက်ပါ၊ သူ . . . နိုးနိုး . . . မနိုးနိုး ကျွန်မတို့ ဒီမှာ သိမ်းဆည်းရင်း၊ ရှင်း လင်းရင်း စောင့်ပေးနေမယ်၊ ကြည့်ပါဦး . . . တစ်အိမ်လုံးကို ရှုပ်ပွ နေတာပဲ၊ သူ့ကို ကြည့်ပြီး အခြေအနေကောင်းရဲ့လားလို့ ကျွန်မကို လာပြောဦး"

တေးကဗျာက ပြောပြောဆိုဆို ဧည့်ခန်းထဲက ပန်းကန် ခွက်ယောက်တွေ ကောက်သိမ်းတော့ ဘောဂခမျာ . . . အိုက်တင်နဲ့ အားနာပါးနာ ပြောလိုက်ရသည်။

"အားနာစရာတွေတော့ ဖြစ်ကုန်ပြီဗျာ၊ လူနာလာကြည့် ခိုင်းတာ အိမ်ခေါ် ရှင်းခိုင်းသလို ဖြစ်နေပြီ၊ ဒီအိမ်က ယောကျ်ား

www.burmeseclassic.com

www.burmeseclassic.com



လေးတစ်ယောက်တည်း နေတဲ့အိမ်ဆိုတော့ ဒီလိုပဲ ဖြစ်နေတာ ဖြူဖွေးက ပစ်စလက်ခတ်ထားတာလည်း တစ်ပတ်လောက် ရှိပြီဆို တော့ ကျွန်တော်လည်း ရှင်းထားတာပဲဗျ၊ ဒါပေမဲ့ ယောကျ်ား လေးတွေဆိုတော့ . . .

"ကဲပါ . . . ခုမှတော့ အားနာမနေနဲ့တော့၊ မီးဖိုခန်းတ ဟိုမှာနော်၊ သွားတော့ . . . ခဏနေရင် ကိုဖြူ့အခန်းကိုပါ ကျွန်မ တို့ လာရှင်းပေးမယ်၊ လူနာနားမှာပဲနေ . . . သွားတော့ ကိုဘောဂ"

ဘောဂကို တေးကဗျာက တွန်းလွှတ်လိုက်တာနဲ့ ဘော ဝမ်းသာအားရ ဖြူဖွေးအခန်းထဲ ပြေးဝင်လာသည်။

အိပ်ခန်းထဲ ဘောဂဝင်ပြီး တံခါးကို ပြန်ပိတ်လိုက်တာနဲ့ ခုတင်ပေါ်မှာ ပက်လက်ကလေး လှမဲ့ယောင်ဆောင်ကာ ဒရု ပိုက်တန်းလန်းနှင့် ဖြစ်နေသော ဖြူဖွေးတစ်ယောက် မျက်လုံးဖွင့် ကြည့်သည်။

"စကားပြောသံ ကြားတယ်၊ တစ်ခါတည်း ပါလာပြီလား မင်း တယ်တော်ပါလား ဘောဂ"

"ဟဲ . . . ဟဲ . . , ဟော့ကောင် ကိုဖြူ . . . ငါ့အကြွေးတွေ ချေလိုက်ပြီနော်"

"တိုးတိုးပြောစမ်းပါကွ . . . ဟိုမှာ ကြားသွားဦးမယ်၊ ခဏ နေဦး . . . ငါ ဒီအခန်းထဲကနေ နိုးလာပြီး နည်းနည်းအော့တဲ့ အန်တဲ့အသံတွေ လုပ်မယ်၊ ပြီးရင် မင်းက ငါ့ထွေးခံ ယူသွားပြီး အပြင်မှာ သွားသွန်ရင်း ငါ နိုးနေပြီလို့ သူတို့ကို သွားပြော"

"အီး . . . ရွံစရာကြီး"



"ဟော့ကောင် . . . ငါ့ထွေးခံထဲမှာ ဘာမှ မရှိဘူး၊ သဘာဝ ကျအောင် အရက်ပုလင်း ဖောက်သွန်ထားတာ၊ သွားစမ်းပါကွာ"

မကြာပါ။ အခန်းထဲကနေ ဖြူဖွေးတစ်ယောက် ဝေါ့ခနဲ လေတွေ အန်ထုတ်၊ ချောင်းဟတ်သံ၊ ထွေးထုတ်သံတွေ လုပ်ပြလိုက် သည်။ ဘောဂက သူလုပ်နေတာကို ထိုင်ကြည့်ပြီး . . .

"တော်တော်ပီပြင်တာပဲ၊ မင်းကြည့်ရတာနဲ့ ငါတောင် အရက်သောက်ချင်စိတ် ကုန်လာပြီ"

ဘောဂ ရှုံ့ရှုံ့မဲ့မဲ့နှင့် ထွေးခံကိုင်ကာ အခန်းပြင်ထွက်လာ တော့ တေးကဗျာနဲ့ နှင်းနုတို့ မိန်းကလေးနှစ်ယောက် မီးဖိုခန်းထဲ မှာ ဆေးကြောရှင်းလင်းရင်း အလုပ်များနေတာ တွေ့သည်။

တေးကဗျာက ဘောဂကကို ဆီးမေးသည်။

"အသံတွေ ကြားနေရတယ်၊ ထပ်အန်နေပြန်ပြီလား . . . ကိုဘောဂ"

ဘောဂက ထွေးခံကို မိန်းကလေးတွေ မမြင်အောင် ရေချိုး ခန်းထဲ ခပ်မြန်မြန် သွန်ချသည့်ဟန် လုပ်ရင်း . . .

"လေပဲ အန်တာပါ၊ အစာ မပါဘူး၊ ဘာမှမှ မစားထားတာ လေ၊ ဒီလောက် နင်းသောက်နေတာ ဖြစ်မှာပေါ့၊ သေမှပဲ အေးမယ် ကောင် . . ." ၁၀၁

တေးကဗျာဆီက စီခနဲ အသံထွက်လာသည်။

"အို . . . ကိုဘောဂ . . . မညီးမချုတ် ဘာတွေ လျှောက် ပြောနေတာလဲ၊ ကဲ . . . လာ . . . လာ . . . ကျွန်မ သွားအိုးရှိတဲ့ ကြည့်မယ်၊ ကိုဘောဂ လိုက်ခဲ့၊ ဒါနဲ့ သူ့အခန်းထဲ ရှုံ့သောက်ဖို့

www.burmeseclassic.com

www.burmeseclassic.com



ရော ရှေ့ရှိရဲ့လား"

"မရှိဘူး . . ."

"ဟော . . . ကြည့်၊ ရေပုလင်းနဲ့ ဖန်ခွက်ယူခဲ့၊ ပြီးတော့ လက်သုတ်ပုဝါ၊ ဒီလောက်အော့အန်တဲ့ လူနာနားမှာ ဒါတွေ ထား မယ်လေ"

"ဟုတ်ကဲ့ . . . ဟုတ်ကဲ့"

ဘော သာ ဟုတ်ကဲ့ ပြောပြီး တေးကဗျာကပဲ ရေ သေတ္တာထဲမှ ရေပုလင်းတွေ ဖန်ခွက်တွေ ဆွဲထုတ်သည်။ ရေ သေတ္တာထဲက အရက်ပုလင်းတွေ ဘီယာဘူးတွေ တွေ့တော့ တေးကဗျာ မျက်နှာပုပ်သွားသည်။

"ဒီအိမ်မှာ ဒါတွေ ဆက်ထားလို့ မရတော့ဘူးလေ ကို ဘောဂ၊ ကိုဖြူက ဒါတွေမြင်လို့ ထသောက်ရင် သူပဲ အသက်တိုမှာ အဲ့ဒီအရက်ပုလင်းတွေ ဘီယာတွေ အကုန် သွန်ပစ်လိုက်၊ မသွန်ရ လည်း ရှင် အိမ်ပြန်တော့ အကုန်ယူသွားတော့"

"ဟုတ်တဲ့ . . . ဟုတ်ကဲ့ . . . ကျွန်တော် အိမ်ပြန်တော့ ယူသွားလိုက်ပါ့မယ်"

ဘောဂစကားအဆုံးမှာ နှင်းနုက ခစ်ခနဲရယ်မိတော့သည်။ တေးကဗျာက နှင်းနုကို လှမ်းမှာသည်။

"နု . . . ကျွန်မ ကိုဖြူ့အခန်းထဲ ဝင်ကြည့်လိုက်ဦးမယ် ရှင် အဲ့ဒီဖန်ခွက်တွေ ဆေးပြီးသုတ်ပြီးရင် ဧည့်ခန်းထဲက စီဒီအခွေ တွေ ရှင်းရင်းနဲ့ ဧည့်ခန်းထဲမှာပဲ ထိုင်စောင့်နေနှင့်ဦးနော်"

"ဟုတ်ကဲ့ပါ မမရယ်၊ ကဲ . . . သွားမှာသာ သွား"



သူမ ဘောဂနှင့်အတူ ဖြူဖွေးရဲ့အခန်းထဲ ဝင်သွားတော့ ဖွေးက ခုတင်ပေါ်မှာ မျက်လုံးများမှိတ်လျက် မှေးနေတာ တွေ့ရ သည်။ တွေ့တွေ့ချင်း နေမကောင်းဖြစ်နေတဲ့ပုံစံက အရမ်းကို သိ သာနေသည်။ သွေးဆုတ် ဖြူဖျော့နေတဲ့ အသားအရေနဲ့ ချောင်ကျ နေတဲ့ မျက်နှာ၊ မုတ်ဆိတ်ကျင်စွယ်တွေက ထိုးထိုးထောင်ထောင်နဲ့ ဆံပင်တွေက ရှည်လျား ရှုပ်ပွလို့။ ဟိုးအရင်က သူမ သိခဲ့ဖူးတဲ့ သန့်ရှင်းသပ်ရပ်ပြီး ချောမွတ်နုနယ်လွန်းတဲ့ ကိုလူထွားလေး . . . ဖွေးဆိုသူရဲ့ ပုံရိပ်တွေ ဘယ်မှာများလဲ . . .။

အခန်းထဲမှာလည်း မြင့်မကောင်းအောင် ပုလင်းဖန်ခွက် တွေ အဝတ်အစားတွေ ပြန့်ကျဲ။ အလင်းရောင် သိပ်မကောင်းရတဲ့ အထဲ လှောင်အိုက်နေတော့ အနံ့အသက်ကပါ မလတ်ဆတ်။ ကွယ် . . . ဒီလောက်တောင်ပဲ သူ ပြောင်းလဲသွားရသလား။

"ဩော် . . . ကိုဘောဂရယ် ပြတင်းတံခါးတွေ ခဏ ဖွင့်ပြီး က်ကာတွေ ဘေးဆွဲထားရအောင်ပါ၊ ဒီမှာ ကိုဖြူ့အခန်းက လှောင်ပိတ်မွန်းကျပ်နေတာပဲ၊ လေကောင်းလေသန့်ရမှ သူ အန် င်စိတ်တွေပျောက်ပြီး လန်းဆန်းလာမှာပေါ့"

"ကျွန်တော်က သူ ဖျားနေတာဆိုတော့ . . ."

ဘောဂက ပြောလိုက်ပေမယ့် တံခါးတွေတော့ လိုက်ဖွင့် ပေးလိုက်သည်။ တေးကဗျာက ဖြူဖွေးရဲ့ခုတင်ဘေး သွားကာ ကြောဆေးသွင်းထားသည့် ပိုက်တန်းလန်းနဲ့ လက်ဖျားလေးတွေ သွားရောက် ဆုပ်ကိုင်ကြည့်လိုက်သည်။

"အရမ်းဖျားနေလို့လား"

www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒီအချိန်မှာ ဖြူဖွေး မျက်လုံးပွင့်လာသည်။ ဖြူဖွေး မျက်လုံးတွေက အရမ်းကိုပိုပြင်ပါသည်။ ရီဝေစိုစွတ်နေတဲ့ အကြ တွေက ပထမ ဝေခွဲမရဟန် . . .။ ပြီးတော့ အံ့သြသွားဟန်၊ တော့ ဝမ်းသာလွန်းလို့ လက်ခနဲ ဖြစ်သွားတဲ့ အကြည့်တွေ . . . အားလုံးကို တစ်ပြိုင်တည်း သရုပ်ဆောင်လိုက်နိုင်သည်။

"တေး . . ."

အက်ကွဲနေသည့် လေသံတစ်ခုနှင့် သူမကို ခေါ်သည်

"ကျွန်တော် အိပ်မက် မက်နေတာလားဟင်"

အိုကွယ် . . . တေးကဗျာ ရင်ထဲက လှိုက်ခနဲ ဝမ်းနည် သွားပါသည်။ အဲ့ဒီလို မျက်လုံးမျိုး . . . အဲ့ဒီလို လေသံမျိုးနဲ့ တော် တန်ရဲ့ မိန်းကလေးတွေရဲ့ နှလုံးသားတွေ ဝုန်းခနဲ ပေါက်ကွဲပျက် သွားနိုင်ပါသည်။ သို့ပေမယ့် သူမကတော့ အချစ်နဲ့ ပတ်သက်လ လျှင် အမြဲတစေ မာကျောခက်ထန်နိုင်ဖို့ ကြိုးစားချင်ပါသည်။

တေးကဗျာ သနားတတ်ပါသည်။ ဒါပေမဲ့ အဲ့ဒါ အချ မဟုတ်ဘူးလေ။ ဖြူဖွေးက ခုတင်ပေါ်ကနေ သူမကို အသနား သည့် မျက်ဝန်းတစ်စုံနှင့် ငေးကြည့်နေလိုက်တာများ သူမ အရှေ ပျော်ကျသွားလောက်ပါသည်။

"တေး . . . ကို ကျွန်တော် အိပ်မက်ထဲမှာ အမြဲတွေ့နေ တာ၊ အိပ်မက်ထဲမှာလေ . . . တေးက အခုလိုမျိုးပဲ ကျွန်တော့်လက် တွေကို အမြဲ ဆုပ်ကိုင်ထားတယ်"

သူမ ဆုပ်ကိုင်ထားမိသော လက်ချောင်းလေးတွေ အမှတ်မထင် ဖြေလျှော့ပစ်လိုက်မိသည်။



"အိပ်မက်တွေဟာ အပြင်မှာ တကယ်ဖြစ်မလာနိုင်မှန်း န်တော် သိပါတယ်၊ ဒါကြောင့် ကျွန်တော် အဲ့ဒီအိပ်မက်ထဲမှာပဲ ချင်တယ်၊ အိပ်မက်တွေပဲ အမြဲမက်ချင်တယ် . . . တေးရယ်၊ ပ်မက်ထဲက ကျွန်တော် မနိုးချင်တော့ဘူး၊ မနိုးသော အိပ်ခြင်းနဲ့ပဲ န်တော် အိပ်စက်ချင်လိုက်တာ"

"အို . . . ကိုဖြူ . . ."

သူမ အလန့်တကြား အော်ဟစ်တားမြစ်လိုက်တော့ ဖွေးရဲ့ မျက်နှာက ဖျော့တော့စွာ ပြုံးရီလာသည်။

"စိုးရိမ်လို့လား . . . တေး၊ ဘာကို စိုးရိမ်နေရတာလဲ၊ န်တော်သေသွားရင် ဒီကမ္ဘာပေါ်မှာ ငိုမယ့်သူ တစ်ယောက်မှ မဟုတ်ဘူး၊ ကျွန်တော့်အဖေနဲ့ အမေတောင် ငိုမှာမဟုတ်ဘူး၊ းကရော ငိုမှာမို့လား၊ ကျွန်တော်က တေးချစ်သူမှ မဟုတ်ဘဲ၊ လို့ ငိုရမှာလဲ"

"ကိုဖြူရာ . . . ဘာတွေ လျှောက်ပြောနေတာလဲ၊ တေး ကြိုက်ဘူး၊ နေမကောင်းရတဲ့အထဲမှာ ဘာလို့ ဒါတွေ စဉ်းစားနေ လဲ"

"အဲ့ဒါတွေ စဉ်းစားလို့ပဲ ကျွန်တော် နေမကောင်းဖြစ်တာ

သူမ ခေါင်းကို ဆတ်ခနဲ တစ်ချက်ခါလိုက်မိသည်။ ယူလာ ာ ရေပုလင်းထဲက ရေကို ဖန်ခွက်ထဲ ငှဲ့တိုက်တော့ ဖြူဖွေးက ငုံနှစ်ငုံ ငုံသောက်သည်။ နှုတ်ခမ်းဖျားမှ ဖိတ်စင်ကျန်သော တို သူမ သုတ်ရန် လက်ကိုင်ပုဝါဖြင့် တို့ပေးသော သူမလက်ကို

www.burmeseclassic.com



ဖြူဖွေးတ ဖုတ်ခန် ဆွဲကိုင်သည်။

"လွှတ်ကွာ"

သူမ ရုက်ရုက်နှင့် ဘေးဘီကို စောင်းငဲ့ကြည့်တော့ ကိုဘော ဂ တစ်ယောက် ဘယ်အချိန်ကလစ်ထွက်သွားသည် မသိ။ မရှိတော့

ဖြူဖွေးက သူမ, ပြောသည့်အတိုင်း လက်ကို လွှတ်ပေး သည်။ ဒီလိုကျတော့လည်း သူ့ခမျာ သနားစရာ။ ဘယ်တော့မ သူမ ပြောစကားတွေ တစ်သဝေမတိမ်း နားထောင်နေတဲ့သူ။

"ကိုဖြူ . . . ကိုဖြူ့ကို တေး လေးလေးနက်နက် တစ် ပြောချင်တယ်"

"ပြောပါဗျာ၊ တေး ဘာပြောပြော ကိုဖြူ လိုက်နာပါ့မယ်"

"လောကကြီးမှာ ထောင့်ငါးရာတစ်ခုတည်း အချစ်မဟုတ် ဘူး ကိုဖြူရယ်"

"တေးရယ်"

သူ့ရဲ့ ညည်းတွားသံကို သူမ မကြားရက်စွာ ကျောခိုင်း ခုတင်အနားက ခွာလိုက်ရသည်။ ပြီးတော့ အခန်းထဲက ဖရိုဖ ဖြစ်နေသော အဝတ်အစားများတို ကြည့်ကောင်းအောင် သူ ကောက်သိမ်းနေမိသည်။

သူမ လုပ်နေပုံတွေကို ခုတင်ပေါ်မှ ဖြူဖွေး စောင်းငဲ့ကြ သည်။ ပြီးတော့ ပြောသည်။

"အားနာလို့ လိုက်လျောရတဲ့ စကားတွေ၊ အပြုအမူ မပြောပါနဲ့၊ မလုပ်ပါနဲ့တော့ တေး၊ တေး . . . ကျွန်တော့်ကို လုံး လှည့်မကြည့်ဘဲ ဒီနေရာမှာတင် ပစ်ချထားခဲ့လို့ ရပါတယ်၊ ကျွ



တော့်ထိုက်နဲ့ ကျွန်တော့်ကံပဲ ထားလိုက်ပါ၊ ကျွန်တော်က တေး သနားအောင် လုပ်ပြနေတာ မဟုတ်ပါဘူး၊ ကျွန်တော့်အပေါ် တေး သနားဖို့လည်း မလိုပါဘူး၊ တေး . . . ပြန်ပါ"

"မဟုတ်ဘူး ကိုဖြူ၊ ကိုဖြူနဲ့ ကျွန်မအကြားက မဖြစ်နိုင်တဲ့ ဘတ်လမ်းတွေကို ရပ်ပြီး ကျွန်မတို့ သန့်ရှင်းစွာ ဆက်လက် ခင်မင် ရင်းနှီးလို့ မရနိုင်ဘူးလား ကိုဖြူရယ်၊ ဘာလို့ မရနိုင်ရမှာလဲ၊ ကျွန်မ လေ . . ."

သူမ အဲဒီစကားအရောက်မှာ သူ့ရဲ့ ဖြူစင်နူနယ်ပြီး ချော မွေ့လွန်းတဲ့ မျက်နှာတစ်ခုကို ငေးစိုက်ပြီး ကြည့်လိုက်မိတယ်။

"ကျွန်မလေ ကိုဖြူ့ကို စတွေ့ကတည်းက ကိုယ့်အစ်ကို တစ်ယောက်လို၊ မောင်လေးတစ်ယောက်လိုပဲ စိတ်ထဲက ခင်မင်ချင် မိတယ်၊ ကိုဖြူက ဆိုးတယ်၊ စကားပြောသွက်တယ်၊ ကူညီတတ်တယ်၊ ကိုဖြူ့ကို ကျွန်မ တကယ်ခင်တာကိုဖြူ၊ ဒါပေမဲ့ ချစ်သူတစ်ယောက် လိုတော့ ဘယ်တော့မှ ချစ်မလာနိုင်တာ ကိုဖြူ နားလည်ပေးပါ၊ အဲဒါ ကျွန်မရင်ထဲမှာ ထွင်၊ ကိုထွေ့ရှိနှင့်ပြီးသား ဖြစ်တာနဲ့လည်း ဘာမှ မဆိုင်ဘူး၊ ကျွန်မမှာ ချစ်သူ ရှိရှိ . . . မရှိရှိ ကိုဖြူ့အပေါ်မှာ ကျွန်မဘက်က ဖြူစင်ရိုးသားစွာနဲ့ပဲ ခင်ချင်တာ၊ အမြဲတမ်း အဲ့ဒီလိုပဲ ခင်ချင်တာ ကိုဖြူ၊ အဲ့ဒါ ကျွန်မဘက်က မပြောင်းလဲနိုင်တဲ့ သဘော ထားပါ ကိုဖြူရယ် . . .၊ ကျွန်မတို့ ဘာလို့ ဖြူစင်နေတဲ့အရာကို အရောင်တွေ ဆိုးပစ်ရမှာလဲ . . ."

"တေးရယ် . . . ကျွန်တော့်ကို ကလေးတစ်ယောက်လို နှစ်သိမ့်သလိုမျိုး ကိုယ်လိုချင်တာ မရနိုင်လို့ အခြားတစ်ခု အစား

www.burmeseclassic.com

www.burmeseclassic.com



ပေးသလိုမျိုး မပေးပါနဲ့၊ ကျွန်တော်က အားလုံး ရချင် ရပါ၊ မရရင်တော့ ဘာမှ မလိုချင်ဘူးဆိုတဲ့ စိတ်ရှိတယ် . . . တေး သိပါတယ်၊ ကျွန်တော့်မိဘတွေကိုလည်း ကျွန်တော် အဲ့ဒီလိုပဲ ပြောခဲ့ဖူးပါတယ်၊ မေမေ့ဖေဖေနဲ့မေမေ့ဆီက နွေးထွေးတဲ့မေတ္တာကို အတူတကွ ပေါင်းစည်းပြီး ရချင် ရ၊ တကွဲတပြားစီ ရမယ်ဆိုရင်တော့ အဲ့ဒီမေတ္တာကို ကျွန်တော် လုံးဝ မလိုချင်ပါဘူးတေး . . . အဲ့ဒါ ကျွန်တော့်စိတ်ပဲ"

သူမ ခေါင်းကို ဆတ်ခနဲ ခါပစ်လိုက်မိပါသည်။ ပြီးတော့ သူ့ကို ဂရုဏာသက်စွာ ငေးစိုက်ကြည့်မိသည်။ သြော် . . . မေတ္တာငတ်နေတဲ့ လူတစ်ယောက် . .။ ဒါပေမဲ့ အဲ့ဒီမေတ္တာအကြောင်းကို မသိသေးတဲ့ လူတစ်ယောက် ဖြစ်နေပြန်တယ်။

သူမ အပြုံးတစ်ခုဖြင့် သူ့ကို နှစ်သိမ့်လိုစွာ ပြုံးပြလိုက်မိ၏။

"ကိုဖြူ . . အချစ်ဆိုတဲ့အရာကို ရှင် သေသေချာချာ မသိသေးဘဲနဲ့ အဲ့ဒီအရာကို ရှင်လိုချင်လို့ မရဘူးလေ၊ ရှင် . . တစ်ခုခုကို လိုချင် တပ်မက်တယ်၊ ပိုင်ဆိုင်ချင်တယ်ဆိုတာ အချစ်မှမဟုတ်တာ၊ အဲ့ဒါ အတ္တပါ ကိုဖြူ၊ အဲ့ဒါကို အတ္တလို့ ခေါ်ပါတယ်၊ ပြီးတော့ လူတစ်ယောက်ရဲ့ နှလုံးသားမှာ အချစ်နဲ့ အတ္တဆိုတာ ဘယ်သောအခါမှ အတူတကွ ယှဉ်တွဲပြီး တစ်ချိန်တည်း တစ်ပြိုင်တည်း ရှိမနေနိုင်တဲ့ အရာတွေ . . .၊ အတ္တရှိနေရင် အဲ့ဒီနှလုံးသားမှာ အချစ်ဆိုတာ မရှိဘူး၊ အချစ်ဆိုတာ ရှိလာပြန်ရင်လည်း အတ္တက နှလုံးသားထဲကနေ ထွက်ပြေးရပြန်တယ်"

စူးလက်စွာ ကြည့်နေသော သူမ၏ အကြည့်တွေကို မခံရပ်နိုင်သည့်အလား သူ မျက်လွှာချနေပါသည်။ သူမ ဆက်ပြောလိုက်



သည်။ ဆက်ပြောမှုကို ရပါမည်။

"ကိုဖြူ . . . အခု ကိုဖြူရဲ့ နှလုံးသားမှာ ဖြစ်ပေါ်နေတဲ့ အရာရာကို လိုချင်တပ်မက်နေတဲ့ စိတ်တွေ၊ ပိုင်ဆိုင်ချင်စိတ်ကြီးတဲ့ ခံစားချက်တွေကို အချစ်လို့ အမည် မတပ်ပါနဲ့ ကိုဖြူရယ်၊ အချစ်ဆိုတာလေ . . . ကိုယ်ချစ်တဲ့သူဆီက မရနိုင်တဲ့အရာတွေကို မတောင်းခံရဘူးတဲ့၊ ကိုယ့်ရဲ့အတ္တတွေကိုသာ သူ့ဘဝထဲကို အလုံးစုံ နှစ်မြှုပ်ပေးအပ်လိုက်ရတာတဲ့ ကိုဖြူ . . . ကျွန်မဆီက မပေးနိုင်တဲ့ အရာတွေ မတောင်းပါနဲ့ ကိုဖြူရယ်၊ ကျွန်မစိတ်ညစ်လို့ ငိုမိလိမ့်မယ်၊ ကျွန်မငိုတာ ကိုဖြူ ကြည့်ရက်မှာလား"

"တော်ပါတော့ဗျာ"

သူ့ဆီက ပြုံးရွှင် ရှယ်မောလျက် တားမြစ်သံကို ကြားလိုက်ရမှ သူမ စိတ်ချမ်းသာရပါသည်။ သူမ စိတ်ရှည်စွာ ဖျောင်းဖျရကျိုးနပ်သည်ဟု တစ်ခါတော့ နပ်ပြီ ထင်ပါသည်။

"ကျွန်တော့်အတွက် ငိုတော့ မငိုပါနဲ့ တေးရယ်၊ ကျွန်တော် နောက်ထပ် တေးဆီက မပေးနိုင်တဲ့အရာတွေ ဘယ်တော့မှ မတောင်းဆိုတော့ပါဘူးလို့ ကတိပေးတယ်၊ တကယ် . . . တေး စိတ်ဆင်းရဲမယ့်အလုပ် ဘယ်တော့မှ မလုပ်တော့ပါဘူး"

"တကယ် . . ."

သူမ၏ မျက်နှာလေး ဝင်းလက်သွားပါလိမ့်မည်။

"ကိုဖြူနဲ့ တို့ အသန့်စင်ဆုံး ဆက်ပြီး ခင်မင်ကြမယ်နော်၊ ကတိပေးမလား"

"ဟုတ် . . ."

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်ရဲ့ ရယ်မောသံတွေက အခန်းထဲမှာ ဝေစီလို့ သွားသည်။ သို့ပေမယ့် ကတိတစ်ခုကို သူက သူမဆီ ပြန်တောင်းလိုက်ပါသည်။

"ဒါပေမဲ့ ကျွန်တော့်ကို တစ်ခုတော့ ပြန်လိုက်လျော်ပါ လား တေးရယ်၊ အခု ကျွန်တော်တောင်းဆိုတာကိုတော့ တေး ပေး နိုင်မှာပါ၊ ဒီတစ်ခုတည်းပါ"

"ဘာများလဲ ကိုဖြူရာ . . ."

သူမ၏ မျက်ဝန်းဝိုင်းဝိုင်းငေးလေးများက စိတ်ဝင်တစားဟန် နဲ့ သူ့ကို မော့ကြည့်လေသည်။

"ကျွန်တော့်ကို ကိုထွန်းခေါင်မိုးနဲ့ မိတ်ဆက်ပေးမလားဟင်"

"မောင် . . ."

မမျှော်လင့်ထားသည်ကို ကြားရ၍ထင်သည် . . . သူမ မျက်နှာလေး ပျက်ယွင်းစွာ ခေါင်းကို ငုံ့ချပစ်လေသည်။

သူ ဆက်၍ ပြောချပစ်လိုက်သည်။

"တေးလို စိတ်ရှည်သည်းခံပြီး နားလည်ခွင့်လွှတ်တတ်တဲ့ အတ္တမဲ့စွာ ပေးဆပ်နိုင်မယ့် မိန်းကလေးတစ်ယောက်ရဲ့ အချစ်ကို ရရှိလိုက်တဲ့ ကမ္ဘာပေါ်မှာ ကံအကောင်းဆုံး ယောကျ်ားတစ်ယောက် ကို မြင်ဖူးချင်လို့ပါ . . . တေး၊ ကျွန်တော် အားကျစွာ မြင်ဖူးချင် လို့ပါ"

"ကိုဖြူရယ် . . ."

❊ ✿ ❊

# ေနိနိ

www.burmeseclassic.com

www.burmeseclassic.com

တဝုန်းဝုန်းနဲ့ ထုနေသော တံခါးခေါက်သံအပြင် လျှပ်စစ်ခေါင်းလောင်းခလုတ်ကို ဆက်တိုက်နှိပ်နေသော ဆူညံသံများကြောင့် သူ အိပ်ရာမှ လန့်နိုးလာရသည်။

အိပ်ရေးမဝသေး၍ မျက်လုံးများကို ပွတ်သပ်ကာ တိုက်ခန်း တံခါးဝဆီ လျှောက်သွားတော့ အပြင်ဘက်ကနေ သူ့နာမည်တပ်ကာ အော်ကြီးဟစ်ကျယ် ခေါ်နေကြသည့် ဘောဂအသံရော ကိုနေရဲ့အသံစူးစူးကိုပါ သူ ကြားလိုက်ရသည်။

လာကြပြန်ပြီ . . .။ ဒီတစ်ခါ လာပုံလာနည်းက ပွက်လောကို ရိုက်နေတာပါကလား။ စိတ်ညစ်ညစ်နဲ့ ခေါင်းကို ဆတ်ခနဲ တစ်ချက်ခါလိုက်ရင်း တံခါး သွားဖွင့်ပေးလိုက်သည်။

"ဘယ်လို ဖြစ်လာကြတာလဲကွာ . . . ဒီမှာ . . . ကောင်းကောင်းကို မအိပ်ရဘူး"



သူ ပြောရင်းနဲ့ ဝါးခနဲ သမ်းကာ လေးတိလေးကန်ဖြင့် အိပ်ခန်းဆီသို့ ပြန်ရုန် ပြင်သည်။ တံခါးဖွင့်ဖွင့်ချင်း ဝုန်းခနဲ ဝင်လာကြသော ဘောဂနှင့် ကိုနေက သူ့တစ်ကိုယ်လုံးကို ကိုင်လှုပ်ရင်း ပြူးပြူးပျာပျာ အော်ဟစ်နေကြသည်။

"ဟေ့ကောင် ကိုဖြူ . . . ပြန်အိပ်ဖို့ မစဉ်းစားနဲ့၊ ဒီမှာ . . . မင်း ငါတို့နဲ့ မြန်မြန်လိုက်ခဲ့၊ ဟေ့ကောင် အရမ်းအရေးကြီးတယ်"

"ကိုဖြူ . . . ဟေ့လူကြီး . . . ခင်ဗျား . . . ဒီအိမ်မှာ တစ်ယောက်တည်း ဆက်မနေနဲ့တော့၊ အန္တရာယ် အရမ်းများနေပြီ၊ ဟေ့လူ . . . ထဗျာ . . . နိုးတော့"

"ဘာဖြစ်နေတာလဲ၊ ငါနေတဲ့ တိုက်ကို ဘယ်လေယာဉ်ပျံဝင်တိုက်လို့လဲ၊ ငါတော့ ဘာသံမှ မကြား . . ."

သူ့စကား မဆုံးသေး။ ဘောဂက ထိတ်လန့်တကြားလေသံဖြင့် . . . "ကိုဖြူ . . . နောက်မနေနဲ့၊ ဒါ နောက်ရမယ့်အချိန်မဟုတ်ဘူး၊ ဒီမှာ . . . ကိုနေပြောတာ မြန်မြန်နားထောင်စမ်း . . .၊ ဒီကောင် သူ့အပေါင်းအသင်းတွေဆီက သတင်းတွေ ကြားလာလို့၊ ဟေ့ကောင် ကိုနေ . . . ရှင်းလေကွာ"

"ကိုဖြူ . . . ဟေ့လူကြီး . . . မျက်လုံးဖွင့်ဗျာ၊ ကျွန်တော်ပြောတာ သေချာနားထောင်ဦး၊ ခင်ဗျား . . . ဒါလီဆွေကို မှတ်မိသေးလား၊ ခင်ဗျားရဲ့ ဆယ်ယောက်ကျော် . . . ဆယ့်သုံး . . . ဆယ့်လေးလား . . .၊ အဲ့ဒီအကြိမ်မြောက် ရည်းစားဗျာ"

"ထားလိုက်ပါတော့ . . . မမှတ်မိတော့ဘူး၊ ပြောစမ်းပါ၊

www.burmeseclassic.com



အဲဒါ ဘာဖြစ်လဲ"

"ခင်ဗျား သူ့အသည်းကို ခွဲတုန်းက တငိုငိုတရယ်ရယ် ဖြစ်သွားလို့ စိတ်ကုဆရာဝန်တောင် ပြရသေးဆိုပဲ၊ အဲဒါ ဒါလီဆွေ ရဲ့အစ်ကို သူရိန်ဆွေဆိုတာလေ . . . အဲဒီတုန်းက ခင်ဗျားကို မ ကြိမ်း ကြိမ်းသေးတာဆို . . ."

"သူ့အစ်ကိုက ကျန်ကျောင်းလောက် တော်လို့လား"

"ဟာဗျာ . . . အရေးထဲ မနောက်စမ်းပါနဲ့၊ အဲဒီကောင် သူရိန်ဆွေက အဲဒီကတည်းက ခင်ဗျားကို မကြည်တာ၊ အခု . . . သူ့မိဘတွေက သူ့ကို ကောင်မလေးတစ်ယောက်နဲ့ စေ့စပ်တယ် သူကလည်း အဲဒီကောင်မလေးကို တော်တော်ကြိုက်တယ်၊ စေ့စပ် ပြီးတော့မှ အဲဒီကောင်မလေးက သူ့မှာ ချစ်သူ ရှိခဲ့ဖူးတယ်၊ ကျွန်မ အချစ်ကို ရှင် ဘယ်တော့မှ မရနိုင်ဘူး၊ ခန္ဓာကိုယ်ပဲ ရမယ် . . . ဘာညာပေါ့ဗျာ၊ ရုပ်ရှင်တွေထဲကလို . . . ပြောလိုက်တာ ဒီကောင် တော်တော်နာသွားတယ်၊ အဲဒီကောင်မလေးက မြဝတ်ရည်ဆိုလား မြဝတ်လွှာ ဆိုလား . . ."

"ဒါတော့ ကိုယ်မှတ်မိတယ်၊ ကိုယ်ရဲ့ဆယ့်ရှစ် . . . ဒါ . . . ဆယ့်ကိုးယောက်မြောက်၊ နာမည်က မြဝတ်ရှို၊ မေးဖျားမှာ မှဲ့နက်လေးနဲ့ ဆရာ . . . မိတယ်၊ သူရိန်ဆွေ ကံကောင်းတာပေါ့"

"ခြော် အရေးထဲ ဟော့လူကြီး . . . ကံကောင်းမလား သူရိန်ဆွေကို အဲဒီမြဝတ်ရှိုက ကျွန်မရဲ့နှလုံးသားက ဒီကမ္ဘာပေါ်မှာ အချစ်ဆုံးသောယောက်ျားဟာ တစ်ယောက်ပဲရှိတယ်၊ အဲဒါ . . . ကိုဖြူဖွေးပဲလို့ ပြောချလိုက်တော့ ဒီကောင် ဆတ်ဆတ်ခါ နာသွား



တာပေါ့၊ အဲဒါနဲ့ ဒီကောင်က ခင်ဗျားကို ချောင်းရိုက်မလို့တဲ့၊ လူစုနေ တယ်၊ သူ့လိုပဲ ခင်ဗျားကို ကြည့်မရတဲ့ကောင်တွေပေါ့၊ နှစ်ယောက် တောင်ရပြီလို့ ပြောတယ်၊ နောက်ထပ် နှစ်ယောက်လောက်ရရင် ခင်ဗျားကို ဒီနေ့ညပဲ ဝိုင်းဘောမယ်လို့ ကြိမ်းနေတယ်၊ ခင်ဗျား တစ်နေရာရာကို ခဏသွားရှောင်နေမှ ဖြစ်မယ် ကိုဖြူ၊ ဒီကောင်တွေ အုပ်စုက ခင်ဗျားကိုတွေ့တာနဲ့ အသားကုန်တွယ်မှာနော် "

"ငါ ဘာမှ ရှောင်စရာမလိုဘူး၊ ဒါ . . . မင်းမဲ့တိုင်းပြည် မဟုတ်တာ၊ သူတို့ လုပ်ချင်တာ လုပ်လို့ ရမလား"

"ခင်ဗျားကြီး . . . လေမကျယ်နဲ့ ကိုဖြူ ခံရမှာက ခင်ဗျား ရင်၊ သူတို့ ထောင်ထဲရောက်မှာက နောက်၊ သူတို့ထောင်ထဲ ရောက်တာက ဟုတ်တယ်ထား၊ မတော်လို့ သူတို့ လက်လွန်သွားရင် ခင်ဗျား နာမှာနော်၊ သူတို့ထဲက တစ်ယောက်ဆို ခင်ဗျားကို တော်တော်မုန်းနေတာ၊ ဟိုကောင်ဗျာ . . . ရန်နိုင်ကျော်ကျော်ဆိုတဲ့ ကောင်၊ ခင်ဗျားနဲ့သူ မဒီလေးတစ်ယောက်ကို ပြိုင်လိုက်တာ ခင် ဗျားက ရသွားပြီး . . . နောက်တော့ အသည်းခွဲထားခဲ့တာ၊ အဲဒီ ကောင်မလေးက ရှက်ရှက်နဲ့ နိုင်ငံခြား ထွက်သွားတယ်ဆို . . ."

"အဲဒါ နွေမာလာ . . . ၊ နွေမာလာ သူ့ဟာသူ ဖောရိန်းဒီး သွားတာ ငါနဲ့ ဘာဆိုင်လဲ၊ သူ့ဟာသူ ရအောင် လိုက်ပါလား၊ ငါ ထားခဲ့ပြီး တစ်နှစ်လောက်ကြာမှ နွေမာလာက ထွက်သွားတာ၊ ငါနဲ့ မဆိုင်ပါဘူး"

"ဆိုင်ဆိုင် . . . မဆိုင်ဆိုင်တော့ မသိဘူး၊ ခင်ဗျားကို အဲဒီ ရန်နိုင်ကျော်ကျော်ကလည်း မကြည်ဘူး၊ သူက ချောင်းမရိုက်ချင်ဘူး

www.burmeseclassic.com

www.burmeseclassic.com



တဲ့၊ မျက်နှာကို အက်စစ်နဲ့ ပက်ပစ်မယ်တဲ့ . . .၊ သူရိန်ဆွေ
တိုင်ပင်နေကြတာ၊ ခင်ဗျားနော် . . . ပေါ့ပေါ့ မတွက်နဲ့၊ ဒီကော
တွေက ခင်ဗျားကို ဂျေဝင်နေတာ တကယ်လုပ်မှာ"

ဖြူဖွေး ငြိမ်သက်သွားရသည်။ ကိုနေ့ ပြောတာ မလွ
အမှန်တရားတွေ အများကြီးပါသည်။ ဒီကမ္ဘာပေါ်မှာ သူ့
မုန်းတီးနေတဲ့ ယောကျ်ားတွေ တော်တော်များများ ရှိသည်။

"အဲ့ဒီတော့ ငါက . . . အခု ဘယ်ကိုရှောင်နေရမှာလဲ
ရှောင်လည်း သူတို့က ရှာရင် တွေ့မှာပဲ"

ကိုနေက ဟျာဟျာသလဲ ဝင်ပြောသည်။

"ခင်ဗျား . . . သူငယ်ချင်းတွေအိမ်မှာ သွားမနေ
ခင်ဗျားကို ဒီတိုက်ခန်းမှာ ရှာမတွေ့ရင် ခင်ဗျားရဲ့ သူငယ်ချင်းတေ
အိမ် လိုက်စုံစမ်းပြီး ရှာမှာပဲ၊ ခင်ဗျားအကြောင်းကို သူတို့က သူ
ကောင်မလေးတွေဆီက တော်တော်များများ သိထားတယ်၊ ခင်ဗျ
ရဲ့ ကားနံပါတ်တောင် သူတို့ သိထားတယ်၊ လူမတွေ့ရင် ကား
တောင် သူတို့ ရန်ရှာပြီး ဖျက်ဆီးပစ်မှာ ကြောက်ရတယ်၊ ခင်ဗျ
. . . အခု ကားပါကင်ထဲမှာလည်း ကားကို ဒီလိုရပ်ထားလို့ မဖြ
တော့ဘူး"

"အဲ့ဒီတော့ ငါက ဘာလုပ်ရမှာလဲ ငနေရ . . ."

"ခင်ဗျား . . . ကျွန်တော့်အိမ် လိုက်နေရမယ်"

"ဟေ . . ."

သူ့မျက်လုံးများ အံ့အားသင့်တကြီး ပြူးထွက်လာစဉ်
ဘောဂက ပြုံးစိစိလုပ်နေသည်။ ကြည့်ရတာ သူတို့နှစ်ယော



သမ်းမှာကတည်းက တိုင်ပင်ပြီး ဆုံးဖြတ်လာပုံရသည်။

သေစမ်း . . . ကိုနေက တိကျပြတ်သားသော လေသံနှင့်
ဆပ်ပြောသည်။

"ကျွန်တော့်အိမ်ကလွဲပြီး ခင်ဗျား ပြေးစရာ မြေမရှိဘူး၊
ကျွန်တော်နဲ့ ခင်ဗျားက ဘော်ဒါတွေဖြစ်တာ မကြာသေးတော့
ဒီကောင်တွေ သိမှာ မဟုတ်သေးဘူး၊ ကျွန်တော့်အိမ် ခဏလိုက်နေ
ရင် ခင်ဗျား ခြေရာပျောက်သွားမယ်၊ ကားကိုလည်း ကျွန်တော့်အိမ်
က ဂိုဒေါင်ထဲမှ ခဏခြင်ထောင်ချထားပြီး ကျွန်တော့် အဖိုးကြီးကား
တစ်စီးယူသုံးနှင့်ဗျာ၊ ခင်ဗျားနော် . . . ခင်ဗျားကို ကျွန်တော်က
ကျွန်တော်နဲ့ တေးကို ပြန်ရင်ကြားစေ့ပေးမယ့် အောင်သွယ်တော်
ကျေးဇူးရှင်မို့လို့ ဒီလောက် ကျေးဇူးဆပ်နေတာ၊ သဘောပေါက်၊
လာ . . . အခု . . . အထုပ်အပိုးပြင်၊ လိုက်ခဲ့"

"ဘုရားရေ . . ."

တအံ့အသြနဲ့ သူ ဘောဂကို စောင်းငဲ့အကြည့်မှာ . . .။

"ဟေ့လူ ကိုဖြူ . . . ခင်ဗျား ဘောဂအိမ်မှာ နေဖို့ မစဉ်း
စားနဲ့၊ ဘောဂနေတဲ့အိမ်က တိုက်ခန်းကျဉ်းကျဉ်းလေး၊ သူ့အစ်ကို
သုံးယောက်ရဲ့မိန်းမ . . . သူ့မရီးတွေကလည်း ရှင်မွေးလွန်းတွေ၊
မွေးထားလိုက်တာ ဘုစုခရုတွေက နှစ်ဒါဇင်ပြည့်တော့မယ်"

"အောင်မာ . . . ငနေစုတ်၊ မသာလေး . . ."

ဘောဂဆီက ကျိတ်ဆဲသံထွက်လာတော့ သူ မရယ်ဘဲမနေ
နိုင်။ ဒါပေမဲ့ စိတ်ရှုပ်ရှုပ်နှင့် နှစ်ယောက်စလုံးကို အော်ဟစ်မိလိုက်
သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်တွေ . . . ဖြစ်ပါ့မလားကွ၊ ငါနဲ့ . . . ကိုနေနဲ့ . . . သူ့အိမ်မှာ . . . တော်ကြာ . . ."

ကိုနေရဲ့ မျက်လုံးများ ပြူးကျယ်လာပြီး လက်သီးဆုပ်က ရှေ့ထွက်လာသည်။

"ဟေ့လူကြီး . . ဘာမှယီးတီးယားတားတွေ စဉ်းစားမနေနဲ့နော်၊ ကျုပ်အိမ် ကျုပ်ဘိုးတော်ရှိတယ်၊ ကျုပ်ဘကြီး တစ်ဝမ်းကွဲ ဘဏ္ဍာထိန်းကြီး ဦးမောင်စိုး ရှိတယ်၊ အလုပ်သမားတွေ အများကြီး ရှိတယ်၊ ဒါပဲ . . . အခုလိုက်မှာလား၊ မလိုက်ဘူးလား . . . ပြော"

"အခု . . ."

"အေးလေဗျာ၊ အခုမလိုက်ရင် ခင်ဗျားကို ဟိုကောင်တွေ ခြေရာခံမိသွားမယ်၊ ဒီကောင်တွေလူစုပြီးရင် ခင်ဗျားတိုက်ခန်းအနီး ဝန်းကျင်ရောက်လာပြီး ခင်ဗျားရဲ့ အဝင်အထွက်လာစောင့်ကြည့်တော့မှာ၊ လူလစ်တာနဲ့ ခင်ဗျားကိုဝင်သမမှာ၊ လာဗျာ . . ကျွန်တော့်ဆီ . . . တေးပြန်ရောက်မလွှာမချင်း . . . ခင်ဗျား တစ်ခုခုဖြစ်လို့မရဘူး၊ လာ . . . လိုက်ခဲ့"

"အောင်မလေး . . ကျေးဇူးရှင်ရဲ့"

စိတ်ညြစ်ညစ်နှင့် သူ့ခေါင်းက ဆံပင်တွေကို ကုတ်ဖွလိုက်မိတော့သည်။ ဘောဂကရယ်သည်။ ရယ်ရင်းနဲ့ . . .။

"ဟော့ကောင် . . . မြန်မြန်သာသွား ဖြူဖွေး၊ မင်းပစ္စည်းတွေ လိုမယ်ထင်တာ ငါကောက်သိမ်းပြီး မင်းကားကို ငါပဲ မောင်းလာခဲ့တော့မယ်၊ မင်း သူ့ကားနဲ့သာ လိုက်သွားတော့၊ သူ့ကားပေါ် ဇက်ပုပြီးသာ လိုက်သွား"



သည်လိုနဲ့ ဖြူဖွေးဆိုသော ကောင်လေးတစ်ယောက် နီနီရဲ့ အိမ်ပေါ်ရောက်ရသည်။

✳ ✿ ✳

ဘောဂဆီက နေနီနီနဲ့ သူ့ဖခင်ရဲ့ ချမ်းသာကြွယ်ဝမှုတွေ ကြားထား၍သာ သူ သိပ်မအံ့ဩခြင်းဖြစ်သည်။ အမှန်တကယ် အံ့ဩစရာကောင်းသည်။

ကိုနေရဲ့ အနီရောင်ဆယ်လီကာကားလေး ရှေ့ခန်းမှာ င်လိုက်လာရင်း စိမ်းလန်းပြန့်ပြူးနေသော ဂျပန်မြက်ခင်းပြင်ကြီး ာ ကွန်ကရစ်ကားလမ်းလေးအတိုင်း မောင်းနှင်ဖြတ်သန်းလာရ ာ တော်တော်ကြာကြာ။

လေသာဆောင်ကျယ်ကျယ်နှင့် တိုင်လုံးဖြူဖြူကြီးတွေ ာက်ပင့်ထားသော အိမ်ရှေ့ပေါ်တီကိုအောက်မှာ ကားဝင်ရပ် လိုက်ချင်း အလုပ်သမားနှစ်ယောက်က သူ့ဘေးမှ တံခါးကိုဖွင့်ရာ၊ နေ့ဘေးက တံခါးကိုပါ လာဖွင့်ပေးသည်။

ကိုနေက အပြင်ရောက်တော့ အလုပ်သမားကို မှာသည်။

"ဒီကားကို မသိမ်းနဲ့၊ ကျွန်တော် အပြင်ပြန်ထွက်ဦးမှာ၊ ာက်က လိုက်လာတဲ့ ကျွန်တော့်သူငယ်ချင်း ဘောဂမောင်းလာတဲ့ ဖြူရောင်ဖို့ဒ်ကားကိုပဲ သော့ယူပြီး ဂိုဒေါင်နောက်ဆုံးမှာ သိမ်း

www.burmeseclassic.com

www.burmeseclassic.com



ထားလိုက်၊ အဲ့ဒီကားကို ဘာအကြောင်းကြောင့်ဖြစ်ဖြစ် ယူမသုံး
ပြီးတော့ တိုယိုယာ . . . ဟယ်ရီယာ (Harrier) လေ၊ အဲ့ဒီကား
ခြံရှေ့ထုတ်ပြီး ဆေးထား၊ ကားသော့ကို . . . ဒီက ကျွန်တော်
သူငယ်ချင်း ကိုဖြူဖွေး ထွက်လာရင် . . . အပ်လိုက်တော့"

သူအားနာပါးနာနှင့် ငြင်းဆန်မည့်ဟန်လုပ်တော့ ကို
က မဆိုင်းမတွ . . .

"ကိုဖြူ . . . ငြင်းမနေနဲ့၊ ကားက အဖြူရောင်ပဲ၊ ခင်
ကြိုက်မှာ . . .၊ လာ . . .၊ ကျွန်တော့်ဘိုးတော် အပြင်မထွက်
ခင်ဗျားနဲ့ မိတ်ဆက်ပေးဦးမယ်"

သူ့ကျောကို အတင်းတွန်း၍ အိမ်ထဲဝင်ခိုင်းတော့ သူ
တွန့်ဆုတ်တွန့်ဆုတ်နှင့် ဝင်ရပြန်သည်။ အိမ်ထဲကိုဝင်ဖို့က ပြော
လက်နေသော စကျင်ကျောက်လှေကားထစ်တွေ များစွာကို ကျော်
မဟော်ဂနီရောင် ကျွန်းသစ်သားကနုတ်ပန်း တံခါးမကြီးဆီ
ရောက်သည်။

တံခါးကို ဖွင့်ပေးတဲ့ အလုပ်သမားတစ်ယောက်က သ
သတ်ရှိသည်။ သူ့စိတ်ထဲက ကြယ်ငါးပွင့်ဟိုတယ် တစ်ခုခုကို ဝင်
ရသလိုခံစားနေရသည်။

ကြက်သွေးရောင်၊ နီညိုရောင်၊ အဝါရောင်တွေရော
သည့် ပါရှန်းကော်ဇောတွေ ခန်းလုံးပြည့်ခင်းထားသော ဧည့်
ကျယ်ကြီးကို ဖြတ်ပြီးမှ ထမင်းစားခန်း အပေါက်ဝသို့ ရောက်
သူ့စိတ်ထဲက မတင်မကျစိတ်နှင့်အတူ ကိုနေကိုလှမ်းမေးမိလို
သည်။



"ဟော့ကောင် . . . မင်းအဖေကငါ့ကို တွေ့ရင် ကောလွတ်
နေဦးမယ် . . . ကိုနေ"

သူမ . . . ထခစ်ခစ်ရယ်သည်။

"ကိုဖြူရာ . . ကိုနေတို့က မပိုင်ရင် ခြင်တောင်မရိုက်ဘူး၊
ကျွန်တော့်ဒက်ဒီက အရမ်းသဘောကောင်းတာ . . . ကြည့်နေ"

ဒီလောက် သူပြောနေသည့်ကြားက ကိုနေရဲ့ လက်တစ်
ဖက်က သူညာဘက်လက်ကို လာရောက်ဆုပ်ကိုင်ပြီး . . . "လာ"
ဟုခေါ်၍ ထမင်းစားခန်းထဲ အတင်းဆွဲဝင်သွားသည်။

သူ . . . လက်ကွဲဖြုတ်ချိန် မရခင်မှာ ကိုနေရဲ့ဘိုးတော်က
မြင်ပြီးသွားပြီ . . . သွားပြီ။ နားသယ်စပ်မှာ ဆံစတွေ အနည်းငယ်
ဖြူနေပေမယ့် ဆံပင်အုံထူထူနဲ့ ဖြူစင်ကြည်လင်သော အသားအရေ
ပိုင်ရှင် . . .။ စားပွဲထိပ်မှာထိုင်နေသော အဲ့ဒီအန်ကယ်ကြီးဟာ
လူငယ်တစ်ယောက်လို နုပျိုပြီး ခန့်ချောချောလေသည်။

ကိုနေရဲ့ဖခင်ခမျာ သူတို့ ဝရုန်းသုန်းကားဝင်လာတာကို
ကိုက်လက်စ ပေါင်မုန့်ချပ် နှုတ်ခမ်းဝတေ့၍ ကြောင်ကြည့်နေသေး
သည်။

"ဟိုင်း . . . ဒက်ဒီ . . ."

သူနဲ့ ကိုနေရဲ့ပုံစံကို အကဲခတ်လိုက်သည့်အချိန်က ခဏ
လေးရယ်။ အဲ့ဒီစက္ကန့်ပိုင်းလေးအပြီးမှာ အဲ့ဒီအန်ကယ်ကြီးရဲ့ ဟန်
ဆောင်မှုမပါ အပြုံးနဲ့ လေသံကျယ်ကျယ်ကြီးက အခန်းထဲ ပန်း
ထွက်လာတော့သည်။

"ဟော့ကောင် . . ဆန်နီ . . . မနက်စောစောစီးစီး ထူးထူး

www.burmeseclassic.com

www.burmeseclassic.com



ဆန့်ဆန့် ဘယ်ပျောက်သွားတာလဲ၊ ဒီမှာ ဘရိတ်ဖတ်စ် လာစားဦး အဲ့ဒါ ဘယ်သူလဲ . . . မင်း . . . ဘော်ဒါအသစ် ရလာပြန်ပြီလား ငါ့ . . . မိတ်ဆက်ပေးဦး"

သူ ရယ်ချင်သွားသည်၊ ကိုနေ့အဖေပုံကို ကြည့်ရတာလည် ဒီလိုပုံစံမျိုးနဲ့ပဲ ကိုနေတစ်ယောက် . . . သူငယ်ချင်းယောက်ျားလေ တွေ တစ်ယောက်ပြီးတစ်ယောက် ခေါ်လာကာ မိတ်ဆက်ပေးတာ ကို ရိုးနေတဲ့ ဟန်ပေါက်နေသည်လေ . . .။

ကိုနေက သူ့ ပခုံးနှစ်ဖက်ကို အတင်းဆွဲဖိနှိပ်ချကာ . . . သူ့အဖေရဲ့ ဘေးကပ်လျက်ခုံမှာ ထိုင်ခိုင်းသည်။

"ဒက်ဒီ . . . ဒါကျွန်တော်နဲ့ အခု . . . အရင်းနှီးဆုံး သူငယ်ချင်း ဖြစ်နေတဲ့ . . . ဖြူဖွေးတဲ့၊ အရမ်းသဘောကောင်း တယ်၊ ဒက်ဒီလိုပဲ ကျွန်တော်ဂျီတွန်တာကို တအားသည်းခံနိုင်လို့ သူ့ကိုပေါင်းနေတာ၊ ကိုဖြူ . . . ဒါ . . . ကျွန်တော့်ရဲ့ အချစ်ဆုံး ဒက်ဒီဦးနေမင်းအိမ်တဲ့ . . . မှတ်ထားနော်၊ လမ်းတွေ့ရင် ပိုက်ဆံ ချေးလို့ရတယ် ပြန်မပေးလည်းရတယ်၊ ဒက်ဒီက အထောစားထဲက"

"အောင်မာ . . . ငါ့ကိုများ အချစ်ဆုံး ဒက်ဒီတဲ့၊ မင်းမှာ အချစ်ဆုံးမဟုတ်ဘဲ နည်းနည်းပဲ ချစ်ရတဲ့ ဒက်ဒီရှိသေးလို့လား ငနေရဲ့"

ကိုနေ ဇက်ကလေးပုကာ တဟီးဟီးရယ်သည်။ သူတို့ သား အဖ . . . အဲလေ . . . သမီးအဖကို ကြည့်ရတာ လည်ပင်းဖက် ပေါင်းလာသည့် သူငယ်ချင်းတွေလို စကားပြောကြသည်။ ဦးနေမင်း အိမ်ရဲ့ မျက်နှာကလည်း အံ့ဩစရာကောင်းလောက်အောင် ချို့သာ



၍ ဖော်ရွေလွန်းနေသည်။

သူ့စိတ်က ရုတ်တရက်နှစ်ပေါင်းများစွာ ကွဲကွာနေသည့် သူ့ဖခင် . . . ဆီသို့ စိတ်ရောက်သည်။ ငါ့မှာများ . . . အဲ့ဒီလို ချွဲနွဲ့စရာ ဖခင်တစ်ယောက် အနီးဆုံးမှာ ရှိနေရင် ဘယ်လောက် ကောင်းလိုက်မလဲ။ အဲ့ဒီလိုဖြစ်ဖို့ ငါ . . ဘာကိုပဲ ပေးဆပ်ရ . . . ပေးဆပ်ရ ပေးဆပ်နိုင်ပါတယ်။

သူ့ရင်ထဲမှာ . . . စပ်ခနဲ . . . စစ်ခနဲ . . .။

"ဒက်ဒီ . . . ကျွန်တော့်သူငယ်ချင်း ကိုဖြူရုပ်က အပျံစား နော်၊ တွေ့လား . . . ဒက်ဒီထက်ဖြောင့်တယ်၊ အဲ့ဒါ . . . အခု သူ့ရဲ့ ရည်းစားလုဖက်တွေ သူ့ကိုဝိုင်းရိုက်မလို့ ချောင်းနေတာ . . . သူ့အိမ်တောင်သူမနေရဲလို့ ထွက်ပြေးလာတယ်၊ ကျွန်တော်တို့ အိမ်မှာ အနည်းဆုံး တစ်ပတ်လောက်တော့ သူနေမယ်"

"ဟေ . . ."

ဦးနေမင်းအိမ်ရဲ့ မျက်လုံးများ ကော်ဖီပန်းကန်လောက် ဝိုင်းစက်ကျယ်ပြန့်သွားသည်။ ဂယ်ချင်စိတ်ကို သူ မျိုသိပ်ထားရ ခဉ်မှာ ကိုနေက စူဆောင့်ဆောင့် ဝင်ပြော၏။

"ဒက်ဒီ . . . အဲ့ဒီလောက်ကြီး အံ့ဩပြမနေနဲ့၊ ဒီမှာကိုဖြူ့ ကို ကျွန်တော်က မရရအောင် ခေါ်လာရတာ၊ တော်ကြာ ဒက်ဒီ သူ့ကို မကျွေးနိုင်ဘူးထင်လို့ . . . ပြန်သွားဦးမယ်၊ ကျွန်တော့်ဘော် ဒါရှေ့မှာ . . . ကျွန်တော့်ကို အရှက်မခွဲနဲ့ ဒက်ဒီရာ၊ ကိုဖြူက ကျွန်တော့်ရဲ့ . . . Best . . . Best Friend . . . ဗျ . . ."

ဦးနေမင်းအိမ် ခေါင်းတဆတ်ဆတ်ညိတ်ရှာသည်။

www.burmeseclassic.com

www.burmeseclassic.com



"အေးပါဟ . . . အေးပါဟ၊ ငါ . . . ဒီလောက်မဝေး ဘူး သိပါတယ်၊ မင်းရဲ့ဘော်ဒါဆို ငါနဲ့လည်း ဘော်ဒါဖြစ်ရမှာပေ ဟုတ်တယ်နော်၊ ပြီးမှ ငါနဲ့သူ အဖွဲ့ဖျာသွားရင် မင်း ဝင်မရှုပ် ဆန်နီ . . . ကြားလား၊ မောင်ဖြူဖွေး . . . ဘာမှအားမနာနဲ့၊ ကို အိမ်လို သဘောထားပြီး . . . နေ . . . စား . . . သိလား၊ အိမ် အန်ကယ်က ပျင်းလာရင် ဆန်နီ့ဘော်ဒါတွေခေါ်ပြီး ဖဲထိုင်ရို နေကျ၊ အဲ့ဒါကို ဒီကောင်က မနာလိုပြီး အခု သူ့ဘော်ဒါတွေ ခေါ်မလာတာတောင် ကြာပြီ၊ မင်းက ပထမဆုံးပဲ"

ကိုနေကထိုင်ရာမှရုတ်တရက် ထရပ်ရင်း အော်သည်။

"ဒက်ဒီက ဖဲလိမ်ရိုက်တာကိုး ဗျ၊ သူတို့က လာမလား"

ဦးနေမင်းအိမ် တဟဲဟဲနှင့် ရယ်မောပါသည်။

"အေးလေ . . . အဲ့ဒါကိုလည်း မင်းပဲ မင်းဘော်ဒါတေ လျှောက်ဖောက်သယ်ချတာကိုး၊ ကိုယ့်အဖေ ဖဲနိုင်တာ ဖဲနိုင်ပါဆေ လား၊ အခုတော့ . . . ကိုယ့်အဖေ ကလိမ်ကျစ်ကျတာ လူတကာ လျှောက်ပြောတယ် . . . ကောင်းရော"

ကိုနေက သူ့အဖေပွက်နေတာ နားမထောင်ဘဲ အိ နောက်ဘက် ဝင်ပြေးတော့ . . .

"ဟေ့ကောင် . . . ဆန်နီ . . . မနက်စာ မစားဘူးလာ ဒါ . . . ဘယ်လဲ"

"အဲ့ဒီ . . . ဒက်ဒီဆင်းဒဝစ်တွေ ပေါင်မုန့်တွေမကြိုက် ဘူး၊ ကျွန်တော်နဲ့ဘောဂ ချမြနီကုန်းမှာ မုန့်ဟင်းခါး ဝင်တုတ်ခဲ့ပြီးပြီ အဲ့ဒီမုန့်ဟင်းခါး ငရုတ်သီးထည့်တာ များသွားလို့ . . . အခု . . .



ကျွန်တော်ပြေးနေတာဗျ၊ အိမ်သာဆီကို . . ."

"မအေပေး . . . ငါ့အတွက်ကျ မဝယ်လာဘူး၊ သူဟာသူ မျိုဆို့လာတယ်"

ရေချိုးခန်းတံခါးပိတ်သွားပြီးမှ ကိုနေက အထဲကနေ သူ့ အဖေကို လှမ်းအော်သည်။

"ဘယ်နှစ်ခါပေးရဦးမှာလဲ . . . ဒက်ဒီရ၊ တစ်ခါပေးရင် တော်ရောပေါ့၊ ကျွန်တော့်မှာ အမေတစ်ယောက်ပဲရှိတာ"

သူ့ဘေး အနီးအနားမှာ အဲ့ဒီအချစ်မျိုးတွေ မရှိတော့တာ ကြာပြီပဲလေ . . .။

ဦးနေမင်းအိမ်က ဖြူဖွေးကို ပြုံး၍ကြည့်ကာမေးသည်။

"မင်းရော စားလာလား . . . မုန့်ဟင်းခါး၊ မင်းနာမည် ဘယ်သူ . . . ဖြူဖွေးနော်"

"တျွန်တော်ဘာမှ မစားလာဘူးအန်ကယ်၊ အိပ်ရာက နိုး နိုးချင်း သူတို့ခေါ်လာလို့"

"ဟာ . . . ဒါဆို ဒီမှာစားလေကွာ၊ ရော့ . . . ဆင်းဒဝစ်၊ ဒါ မာဘဲလ်ကိတ် . . . ကြိုက်တယ်ဆို၊ ဒီမှာ ကွက်ကီးတွေ ပုံးလိုက်ရှိ တယ် . . . စားပါကွ၊ မင်းကြည့်ရတာ အစားကြီးမယ့်ပုံရတယ်၊ အကုန်သာ စား၊ ဒီအိမ်မှာ စားမယ့်သူက ငါနဲ့ဆန်နီ နှစ်ယောက် တည်းရယ်၊ ဗျို့ . . . ဒေါ်ရွှေ . . . ကော်ဖီတစ်ခွက် ဖျော်ခဲ့ဦးဗျ"

ဦးနေမင်းအိမ် မီးဖိုထဲလှည့်အော်နေတုန်း သူလည်းအား နာနိုင်ဘဲ ဗိုက်ဆာဆာနှင့်မို့ မြင်သမျှ အကုန်ဖိစားပစ်တော့သည်၊ ဦးနေမင်းအိမ်က သူစားနေပုံကိုကြည့်၍ . . .။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ်၊ အန်ကယ်က . . . အဲ့ဒီလို ပွင့်လ
သားမှ . . . ကြိုက်တာ၊ ဒါနဲ့ မောင်ရင့်မိဘတွေကရော ရှိကြသေ
လား၊ ဘာလုပ်ကြသလဲ"

"ရှိတယ် အန်ကယ်၊ ဒါပေမဲ့ သူတို့နှစ်ယောက်စလုံး
အက်စ်မှာ၊ ကျွန်တော်ငယ်ငယ်ကတည်းက အလုပ်သွားလုပ်နေ
တာ၊ ကျွန်တော်က ကျွန်တော့်တိုက်ခန်းမှာ အခုတော့ တစ်ယော
တည်းပေါ့"

"ဟေ . . . ဒါမျိုးကွာ . . . ဘာလို့ တစ်ယောက်တည
နေနေတာလဲ . . . ပျင်းစရာကြီး၊ ငါ့အိမ်မှာ မင်း တစ်ပတ်မနေ
တစ်သက်လုံး နေစမ်းပါ၊ ငါကျွေးထားပါ့မယ်"

"ဗျာ . . ."

စားလက်စ ပေါင်မုန့်တွေ ပလုပ်ပလောင်းဝါးရင်း
ပါးစပ် အဟောင်းသားပွင့်သွားသည်။

"ဟော့ကောင် . . . ငါ တကယ်ပြောတာကွ၊ အိမ်မှာ
လည်း ဆန်နီနဲ့ငါ နှစ်ယောက်တည်းဆိုတော့ တစ်ခါတစ်ခါ ပျ
ခြောက်ခြောက်ကြီး အလုပ်သမားတွေကလည်း သူ့အလုပ်နဲ့သူ
ပြီးတော့ ငါကလေ . . . မိန်းမရကတည်းက သားပဲ လိုချင်တာ
အဲ့ဒါ သမီးမွေးလာလို့ သူ့ကိုပဲ ယောကျ်ားပုံစံမွေးထားရတယ်၊ မ
လာနေရင် မင်းလည်း ငါ့သားဖြစ်တာပေါ့ကွာ"

"ဟာဗျာ . . . အန်ကယ်ကလည်း၊ ဘယ်ဖြစ်ပါ့မလဲ"

ကမန်းကတန်း သူ ငြင်းဆန်လိုက်ပုံကြောင့် သူကိုယ်တို
ဦးနေမင်းအိမ်ကို အားနာသွားရသည်၊ အမှန်တော့ . . . အဲ့ဒါ



မသိစိတ်ထဲကနေ လွှတ်ခနဲထွက်သွား၍သာဖြစ်သည်။ မငြင်းလို့
လည်း မကောင်း။

ဦးနေမင်းအိမ်က သူ့မျက်နှာကိုကြည့်ကာ မျက်မှောင်
ကြုတ်၍ တခစ်ခစ်နဲ့ ခပ်တိုးတိုးရယ်လေသည်။

"မော့ကောင် ဖြူဖွေး . . . မင်းကွာ ကြောက်လန့်တကြား
နဲ့ အဲ့ဒီလောက်ကြီး မငြင်းပါနဲ့ကွ၊ ပြောမိတဲ့ငါတောင် ရှက်သွားပြီ"

"ဆောရီး အန်ကယ်၊ ကျွန်တော်ကလေ . . . ဟို . . ."

"တော်စမ်းပါကွာ၊ ငါကလေ . . . မင်းနဲ့ဆန်နီ ထမင်းစား
ခန်းပေါက်ဝမှာ ခုနက လက်ဆွဲပြီး အတူတူ ပေါ်လာတော့ . . .
အင်း . . . ငါ့သမီးတော့ ယောကျ်ားရလို့ အိမ်ပေါ် ခေါ်တင်လာပြီ
ဆိုပြီး ဝမ်းသာလုံးဆို့သွားတာ"

"ဟာဗျာ . . . အန်ကယ် . . ."

သူ့ရဲ့ မျက်နှာတစ်ခုလုံး ပူနွေးထူအမ်းသွားပါသည်၊ ဖြူ
သော သူ့အသားအရေကလည်း ဖုံးမရအောင် နီမြန်းသွားပါလိမ့်
မည်။ ဒီအဖိုးကြီးနဲ့ . . . ငါနဲ့တော့ ဒုက္ခပါပဲ။

"အန်ကယ်ကလည်း ကိုယ့်သမီးယောကျ်ားရတာဝမ်းသာ
နေလား ဗျ၊ မဟုတ်တာ . . ."

သူမှာ ဦးနေမင်းအိမ်ကို မျက်နှာလည်းပူ၊ အံ့လည်းအံ့ဩ
တာ မေးခွန်းထုတ်လိုက်မိသည်။ ဒီတော့ ဦးနေမင်းအိမ်က တဟား
ဟားအော်ရယ်ပြန်သည်။ ဩော် . . . ဒီလူကြီးနှယ် . . .။

ရယ်သံများ ရောစွက်၍ သူ့ခေါင်းထိပ်က ဆံပင်ဖွာတွေကို
ကလေးတစ်ယောက်အား ချစ်စနိုးချော့မြူသလိုမျိုး လက်ဝါးဖြင့်ဖွဖွ

www.burmeseclassic.com

www.burmeseclassic.com



ဖိပုတ်ကာ ပြောလေသည်။

"ဟ၊ ကောင်လေးရေ . . . မင်း . . . ငါ့သမီးပုံစံလည်း ကြည့်ဦးလေကွာ၊ ငါက သားလိုချင်လို့သာ သူ့ကို ငယ်ငယ်ကတည်းက ယောကျ်ားလေးပုံစံအတိုင်း မွေးထားတာ၊ ကျန်တဲ့ သူ့ရဲ့ဘကြီးကရော၊ ငယ်ငယ်ကထိန်းတဲ့ ကလေးထိန်းတွေကလည်း အိမ်က အလုပ်သမားယောကျ်ားတွေချည်းပဲ ဝိုင်းထိန်းလိုက်ကြတာ တကယ့် ယောကျ်ားစိတ်ပေါက်နေတာလေ၊ အဲ့ဒီလိုမျိုး နှစ်ပိုင်းတစ်ပိုင်းကြီး ပုံစံနဲ့တော့ သူ့ကို ငါ အခုချိန်မှာ စိတ်ချလက်ချ လွှတ်ထားလို့ရပေ မယ့် ဒီလိုမျိုးကြီးနဲ့တော့ တစ်သက်လုံးသွားလို့ မဖြစ်ဘူးလေကွာ ဒီကောင် . . . ဘယ်လိုလုပ် ယောကျ်ားရမလဲ၊ ငါသေသွားရင် သူ့ကို စိတ်မချဘူးကွ"

"အန်ကယ် . . . အန်ကယ့်သမီးက ယောကျ်ားလိုချင်တာ မဟုတ်ဘူး၊ မိန်းမလိုချင်နေတာဗျ၊ အန်ကယ်သိသားနဲ့"

"အဲ . . . အဲ့ဒီလိုသဘာဝနဲ့ ဆန့်ကျင်နေလို့ ငါသူ့ကို စိတ် ပူတာပေါ့ကွာ၊ ခုနေများ သူ့ဘဝသူ အမြင်မှန်ရပြီး ယောကျ်ား တစ်ယောက်ကောက်ယူလိုက်ရင် . . . ငါ မဟားတရားဝမ်းသာမှာ ကွ၊ ငါက ဒါကိုပြောနေတာ၊ နေပါဦး . . . မင်း . . . ငါ့သမီးကို မကြိုက်ဘူးလား"

"ဟာဗျာ . . . အန်ကယ် ဘာတွေလျှောက်ပြောနေတာလဲ ဒါ . . . သမီးရှင်အဖေက ပြောရမယ့်စကားလားဗျ . . . ပြန်စဉ်း စားပါဦး၊ ကျွန်တော့်အကြောင်းရော . . . အန်ကယ် ဘယ်လောက် သိလို့လဲ . . . ဒုက္ခပါပဲဗျာ"



သူ . . . ရှက်ရှက်နှင့် ကော်ဖီခွက်ငုံ့သောက်လိုက်၊ ပေါင်မုန့် ကိုက်စားလိုက်နှင့် လုပ်မိလုပ်ရာလုပ်နေတော့ မကြာခင် အသက်ရှူ မှားပြီး အဟွတ်ဟွတ်ဖြစ်ကာ သီးတော့သည်။ ဦးနေမင်းအိမ်က သူ့ပုံစံကိုကြည့်ကာ တခစ်ခစ်နဲ့ ကျိတ်ရယ်သည်။

"အင်း . . . ချာတိတ် . . . ချာတိတ်၊ မင်းကွာ . . . ဦး နေမင်းအိမ်ဆိုတဲ့ နာမည်တစ်လုံးနဲ့ ငါနေတာပါကွ၊ ငါ လူကဲခတ် ဒီလောက်ညံ့မယ်ဆိုရင် ခုလိုစီးပွားရေးလောကမှာ အောင်မြင်နိုင်ပါ့ မလား၊ အခုလောက်ရော . . . ချမ်းသာလာပါ့မလား၊ မင်းကို မြင် ကတည်းက မင်းဟာ နာမည်နဲ့လိုက်အောင် စိတ်ထားဖြူစင်ပြီး ငါ့သမီးအပေါ်မှာ တော်တော်အနစ်နာခံနိုင်မှန်း ငါခန့်မှန်းထားပြီး သားကွ၊ ကျန်တဲ့မိဘမျိုးရိုးတွေ၊ ဂုဏ်ပကာသနတွေ ငါ တစ်ခုမှ မလိုချင်ဘူး၊ ငါ့သမီးအတွက် လိုတဲ့အရာတွေက မင်းဆီမှာ ရှိတဲ့ အရာတွေပဲ၊ ဟော့ကောင် ဖြူဖွေး . . . ငါ့သမီးက သူငယ်ချင်းအဖြစ် လိုလိုလားလားပေါင်းချင်တဲ့သူဆိုတာ ဒီကမ္ဘာပေါ်မှာလည်း သိပ် မရှိဘူးဟော့ကောင်၊ ဒါကြောင့် . . မင်းလည်း လူကောင်းသူကောင်း လေးလို့ ငါယုံလို့ ဒီစကားပြောနေတာ၊ ဟော့ကောင် . . . မင်း ငါ့ သမီးကို တကယ်မကြိုက်ဘူးလား။ မင်းရဲ့မျက်လုံးကြီးကို ကြည့်ရ တာ . . . တစ်မျိုးကြီးလို . . . ပဲ "

သူ့ခမျာ ရယ်ရခက်၊ ငိုရခက်နှင့် ကိုယ့်မျက်လုံးတွေကိုပဲ ထိုးဖောက်ပစ်ချင်လာသည်။ ဦးနေမင်းအိမ်ကို မျက်နှာချင်းမဆိုင် တော့ပဲ သူမျက်နှာလွှဲပစ်လိုက်ရပြီ . . .။

"အန်ကယ်ရာ . . . ကိုယ့်သမီးကိုယ် အဲ့ဒီလောက်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ဈေးမချနဲ့ဗျာ၊ အန်ကယ့်သမီးက ယောက်ျားစိတ်ပေါက်နေတာက လွဲရင် စိတ်ရင်းကောင်းတယ်၊ ထက်မြက်တယ်၊ တန်ဖိုးရှိတဲ့ မိန်းကလေးတစ်ယောက်ဖြစ်လာမှာပါ၊ အန်ကယ် ဒီလောက်စိတ်မလောပါနဲ့ဦး"

"လောတာမဟုတ်ဘူးကွယ်၊ အန်ကယ်က ဆန်နီ့ကို စိတ်ချမ်းသာစေချင်တာ တစ်ခုတည်းပါ"

အဖိုးကြီးလေသံ အနည်းငယ်ပျော့ပြောင်းသွားပါသည်။ ဦးနေမင်းအိမ်ရဲ့ မျက်လုံးများအဝေးသို့ ငေးစိုက်သွားတာ သူတွေ့၏။ ရီဝေစွာမှုန်မှိုင်းလာသော ဦးနေမင်းအိမ်ရဲ့ အကြည့်တွေနောက်မှာ တစ်စုံတစ်ခုကို ကျိတ်မှိတ်မျိုသိပ်ထားရသည့်ပုံစံ ပေါက်နေသည်။

မကြာပါ။ အဲဒီလူကြီးဆီက လေသံတိုးတိုးနှင့် ခပ်ဖွဖွဖွင့်ဟသံကို သူစ,တင်ကြားရသည်။

"အန်ကယ့်သမီးက မိတဆိုးလေး၊ သနားဖို့သိပ်ကောင်းတာပါ၊ သူ့အမေသူ . . . မမြင်လိုက်ရရှာဘူး"

ဖြူဖွေး ငြိမ်သက်စွာ နားထောင်ပေးလိုက်ပါသည်။ ဒီလိုအချိန်မှာ ဦးနေမင်းအိမ်ရဲ့ စကားတွေကို နားလည်စာနာစွာ နားထောင်ပေးမယ့်သူ လိုသည်။

"အမေမရှိတော့ မိခင်ရဲ့အုပ်ထိန်းမှုမျိုးလည်း . . . သူမရ၊ အန်ကယ့်အမျိုးတွေထဲမှာလည်း ကူဖော်လောင်ဖက် အမျိုးသမီးတွေက မရှိ ပြီးတော့ . . . အန်ကယ်ကလေ သူ့အမေကို သိပ်ချစ်ခဲ့တာ"



ဦးနေမင်းအိမ်ရဲ့ အသံတွေက မယုံနိုင်စရာကောင်းအောင် တိုးတိမ်တုန်ရီနေပါသည်။

"သူ့အမေနေရာမှာ . . . ဘယ်မိန်းမကိုမှ အစားထိုးလို့ ...ခဲ့ဘူး၊ ဒီတော့လေ . . ."

ဦးနေမင်းအိမ် စကားများက အကြောင်းမဲ့ ထစ်ငေါ့နေ...သည်။

"အန်ကယ့်သမီးက ယောက်ျားတွေ ထိန်းကျောင်းတာပဲ ...ရတယ်၊ မိခင်မေတ္တာ ငတ်ခဲ့တယ်၊ ဒါကြောင့် သူ့ဘဝမှာ ပထမ... သူ့အပေါ် အနွံတာခံပြီး သည်းညည်းခံပေါင်းသင်းခဲ့တဲ့ တေး...ဗျာဆိုတဲ့ မိန်းမလေးကို သိပ်ချစ်ရှာတာ၊ ဘက္ကသိုလ်တက်ကြ...တော့ သူတို့နှစ်ယောက်အတူနေပြီး ကျောင်းတက်ဖို့ အန်ကယ်...တိုက်ခန်းတစ်ခုတောင် ထပ်ဝယ်ပေးခဲ့သေးတယ်၊ နောက်တော့...ယ် . . ."

ဦးနေမင်းအိမ် သက်ပြင်းချသည်။

"ဘေးကဗျာဆိုတဲ့ မိန်းကလေးက သဘာဝအတိုင်း ...ယောက်ျားတစ်ယောက်နဲ့ သမီးရည်းစားဖြစ်ကြတော့ ဆန်နီ...သည်းကွဲ ကျန်ရစ်ခဲ့တာပေါ့၊ အဲဒီတုန်းကများ မောင်ဖြူဖွေးရယ် ...အန်ကယ့် သမီးလေး သောင်းကျန်းလိုက်တာဆိုတာများ တော်...ကြီးကို ခံစားသွားရတဲ့ပုံပါ၊ ဘာနဲ့ချော့ချော့ မရဘူး၊ အခန်း...ပိတ်ပြီး တပိန်ပိန်တလိမ်လိမ်နဲ့၊ အစာလည်း မစားလို့ စိုက်...ဘာရာဆရာဝန်... တာရုခ် (Psychiatric) တစ်ယောက်တောင် ခေါ်ပြီးပြရ... နိုင်...သေးတယ် . . . အဲ့ဒါ လွန်ခဲ့တဲ့ တစ်လ၊ တစ်လခွဲလောက်ကမှ

www.burmeseclassic.com



သူ အိမ်ပြင်ပြန်ထွက်တာ၊ သူကြည့်ရတာလည်း တစ်ခဏအတွင်း စိတ်ဓာတ်တွေ ပြောင်းလဲပြီး အရမ်းတက်ကြွလာသလိုပဲ၊ အဲ့ဒီ အချိန်က မင်းနဲ့သူ မိတ်ဆွေ စ,ဖြစ်ကြပြီ မဟုတ်လား၊ သူပျော်လာ အောင် မင်းလုပ်ပေးလိုက်တာ မဟုတ်လား မောင်ဖြူဖွေး၊ အဲ့ဒီ မင်းကြောင့်ပဲ မဟုတ်လားကွာ"

သူ့မျက်နှာကို ဦးနေမင်းအိမ် အားကိုးတကြီး အမူအရာနှင့် စိုက်ကြည့်တော့ သူ မနေတတ်၊ မထိုင်တတ် ဖြစ်လာပါသည်။ အဲ့ဒီ ပွင့်လင်းရိုးသားလွန်းသော အမျိုးသားကြီးကိုလည်း သူ့စိတ်ထဲ ဘာ့ကြောင့်မှန်းမသိဘဲ အသနားပိုမိပြန်သည်။

"အန်ကယ် . . . ကျွန်တော့်ရာလေ . . . တေးကဗျာနဲ့ [..] ရည်းစားအကြားမှာ ဝင်ရှုပ်ပြီး တေးကဗျာကို ကိုနေ့လက်ထဲ [..] ရောက်အောင် လုပ်ပေးပါ့မယ်လို့ ကတိပေးထားတယ် အန်ကယ်"

"ဩော် . . ."

အဖိုးကြီးဆီက တစ်ခွန်းပဲ ရေရွတ်သံကြားပြီး ငြိမ်ဆိတ် သွားလေသည်။ ခဏကြာတော့ သူ့မျက်နှာပေါ်က အရိပ်တွေ[..] စူးစိုက်နစ်ဝင်စွာ ဦးနေမင်းအိမ် အကဲခတ်ကြည့်ရှုနေ[..] သည်။ ဦးနေမင်းအိမ်ရဲ့ လေသံက ပြောင်နောက်သည့်ဟန် မဟုတ် ဘဲ တည်ငြိမ်အေးဆေးနေခဲ့၏။

"အဲ့ဒါ သဘာဝကျတဲ့လုပ်ရပ်မှ မဟုတ်ဘဲ မောင်ဖြူ[..] တေးကဗျာဆိုတဲ့ မိန်းကလေးဟာ အန်ကယ့်သမီးနားမှာ [..] သက်လုံးဘယ်နေနိုင်ပါမလဲ . . . ဒါ မဖြစ်နိုင်တဲ့ကိစ္စပဲ၊ မင်း ရော . . . ဆန်နီ အဲ့ဒီလို မဖြစ်နိုင်တဲ့ကိစ္စတွေ လျှောက်လုပ်[..] [..]တာကို လိုက်လုပ်ပေးနေတာပဲလား၊ သူ့အတွက် အဲ့ဒါ အကောင်း [..]အဖြေမှ မဟုတ်ဘဲလေ . . . ချာတိတ်ရာ"

သူ . . . တွေဝေစွာ စဉ်းစားနေမိလိုက်ပါသည်။ ပြီးတော့ [..]စ်လုံးချင်း ထုတ်ပြောလိုက်ခဲ့၏။

"ကျွန်တော်က . . . သူ့ကို . . . သူ့ကို . . . ပျော်စေချင် [..]ပါပဲ အန်ကယ်ရယ်၊ အဲ့ဒီလိုလုပ်ပေးရင် . . . သူပျော်လိမ့်မယ် [..]င်လို့ပါ"

"ငတုံး"

အဖိုးကြီးက ပေါက်ကွဲစွာ ထ,၍အော်ဟစ်တော့ သူထိတ် [..]န့်သွားမိသေးသည်။ ပြီးတော့ သူ့ကို သလောလည်းကျ၊ ဂိတ်လည်း [..]ဟန်နှင့် ခေါင်းတခါခါလုပ်ကာ အဖိုးကြီး တဟဲဟဲနှင့် ရယ်မော [..]သည်။

"ငတုံးလေး . . . မင်း ငါ့သမီးကိုတော့ မင်းကို ညွတ်လာ [..]အောင် မင်းမလုပ်နိုင်သေးဘူး မဟုတ်လား၊ အဲ့ဒါ . . . မင်းညံ့တာ [..] ဒီရုပ်ဒီရည်နဲ့ မင်း . . . ငါ့သမီးကို ဘဝပြောင်းအောင် မလုပ် [..]သေးတာ . . . ညံ့ပါ့ကွာ၊ ရှော်ပါ့ကွာ"

"အန်ကယ် . . . တိုးတိုးဗျ . . . တိုးတိုး၊ ဟိုမှာ ရေချိုးခန်း [..]ထွက်လာတော့မယ်၊ အန်ကယ်ဗျာ . . . ဒုက္ခပါပဲ၊ ကျွန်တော် [..]အန်ကယ့်အိမ်မှာ ခဏလာတည်းတဲ့ ဧည့်သည်ဗျ . . . ဘယ်လို [..]က်နှာနဲ့ နေရမှာလဲ"

ဦးနေမင်းအိမ် တခစ်ခစ်နဲ့ ရယ်မောပြန်သည်။ ပြီးတော့ [..]တို့ရွယ်တူသူငယ်ချင်း တစ်ယောက်အပေါ် ဆက်ဆံသည့်ဟန်လား

www.burmeseclassic.com

www.burmeseclassic.com



လည်ပင်းလာဖက်သည်။

"အဖြူကောင်လေး . . . မင်း ဘယ်လိုမျက်နှာနဲ့ နေ
ကွာ . . . ငါကတော့ မျက်နှာလွှဲထားမယ်"

"ဟာဗျာ . . ."

ပြောလေ၊ ကဲလေဖြစ်နေပါပြီ၊ ဒီအဖိုးကြီးနှယ် . . .။
အချိန်ကစ ပြီး သူ့ကို အဖြူကောင်လေးဟု ဦးနေမင်းအိမ် ချစ်စ
ခေါ်ခဲ့တာဖြစ်သည်။

"ဒါနဲ့ . . . တစ်ခုတော့ မေးဦးမယ်"

ဦးနေမင်းအိမ်က အခုပြောမည့်စကားကို မလုံမလဲ
သည့်ဟန်နှင့် ရေချိုးခန်းဘက် လှမ်း၍ကြည့်သေးသည်။ ပြီးေ
လေသံကို အောက်ဆုံးမှာ ချကာ . . .

"မင်း . . . ဦးသမီး အခန်းထဲတော့ ဝင်မအိပ်ဘူးမို့လ

သောက်လက်စ ကော်ဖီတွေ ဖွီးခနဲသီးသွားကာ သူ
ထုတ်ပစ်လိုက်ရသည်။ ဒါတောင်မှ ဦးနေမင်းအိမ်က တဟား
အော်ရယ်နေသေးရင်း သူ့ကျောကိုပုတ်ပုတ်၍ ကနင့် . . . က
အော်ကာ ဖိပေးနေခဲ့သည်။

"မအိပ်ဘူးဆိုလည်း ပြီးတာပါပဲကွ၊ မင်း ဝင်အိပ်မယ်
လည်း ဟိုကောင်မနေက ခံပါ့မလား၊ သူ့လက်သီးစာ မင်းမိသွာ
ပေါ့"

ဦးနေမင်းအိမ်ကတော့ ကိုယ့်စကားကိုယ် သဘောက
ရယ်မောနိုင်သေးသည်။

အဲဒီရက်ပိုင်းအတွင်း သူ့ကိုအပြင်မထွက်ဖို့ ကိုနေက



ဘောဂကပါ တားမြစ်ကြသည်။ ဘောဂကလည်း သူပျင်းနေမည်စိုး
၍ တစ်နေ့လုံးနီးပါး ကိုနေတို့အိမ်မှာ လာနေပေးသည်။တစ်ခါ
တစ်ရံ ညပါအိပ်ပေးသည်။

ကိုနေဆိုသည့် ငနဲလေးကတော့ အပြင်မထွက်ဘဲ မနေ
နိုင်။ သူ့ကို အိမ်မှာထား၍ သူမရဲ့မြင်းကားလေးနှင့် တစ်ချက် တစ်
ချက် အပြင်ထွက်သွားကာ သူရိန်ဆွေတို့ရဲ့သတင်းကို သွား . . .
သွား စုံစမ်းသည်။

သို့ပေမယ့် သူမ တက်နေသည့် အင်္ဂလိပ်စာသင်တန်းတွေ၊
LCCI) နဲ့ (Accounting) သင်တန်းတွေ၊ သင်တန်းပေါင်းများစွာ
ထဲက တချို့အချိန်တွေကိုတော့ ဖျက်ပြီး အိမ်ပြန်လာပါသည်။

အိမ်ပြန်လာတိုင်းလည်း သတင်းတစ်ခုခုကတော့ သယ်
လာသည်။

"ဒေါ်ခိုးနေကြပြီဗျ . . . သူရိန်ဆွေတို့အုပ်စုလေ၊ ခင်ဗျား
ကို ရှာမတွေ့လို့ပေါ့"

အဲဒီလိုမှ မဟုတ်ရင်လည်း . . .

"ခင်ဗျားရဲ့ရွှေဂုံတိုင်ကွန်ဒိုရှေ့မှာ ရန်နိုင်ကျော်ကျော်ရဲ့
အော်ဒီကားနက်ကြီး တွေ့ခဲ့တယ်ဗျ၊ ဒီကောင်တွေ 'လာ' ချက်
check) တာနေမှာ၊ အဲ့ဒီနားက ဘီယာဆိုင် မေးကြည့်တော့ အဲ့ဒီ
နားက တစ်နေ့လုံးနီးပါး လာရပ်ထားတာဆိုပဲ"

အဲ့ဒီလိုမျိုး သတင်းအပြင် . . .။

"သူရိန်ဆွေဘေးနားမှာ ခုတလော . . . သူလိုပဲ ခပ်ချိန်ပိန်
နဲ့ ဒီပါစိုးဆိုတဲ့ကောင် အမြဲတွေ့နေတယ်၊ အဲ့ဒီကောင်ဗျာ . . .

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားနဲ့ ငြိဖူးလား . . . ကိုဖြူ"

အဲ့ဒါဆို သူမှာ ပြန်ဖြေရှင်းရပြန်သည်။

"ဒီပါစိုးရဲ့ ငယ်သူငယ်ချင်း ကောင်မလေးတစ်ယောက်ကွာ . . . ငါကြိုက်ဖူးတယ်၊ လှဲ့လှဲ့အောင်လား လှဲ့လှဲ့ဦးလားတော့ မမှတ်မိတော့ဘူး၊ အခု အဲ့ဒီလှဲ့လှဲ့နဲ့ ဒီပါစိုး ယူထားတာပဲလေကွာ"

အဲ့ဒီလိုရှင်းတော့ ကိုနေက တခစ်ခစ်နဲ့ ရယ်ကာသူ့ကို လှောင်သည်။

"ကောင်းတယ်၊ ကောင်းတယ်၊ အဲ့ဒါ . . . အသည်းစားဘုရင်ကြီး လုပ်ချင်ဦး၊ အခုကျွန်တော့်အိမ်မှာ ခင်ဗျားအကျယ်ချုပ် ဖြစ်နေတာ မှတ်တော့နော်"

အဲ့ဒီလိုပြောရင် သူမခံရပ်နိုင်ဖြစ်ကာ . . .။

"အောင်မာ . . . ငါက ဘယ်သူ့ကြောက်ရမှာလဲ၊ အခု အပြင်ထွက်ချင်ရင် ငါထွက်မှာပဲ၊ အဲ့ဒါကျမှ ငါ့ကိုလာမတားနဲ့ မင်းအိမ်မှာ ပျင်းလာရင် ငါအပြင်ထွက်မှာပဲ"

"မတားဘူး၊ မတားဘူး ခင်ဗျားကြီး တော်တော်ထိန်းသိမ်းရခက်တယ်၊ ထွက်လေ . . . အပြင်ထွက်လို့ ဟိုကောင်တွေ ဝိုင်းရိုက်လို့ မသာပေါ်သွားလည်း အေးတာပဲ"

"တကယ် ငါ မသာပေါ်သွားရင် မင်းရဲ့တေးကဗျာလည်း ထွင့်ခေါင်မိုးနဲ့ အဆင်ပြေစွာ ညားကြလေသတည်း၊ မင်းလည်း အရှုံးပေးရလေသတည်းပဲ ကိုနေ . . . သိလား"

ဒီတစ်ခါတော့ သူမ စိတ်တိုတိုနဲ့ ဆောင့်ကြီးအောင့်ကြီး အော်သည်။



"သိတယ် . . . သိတယ်၊ သိလို့ ခင်ဗျားကို အပြင်မထွက်ဖို့ တားနေတာပေါ့ဗျ။ ခင်ဗျားကို သိပ်စေတနာရှိလွန်းလို့ မအောက်မေ့နဲ့၊ ကျုပ်ဆီကို တေးကဗျာပြန်ရောက်လာပြီးရင် ခင်ဗျားလိုလူမျိုးကို ဒုန့်ကဲ (Don't care) ပဲ၊ ခွေးစားစား၊ ကျီးထိုးထိုး၊ ဘာသာချိုင်းမှာ သေသေ . . . ရေဝေးလား . . . ရွှေတကောလား၊ ကြိုက်တာရွေးထား"

သူမစကားကို ကြားကြားရချင်း သူ တော်တော်စိတ်ဓာတ်ကျသွားမိပါသည်။

"မင်း . . . တော်တော်ရက်စက်တာပဲ၊ ငါသေရင် . . . မင်း မငိုဘူးလား"

"ဖွီး . . . ဝေးသေး၊ ခင်ဗျားသေရင် ငိုပေးမယ့် . . . ခင်ဗျားရဲ့ ရည်းစားဟောင်းတွေ တစ်ဒါဇင်လောက် ရှိတာပဲ၊ မစိုးရိမ်ပါနဲ့၊ စည်ကားသွားအောင် သူတို့ဆီအကြောင်းကြားမယ်၊ စိတ်ချ"

"အယုတ်တမာ . . . သေချင်းဆိုး . . . နေနီနီ"

အဲ့ဒီလို . . . သူဆဲလျှင် သူမ, ထိုင်ရာမှထ,ကာ သူ့ဆီ ဝုန်းခနဲပြေးလာပြီး လက်မောင်းကို လက်သီးနဲ့ထိုး၊ ခြေထောက်ကို ခြေထောက်နဲ့ပိတ်ကန် လုပ်ပြန်သည်။

အဲ့ဒီလို သူတို့နှစ်ယောက် လုံးထွေးနေလျှင် ဘေးနားက ဘောဂက ကြည့်မရဖြစ်ကာ အော်တတ်သည်။

"ဟဲ့ . . . အဖြူကောင်နဲ့ အနီကောင် . . . ငါ ရှေ့လ,ဖျန်းရမှာလား၊ ရန်မဖြစ်နဲ့၊ နားညည်းတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဦးနေမင်းအိမ် အလုပ်ကပြန်လာလို့ သူတို့နှစ်ယောက်အဲ့ဒီလို ရန်ဖြစ်နေတာတွေ့လျှင် . . .

"ဆန်နီ . . . ကိုယ့်အိမ်ခေါ်ထားတဲ့ ဧည့်သည်ကို အနိုင်မကျင့်နဲ့ မင်း လွန်မယ်နော်"

ဟု သူ့ဘက်ကနေ အော်ငေါက်တတ်ပါသည်။ အဲ့ဒါဆို ကိုနေတို့ စိတ်ကောက်ပြီ။

"ဒက်ဒီ . . . ဘယ်လိုဖြစ်နေတာလဲ၊ ရန်ဖြစ်တိုင်း အဲ့ကိုဖြူ့ဘက်ကချည်းပဲ လိုက်ပြောနေတယ်၊ တော်ပြီဗျာ" . . . ဟု အော်ကာ ခြေကိုဆောင့်၍ အခန်းထဲဝင်ပြီး အခန်းတံခါးကို ဆောင့်ပိတ်သွားတတ်သည်။

သူမ,ကို အခန်းထဲက ထွက်စေချင်လျှင် . . .

"ကိုနေရ . . . ငါ ပျင်းလာပြီ၊ အပြင်ထွက်လိုက်ဦးမယ်"

ဟုသာ အော်လိုက်ရုံ . . . သူမ ပြေးထွက်လာပြီး သူ့ဆီလာဆွဲတော့သည်

"ဟေ့ . . . လူကြီး . . . မထွက်နဲ့ဦးဗျ၊ ခင်ဗျားကို ဝိုင်းသယ်ကြလိမ့်မယ်၊ ခင်ဗျား အထိနာသွားမှာစိုးလို့ ပြောနေတာ မထွက်နဲ့ဗျာ၊ ကျွန်တော် ဘာလုပ်ပေးရမလဲ၊ ကဲ . . . ကဲ . . . ခင်ဗျားကြိုက်တဲ့ ဒရာမာဒီဗီဒီတွေ သွားငှားပေးမယ်၊ ခဏစောင့်"

အဲ့ဒီလိုပြောပြောပြီး သူမကပဲ အရင်ဦးဦးအောင် ထွက်သွားတတ်ပါသည်။

နောက်ရက်တွေမှာတော့ ဖြူဖွေး အပြင်ထွက်ချင်လာတာ သူမ,ကို အကြောင်းပြသည်။



"ဟော့ကောင် ကိုနေ . . . ငါ . . . တေးဆီသွားရဦးမယ်ကွ၊ တေးကို အဲ့ဒီလိုအကြာကြီး ပစ်ထားလို့မရဘူးလေ၊ မင်းနဲ့ငါလောင်းထားတာ ငါမရှုံးချင်ဘူးကိုနေ၊ တေးက ငါ့ကို အခု ယတိပြတ်ကြီး ဖြင်းထားတာ၊ ငါ အမျှားကြီးကြီးစားရဦးမယ်ကွ"

"ခင်ဗျားကြီး . . . တေးကို အကြောင်းမပြနဲ့ဗျာ၊ ဘာဖြစ်လို့ ဒီလောက်တောင် တေးဆီကို နန့်နန့်ထိုး ခင်ဗျားသွားချင်နေရတာလဲ၊ ကျုပ်ကတောင် မသွားနိုင်ဘူး၊ ခင်ဗျား . . . ဘာဖြစ်နေတာလဲ၊ တေးနဲ့ တစ်ရက်မတွေ့ရ မနေနိုင်ဖြစ်နေပြီလား၊ ခင်ဗျားတို့နှစ်ယောက်က ချစ်သူသာမဟုတ်တယ်၊ အခုတလော တတွဲတွဲနဲ့တဲ့ . . . ကျုပ်ပြန်ကြားတယ်နော်၊ ခင်ဗျား လိုတာထက် ပိုနေပြီလားပဲ"

"ဟော့ကောင် . . . မပိုဘူး၊ လိုတာမှ . . . လိုလို . . . ဒီလိုနဲ့တောင် မြည်နေသေးတယ်၊ တကယ်ချစ်သူတွေ ဖြစ်သွားလည်း ကောင်းတာပဲကွ၊ တေးလောက် . . . လူတစ်ယောက်အပေါ် စာနာနားလည်ပြီး စိတ်ရှည်သည်းခံ နှစ်သိမ့်ပေးတတ်တဲ့ မိန်းကလေးမျိုး ရည်းစားတော်ရရင် ဘယ်လောက် စိတ်ချမ်းသာမလဲ၊ ငါတောင် တကယ်ချစ်ချင်လာပြီ"

"ခင်ဗျားကြီး . . . ကျုပ်ဆွဲထိုးမှာနော်၊ စကားထဲက ဇာတိပြမလာနဲ့၊ ခင်ဗျား . . . တေးကို ကျုပ်လက်ထဲအရောက်ပို့ရုံကလွဲပြီး ဒီထက်ပိုလို့ ဘာမှမရဘူး၊ ခင်ဗျားသာ တေးကို . . . အလစ်သုတ်ရဲ သတ်ကြည့်၊ အခုလိုအနုနည်းနဲ့ မပြေရှင်းတော့ဘူး၊ ကျွန်တော် ကိုယ်တိုင် သူရိန်ဆွေတို့အုပ်စုနဲ့ သွားပူးပေါင်းပြီးခင်ဗျားကို အဆုံးသတ်မယ် . . . ကြားလား"

www.burmeseclassic.com

www.burmeseclassic.com



"အမလေး . . . ကြောက်စရာကြီး"

သူ . . . ဟန်လုပ်၍ သူမကို လှောင်ရယ်ပစ်လိုက်သည်
သူမ, မခံချိမခံသာ မျက်စောင်းထိုးသည်။ သူမ,ကို စကားနိုင်လု
ပြောချင်လာလျှင် သူမရှေ့မှာ တေးကဗျာ ဘယ်လောက်
ကြောင်း၊ ဘယ်လောက်ချစ်စရာကောင်းကြောင်း၊ ဘယ်လောက်
အပေါ်ဂရုစိုက်ပြီး ခင်မင်ရင်းနှီးကြောင်းတွေ ပြောပြလိုက်ရုံ

အဲ့ဒီအခါ . . . "နားကြားပြင်းကတ်လိုက်တာ" ဟု
ကာ ထ,ထွက်သွားတတ်သည်။

"တကယ်ပြောတာဟ၊ ကိုယ် နေမကောင်းတုန်းကဆို
လေ . . . တေးက ကိုယ့်တိုက်ခန်းအထိ လိုက်လာပြီး ပြုစု
များကွာ၊ ဘဲသားဆန်ပြုတ်လည်း ပြုတ်ကျွေးတယ်၊ ကြက်ဥပွ
လည်း လုပ်ကျွေးတယ်၊ ငါ့အဝတ်အစား မလျှော်ပါနဲ့ ပြော
လည်းမရဘူး၊ အိပ်ရာခင်းကအစ ယူလျှော်တယ်"

"စက်ထဲထည့်လျှော်ပြီး ခလုတ်ကလေးနှိပ်ရတာများ . . .
အသားယူနေသေးတယ်"

"ဘာနဲ့လျှော်လျှော်ကွာ . . . စေတနာက အဓိကပါ
အခန်းထဲမှာ ရှုပ်ပွနေတာတွေလည်း ရှင်းလင်းသွားတာများ ငါ
အခုထက်ထိ သူရှင်းထားတဲ့အတိုင်း ခြေရာလက်ရာမပျက် ဆ
ထားထားတယ်၊ တန်ဖိုးထားလွန်းလို့ . . ."

"အောင်မာ . . . ခင်ဗျားကြီးအခန်းကို ရှင်းပေးတ
ဘောဂရော၊ သူ့သူငယ်ချင်း နှင်းနုနုရော ပါတယ်၊ သူတို့ကျ ခင်ဗျ
ကျေးဇူးမတင်ဘူး၊ လူလည်ကြီး"



"ဒါပေမဲ့ . . . ဒါက တေးကဗျာ ညွှန်ကြားမှုနဲ့ပဲ ရှင်းကြ
တာလေကွာ၊ ကိုယ့်ရဲ့တေးကလေးကသာ အ,ခရာပါ"

ဤသို့နဲ့ သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက်
ထိုးကျိတ်ကာ ရန်ဖြစ်ရပြန်ပါသည်။ (အမှန်ကတော့ သူမ,ထိုးတာ
ချည်းပဲ သူကခံရတာ။)

ဘယ်လိုပဲ မနာလိုဝန်တိုစိတ်ပေါက်လာအောင် ပြောပြော၊
သူမ အာရုံစူးစိုက်နေသူက တေးကဗျာဆိုသည့် မိန်းကလေးတစ်
ယောက်တည်း အပေါ်မှာသာ . . .။

ဖြူဖွေးဆိုသည့် သူ့လိုယောကျာ်းရင့်မကြီး တစ်ယောက်ကို
တော့ သူမ . . . ရှိတယ်လို့တောင် အောက်မေ့ပုံမရ။ သဝန်တို
နှမြောတ,သဖို့ဆိုတာ ဝေလာဝေး။

ခက်လိုက်ပါဘိ . . . နေနီနီရယ်။

❊ ✿ ❊

တစ်ရက်မှာတော့ ဘောဂလည်း ရှိနေတုန်း သူမကို စ,
နောက်ချင်လာနှင့် သူ စကား စ,လိုက်မိသည်။

"ကိုနေ . . . မင်းကို ငါ စကားအတည်ပြောမယ်၊ နား
ထောင်ဦး"

"ဘာလဲဗျ . . . ထူးထူးဆန်းဆန်း၊ ခင်ဗျားဟာက . . ."

www.burmeseclassic.com

www.burmeseclassic.com



"မင်းနဲ့ငါ အလောင်းအစားလုပ်ထားတာကို ငါ ဖျက်သိမ်းချင်ပြီ"

"ဘာဗျ . . ."

"ဟုတ်တယ်၊ ငါ . . . အခုဒီပွဲမှာ အရှုံးပေးချင်လာပြီ၊ တေးက . . . ငါ့ကို သူငယ်ချင်း အချစ်နဲ့ပဲ ချစ်ချင်တယ် . . . လို့ အတိအလင်းပြောထားပြီးပြီ၊ ငါ . . . ရှေ့ဆက်တိုးလည်း ငါ့ရဲ့ ခြေလှမ်းတွေက အဓိပ္ပါယ်မဲ့နေပြီ၊ တေးဆီက ချစ်သူဖြစ်ခွင့်ကို ဒီ တစ်သက် ငါရနိုင်မယ် မထင်တော့ဘူး . . ."

အဲ့ဒီအခါ ကိုနေ စူးစူးဝါးဝါး ထ,အော်သည်။

"ဟာဗျာ . . . ခင်ဗျားကြီး . . . အရှုံးမပေးရဘူး၊ အဲ့ဒီလို မလုပ်ရဘူး၊ ခင်ဗျားလွယ်လွယ်ကူကူ အလျှော့မပေးနဲ့လေဗျာ၊ ခင်ဗျားကို . . . အချိန်ထပ်ပေးမယ်ဗျာ၊ ခင်ဗျား တေးရဲ့အသည်းကို ကွဲအောင်လုပ် . . . ဒါပဲ . . မရဘူး၊ ခင်ဗျားနဲ့တေး ဒီလောက်အခြေ အနေရောက်ပြီးမှဗျာ၊ ခင်ဗျားကိုလည်း သူ ဒီလောက်လိုက်လိုက် လျောလျောဆက်ဆံနေပြီးမှ ခင်ဗျား . . . ဖြူဖွေးဆိုတဲ့ နာမည် အပျက်မခံနဲ့လေဗျာ၊ ခင်ဗျား . . . အရှုံးပေးရင် ခင်ဗျားရဲ့ ဖို့ဒ်ကားကြီး ကို ကျွန်တော် . . . တကယ်သိမ်းမှာနော်"

"အဲ့ဒီကားလည်း မင်းလိုချင် ယူလိုက်တော့ ကိုနေ၊ အခု တောင် မင်းအိမ်က ဂိုဒေါင်ထဲ ရောက်နေပြီပဲ၊ ငါ . . . ရှုံးပြီဆိုမှ တော့ ဘာအတတ်နိုင်မှာလဲ"

"ဟော့လူ ဖြူဖွေး . . . ခင်ဗျားကားကို ကျွန်တော်မလိုချင် ဘူးဗျ၊ ကျွန်တော်လိုချင်တာက တေး . . . တေး၊ . . . ကျွန်တော်ရဲ့



တေးကလေး . . . ၊ ခင်ဗျားကားကို လိုချင်ရင် ကျွန်တော့်ဒက်ဒီ့ရှို အခုချက်ချင်း ကောက်ဝယ်နိုင်းလိုက်ရုံပဲ၊ ခင်ဗျားနားလည်လား"

"အေး . . . မင်းနားလည်ဖို့ကလည်း အချစ်ဆိုတာအခု ချက်ချင်း ပိုက်ဆံနဲ့ကောက်ဝယ်လို့ရတဲ့ အစားမျိုးမဟုတ်ဘူးဆိုတာ ပဲ၊ ပြီးတော့ အချစ်ဆိုတာလည်း စစ်တုရင်ခုံပေါ်မှာ အရုပ်ကလေး တွေရွှေ့သလိုမျိုး ရွှေ့ပြီး အနိုင်ရတတ်တဲ့ ကစားနည်းတစ်ခုမဟုတ် ဘူးဆိုတာလည်း မင်း မြဲမြဲမှတ်ထားစမ်း ကိုနေ"

"အဲ့ဒါ ဘာစကားလဲ၊ ခင်ဗျား . . . ဘာစကားပြောတာလဲ . . . ကိုဖြူ၊ ခင်ဗျားဆိုလိုတာက ကျွန်တော် မတရားဘူးလို့ ပြော ချင်နေတာလား . . ."

မထင်မှတ်ဘဲ ဒီစကားပွဲလေးထဲမှာ လေသံတွေ အနည်း ငယ်တင်းမာလာသည်။

ကိုနေက သူ့ကို မကျေနပ်သလို ရှုတည်တည်နဲ့ မိုက်ကြည့် ကြည့်သည်။

"တရားသလား မတရားဘူးလားဆိုတာ မင်းဟာမင်း ဆုံး ဖြတ်ပေါ့၊ လူတစ်ယောက်ရဲ့ နှလုံးသားထဲက အချစ်ဆိုတဲ့ အရာကို ရဖို့၊ စစ်တုရင်ခုံပေါ်မှာ ကစားသလို ဘုရင်မကို စားလိုက်တာနဲ့ ဘုရင်ကြီး ကိုယ့်လက်ထဲရောက်လာမယ်ဆိုတဲ့ ပုံသေနည်းမျိုး သုံးလို့ မရဘူးနော်၊ အချစ်ဆိုတာ အဲ့ဒီထက် လေးနက်တယ်၊ ဒါ . . . အနိုင်ရဖို့ တစ်ခုတည်းသက်သက်ကြည့်တဲ့ စစ်ပွဲတစ်ခုလည်း မဟုတ်ဘူး၊ ဒြပ်ပေါင်းတစ်ခုကိုရဖို့ ဓာတ်ခွဲခန်းထဲမှာ စမ်းသပ်ချက် ပြုလုပ်နေတာလည်း မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် . . . အချစ်ဆိုတာ . . . ဘာလဲ . . ."

သူမ, ရဲ့ လေသံနဲ့ မေးလိုက်တဲ့ဟန်က သူ့ရဲ့စကားတွေကို ထိမထင်မလေးစားသည့်ဟန် ပေါက်နေပါသည်။ သူ ဖြေဖြစ်လိုက်၏။

"အချစ်ဆိုတာ . . . အတ္တမဟုတ်ဘူး ကိုနေ"

သူမ, ဟက်ခနဲ တစ်ချက် လှောင်ရယ်ရယ်သည်။

* ✿ *

"မတေးရဲ့ ချစ်သူ . . . ပြန်လာရင် ကျွန်တော်နဲ့ မိတ်ဆက်ပေးဖို့ မတေးကျွန်တော့်ကို ကတိပေးထားတယ်နော် . . . မတေး"

အဲ့ဒီရက်ပိုင်းအတွင်း တေးကဗျာဆီသို့ ဦးနေမင်းအိမ်ရဲ့ HARRIER ကားကိုမောင်းကာ တစ်ခေါက်သွားတော့ သူထပ်၍ သတိပေးလိုက်မိသေးသည်။

သူမ, ပြုံးသည်။

"ကျွန်မကတိကို ကျွန်မမမေ့ဘူး ကိုဖြူ။ ကိုဖြူသာ . . . ကိုဖြူကတိကိုမမေ့နဲ့၊ သူနဲ့မိတ်ဆက်ပေးတဲ့အခါ ရှင့်ဘက်က လုံးဝဖြူစင်သန့်ရှင်းစွာ ရိုးသားတဲ့ဘဝနဲ့ နေပေးမယ်ဆိုတဲ့ ကတိလေး၊ ကိုထွန်းကလေ . . . သိပ်သဝန်ကြောင်တာ၊ ကိုဖြူလို ရုပ်ချောပြီး အပြောကောင်းတဲ့ ကောင်လေးတစ်ယောက်နဲ့ မိတ်တွေဖြစ်နေတယ်ဆိုတာ



သာတွေ့ရင် . . . တေးကိုလေ . . . ဇာရားခံစစ်သလို စစ်ဦးမှာ"

"တေးရယ် . . . အဲ့ဒီလောက် သဘောထားမကြီးနိုင်တဲ့ ယောကျ်ားကို ဘာဖြစ်လို့ ဆက်ချစ်နေရသေးတာလဲ "

သူမ,က သူ့မေးခွန်းကို သဘောကျသလို တခစ်ခစ်ရယ်သည်။

"အဲ့ဒါ . . . ကျွန်မကို သူသိပ်ချစ်တယ် . . . လို့ ကျွန်မက ယူဆ,ထားတယ်လေ . . . ကိုဖြူ။ ကျွန်မက သူသဝန်တိုတာကိုပဲ ကျေနပ်နေတာ၊ သဝန်မတိုရင်တောင် စိတ်ဆိုးဦးမယ်"

"ဒါပေမဲ့ . . ဘယ်အရာမဆို အစွန်းရောက်ရင် မကောင်းဘူးလေ . . . တေးရဲ့၊ မတေးချစ်သူက မတေးကို သိပ် သဝန်တိုတာများ ယောကျ်ားလျာမလေး တစ်ယောက်နဲ့တောင် ပြိုင်ပြီး ရန်ဖြစ်သေးတာဆို၊ မနှင်းနု ကျွန်တော့်ကို တစ်ခါက ပြောပြတယ်"

"ဟယ် . . . နှင်းနု သူ့ကိုအကုန်လျှောက်ပြောထားတယ်၊ အကောင်စုတ်၊ အဆောင်ရောက်မှ သိမယ်"

"ဒါပေမဲ့ . . . မနှင်းနု ပြောတာတွေ အမှန်ပဲမဟုတ်လား၊ မတေးချစ်သူက သိပ်စိတ်ပုပ်ပြီး . . . သိပ်အတ္တကြီးတာ . . . တဲ့၊ မတေး အဲ့ဒီလိုလူမျိုးနဲ့ ချစ်သူဖြစ်ရတာ စိတ်မဆင်းရဲဘူးလား"

"ရှင်နော် . . . ကျွန်မကို လာနှံ့မနေနဲ့၊ ကျွန်မသိတယ်၊ ကျွန်မရဲ့ ကိုထွန်းကလေ . . . သဝန်ကြောင်တာကလွဲပြီး ကျွန်မကို သိပ်ချစ်တာ . . .၊ ကျွန်မကို ဂရုအရမ်းစိုက်တာ"

"ဂရုစိုက်ပါလိမ့်မယ် အားကြီးကြီး၊ အခု မတေးကိုပစ်ထားပြီး သဘောလိုက်သွားတာ ဘယ်နှစ်လရှိပြီလဲ၊ ဆွေမရှိ၊ မျိုးမရှိ၊

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတစ်ယောက်တည်း ရန်ကုန်မြို့လို နေရာမျိုးမှာ တင် ယောက်တည်း ရှန်းကန်နေရတာ ဘယ်လောက်အားငယ်နေရှာမလဲ သူ . . . မတွေးဘူးလား၊ ကျွန်တော်သာဆို တခြားအလုပ် ပြောင်း လုပ်ပြီး မတေးအနားက တစ်ပြားမှ မခွာဘူး"

သူမ,က မျက်နှာကို မဲ့တဲ့တဲ့ ပြုံးလိုက်ကာ . . .

"အဲ့ဒါ ကျွန်မနဲ့ သူ နီးရအောင်ပဲ သူပိုက်ဆံထွက်ရှာနေ တာပေါ့ ကိုဖြူရယ်၊ သူနဲ့ ကျွန်မက ကိုဖြူလိုမှ မွေးကတည်းက မချမ်းသာကြပဲ၊ သူကပြောပါတယ် . . . ဒီတစ်ခေါက် ထွက်ပြီးတာ နဲ့ ကျွန်မတို့ လက်ထပ်ကြမယ် . . . တဲ့၊ သင်္ဘောလည်း မလိုက်တော့ ဘူး၊ ကိုယ်ပိုင်စီးပွားရေးလုပ်ဖို့ သူ ဟိုမှာ အစွမ်းကုန်ချွေတာပြီး နေမယ်တဲ့ . . .၊ သူရှာသမျှကလည်း တေးတို့နှစ်ယောက်အတွက် ချည်းပဲ . . . တဲ့၊ ကိုဖြူရယ် . . . တေး ကံကောင်းပါတယ်"

"ကျွန်တော်တော့ မထင်ဘူး၊ အဲ့ဒီလောက် သဘောထား နဲ့ပြီး အမြင်ကျဉ်းတဲ့ ယောကျာ်းနဲ့ တေး တစ်နေနေ့တော့ ပြဿနာ တက်လိမ့်မယ်၊ အခု သူပြန်လာလို့ ကျွန်တော်နဲ့ တေးက မိတ်ဆက် ပေးရင် သူ ဘယ်လို မိတ်ဆွေအဖြစ်က ရပ်စဲခိုင်းမလဲ၊ စောင့်သာ ကြည့်၊ ကျွန်တော်တို့နှစ်ယောက် ရိုးသားစွာ ခင်မင်နေကြတယ် ဆိုတာ သူ ယုံမှာကို မဟုတ်ဘူး"

"အို . . . တကယ်ရိုးသားတာဆိုရင်တော့ သူယုံရမှာပေါ့"

"ကဲ . . . ထားပါတော့ . . . ရိုးပါပြီတဲ့ဗျာ၊ ကျွန်တော်တ တေးရဲ့ တစ်ချိန်က ရည်းစားဟောင်းပေါ့၊ အရင်တုန်းက ချစ်ခဲ့ တွေ . . . အခု လမ်းခွဲထားတဲ့သူလို့ မိတ်ဆက်ပေးရင် . . . အဲ့



မတေးရဲ့ ကိုထွဋ်ခေါင်မိုးဟာ မတေးကို အရင်ကအတိုင်း ဆက်ချစ် မယ် မတေးထင်သလားဟင် . . ."

သူမ . . . ရုတ်တရက်တွေသွားပါသည်။ နှုတ်ခမ်းလေးကို ကိုက်၍ ငြိမ်သက်သွားတော့ သူက ဆက်ပြောဖြစ်လိုက်သည်။

"မတေး . . . ကိုထွဋ်ခေါင်မိုးလို ယောကျာ်းမျိုးဟာ သူ ကိုယ်တိုင်က ဖြူစင်ချင်မှ ဖြူစင်မယ်၊ သူချစ်တဲ့ မိန်းကလေးကိုတော့ အပြစ်အနာအဆာမရှိ ပကတိဖြူစင်ရိုးသားဖို့ အတ္တကြီးစွာ တောင်း ဆိုတဲ့သူမျိုးပဲ၊ မတေး . . . ကိုယ့်ဘက်ကနေ စဉ်းစားကြည့်ပါ၊ သူမှာ မတေးရဲ့အရင် ရည်းစားတစ်ယောက်ရှိခဲ့ဖူးတယ်လို့ မတေး . . . အခုကြားရမယ်ဆိုရင်လည်း မတေး . . . သူ့ကို ဆက်ချစ်မှာပါပဲ . . . ဟုတ်တယ်မဟုတ်လား"

သူမ, မဖြေ။ ခေါင်းကိုငုံ့ကာ တိတ်ဆိတ်လို့နေသည်။

"ဒါပေမဲ့ . . . မတေးမှာ ချစ်သူတစ်ယောက်ယောက်ရှိ ခဲ့ဖူးတယ်လို့ သူ . . . အခုမှသိရရင် သူဘယ်လိုတုံ့ပြန်မလဲဆိုတာ မတေး စောင့်ကြည့်ပါလား"

သူမ, လက်ညှိုးထိပ်က လက်သည်းလေးကိုကိုက်၍ လေး နက်စွာ တွေးတောနေပါသည်။

ထို့ကြောင့်လည်း ဖြူဖွေးကို လူတွေက ကြောက်စရာ ကောင်းသည်ဟု ပြောကြသည်။

✳ ✿ ✳

www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီလိုနေတုန်းမှာ သူ့လက်ထဲက ဟန်း (Hand) ဖုန်းက တတိတီအသံ မြည်လာခြင်းဖြစ်သည်။

ခေါ်သည့် နံပါတ်ကို ကြည့်လိုက်တော့ ကိုနေရဲ့ ဟန်းဖုန်း နံပါတ်။ ကြည့် . . . စိတ်ထဲကနေတော့ သူပြုံးလိုက်မိသေးသည်။ တေးကဗျာနဲ့ သူ . . . အတူရှိနေချိန်ဟု မှန်း၍ မယုံသင်္ကာစိတ်နှင့် လှမ်းထောက်ပြီဟု ထင်ကာ ဖုန်းကိုဖွင့်၍ ခတ်ဆောင့်ဆောင့် ပြန်ထူးပစ်လိုက်သည်။

"ဘာလဲ . . . ဟော့ကောင် . . ."

မထင်မှတ်စွာ တစ်သက်နဲ့တစ်ကိုယ် တစ်ခါမှ မကြားဖူးသော ကိုနေရဲ့ အော်ဟစ်ငိုယိုသံကြီး ဗြုန်းခနဲ ထွက်လာသည်။

"အမလေး . . . ကိုဖြူရဲ့ . . . လုပ်ပါဦး၊ ဒက်ဒီလေ . . . ဒက်ဒီ . . . သတိမရတော့ဘူး . . . အီး . . . ဟီး . . . ဟီး . . ."

သူထိတ်လန့်သွားစဉ်မှာ တစ်ဖက်က ကိုနေ့ဖုန်းကို ဘောဂဖြုတ်လု၍ ဝင်ပြောလိုက်သံကို သူ စ,တင်ကြားလိုက်ရသည်။ တစ်ဖက်က ဖုန်းထဲမှာလည်း ကားဟွန်းသံ ကားမောင်းသံနှင့် လူသံ၊ စကားပြောသံတွေ၊ ငိုယိုသံတွေ ဆူညံရှုပ်ထွေးလို့နေသည်။

"ဟော့ကောင် ကိုဖြူ . . မင်း အခု အဲ့ဒီမှာ ဘာလုပ်နေလဲ"

"ငါလား . . . တေးနဲ့လေ . . ."

"မင်း . . . အခု ဆေးရုံကြီးကို လာခဲ့တော့ ကိုဖြူ။ ဒီမှာ ကိုမနေ့အဖေကြီး ရင်ဘတ်အောင့်တယ်၊ အောင့်တယ်ဆိုပြီး . . .



ကျ သတိလစ်သွားတာ အားလုံးဝိုင်းမပြီး ဆေးရုံကြီးကို မောင်းနေတာ၊ ကိုနေပြောတော့ အရင်ကလည်း တစ်ခါဖြစ်ဖူးတယ် . . တဲ့၊ နှလုံးရောဂါရှိတယ်လို့ ပြောတယ်"

"အခု . . . အခြေအနေ ဘယ်လိုလဲ"

"မသိဘူးကွာ၊ သတိပြန်မလည်ဘူး၊ တစ်ကိုယ်လုံးလည်း းစက်နေတာပဲ၊ အိမ်မှာက လူကြီးတွေလည်း မရှိဘူး၊ ကိုနေ့ ကြီးဆိုတာကလည်း မနေ့ကရွာကို . . . ခဏပြန်သွားတယ်တဲ့၊ ာ ငါလည်း ဘာလုပ်ရမှန်းကို မသိဘူး၊ အလုပ်သမားတွေနဲ့ သယ်ပြီး ဆေးရုံပို့နေတာ၊ ကိုနေကလည်း မင်းကြားတဲ့အတိုင်းပဲ၊ းပူက်နေပြီ"

"ငါ . . . အခုလာမယ်"

သူမျက်စိပျက် မျက်နှာပျက်နှင့် ဖုန်းကိုပိတ်ပြီး ငေါက်ခနဲ တော့ တေးကဗျာက စိုးရိမ်သောမျက်ဝန်းနှင့် မော့ကြည့်၍ လေးသည်။

"ဘယ်သူ . . . ဘာဖြစ်လို့လဲ . . . ကိုဖြူ"

"ကိုယ့်အဖေလိုပဲ အရမ်းရင်းနှီးတဲ့ အန်ကယ်ကြီး တစ် က်ပါ၊ စက္ကန့်တိုင်းမ် ဟာ့အတက်ခ် ရတယ်ထင်တယ်၊ ကိုဖြူ ဦးမယ်"

သူမ, ခေါင်းညိတ်ပြပြီး . . .။

"စိတ်မကောင်းလိုက်တာ၊ ကံကောင်းပါစေ . . . ကိုဖြူရယ်"

www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံရောက်ရောက်ချင်း အရေးပေါ်ဌာနမှ သူ ပြန
ပျာပျာနှင့် သွားစုံစမ်းတော့ နေမင်းအိမ်ဆိုသည့် ပေးရှင့်(Patien
က နှလုံးအထူးကုခွဲစိတ်ကုသဆောင်မှာ တင်လိုက်ပြီဆိုသ
သတင်းရသည်။

သူ အပြေးအလွှားသွားတော့ အထူးကြပ်မတ်ကုသခန်
အပြင်ဘက် လူနာရှင်တွေ ထိုင်စောင့်သည့် ခုံတန်းမှာ အိမ်
အလုပ်သမားတွေ တစ်ပြုံတစ်မကြီးနဲ့ ဘောဂရယ်၊ ငိုယိုနေသ
ကိုနေရယ်ကို တွေ့သည်။

မျက်ရည်တွေရွှဲကာ နီရဲမို့အမ်းနေသည့် ပုံစံနှင့်သူမ
တွေလိုက်ရတော့ ရင်ထဲက လှိုက်ခနဲ ဝမ်းနည်းသွားရသည်။
. . သူမ ဘယ်လောက်တောင် ထိတ်လန့်အားငယ်ရှာနေပြီလဲ . .

ဘယ်လိုပဲ ကိုယ့်ကိုယ်ကိုယ် ယောက်ျားလေးတစ်ယော
လို မာန်တင်းထားထား သူမ,၏ တစ်ဦးတည်းသော အားကိုးအ
ထားပြုရာ ရွှေတောင်ကြီးက ပြိုလူပြိုခင် . . . သူမ တုန်လှုပ်ရှာ
မပေါ့။

သူမ, မျက်နှာကိုတင်းကာ ရှိုက်နေသည့်ကြားမှ သူ
လည်းတွေ့ရော . . . ဟန်ဆောင်မှုတွေကွာကျလျက် "အီး . . .
ကိုဖြူရဲ့၊ ဒက်ဒီကိုကြည့်ပါဦး" ဟု အော်ငိုကာ ပြေးဖက်တော့သ
သူမ,၏ ခန္ဓာကိုယ်လေးကို သူငယ်ချင်းတစ်ယောက်လို သူ ပွေ
နှစ်သိမ့်နေစဉ် . . . သူမ,က မျက်ရည်များကြားမှ ပြောပါသ



"ဒက်ဒီ့ကို အိုင်စီယူထဲထည့်ထားကြတယ်၊ ကျွန်တော်
လည်း ဝင်ကြည့်လို့မရဘူး၊ အသက်ရှူစက်လည်း တပ်ထားရတယ်
ပြောတယ်၊ အခြေအနေက စိုးရိမ်ရတယ်တဲ့ . . . အီး . . . ဟီး
. . . ဟီး၊ ဒီနေ့ညပဲ ဒက်ဒီနှလုံးကို ခွဲစိတ်ချင်ခွဲစိတ်ရမယ်တဲ့ . . .
ဟီး . . . ဟီး . . . ဘယ်လိုလုပ်မလဲ . . . ကြောက်စရာကြီး"

"ကိုနေ . . . တိတ်ဦး၊ တိတ်ဦး၊ ဆေးရုံပေါ်မှာ အဲလောက်
မငိုနဲ့၊ ဘောဂ . . . အန်ကယ့်အခြေအနေက ဘာတဲ့လဲ"

ဘောဂက မျက်နှာခပ်ပျက်ပျက်နှင့် ရှေ့တိုးလာသည်။
သူနောက်က လူအုပ်ထဲမှာလည်း အားကိုးချင်စရာ လူကြီးသူမ
တစ်ယောက်မှ မရှိ။ ထမင်းချက်ဒေါ်ရွှေကသာ အသက်ငါးဆယ်ခန့်
နှင့် အသက်ကြီးဆုံး။ သို့ပေမယ့် ပညာက သိပ်မတတ်။ ကျန်တဲ့သူ
များကလည်း ကိုနေတို့ခြံထဲက တံခါးစောင့်တွေ၊ မာလီတွေ။

ဘောဂက ရှင်းပြသည်။

"အန်ကယ်က နှလုံးသွေးကြောကျဉ်းတဲ့ရောဂါ . . . တဲ့၊
အဲဒါ နှလုံးသွေးကြော အစားထိုးပြီး ခွဲစိတ်ကုသမှ ရမယ်၊ မခွဲရင်
. . . နောက်တစ်ခါ ဒီလိုဖြစ်လို့ကတော့ အသက်ပါပါသွားနိုင်
တယ်တဲ့၊ နောက်တစ်ခါ အတက်ခ် (Attack) ရဖို့ကလည်း အချိန်
မရွေးပဲ . . . တဲ့၊ အခု . . . ဆရာဝန်ကြီးတွေ ဟိုအခန်းထဲမှာ
အစည်းအဝေးလုပ်နေကြတယ်၊ ပြီးရင် . . . ဒီနေ့ညခွဲဖို့၊ မခွဲဖို့
လာပြောလိမ့်မယ်၊ ခွဲရဖို့ များတယ်"

"သူတို့ ခွဲဆိုလည်း ခွဲရမှာပေါ့ကွာ၊ အန်ကယ်က သတိရပြီ
လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း . . ရင်ဘတ် အရမ်းအောင့်တော့ ကြည့်ရတာ အကိုက်အခဲပျောက်ဆေး အိပ်ဆေးပါ ရောထိုးရတယ်ထင်ပါရဲ့၊ အခုတော့ မှိန်းနေတယ်၊ ခုနကထက်တော့ နည်းနည်းသက်သာနေပုံ ရတယ်၊ ခုနကတော့ ငါတို့လည်း သွားပြီထင်တာ"

သူမှာ ကိုနေ့ကိုလည်း လှည့်ပြီးချော့ရသေးသည်။

"ကိုနေ . . . မငိုနဲ့တော့လေ၊ ဆေးရုံရောက်နေပြီပဲဥစ္စာ၊ ဆရာဝန်တွေကလည်း ခွဲပြီးရင် ပြန်ကောင်းလာမယ်လို့ ပြောနေသားပဲ၊ ကိုနေရဲ့ ဒက်ဒီပြနေကျ ဆရာဝန်အသိတွေ ဘာတွေရော ဖုန်းဆက်ထားသလား"

သူမ တစ်ချက်ရှိုက်ရင်း . . .။

"အဲ့ဒီအခန်းထဲရောက်နေပြီ၊ ကိုနေတို့လည်း လူငယ်တွေချည်းမို့ ဒက်ဒီကုမ္ပဏီက ဒီဂျီတွေ၊ ဂျီအမ်တွေ အကုန်ဖုန်းဆက်ခေါ်ထားတယ်၊ သူတို့ ခဏနေ ရောက်လာလိမ့်မယ်၊ ဒက်ဒီကိုကုတဲ့ ဆရာဝန်ကြီးက ဒီဝပ်မှာ အကြီးဆုံးပဲ၊ သူကိုယ်တိုင်က ပြောတာ ခွဲရမှာတဲ့၊ အဲ့ဒါလေ . . . ဒက်ဒီသွေးက . . . အီး . . ဟီး . . ဟီး"

ပြောရင်းနဲ့ ငိုချလိုက်ပြန်တော့ ဘောဂက ဝင်ရှင်းရပြန်သည်။

"အဲ့ဒါက္ဂာ . . . အန်ကယ်သွေးအုပ်စုက အေဘီ . . . တဲ့ အရမ်းရှားတယ်ပြောတယ်၊ အဲ့ဒါ ခွဲစိတ်ရင် သွေးက လိုမှာမို့လို့ သွေးပုလင်း ခြောက်ပုလင်းလောက် ဒီနေ့ရအောင် မှာထားပါတဲ့၊ အခုလာတဲ့ သူတွေထဲမှာလည်း အေဘီအုပ်စုက ဘယ်သူမှ မပါဘူး ကိုနေကိုယ်တိုင်တောင် သွေးအုပ်စု အေတဲ့၊ အဲ့ဒါမှ ဒုက္ခပါပဲက္ဂာ"



ကိုနေရဲ့ငိုသံ တျယ်လောင်လာသည်။

"အီး . . . ဟီး . . . ဟီး . . . ဒက်ဒီတော့ ဒုက္ခပါပဲ၊ အဲ့ဒီသွေး မရရင် ဒက်ဒီသေမှာပေါ့"

သူ . . . ဝမ်းသာအားရ ပြောထွက်လိုက်သည်။

"ကိုနေ . . . တိတ်စမ်း၊ အဲ့ဒါ ကံကောင်းတာပဲ၊ ကိုယ့်သွေးက အေဘီလေ . . ."

"တကယ် . . ."

ကိုနေ့ မျက်လုံးလေး ပေကလပ်၊ ပေကလပ် ဖြစ်လာသည်။ ဘောဂကလည်း ဝမ်းသာအယ်လဲအသံနှင့် . . .။

"အဲ့ဒါဆို မင်းဆီက တစ်ပုလင်းရနိုင်မယ်၊ ငါလည်းအိမ်မှာ လျှောက်မေးကြည့်တော့ ငါ့အစ်ကိုလတ်က အေဘီ . . . တဲ့၊ အခု ဆေးရုံကို သွေးလှူဖို့ သူလာနေပြီ၊ ဒါဆို နှစ်ပုလင်းတော့ ရနိုင်မယ်၊ လေးပုလင်း လိုသေးတယ်က္ဂာ . . . တောက်"

"ငါ့ဆီက နှစ်ပုလင်းလောက် ထုတ်မယ်လေက္ဂာ . . ."

ကိုနေက သူ့ကို အံ့အားသ င့်တကြီး မျက်ရည်ရစ်ဝိုင်းသော မျက်လုံးကြီးများနှင့် မော့ကြည့်ရှာသည်။ အဲ့ဒီလိုအကြည့်ကို သူ မခံနိုင်ပါ။

ဘောဂက ငြင်းဆန်သည့်လေသံ စူးစူးနှင့် . . .

"မင်းကလည်း . . . ဘယ်ဖြစ်မလဲကွ"

"ဘာလို့ မဖြစ်ရမှာလဲ၊ ငါက သူများထက် နှစ်ဆလောက် အကောင်ကြီးတာပဲ"

ဘေးနားက ဖြတ်လျှောက်သွားသော ထသီအနီသူနာပြု

www.burmeseclassic.com

www.burmeseclassic.com



ဆရာမလေးက သူ့စကားကြားပြီး ခပ်တိုးတိုးရယ်ကာ . . .။

"လျှိုလို့ရပါတယ်၊ လူနာကရှင်ပြီး . . . ရှင်က သေသွားမှာ တစ်ခုပဲ"

သူနာ့ပြုဆရာမလေးစကားကို အကြားမှာ ကိုနေတစ်ယောက် တအိအိနဲ့ ငိုရှာပြန်တော့သည်။ သူမ ငိုနေတာကို သူ မကြည့်ရက်စွာ သူမ့ဘေးမှာ ဒူးထောက်ထိုင်ချလိုက်မိတော့သည်။

"ကိုနေရာ မငိုစမ်းပါနဲ့ဦး၊ ငါ တကယ်ပေးလို့ရရင် သွေးပုလင်းနှစ်ပုလင်းစာ ထုတ်ပေးပါ့မယ်ကွာ . . . တကယ်ပါ"

သူမ . . . ငိုရှိုက်သံတစ်ဝက်နှင့် ပြောရှာပါသည်။

"ကိုဖြူ့ကိုလည်း မသေစေချင်ပါဘူး၊ ဒက်ဒီကိုလည်း ပြန်လိုချင်တယ် . . . ဘယ်လိုလုပ်ရမလဲ၊ ကျွန်တော်ပဲ သေချင်တယ် ကျွန်တော်ပဲ သေလိုက်ချင်တော့တယ်"

ကိုနေက မျက်ရည်များ တွေတွေစီးကျလာတော့ သူ ဆို့နှင့်စွာ ငေးစိုက်နေမိသေးပါသည်။ ပြီးမှ . . . ရင်ထဲက ရှိတဲ့အတိုင်း ထုတ်ပြောဖြစ်လိုက်၏။

"ကိုနေရာ . . . ငါ . . . သေချင်သေသွားပစေပေါ့ . . . အန်ကယ့်အသက်ကို ကယ်လိုက်ရမယ်ဆိုရင် ငါကျေနပ်တယ် မင်းရဲ့ဘဝမှာ ငါ့ကို လိုအပ်တာထက် အန်ကယ့်ကို ပိုလိုအပ်တာပဲ မဟုတ်လား"

အဲ့ဒီစကားအဆုံးမှာ သူ့မျက်နှာကို သူမ့ဖျတ်ခနဲ မော့ကြည့်လေသည်၊ စက္ကန့်များစွာ တိတ်ဆိတ်သွားသည်ဟု ထင်ရသည်။ သူတို့နှစ်ယောက် အကြည့်မလွှဲပါ။



ပြီးတော့ သူမရဲ့ အသံတိုးတိုးကလေး ထွက်လာသည်။

"ကိုဖြူ . . . ဘာတွေ လျှောက်ပြောနေတာလဲ . . . ဟင်"

ဘောဂက . . . သူ့ပခုံးကို အားပေးသည့်အနေနှင့် လာရောက်ဖျစ်ညှစ်ဆုပ်ကိုင်ကာ . . .

"ကိုဖြူ . . . မင်းမှာ မင်းဘော်ဒါတွေ အများကြီးရှိတာပဲ၊ နည်းနည်းပါးပါးဖုန်းဆက်ပြီး မေးကြည့်ပါဦး၊ သွေးအုပ်စုအေဘီဖြစ်နေရင် လှူများလှူချင်မလား . . . လို့"

သူ လက်ဖျောက်တစ်ချက် တီးလိုက်မိသည်။

"ဟာ . . . ဟုတ်ပြီ၊ ငါ့ရဲ့ရည်းစားဟောင်းတွေဆီကို ငါ ဖုန်းဆက်မယ်၊ ငါ့ကို သူတို့ ဘယ်လောက်ထိ ချစ်နေသေးလဲဆိုတာ သည်။ သိချင်တာနဲ့ အတော်ပဲ၊ သူတို့ကို ငါက အကူအညီတောင်းတဲ့ အနေနဲ့ သွေးလှူခိုင်းရမယ်"

ဘောဂက မျက်မှောင်ကြီးကြုတ်ကာ . . .

"မင်းဟာက . . . ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ၊ မင်းရဲ့ရည်းစားဟောင်းတွေပါဆိုမှ . . . မင်းကို အသေအလဲ မုန်းတီးနေမယ့်သူစွကို . . .၊ လှူပါလိမ့်မယ် အားကြီးကြီး"

သူ အားရပါးရ ပြုံးနေလိုက်သည်။

"မင်းမသိပါဘူးကွာ၊ ဖြူဖွေးကွ ဖြူဖွေး၊ အဲ့ဒီမိန်းကလေးတွေကို အခု ငါ . . . ခြေသလုံးဖက်ပြီး တောင်းပန်ရ၊ တောင်းပန်မယ်၊ ချစ်သူဖြစ်ချင်ပါတယ်ဆို ပြန်ပြီးချစ်သူဖြစ်ပေးလိုက်မယ်၊ ဆို . . . သူတို့ ငါ့ကို ငြင်းဦးမလားကြည့်လေ၊ ငါ့ရဲ့ရည်းစားဟောင်းတွေထဲမှာ ငါနဲ့သွေးအုပ်စုတူတဲ့ ကောင်မလေး သုံးယောက်

www.burmeseclassic.com

www.burmeseclassic.com



ရှားရှားပါးပါးရှိတယ်၊ အဲ့ဒါ ငါ . . . ဘယ်တော့မှ မမေ့ဘူး၊ အော
သွေးတာ ရှားတယ်မဟုတ်လား"

"တကယ် . . . "

ကိုနေက သူ့အသံသြသြရှရှနှင့် ခုန်ထ၍ အော်လေသည်

ချက်ချင်းပဲ ကိုနေတို့ ရှေ့မှာတင် သူ့လက်ကိုင်ဖုန်း ကောက်နှိပ်ကာ ပထမဆုံး သူ့ရည်းစားဟောင်းတွေထဲက အုပ်စုတူသူ မိန်းကလေးကို လှမ်းခေါ်သည်။

သူမ၏နာမည်က ခင်ကလျာမျိုး။

"ခင်ကလျာမျိုးလား . . . ဟင်"

သူ့ဘက်က ခေါ်လိုက်ရုံရှိသေး . . .။

"ဟယ် . . . အဖြူ . . . မျိုးဆီ ဖုန်းဆက်တယ်၊ မျိုး အံ့ လိုက်တာ အဖြူရယ်၊ အဖြူ ဘာဖြစ်လို့လဲဟင်၊ မျိုးကို သတိရ လား၊ မျိုးကဖြင့်လေ . . . အဖြူ့ကို တစ်နေ့မှ မမေ့ဘူး၊ ဟိုတစ် ကပဲ အဖြူဝယ်ကျွေးတဲ့ ပန်းဆိုးတန်းထိပ်က စမူဆာသုပ်လို အိမ်ကအဒေါ်တွေ လုပ်စားကြတာ ဝင်စားရင်းနဲ့ အဖြူ့ကို သတိ ရလို့ မျက်ရည်ကျရသေးတယ်၊ အဒေါ်တွေက မေးတယ် ဘာဖြ တာလဲတဲ့ . . . မျိုးလည်း ငရုတ်သီးစပ်လို့ပါ . . . လို့ ဖြေမိဖြေ ဖြေလိုက်ရသေးတယ်၊ အဖြူ့ကို လွမ်းလို့လေ မျိုး အရမ်းပိန်သွား တယ် . . . သိလား၊ အစားလည်း သိပ်မစားနိုင်ဘူး၊ ဖြူရယ် . . . ရက်စက်လိုက်တာ . . . "

တော်ပါတော့ မျိုးရယ်။ တော်ပါတော့။ စိတ်ထဲက အော် ဟစ်လိုက်ပေမယ့် အပြင်မှာ မအော်ရဲပါ။ အတတ်နိုင်ဆုံး လေသံ



ချိုသာပစ်လိုက်တာ . . .။

"မျိုးရယ် . . . ကိုယ်ပြောတာကို နားထောင်ပေးပါဦး၊ ကိုယ်က အခုအကူအညီ အရမ်းလိုနေလို့ မျိုးဆီဆက်တာပါ ကိုယ့်ကို ကူညီမယ်မို့လား . . . ဟင်"

"ဟယ် . . . တကယ် . . . ဘာအကူအညီ လိုတာလဲ၊ ပြော . . . ပြောပါအဖြူရဲ့၊ အဖြူ့အတွက်ဆို မျိုးကအမြဲတမ်း ကူညီဖို့ အဆင်သင့်ပါ၊ သိတယ်မဟုတ်လား၊ အဖြူကသာ မျိုးရဲ့စေတနာ တွေကို နားမလည်ဘဲ သူများရင်ခွင်ထဲ ဝင်သွားတာ၊ မျိုးက အဖြူ့ကို အမြဲတံခါးဖွင့် ကြိုဆိုနေပြီးသား၊ အဖြူ လမ်းခွဲတော့မယ်လို့ ပြောတဲ့ နေ့ကတည်းက မျိုး . . . မှာလိုက်ပြီးသားပါ၊ အဖြူတစ်နေ့ အဆင် မပြေတဲ့အခါ မျိုးဆီကို အချိန်မရွေးလာခဲ့ပါ . . . လို့လေ၊ အဖြူက အကူအညီလိုမှသာ သတိရတာပါ၊ မျိုးကလေ . . . အဖြူပေးခဲ့ဖူးတဲ့ ပို့စကတ်ထဲက စာသားတောင် အလွတ်ရတုန်း . . .၊ Without friends, life would be . . . "

"မျိုး . . . မျိုး . . . နေဦးလေ၊ ကိုယ်က အရမ်း အရေးကြီး နေလို့၊ ကိုယ်လိုချင်တဲ့ အကူအညီက တခြားမဟုတ်ဘူး၊ မျိုးဆီက သွေးတစ်ပုလင်းလောက် လိုချင်လို့ . . . "

"ရှင် . . . "

"ဟိုလေ . . . ကိုယ့်ရဲ့ အရင်းနှီးဆုံး မိတ်ဆွေတစ်ယောက် အရေးပေါ် ခွဲစိတ်ရမှာ . . . သွေးပုလင်းခြောက်လုံးလောက် လိုနေ လို့ပါ မျိုးရယ်၊ သူ့သွေးကလည်း အေဘီလေ၊ ချက်ချင်းကြီးဆိုတော့ အရမ်းရှာရခက်နေတာ၊ မျိုးသာလှူမယ်ဆိုရင် သူ . . . အသက်

www.burmeseclassic.com

www.burmeseclassic.com



ဆက်ရှင်ခွင့်ရမှာပါ၊ မျိုးလှူမယ်မဟုတ်လား . . . ဟင် . . ."

"အဲ . . . အဲဒါတော့ . . ."

အသံက နည်းနည်းအင်တင်တင်အသံ။

"မျိုးရယ် . . . ကိုယ့်ကို မကူညီနိုင်ဘူးလား၊ မျိုးသာ သွေးလှူမယ်ဆိုရင် ကိုယ်လေ မျိုးကျေးဇူးကို တစ်သက်လုံးမမေ့ပါဘူး"

"ကိုဖြူရယ် . . . မျိုးဆီမှာ တခြားအကူအညီ ကြိုက်သလောက် တောင်းပါ၊ မျိုးက ဆေးခန်းသွားပြရင်တောင် ဆရာဝန်ဆေးထိုးမှာ အရမ်းကြောက်တာ၊ သွေးမြင်ရင်လည်း အရမ်းမူးတတ်တယ်၊ အခုဟာက မျိုးဆီက သွေးတစ်ပုလင်းကြီးတောင် ထုတ်ဦးမှာဆိုတော့ . . . မဖြစ်နိုင်ပါဘူး အဖြူရယ်၊ မျိုး စိတ်မကောင်းလိုက်တာ"

သူ့စိတ်ထဲကနေ ကြော်ငြာထဲကလို . . . ဒါဆိုရင်လည်း ပြီးရောဟု အော်ဟစ်ချင်လာပြီး ဖုန်းခလုတ်ကို ခပ်ဆောင့်ဆောင့် ပိတ်ပစ်လိုက်သည်။

ဘောဂက "ငါမပြောဘူးလား" ဆိုသည့် အကြည့်မျိုးနှင့် ကြည့်သည်။ ကိုနေ . . . မျက်နှာမကောင်း။ သူ ရယ်ကျဲကျဲလုပ်ရင်း . . . "နောက်နှစ်ယောက်ရှိပါသေးတယ်" ဟု ပြောကာ ဖုန်းခလုတ်တွေ ထပ်နှိပ်လိုက်ပြန်သည်။

ဒုတိယတစ်ယောက်က စန္ဒီကို . . .။

"စန္ဒီလား . . . ဟင်၊ ကိုယ်ပါ . . ."

"ဘယ်ကကိုယ်လဲ . . . ခေါင်းရော . . . ဘယ်မလဲ"

အံမယ်။ လေသံက အတော်မာပါကလား။



"ကိုယ်လေ . . . ဖြူဖွေးလေ"

သူ့စကားအဆုံးမှာ အသံက စူးခနဲထွက်လာသည်။

"အောင်မယ် လူယုတ်မာကြီး . . . ရှင်က ကျွန်မဆီ ဖုန်းဆက်ရဲသေးတယ်၊ ကြည့်စမ်း . . . အတင့်ရဲလိုက်တာ၊ ဖုန်းထဲမှာမို့ အပြင်မှာဆို ရှင့်မျက်နှာကို တစ်စ,စီ ဖြစ်အောင်ဆွဲပြီး ကုတ်ခြစ်ပြီးပြီ"

"ကုတ်ချင်ရင်လည်း နောက်မှကုတ်ပါ စန္ဒီ၊ ကိုယ် အကုတ်ခံပါ့မယ်၊ ကိုယ်အခု အကူအညီလိုလို့ စန္ဒီ့ဆီဆက်တာ"

"အမလေးတော် . . . ရာရာ,စစ၊ ရှင့်ကို ဘာကိစ္စ ကျွန်မက ကူညီရမှာလဲ၊ ရှင့်မျက်နှာလည်း မကြည့်ချင်ဘူး၊ ရှင့်အသံလည်း မကြားချင်ဘူးလို့ နောက်ဆုံးနေ့မှာ ပြောခဲ့တာ ဟာသ,လုပ်တယ်များ ထင်နေသလား၊ ရှင့် ရူးနေလား . . ."

"ကိုယ် မရူးပါဘူး စန္ဒီ၊ စန္ဒီကူညီလိမ့်မယ် ထင်လို့ပါ အခုဟာက ကိုယ့်မိတ်ဆွေတစ်ယောက် ဆေးရုံမှာ အသည်းအသန်ဖြစ်ပြီး သွေးလှူရှင်လိုနေတာလေ၊ သူ့သွေးက အေဘီမို့လို့ ကိုယ်လည်း သတိရပြီး စန္ဒီ့ဆီဆက်တာ . . . ကူညီပါစန္ဒီ၊ စန္ဒီ ကိုယ့်ကို နောက်မှ သတ်ချင်ရင်သတ်ပါ၊ အခုတော့ သူ့အသက်ကို ကယ်ပေးပါ၊ အရမ်းအရေးကြီးလို့ပါ"

"ဘာပြောတယ် . . ."

ကုန်းအော်လိုက်တာများ နားပင်မတတ်ပဲ။

"ရှင့်မိတ်ဆွေအတွက် ကျွန်မက သွေးလှူရမယ် ဟုတ်လား . . . ကြံကြီးစည်ရာ၊ ဒီမှာ . . . မိတ်ဆွေမပြောနဲ့၊ ရှင်တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



လုံး ဆေးရုံတက်လို့ သေခါနီးဖြစ်နေပြီး ကျွန်မဆီက သွေးနှစ်စေ လောက်ဖောက်ပါရစေဆိုရင်တောင် အဖောက်မခံဘူး . . . ရှင်းပြ လား၊ ကျွန်မကလေ . . . ရှင့်ခန္ဓာကိုယ်ထဲကတောင် အရှင်လတ် လတ် သွေးတွေဖောက်ထုတ်ပြီး ရှင့်သွေးတွေကို အစိမ်းလိုက် သောက်ပစ်ချင်နေတာ . . . မှတ်ပြီလား၊ နောက်ကို ဘယ်တော့မှ ဖုန်းမဆက်နဲ့ . . . ဒါပဲ"

ဟိုက် . . . မှတ်ကရော၊ ဒီတစ်ခါတော့ ဖြူဖွေးတို့ ခံလိုက် ရပြီ။ သူမ,စကားတွေကိုနားထောင်ပြီး ကျောတောင်ချမ်းလာသည်။

အဲဒီအချိန်မှာ ကိုနေကို လှည့်ကြည့်တော့ မျက်ရည်လေး တွေ စို့စွတ်လာပြန်ပြီလေ။ သူ စိတ်မသက်သာစွာနှင့် . . .

"ကဲ . . . နောက်ဆုံးတစ်ယောက်ကို ဆက်ကြည့်ပေးဦး မယ်ကွာ"

ဟု ပြောကာ ဖုန်းကို နမ့ူးထိပ်ကပ်လျက် ဘုရားစာတွေ ရွတ်လိုက်မိသေးသည်။

ကိုနေက သူလုပ်သမျှကို မျက်တောင်မခတ် ငေးကြည့် နေရှာပါသည်။

"ဟယ်လို . . . နော်အက်စ်သာနဲ့ ပြောချင်လို့ပါ"

"ယူ . . . ဖြူဖွေးမဟုတ်လား"

ခေါ်လိုက်တာနှင့် ဟိုတစ်ဖက်က သူ့နာမည် တန်းရွတ် တော့ သူအားတက်သွားသည်။

"ဟုတ်ပါတယ် အက်စ်သာ . . . ကိုယ်ပါ"

"ယူ . . . ဘာကိစ္စရှိလို့ ဆက်တာလဲ၊ ယူ့လိုယောကျ်ားမျိုး



အိုင့်ဆီက တစ်ခုခုမလိုချင်ဘဲနဲ့တော့ အကြောင်းမဲ့မဆက်ဘူး"

ကြည့်စမ်း . . . အခုထက်ထိ ကိုယ့်ကိုယ်ကိုယ် သိပ်အထင် ကြီးနေဆဲမိန်းမ။ သည်းခံ . . . သည်းခံ . . . ။ ကိုယ်က အောက်ကျို့ ရမည့် အချိန်ဖြစ်သည်လေ . . . ။

"အက်စ်သာ မှန်းတာမှန်ပါတယ်၊ ကိုယ်လည်း ကွေ့ဝိုက် ဦးတော့ မပြောချင်တော့ဘူး၊ ကိုယ် အခုအဲကူအညီတစ်ခု အရမ်း လိုနေတယ်၊ အဲ့ဒါ အက်စ်သာဆီက တောင်းချင်လို့"

ဖုန်းထဲမှာ သူမ တိတ်ဆိတ်စွာ ငြိမ်သက်သွားသည်။ သူမ န်တွေတော့မည်ဟု သူထင်လိုက်သေးသည်။ သို့သော် သူမ ရန်မ တွေ့ချေ။ စက္ကန့်အနည်းငယ် တိတ်ဆိတ်သွားပြီးမှ သူမရဲ့ ခပ်တိုး ိုးရယ်မောသံကို စတင်ကြားရသည်။

"အိုင် . . . မှန်းကြည့်ဦးမယ်၊ အဲ့ဒီအကူအညီကို ယူ . . . ့ရဲ့ရည်းစားဟောင်းတွေဆီမှာ လျှောက်တောင်းကြည့်ပြီးပြီမဟုတ် ား၊ အနည်းဆုံးတော့ နှစ်ယောက်ဆီမှာ ယူ . . . တောင်းပြီးပြီ၊ သမဲ့ သူတို့က ယူ့ကို အကူအညီမပေးဘူး၊ အဲဒါနဲ့ နောက်ဆုံးတော့ ိုင့်ဆီရောက်လာတယ် . . . ဟုတ်တယ်ဟုတ်"

မြတ်စွာဘုရား . . . ။ သူ ဘုရားတ . . . လိုက်မိသည်။ ဒီမိန်းမရဲ့ ခန့်မှန်းချက်တွေက မှန်လှချည်လား။ သူ့အကြောင်းကို ကြီးက အ,အထိ သိနေပြီးသားပုံစံနဲ့ ရယ်မောလို့နေသေး . . . ။ န်းမကို ငါ ဘာဖြစ်လို့များ တကယ်မချစ်ခဲ့ပါလိမ့်။

"အက်စ်သာ . . . မင်းမှန်းကြည့်တာတွေ အကုန်မှန်တယ် - လို့ ကိုယ်ဝန်ခံပါတယ်၊ ဒါပေမဲ့ မင်းဆီကို နောက်ဆုံးမှ ကိုယ်

www.burmeseclassic.com



အကူအညီတောင်းလို့ စိတ်မဆိုးပါနဲ့ အက်စ်သာ၊ ကိုယ် မင်းကို လှော့တွက်တာ မဟုတ်ပါဘူး၊ အခုအကူအညီက ဘယ်သူဆီကဖြစ် ဖြစ် ကိုယ်ယူရမှာမို့လို့ပါ "

"အဲ့ဒီအကူအညီက လူတစ်ယောက်ရဲ့ သေရေးရှင်ရေး လား . . . "

ကြည့်စမ်း . . . သူမ ဘာလို့ ဒီလောက်တော်နေရသလဲ၊

"ဟုတ်တယ် အက်စ်သာ၊ မင်းနဲ့ကိုယ် သွေးအုပ်စုတူတယ် ဆိုတာ မှတ်မိတယ်မဟုတ်လား၊ အခု . . . ကိုယ့်အတွက် သိပ် အရေးကြီးတဲ့ လူတစ်ယောက် အရေးပေါ် ခွဲစိတ်မှုလုပ်ဖို့ သွေးတွေ အရမ်းလိုနေတယ်၊ သူ့သွေးကလည်း အေဘီပဲ၊ အဲ့ဒါ သွေးလှူပေးဖို့ အလှူရှင်တွေ လိုက်ရှာနေတာ . . . အက်စ်သာ၊ မင်း . . . ကူညီ မယ် မဟုတ်လားဟင်၊ အဲ့ဒီသွေးကို မရရင် သူ့မှာ အသက်အန္တရာယ် ရှိတယ်၊ ကိုယ် ညာတာမဟုတ်ပါဘူး၊ ကိုယ် အခု နှလုံးခွဲစိတ်ကုသ ဆောင်က ဆက်နေတာ၊ ကိုယ့်ဆီမှာ သွေးလှူရှင်ကလည်း ကိုယ်တ လွဲပြီး တစ်ယောက်မှ မရှိသေးလို့ပါ အက်စ်သာ၊ ဖြစ်ပြီးခဲ့သမျှ အတွက် အနူးအညွတ်တောင်းပန်ဆို တောင်းပန်ပါ့မယ်၊ မင်း ကျေနပ်တဲ့အထိ ကိုယ်တောင်းပန်ပါ့မယ်၊ အခု . . . ကိုယ့်ကို . . .

သူမအသံက ကြားဖြတ်၍ ဝေါ်ထွက်လာသည်။

"အဲ့ဒီလူနာရဲ့အသက်က ဘယ်လောက်လဲ၊ ယောက်ျား လား . . . မိန်းမလား"

သူပြုံးလိုက်သည်။

"ယောက်ျားပါ . . . ၊ အသက်က ငါးဆယ့်တစ်နှစ်ရှိ



သူမရဲ့ ရယ်သံမျှင်းမျှင်းဆက်ပေါ်လာသည်။

"ရှင် မညာစတမ်း ဝန်ခံမလားဟင်၊ အဲ့ဒီလူကြီးဟာ ယူ့ နောက်ဆုံးချစ်သူရဲ့ အဖေဖြစ်ရမယ် . . . ဟုတ်လား"

"အက်စ်သာ . . ဇာစ်ဆိတ်လောက် မင်းရဲ့ခန့်မှန်းမှုတွေကို ရပ်စမ်းပါကွယ်၊ ကိုယ့်ကို အကူအညီပေးနိုင်လား မပေးနိုင်ဘူးလား ဆိုတာကိုပဲ ဖြေပေးစမ်းပါ၊ အချိန်က အရမ်းအရေးကြီးနေလို့ပါ"

"စိတ်ရှည်ရှည်ထားမှပေါ့ . . . ဆရာကြီးရဲ့၊ ယူက အိုင့်ဆီ က အကူအညီတောင်းနေတဲ့သူနော်၊ အိုင်မေးတာကို . . . ယူ ခုထက်ထိ မဖြေသေးဘူး"

"မင်း ဘာဖြစ်လို့ အဲ့ဒီမေးခွန်းကို မေးရတာလဲ အက်စ် သာ၊ အဲ့ဒီအဖြေက မင်းအတွက် . . . ဘာများထူးခြားသွားမှာမို့လဲ"

"ထူးခြားတာပေါ့ရှင် . . . ၊ ဖြူဖွေးဆိုတဲ့ ကျွန်မ သိခဲ့ဖူးတဲ့ ယောက်ျားတစ်ယောက်ဟာ ဘယ်တုန်းကမှ ဒီလောက်အောက်ကျ နောက်ကျခံပြီး လူတစ်ယောက်ဆီက အထူးသဖြင့် မိန်းမတစ် ယောက်ဆီက အကူအညီကို အသည်းအသန် မတောင်းခံတတ်ဘူး ဆိုတာ ကျွန်မ သိနေတယ်လေ၊ အခုလိုမျိုး သွေးပျက်မတတ် တောင်း ပန်ခယတတ်လာအောင် ရှင့်ကို ပြောင်းလဲပေးနိုင်မယ့်သူဟာ မိန်း ကလေးတစ်ယောက်ကလွဲလို့ တခြားသူ မဖြစ်နိုင်ဘူးပေါ့၊ အဲ့ဒီ မိန်းကလေးဘယ်သူလဲ . . . လို့ ကျွန်မ မြင်ဖူးချင်လိုက်တာ"

"မင်း . . . ကိုယ့်ကို အကူအညီပေးမှာလား၊ မပေးဘူးလား အက်စ်သာ"

သူလေသံနည်းနည်းတင်းမာသွားတာကို သူမ၊ သဘော

www.burmeseclassic.com



ဘာရှာ နေယ်မောနေသေးသည်။

"ကျွန်မရဲ့မေးခွန်းကို ရှင်ဖြေရင် ပေးမယ်"

"မင်း . . . တကယ်အကူအညီပေးမယ်ဆိုရင် ကိုယ် ဖြေမယ် အက်စ်သာ၊ မင်း . . . ကိုယ့်ဆီက နှုံးနိမ့်မှုတစ်ခုကို မက်မက်မောမောလိုချင်နေခဲ့တယ် မဟုတ်လား . . . ဟုတ်တယ် ကိုယ်ရှုံးနေတယ်၊ မင်းထင်ထားတာထက်ကို ကိုယ် အခု အဆပေါင်းများစွာ ပိုရှုံးနေတာပေါ့၊ မင်း . . . အဲ့ဒီစကားကို အခုကိုယ့်ဆီက ကြားပြီးရင် မင်းကျေနပ်ပါ၊ ကိုယ်လေ . . ."

သူ တုန်ယင်ထစ်ငေါ့စွာ ဖုန်းထဲကို ဖြေကြားလိုက်ရင်း အဝေးက ကိုနေရဲ့ နွမ်းနယ်ဖျော့တော့နေသော အသွင်သဏ္ဌာန်ကို ငေးကြည့်နေခဲ့မိပါသည်။

"ကိုယ်လေ . . . ကိုယ့်ကို မချစ်တဲ့သူတစ်ယောက်ကို ချစ်နေမိပြီ အက်စ်သာ"

သူမ ဘာမှ ပြန်မပြောပါ။ ငြိမ်သက်စွာ နားထောင်ပေးနေပါသည်။ သူ့ဆီက ပေးမယ့်အကူအညီကို သူ . . . ဝမ်းလင့်စွာ စောင့်ဆိုင်းနေတုန်း သူမ,ဖြေလေသည်။

"ရှင် . . . အခု . . ဝဋ်ဆိုတဲ့အရာကို သိပြီလား . . ဟင်"

သူ . . ခေါင်းညိတ်ပြနေမိတာကို သူမ,မြင်မည်မဟုတ်ပါ။

"ကျွန်မ . . . အဲ့ဒီ မိန်းကလေးကို လာကြည့်ဖြစ်အောင် ကြည့်ဦးမယ်၊ ကဲပြော . . . သွေးလှူဖို့ ကျွန်မဘယ်ကိုလာရမလဲ"

✳ ✿ ✳



သွေးပုလင်းခြောက်လုံးကိုစွ အဆင်ပြေသွားပါသည်။ သူက တစ်ပုလင်း၊ ဘောဂရဲ့အစ်ကိုလတ်က တစ်ပုလင်း၊ နေဘ်အက်စ်သာက တစ်ပုလင်း။ . . . သုံးပုလင်းရမှာ သေချာပြီး သွေးလှူဘဏ်က နောက်ဆုံးလက်ကျန် အေဘီသွေး သုံးပုလင်းထွက်လာ၍ အားလုံး ဝမ်းသာအားရ ထခုန်မိကြပါသည်။

ခွဲစိတ်ဖို့အားလုံး အဆင်သင့်ဖြစ်နေချိန်မှာ သူနာပြုဆရာမတစ်ယောက် လူနာရဲ့ မှတ်တမ်းကို လက်ထဲမှာကိုင်လာပြီး သူတို့အနားလျှောက်လာကာ. . . ။

"ခွဲစိတ်ဖို့ သဘောတူညီကြောင်း လက်မှတ်ထိုးပေးရမယ်၊ သူနာရှင်ထဲက ဘယ်သူထိုးမှာလဲ . . ."

သူဝင်ပြောလိုက်သည်။

"လူနာက ဆွေမျိုးရင်းချာဆိုလို့ အဲ့ဒီသမီးတစ်ယောက်ပဲ ရှိတာ၊ သူ ထိုးပေးပါလိမ့်မယ်၊ ကိုနေ . . . လာ . . . လက်မှတ်ထိုး"

ကိုနေက မျက်ရည်စ, ဝေ့ဝေ့ဝဲဝဲနဲ့ သူခေါ်နေရာ ရောက်လာကာ . . . ။

"ဘယ်မှာထိုးရမှာလဲ . . ."

သူနာပြုဆရာမက လက်မှတ်ထိုးရမည့် နေရာကို ထောက်ပြသည်။ ကိုနေက ငုံ့အကြည့် အဲ့ဒီမှာ ပြဿနာတက်တော့သည်။

"ဟင် . . . ဒါကြီးက ဘာသဘောတုန်း"

သူနာပြုဆရာမ ကြောင်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုဖြူ . . . လာဖတ်ကြည့်စမ်းပါဦး၊ အဲ့ဒီစာက ဘာသ
သောလဲ အဲ့ဒါဆို ကျွန်တော်မထိုးချင်ဘူး"

ကိုနေ အော်ဟစ်ပြီး ထပ်မံငိုယိုပြန်လေရာ သူအလ
တကြားနှင့် လူနာမှတ်တမ်းပေါ်က စာကိုသွားဖတ်ရသည်။

စာက ဒီလို . . .။

ခွဲစိတ်ကုသရာတွင်လည်းကောင်း၊ ခွဲစိတ်ရာတွင် အသုံ
ပြုသည့် မေ့ဆေး၊ ထုံဆေးနှင့် အခြားဆေးဝါးများကြောင့်သော
လည်းကောင်း ဖြစ်ပေါ်တတ်သည့် အန္တရာယ်များကို ကြိုတင်သိရှိ
ဖြစ်လျက် ခွဲစိတ်ကုသရန် သဘောတူညီပါသည်။

အဲ့ဒီအချိန်မှာ ကိုနေရဲ့ငိုသံက ပိုကျယ်လောင်လာသည်

"မခွဲဘူး၊ မခွဲဘူး၊ ခွဲရင် ကောင်းမယ်ဆိုလို့ခွဲတာ၊ ခုတော
ခွဲရမှာလည်း အန္တရာယ်ရှိနေဆိုရင် ဘာလို့ခွဲရမှာလဲ၊ အီး . . . ဟီး
. . . ဟီး . . . ဒက်ဒီ တစ်ခုခုဖြစ်လို့မရဘူး ဖြစ်မယ်ဆို မခွဲရဘူး
ဟီး . . . ဟီး . . ."

သူ့ရင်ထဲမှ နာကျင်ကြေကွဲသွားပါသည်။

ဪ . . . နုနယ်လွန်းသေးတဲ့ကလေးရယ်။

"ကိုနေ . . . မငိုနဲ့ဦး၊ တိတ်ပါဦး၊ အဲ့ဒီလိုကလေးမဆန်နဲ့
လေ၊ ဒီစာက သူတို့လုပ်ငန်းသဘောအရ ရေးထားတာ ကိုနေရဲ့
ကိုယ်ပြောတာ နားထောင်ဦးလေကွာ၊ ခွဲစိတ်တယ်ဆိုတာ . . . ကြီး
ကြီးသေးသေး သာမန်ပြည်တည်အနာလေးခွဲတာတောင် အဆင်
မသင့်ရင် မေးခိုင်ပိုးဝင်ပြီး အန္တရာယ်ဖြစ်တတ်သေးတာပဲ၊ ဒါကြ
နားလည်ထားရမယ်လေ၊ အန်ကယ်က အခု . . . နှလုံးတစ်ခုလုံးကို



ခွဲစိတ်ကုသရမှာ၊ အန္တရာယ်မများဘူးမဟုတ်ဘူး . . . များတယ်၊
ငါးလည်း စိုးရိမ်ရတယ်၊ ဒါပေမဲ့ မခွဲရင် ပြန်မှမကောင်းနိုင်တော့
ဘာ ကိုနေ . . .၊ မခွဲဘဲနဲ့ ကိုယ်တို့ကရော ဘာလုပ်တတ်မှာမို့လို့လဲ၊
အခုဟာက ကိုယ်တို့ဆုတောင်းပေးရုံပဲ တတ်နိုင်တာ၊ မင်း . . .
လက်မှတ်ထိုးပေးရမယ် ကိုနေ၊ မင်းလက်မှတ်ထိုးမှ အန်ကယ့်ကို
တို့ ခွဲစိတ်ကုသပေးမှာ၊ ထိုးလိုက်ပါကွာ . . . နော်၊ မင်း . . . နား
သည်ပါတယ် "

မျက်ရည်လည်ရွဲနှင့် တုန်ယင်စွာ မေးတော့ သူရင်နင့်ရ
ပါသည်။

"ကိုဖြူ . . . ဒက်ဒီဘာမှ မဖြစ်နိုင်ပါဘူးနော်၊ မဖြစ်နိုင်ဘူး
ဟုတ်ဘူးဟင်၊ ဖြေပါကိုဖြူရာ . . . ဒက်ဒီပြန်ကောင်းလာမှာ မဟုတ်
ဘူးဟင် . . . နော် . . . နော် "

"အေးပါကွာ . . . ပြန်ကောင်းလာမှာပါ၊ မင်းတစ်ယောက်
တည်း လောကထဲမှာထားခဲ့ဖို့ သူ စိတ်မချသေးပါဘူးကွာ၊ သူ ပြန်
ကောင်းလာမှာ"

သူ့အားပေးမှုနှင့်သူမ ပြုံးလာသည်။ ပြီးတော့ လက်မှတ်
ထိုးပေးပါသည်။

※ ✿ ※

www.burmeseclassic.com

www.burmeseclassic.com



အန်ကယ့်ကို စတင်ခဲ့စိတ်ကူသဖို့ ပြင်ဆင်နေသည့် အခ မှာမှ နောက်အက်စ်သာ ဆေးရုံရောက်လာခြင်းဖြစ်သည်။

သူမ, သွေးလှူရန် သူ အစ,စ အရာရာလိုက်လုပ်ပေ ခုတင်ပေါ် သူမ လဲလျောင်းကာ သွေးထုတ်ယူခံနေသည့်အချိန် ကိုနေက နော်အက်စ်သာ ခုတင်ဘေးနားထိလိုက်လာ၍ . . . ဇ ဇူးတင်ကြောင်း၊ သူ့အဖေကို သူမ,ကယ်လိုက်တာဖြစ်ကြောင်း ပြောပေးလေသည်။

ကိုနေ သူမ,ခုတင်ဘေးက ထွက်ခွာသွားတော့မှ သူ ပြုံးစိစိနဲ့ သူ့ကိုကြည့်သည်။

"ယူပြောတာ . . . သူလား . . ."

တိုးတိတ်စွာ သူ ခေါင်းပဲညိတ်ပြလိုက်မိသည်။

"အိုင်မအံ့ဩပါဘူး၊ တကယ် . . . ချစ်စရာလေးပါ"

"မလှောင်ပါနဲ့ အက်စ်သာ၊ ကိုယ်က ကံမကောင်းဘ ဘူး"

"ယူ . . . ကံကောင်းမှာပါ၊ စိတ်ရှည်ရှည်သာထားဝ ကွယ်"

နော်အက်စ်သာရဲ့ နားလည်သဘောထားကြီးမှုကို သ တစ်ခါတော့ အံ့ဩယူမိပါပြီ။ သူ တကယ်ပဲ သူမ,အပေါ် အ ရှက်ရွံ့စွာ ပြန်ပြောလိုက်မိသည်။

"အက်စ်သာ . . . မင်းအလှည့်တုန်းကတော့ မင်းကို ရှည်ဖို့ အခွင့်အရေး ကိုယ်မပေးခဲ့မိဘူး"

သူမ, သွေးလှူနေရင်းက ရယ်မောလေသည်။



"ထားလိုက်ပါတော့ ဝိုက်ရယ် . . .၊ အိုင်သာ . . . နောင် ာ.ရမယ်ဆိုရင် ဒီနေရာကို အိုင် . . . ရောက်မလာပါဘူး"

သူမ,ကသာ ထားလိုက်ပါ ပြောသည်။ ဝိုက် (white) ဆို ာ သူတို့ချစ်သူဘဝက သူမ, သူ့ကိုခေါ်တဲ့အမည်။

"ကိုယ် . . . အခုမင်းကို အရမ်းကျေးဇူးတင်နေပါတယ် အက်စ်သာ၊ တကယ်လို့ . . . တစ်ခုခု မင်းကိုပြန်ပေးလို့ရမယ်ဆို . . . ကိုယ်ပေးချင်ပါတယ် "

သူမ သူ့မျက်နှာကို ငေးကြည့်နေရာက မျက်နှာလွှဲသွားပါ သည်။ ပြီးတော့ ဖြေသည်။

"အိုင်လိုချင်တာ အခုမပြောသေးဘူး၊ သွေးလှူပြီးလို့ အိုင် ပြန်ခါနီးမှ ယူ့ဆီက တောင်းယူမယ်၊ ဝိုက် . . . မမေ့နဲ့"

တကယ်ပဲ . . . သူမ တောင်းခဲ့ပါသည်။

သွေးလှူပြီးသွား၍ သွေးလှူရှင် အားရှိရန် ကျွေးသော အစာတချို့ သူမ, စားသောက်ကာ ပြန်မည်ဟု နှုတ်ဆက်၍ ကိုနေ ာလည်း ထပ်မံကျေးဇူးတင်ကြောင်း လာပြောပါသည်။

"အစ်မကို . . . ကျွန်တော် သိပ်ကျေးဇူးတင်တာပဲ၊ ဒက်ဒီ ာ အခုခွဲစိတ်နေပြီ၊ အစ်မကျေးဇူး ကျွန်တော် ဘယ်တော့မှ မမေ့ပါ ဘူး၊ ဒက်ဒီပြန်ကောင်းလာရင်လည်း ပြောပြပါ့မယ်၊ ပြီးရင် အစ်မနဲ့ ာတွေ့ပြီး ကျေးဇူးဆပ်ချင်တယ်၊ လိပ်စာပြောခဲ့ပါနော် အစ်မ"

ကိုနေက လှိုက်လှိုက်လှဲလှဲ ပြောတော့ သူမ လက်ဝါးလေး ာ၍ ငြင်းလေသည်။

"မလိုဘူး . . . မလိုဘူး၊ အိုင်က ကျေးဇူးရှင်ဖြစ်ချင်လို့

www.burmeseclassic.com

www.burmeseclassic.com



သွေးလာလှူတာမဟုတ်ဘူး၊ သိပ်အထင်မကြီးနဲ့ ညီမလေး၊ အိုင်က ကိုဖြူ့ဆီက တစ်ခုပြန်လိုချင်လို့ . . . တမင်ကို သွေးလာလှူတာ အဲ့ဒါ အခုတောင်းရမယ် . . .”

ကိုနေက တအံ့တဩနှင့် . . .။

“ကိုဖြူ့ဆီက ဘာလိုချင်တာလဲ အစ်မ . . . ကျွန်တော်ပါ ဝိုင်းတောင်းပေးမယ် အစ်မ ရကို . . . ရရမယ်၊ ကိုဖြူ . . ပေးလိုက် လေဗျာ . . . ဘာအင်တင်တင် လုပ်နေတာလဲ”

“သူက . . . ဘာမှမှ မတောင်းသေးတာ ငနေရဲ့”

သူ့ပြောပုံကြောင့် နော်အက်စ်သာ သဘောကျစွာ ရယ်မောပြန်လေသည်။

“သိပ်လည်း . . . မကြောက်ပါနဲ့ ဗိုက်ရယ်၊ အိုင်က အထူးတလည် ဘာမှတောင်းမှာ မဟုတ်ပါဘူး၊ ယူက မိန်းမတွေကို ယူလိုချင်တဲ့အချိန်မှာ ကောက်ယူကြည့်၊ ယူ . . . မလိုချင်တော့တဲ့အချိန်မှာပစ်ချထားခဲ့ လုပ်တတ်တယ် မဟုတ်လား”

နော်အက်စ်သာရဲ့ မျက်လုံးများအောက်မှာ သူ ခေါင်းငုံ့ထားမိပါသည်။

“အဲ့ဒီလို ပစ်ချထားခဲ့တဲ့ မိန်းမတွေ အားလုံးထဲမှာ ယူ့ . . . ဆီက ဘာ . . . အကျိုးကျေးဇူးကိုမှ ပြန်လည်မမျှော်ကိုးဘဲနဲ့ ပေးဆပ်ခြင်းသက်သက်နဲ့ ကူညီသွားခဲ့တဲ့ မိန်းမတစ်ယောက် ရှိခဲ့ဖူးတယ်ဆိုတာ ယူ့တစ်သက်တာမှာ သတိရနေစေဖို့ အိုင် . . . သွေးလာလှူတာ၊ အဲ့ဒါကို ကလဲ့စားချေတယ်လို့ ပြောချင်ပြောပါ၊ အိုင်ခံမယ်၊ အိုင့်မျက်နှာကို ယူ . . . မော့ကြည့်စမ်းပါဦး . . . ဗိုက်ရယ်”



သူ တုန်လှုပ်စွာ မော့ကြည့်ဖြစ်လိုက်သည်။

“နော်အက်စ်သာဆိုတဲ့ မိန်းမတစ်ယောက်ဟာ ယူ . . . ချထားခဲ့တဲ့ မိန်းမတွေထဲမှာ ယူ့ကို ပေးဆပ်ခြင်းသက်သက်နဲ့ ကယ်ချစ်ခဲ့ဖူးသူလို့ ယူ . . . တစ်ဘဝလုံး သတိရနေမယ့် သတိရ င်း တစ်ခုကိုပဲ အိုင် . . . ပြန်သယ်ဆောင်သွားပါပြီ၊ နှုတ်ဆက်ခဲ့ တယ်၊ ဂွတ်ဒ်လပ်ခ်နော် . . . ဟေး ဂိုင်း (Guy) . . . ဂွဒ်လပ်ခ် ood luck) . . .”

သူမ နှုတ်ဆက်သွားပုံလေးက လှသည်။ သူတင်မက သူ့ ားနားက ကိုနေတောင် ငေးကြည့်ကျန်ရစ်ခဲ့ပါသည်။

ပြီးတော့ သူနားကိုကပ်ကာ တိုးတိုးပြောသည်။

“အဲ့ဒီလောက် လှပြီး၊ အဲ့ဒီလောက် ထက်မြက်တဲ့ . . .၊ ဖြူ့အပေါ်လည်း လုံးဝနားလည်ပေးနေတဲ့ အဲ့ဒီမိန်းမကို ကိုဖြူ လို့တကယ်မချစ်ခဲ့တာလဲ၊ အံ့ဩစရာပဲ၊ ကိုဖြူ့မှာ အသည်းနှလုံး ခဲ့သေးရဲ့လား . . .”

သူ . . . ဟတ်ခနဲ လှောင်ရယ်ပစ်လိုက်သည်။

“အသည်းနှလုံးဆိုတာ လူမြင်ရတဲ့နေရာမှာ မရှိဘူး ယ်ချင်း၊ ကိုယ်မမြင်ရတဲ့ အရာတွေကို မရှိဘူး . . . လို့ပြော တ်တဲ့ အယူသီးလူမိုက်တွေကြားထဲ . . . မင်းမပါပါစေနဲ့”

“ဒါဖြင့် နော်အက်စ်သာလို မိန်းမမျိုးကို ကိုဖြူဘာ့ကြောင့် စ်နိုင်ရှာတာလဲ၊ သူ့မှာ . . . ဘာအပြစ်ရှိသလဲ၊ မချစ်နိုင်လောက် င် ဘာများတွေလို့လဲ . . .”

“ဟေ့ . . . ကိုနေ . . . မင်း မြဲမြဲမှတ်ထားစမ်းပါ၊ လူတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်အပေါ် ချစ်ခင်မြတ်နိုးမှုဆိုတာ အလွယ်တကူနဲ့ ဖြစ်ပေါ် လာတတ်တာ မဟုတ်ဘူး၊ ကိုယ်မချစ်နိုင်တဲ့ လူတစ်ယောက်အပေါ် အမိန့်နဲ့ ချစ်ခိုင်းလို့မရဘူး၊ ငွေနဲ့လည်း ချစ်ခိုင်းလို့မရဘူး၊ ခြိမ်း ခြောက်မှုတွေနဲ့လည်း ချစ်ခိုင်းလို့ မရဘူးလေ၊ ဆွဲဆောင်မှုတွေ ဘယ်လောက်ကောင်းကောင်း ကိုယ့်နှလုံးသားက ချစ်ခိုင်း တကယ်ချစ်တတ်တာ၊ အဲ့ဒီအချိန်ကျတော့ ကိုယ့်ရဲ့ချစ်ခင်မြတ်နိုး မှုတွေကို ဒီတစ်ယောက်အပေါ် မထားနဲ့၊ နောက်တစ်ယောက် ပြောင်းလိုက်ပါလို့ ... ဘယ်လိုပဲပြောင်းခိုင်း၊ ပြောင်းခိုင်း မပြောင်းလဲနိုင်တော့ဘူး၊ တစ်နေရာတည်းမှာပဲ ကျောက်ချရပ်နား လိုက်တတ်ပါတယ်၊ ဒါတွေ ... တစ်နေ့ မင်းနားလည်လာနိုင်ပါ လို့ ကိုယ် ဆုတောင်းပါတယ်"

သူမ၊ မျက်ရည်ဝဲစွာ သူ့ပခုံးကိုလာရောက်ဆုပ်ကိုင်တော့ သူ အံ့ဩသွားပါသည်။ သူမ ... သူ့ကို အားငယ်ဖျော့တော့ သည့် မျက်ဝန်းအစုံနှင့် ကြည့်၍ပြောလေသည်။

"ကျွန်တော် ... ကိုဖြူဆိုလိုတဲ့ အဓိပ္ပါယ်ကို နားလည် တယ်"

သူမ ဘာတွေနားလည်သွားမှန်း သူ မသိလိုက်ပါ။

"ကိုဖြူ ... ကျွန်တော်ရဲ့ တေးကို အသည်းခွဲရ ကြောက်နေတယ် မဟုတ်လား"

အို ... မဟုတ်ပါဘူး။ အဲ့ဒါ မင်းအတွက် .. ဒီကမ္ဘာ ပေါ်မှာ ကိုယ်အလုပ်ပေးချင်ဆုံး အလုပ်တစ်ခုပါ။

ဒါပေမဲ့ ... နှုတ်က သူ ပြောမထွက်ချေ။



သူမရဲ့ လေသံလေးက တုန်ရီလှိုက်မောစွာ ထွက်ပေါ်လာ သည်။

"ကိုဖြူနဲ့ ကျွန်တော်လုပ်ထားတဲ့ အလောင်းအစားကို ... ကျွန်တော်အခု ဖျက်သိမ်းပစ်လိုက်ပြီ ... ကိုဖြူ၊ ကိုဖြူ ... အဲ့ဒီအလုပ်ကို ဆက်လုပ်စရာ မလိုတော့ဘူး၊ ကိုဖြူ တေးကို ... လှည့်စားသိမ်းသွင်းနေတဲ့အလုပ် အခုအချိန်အစ,ပြီး ရပ်လိုက်တော့၊ ကျွန်တော်တို့ အဲ့ဒီအဖြစ်တွေ မေ့လိုက်ကြရအောင် ... နော်"

သူ ... ကိုနေ့မျက်နှာကို သေသေချာချာစိုက်ကြည့်မိ လိုက်သည်။

"မင်း ... တေးကဗျာကို မလိုချင်တော့ဘူးလား ... ကို နေ၊ မင်း ... သူ့ကို မချစ်တော့ဘူးလား"

ကိုနေရဲက မျက်လုံးများ ရီဝေစွာမှုန်မှိုင်းသွားပါသည်။

"ကျွန်တော် ... သူ့ကိုသိပ်ချစ်နေဆဲပါ ကိုဖြူ ...၊ ဒါပေမဲ့ သူ့ကိုချစ်တဲ့အချစ်ဟာ အခုအချိန်မှာ ဒုတိယဖြစ်သွားမှန်း ကျွန်တော့်ကိုယ်ကျွန်တော် သိလိုက်ပါတယ်၊ ကျွန်တော့်ဘဝမှာ အချစ်ဆုံးလူက ဒက်ဒီလေ ...၊ ဒက်ဒီ အခုလိုဖြစ်သွားမှ ဒက်ဒီ့ကို ဘယ်လိုနည်းနဲ့မှ အဆုံးရှုံးမခံနိုင်ဘူးဆိုတာ သိသွားတယ်၊ ဒီကမ္ဘာ မှာ ဒက်ဒီ့ကို ကျွန်တော်အချစ်ဆုံးပဲ၊ ဒက်ဒီ ခုနကဖြစ်တော့ ဒက်ဒီ့ အသက်ကို ကျွန်တော့်အသက်နဲ့ လဲပေးလို့ရရင် လဲပေးမိတော့ မလောက် ကျွန်တော်ခံစားခဲ့ရတယ်၊ အဲ့ဒီလိုမျိုးအချစ်နဲ့ ကျွန်တော် တေးကိုချစ်ခဲ့သလား ... အခု ပြန်စဉ်းစားမိတယ်၊ မတူတော့ဘူး ကိုဖြူ၊ မတူတော့ဘူး၊ တေးကို ကျွန်တော်စွန့်လွှတ်နိုင်ပါပြီ၊ ဒက်ဒီနဲ့

www.burmeseclassic.com

www.burmeseclassic.com



ယှဉ်လိုက်ရင် သူ့ကို ကျွန်တော် စွန့်လွှတ်နိုင်သွားပြီလေ"

"ဒါပေမဲ့ . . . သူ့ကို စွန့်လွှတ်ဖို့ မင်းရင်တွေ နာနေတုန်းပဲ မဟုတ်လား"

ကိုနေရဲ့ မျက်ရည်စ, နှစ်စက်က ပါးပြင်ပေါ် လိမ့်ဆင်းကျအလာမှာ . . . သူ့ရင်ထဲ တင်းကျပ်စွာ လောင်မြိုက်နေပါသည်။

"ကျွန်တော် . . . ကျွန်တော့်ဘဝမှာ ဒက်ဒီနဲ့အတူ ပြန်နေခွင့်ရရင် ကျေနပ်ပါပြီကိုဖြူ။ နှစ်ယောက်တည်းပဲဖြစ်ဖြစ်ပါ . . .၊ ဘယ်သူမှလည်း မလိုချင်တော့ပါဘူး . . . ကိုဖြူရယ်"

"ဒါပေမဲ့ . . . မင်းကိုကိုယ်က ထပ်ပေးချင်တယ် . . . ကိုနေ"

ကိုနေ . . . အံ့အားသင့်စွာ ခေါင်းမော့ကြည့်သည်။

"မင်းအတွက် . . . ကိုယ် တေးကဗျာဆိကို နောက်ဆုံးတစ်ခေါက်တော့ သွားပေးမယ်၊ သွားမှဖြစ်မယ်"

"မသွားရဘူး၊ မသွားရတော့ဘူး"

သူမ, စူးဝါးစွာ အော်ဟစ်ပါသည်၊ သို့ပေမယ့် နောက်ကျခဲ့ပြီ။

❊ ✿ ❊

# ထွင့်ခေါင်မိုး

www.burmeseclassic.com

www.burmeseclassic.com

"တေး . . . ကျွန်တော်နဲ့ ခဏလိုက်ခဲ့ပါ"

အိပ်ရေးတွေပျက်ကာ သွေးလျှုထား၍ ချောင်ကျနေသော မျက်နှာ၊ အလျှင်စလို တုန်ရီမောပန်းနေသော အသံတို့ကို သူမ မြင်ကာ ခဏ တွေသွားသည်။

"ကိုဖြိုး . . . ဘာဖြစ်လာတာလဲ"

"တေးကို . . . ကျွန်တော်ကားပေါ်ကျမှ ရှင်းပြမယ်၊ တေး အခု . . . ကျွန်တော်နဲ့လိုက်ခဲ့ပါ"

"ကိုဖြိုး . . ."

အဆောင်ရဲ့ ဧည့်ခန်းမှာ သူစိတ်မရှည်စွာ မတ်တပ်ရပ်ရင်း သူမ ရဲ့ မျက်လုံးထဲသို့ စူးနစ်စွာ စိုက်ကြည့်လိုက်သည်။

"တေး . . . ကျေးဇူးပြုပြီး ကျွန်တော်နဲ့ ခဏလိုက်ခဲ့ပါ ကျွန်တော် အနူးအညွတ် တောင်းပန်ပါတယ်၊ တေးကို ကျွန်တော်



ပြောပြစရာတွေ အများကြီးရှိတယ်၊ တေး . . . အဲ့ဒီအကြောင်း အရာတွေကို နားထောင်မှဖြစ်မယ်၊ ကျွန်တော့်အတွက်ရော တေး အတွက်ပါ ဒီကိစ္စက သိပ်အရေးကြီးပါတယ်၊ တေးမလိုက်ရင် ကျွန်တော်အခု ဒီအဆောင်က မပြန်ဘူး"

"အို . . ."

သူမအကြည့်တွေ တုန်ရီစွာလှုပ်ခတ်သွားသည်။ ပြီးတော့မှ

"ခဏစောင့် . . ."

သူမ အဆောင်ထဲလှည့် ပြန်ဝင်သွားပြီး အကျီသွားလဲသည်။ ခဏကြာတော့ ပြန်ထွက်လာကာ . . .

"ကဲ . . . ဘယ်ကိုတေးလိုက်ရမှာလဲ"

သူ ဘာမှမပြောဘဲ သူ့ရဲ့ကားရှေ့ခန်းတံခါးကို ဆွဲဖွင့်ပေးပြီး သူမအား ထိုင်ခိုင်းလိုက်သည်။ သူမ ဝင်ထိုင်ပြီးတော့ ကားကို သူ အရှိန်ပြင်းစွာ မောင်းထွက်လိုက်သည်။

ကားက သူမအဆောင်ရှိတဲ့ လမ်းသွယ်ထဲကနေ ပြည်လမ်းမပေါ် ရောက်လာသည်။ ပြည်လမ်းမပေါ်က ကားတချို့ကို သူ ဟွန်းတပွမ်ပွမ်မြည်အောင် နှိပ်ရင်း ကျော်တက်တော့ သူ့အမူအရာတွေကို သူမ ဘေးကနေ ငြိမ်ဆိတ်စွာ ငေးကြည့်ရင်း လိုက်ပါလာသည်။

ကားဦးတည်ရာဘက်က မြို့ထဲကို မဟုတ်၊ မြို့ပြင်ဘက်ကို။ အချိန်က မနက်မိုးလင်းခါစ။ မြို့ပြင်သို့သွားသော ကားလမ်းရောက ပြည်လမ်းမပေါ်မှာ ခပ်ကျဲကျဲ။ သူ . . . ဂီယာပြောင်းကာ လီဗာကို ဖိနင်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုအချိန်ထိ သူ တေးကို ဘာပြောရမှန်းမသိသေး။ ရင်ထဲမှာ ဆူလောင်ညံပွက်နေသော မီးတစ်စ,ကို မျိုထားရသလို သူ . . . ပူပြင်းလာသည်။ ငါ . . . အဲ့ဒီအလုပ်ကို လုပ်မှဖြစ်မယ်၊ လုပ်မှဖြစ်မယ်။ စိတ်ထဲက အကြိမ်ကြိမ်အခါခါ ရေရွတ်နေသံကို သူမ,မကြား။

ယခုအချိန်ထိ သူမကလည်း သူ . . . ဘယ်ကိုမောင်းနေတာလဲ . . . ဟု ထုတ်မမေး။ သူ . . . ဘာကိုစိတ်တိုရမှန်း မသိ စိတ်တိုလာသည်။ ဘေးမှာထိုင်နေသော သူမ,ပုံစံလေးကို ဖျတ်ခနဲ လှည့်ကြည့်မိလိုက်တော့ သူ ဝမ်းနည်းလာပြန်သည်။

သူမ,မျက်နှာလေးက ငြိမ်းချမ်းရှင်းလင်းစွာ သူ့ကို ပြန်ငေးကြည့်နေခဲ့၏။

"တေး . . . ကျွန်တော့်ကို မမေးဘူးလား . . . ဟင် . . . ကျွန်တော် ဘယ်ကိုမောင်းနေတာလဲလို့"

ကားက ရှစ်မိုင်လမ်းဆုံကို ကျော်လာသည်။ သူမ,က ကားအပြင်ဘက်လမ်းဘေးက မြင်ကွင်းတွေငေးကြည့်နေရင်း . . .။

"မေးဖို့လိုလို့လား . . . ကိုဖြူ"

"လိုတယ် . . ."

သူ့အသံက ပြတ်တောက်စွာ မာဆတ်နေဟန်ဆောင်ထားသည်။

"ဘာဖြစ်လို့လဲ"

"ကျွန်တော် . . . တေးကို အဆောင်ပြန်မပို့တော့ဘူး"

သူမ အံ့ဩသွားမည်။ ထိတ်လန့်တုန်လှုပ်သွားမည်ဟု ထင်



ခဲ့သည်။ သို့သော် အဲ့ဒီလိုမဟုတ်။ သူမက ငြိမ်သက်စူးရှကာ မျက်ဝန်းအစုံနှင့် သူ့ကို ပြန်စိုက်ကြည့်နေခဲ့သည်။ သူ့အသက်ရှူသံများ ပြင်းထန်လာကာ ကားကိုအရှိန်ထပ်မြှင့်သည်။

"ကျွန်တော် ပြောတာကြားရဲ့လား၊ တေးကို ကျွန်တော် ခိုးပြေးလာတာ"

"ကိုဖြူ . . . တေးကို ကတိပေးထားတယ်နော် . . . တေးနဲ့ ကိုဖြူ အဖြူစင်ဆုံးသူငယ်ချင်းတွေဘဝနဲ့ပဲ နေကြမယ် . . လို့လေ"

"အဲ့ဒီကတိကို ကျွန်တော် ဒီနေ့ဖျက်လိုက်ပြီ"

သူမ ဆီက ရယ်သံခပ်တိုးတိုးကို အကြားမှ သူ . . . အံ့ဩသွားရတော့သည်။ ဒီလိုအချိန်မှာ သူမ ရယ်မောနိုင်သေးသည်။

"ကျွန်တော်ပြောတာ . . . ဘာရယ်စရာပါလဲ . . . တေး"

"ကိုဖြူ . . . ဒီကားပေါ်ကို တေး . . . အသာတကြည် လိုက်လာခဲ့တာဟာ ကိုဖြူ့အပေါ်မှာ လုံးဝဥဿုံ ယုံကြည်မှုထားပြီး လိုက်လာခဲ့တာပါ၊ အဲ့ဒီယုံကြည်မှုကို ကိုဖြူ မဖျက်ဆီးချင်စမ်းပါနဲ့၊ တေးကို ကိုဖြူ ပြောချင်တာတွေပြောပြီး ပြန်ပို့ပေးမယ်ဆိုတာ တေးသိနေပါတယ်၊ ကိုဖြူ့ကို တေး ယုံထားပြီးသားပဲ"

"မယုံနဲ့ . . ."

သူ စူးဝါးစွာ အော်ဟစ်လိုက်ပါသည်။ နာကျင်စွာ ကိုက်ခဲလာသော နှလုံးသားဆီမှ ခံစားချက်နှင့်အတူ သူ့မျက်ဝန်းမှာ မျက်ရည်စ,တွေ ခိုတွဲလာသည်။

အဲ့ဒီမျက်ရည်တွေ ပြည့်လျှမ်းလာသော မျက်ဝန်းများနှင့် သူမ,ကို လှည့်ကြည့်မိတော့ သူမ,နှုတ်ခမ်းလေး ဝိုင်းစက်ပွင့်ဟ

www.burmeseclassic.com

www.burmeseclassic.com



သွားလေသည်။

"ကိုဖြူ . . . ကိုဖြူ . . . ဘာဖြစ်လို့ ငိုနေတာလဲ၊ ကိုဖြူ . . . ဘာဖြစ်လာသလဲ . . ."

သူမ, စိုးရိမ်တုန်လှုပ်သော လေသံအပြည့်နှင့် မေးတော့သူ . . . ခေါင်းကို ဆတ်ခနဲခါပစ်လိုက်သည်။

"မမေးနဲ့တေး၊ တေး . . . အခုသိရမှာက . . . ကျွန်တော် ဒီနေ့ တေးအချစ်ကိုရမှ ဖြစ်မယ်"

"ကိုဖြူ့ကို တေး ပြန်မချစ်နိုင်ဘူးလို့ ပြောပြီးပြီလေ . . . ကိုဖြူ "

"မရဘူး . . . တေး"

"တေးအချစ်ကို မရရင် . . . ဒီနေ့ တေးကို ကျွန်တော် ပြန်မလွှတ်တော့ဘူး"

"အဲဒီလိုဆိုတော့ရော တေးအချစ်ကို ကိုဖြူရနိုင်မယ်လို့ ကိုဖြူထင်သလား"

"အဲ့ဒါ . . . ကျွန်တော်လုံးဝ ဂရုမစိုက်ဘူး၊ အဓိကက တေးနဲ့ ထွန်းရှိုင်မိုးကို မရရအောင်ခွဲမယ်၊ တေး . . . သူ့ကို မုန်းကို မုန်းပစ်ရမယ် . . . ဒါပဲ"

"ကိုဖြူ . . . ဘာဖြစ်လာတာလဲဟင်၊ ကိုဖြူ့ ဆုံးဖြတ်ချက်တွေ . . ဘာဖြစ်လို့ ဒီလောက်ပြောင်းလဲသွားတာလဲ၊ ကိုဖြူ တစ်ခုခု ဖြစ်လာတယ်မဟုတ်လား၊ ကိုဖြူ . . . တေးကို အရင်းနှီးဆုံးမိတ်ဆွေတွေလို သဘောထားပြီး ပြောပြပါ၊ တေး နားလည်ပေးမယ်၊ ပြောပါ . . . ကိုဖြူ "



"မဟုတ်ဘူး "

သူ အော်ဟစ်လိုက်မိပြန်သည်။

"မဟုတ်ဘူး . . . မိတ်ဆွေတွေ မဟုတ်ဘူး၊ တေး . . . ကျွန်တော့်ကို ပြန်ချစ်ကိုချစ်ရမယ်"

"ကိုဖြူရယ် မဖြစ်နိုင်တာတွေ မတောင်းဆိုပါနဲ့တော့၊ နောက်ဆုံးကျရင် ကိုဖြူ တေးကို . . . အဆောင်အထိ ပြန်လိုက်ပို့ပေးမယ်ဆိုတာ တေးသိပြီးသားပါ"

"မပို့ဘူး"

သူမ, ရယ်မောပြန်သည်။

"ရင်ထဲမှာရှိတာကို အခုအချိန်ကစ,ပြီး လိမ်မပြောကြေး ကိုဖြူ၊ ကိုဖြူ ပြန်ပို့ပေးမှာ၊ ကျွန်မ . . . သိထားတဲ့ ဖြူဖွေးဆိုတဲ့လူတစ်ယောက်ဟာ ဒီလိုမျိုးအလုပ်တွေ မလုပ်တတ်ဘူး"

သူ . . . နာကျင်စွာ ဟက်ခနဲ ခြောက်ကပ်ကပ် ရယ်မောလိုက်သည်။

"ကျွန်တော့်အကြောင်းကို တေးဘယ်လောက်သိလို့လဲ"

"ကျွန်မ,သိတဲ့ ဖြူဖွေးဆိုတဲ့ယောကျ်ားဟာ နာမည်နဲ့လိုက်အောင် အင်မတန် ဖြူစင်သိမ်မွေ့တဲ့ ကောင်လေးပါ၊ မိန်းကလေးတစ်ယောက်ဆီက အချစ်ကို မရ,ရအောင် ခားပြတိုက်ယူပြီး အဲ့ဒီမိန်းကလေးဘဝကို အမည်းစက်ထင်အောင် ဘယ်တော့မှ လုပ်ရက်မယ့် လူစားမဟုတ်ဘူး"

"ကျွန်တော် . . . အခု လုပ်ရက်ပြီ"

"မညာပါနဲ့ ကိုဖြူရယ်"

www.burmeseclassic.com

www.burmeseclassic.com



"မညာဘူး . . . တကယ်ပြောနေတာဗျ၊ ခင်ဗျားကို . . .
ကျွန်တော်ပြန်မပို့တော့ဘူး"

သူမ, ရုတ်တရက် သူ့ပခုံးကိုဆွဲလှည့်သည်။

"ဒါဖြင့် ပြောစမ်း . . . ကိုဖြူ . . . ကျွန်မမျက်လုံးတွေ
တည့်တည့်စိုက်ကြည့်ပြီး ပြောစမ်းပါ၊ ကျွန်မကို . . . တကယ်
ချစ်တယ်၊ နှစ်နှစ်ကာကာ ချစ်တာပါလို့ ပြောပြစမ်းပါ"

ကားကို သူ . . . ဘရိတ်ဆောင့်အုပ်လိုက်မိတော့ ကျွိ
ကတ္တရာလမ်းနဲ့ပွတ်ဆွဲကာ ဘေးသို့ထိုးရပ်သွားသည်။

သူ . . . တုန်လှုပ်ထိတ်လန့်စွာ သူမ,ကို လှည့်ကြည့်မိ
သည်။ ပြီးတော့ အတိုင်းအဆမရှိ လှုပ်ခတ်နေသော လေသံတစ်
နှင့် သူမကို ပြောပြဖို့ ကြိုးစားလိုက်မိသည်။

"ကျွန်တော် . . . တေးကိုချစ်တယ်၊ တကယ်ချစ်တယ်
တေးလည်းကျွန်တော့်ကို ပြန်ချစ်ရမယ်၊ ကျွန်တော့်ကို ပြန်ချစ်
တေးရာ၊ ပြန်ချစ်ပေးစမ်းပါ"

သူမ,မျက်လုံးတွေ ရီဝေစွာ အဝေးသို့လွင့်ဝေးသွားပါသည်
သူမရဲ့ နှုတ်ခမ်းတွေက ကွေးကွေးကလေး မဲ့ပြုံးပြုံးနေသည်။ အ
ကြာမြင့်စွာ ကားထဲမှာ တိတ်ဆိတ်နေခဲ့ပြီးမှ သူမဆီက အေး
သော စကားတစ်ခွန်း ထွက်ပေါ်လာသည်။

"ကျွန်မအချစ်ကို ကိုဖြူရခဲ့ရင်ရော . . . ကိုဖြူ ပျော်မှာမို
လား"

သူ အံ့အားသင့်စွာ သူမကို လှည့်ကြည့်လိုက်မိသည်။ သူ
က ကားအပြင်ဘက်ရှုခင်းတွေကို ငေးကြည့်နေရင်းက သူ့ဘက်



ဘဖြည်းဖြည်းလှည့်လာသည်။ နှုတ်ခမ်းတွေက သူ့အား လှောင်နေ
သလို မဲ့ပြုံးပြုံးနေပါသည်။

သူမရဲ့ မျက်လုံးတွေထဲမှာလည်း မျက်ရည်တွေဝဲ . . . လို့။

"ကျွန်မရဲ့ အချစ်ကိုရရင်လည်း ကိုဖြူ ပျော်မှာမဟုတ်ဘူး၊
ကျွန်မလည်း ပျော်မှာမဟုတ်ဘူး"

သူမရဲ့ တည်ငြိမ်အေးစက်သော စကားလုံးများသည်
သူ့နားထဲသို့ ထိုးခွဲဝင်ရောက်သွားခဲ့သည်။

"ပျော်မယ့်သူက . . . ခနနီနီ တစ်ယောက်တည်းပါ"

"ဘာ . . ."

နားထဲမှာ မိုးခြိမ်းသံလို ဆူညံစွာ ပေါက်ကွဲမြည်ဟည်းသွား
သည်။ တုန်လှုပ်ဆွံ့အစွာ ကြက်သေသေသွားသော သူ့ပုံစံကို သူမ
ငေးကြည့်နေလေသည်။

ကားထဲမှာ . . . စက္ကန့်ပေါင်းများစွာ တိတ်ဆိတ်ငြိမ်သက်
သွား၏။ သူ့အသက်ရှူသံ ပြင်းပြင်းကြားမှာ သူမရဲ့ သက်ပြင်းချသံ
တိုးတိုးကို ကြားရပြန်သည်။

ပြီးတော့မှ သူမက သူ့ရဲ့ တုန်ခါနေသော လက်ချောင်းများ
နွေးထွေးစွာ လာရောက်ဆုပ်ကိုင်လိုက်လေသည်။

"ကိုဖြူ . . . ကိုဖြူကိုယ်တိုင်တောင် မပျော်ရွှင်နိုင်မယ့်
လုပ်ကို ကိုဖြူဘာကြောင့် လုပ်ချင်ရတာလဲ . . . ကိုဖြူရယ်"

"ကျွန်တော် . . . ပျော်တယ်၊ ကျွန်တော် ပျော်မှာ . . ."

သူမ ကြေကွဲစွာ ပြုံးပါသည်။

"မညာနဲ့တော့ . . . ကိုဖြူ . . . ၊ မညာပါနဲ့တော့၊ အချစ်

www.burmeseclassic.com

www.burmeseclassic.com



ဆုံတာ လိမ်ညာလို့ရတဲ့အရာထဲမှာ မပါဘူး"

"တေး . . . ကျွန်တော်နဲ့ နေကလေးအကြောင်းကို . . . သိ . . . သိ . . . နေတယ်"

"ကျွန်မတင် မဟုတ်ဘူး၊ ကိုဖြူနဲ့ ကိုနေ့အကြောင်း . . . ကျွန်မကို ပြောပြခဲ့တာ ကိုထွန်း . . . ပါ၊ ထွန်းပါ . . . သိနေတယ်"

"ဗျာ . . ."

လောကကြီး၌ မထင်မှတ်ထားသော အရာတွေများ ဖြစ်ပျက်နိုင်ကြောင်း သူသိလိုက်ရပြီ၊

"ဟုတ်တယ် . . . ကိုဖြူ ထွန်း မနေ့ကပဲ ပြန်ရောက်လာ တယ်လေ၊ ပြီးတော့ ကျွန်မကိုမေးတယ် . . . သူ မြန်မာပြည် မရှိတဲ့အချိန် ဖြူဖွေးဆိုတဲ့ လူတစ်ယောက်နဲ့ ကျွန်မတွဲနေတယ် . . . လို့ သူသတင်းရတယ် . . . တဲ့၊ အဲ့ဒါ . . . ဟုတ်လား . . . တဲ့

"တေး . . . ဘယ်လိုပြန်ဖြေလိုက်လဲ"

"ကျွန်မ . . . မညာပါဘူး ကိုဖြူ အဖြစ်မှန်တွေအတိုင်း ကိုဖြူ . . . ကျွန်မကို ပရိုပို့စ်လုပ်တဲ့အကြောင်း၊ ကျွန်မ ငြင်းခဲ့ အကြောင်းတွေ ပြောပြလိုက်တယ်၊ သူက သိပ်သဝန်တိုတတ် လူလေ . . . လွယ်လွယ်နဲ့ ဘယ်ယုံပါ့မလဲ၊ ကျွန်မကိုလည်း ကို ဘယ်တော့မှ အဆက်အဆံမလုပ်ဖို့ ကတိတောင်းတယ်"

"အဲ့ဒီကတိ ပေးလိုက်ပြီလား"

"ကိုဖြူရယ် . . . ကိုဖြူ့လို ဘာအပြစ်မှမရှိဘဲ ဖြူစင်စွာ ပေးမယ့် သူငယ်ချင်းတစ်ယောက် အဆက်အဆံမလုပ်နဲ့ဆို တရားမှ မတရားတာ၊ အဲ့ဒီတော့ တေးက ကတိမပေးဘူး၊



င်တ်ဆိုးသွားတယ်၊ ပြီးတော့ ကျွန်မကို ပြောတယ်၊ အဲ့ဒီဖြူဖွေးဆို တဲ့လူဟာ နေနီနီက ခိုင်းလို့ ကျွန်မကို ချဉ်းကပ်ဆောင်ခဲ့တာ . . . တဲ့၊ ထွန်းနဲ့ ကျွန်မကို ကွဲအောင်ခဲ့ဖို့ နေနီနီက လွှတ်လိုက်တာ . . . တဲ့"

"ဒီကိစ္စတွေ . . . သူက . . . ဘယ်လိုလုပ်သိနေတာလဲ . . . တေး"

"သူပြောတာတော့ . . သူသိထားတာလည်း မြန်မာပြည် ပြန်မလာခင်လေးကမှ . . . တဲ့၊ မကြာသေးဘူး . . . တဲ့၊ ကျွန်မ . . . သိပ်တုန်လှုပ်ခဲ့ပါတယ် ကိုဖြူ၊ အရမ်းလည်း အံ့သြခဲ့တယ်၊ ကျွန်မရဲ့ ရိုးသားစွာခင်မင်မှုနဲ့ ယုံကြည်မှုကို ကိုဖြူလုပ်ရက်တယ် ဆိုပြီး ကျွန်မ အစကတော့ အရမ်းနာကြည်းမိသေးတယ်"

"အခုရော . . ."

"ကျွန်မလေ . . . ဒီနေ့ ကိုဖြူလာခေါ်တော့ ကိုဖြူ့ကို အဲ့ဒီကိစ္စနဲ့ပတ်သက်ပြီး အကြီးအကျယ် ရန်တွေ့မလို့ စဉ်းစားထား တာ၊ ကိုဖြူနဲ့လည်း ဘယ်တော့မှ မိတ်ဆွေအပေါင်းအသင်း မလုပ် တော့ဘဲ ဒီတစ်ကြိမ် နောက်ဆုံးလိုက်တွေ့မယ် . . . လို့ ဆုံးဖြတ် ထားခဲ့တာ"

"အခု . . . ကျွန်တော့်ကို . . . တေး . . . ရန်မတွေ့ဘူး ား၊ ပြော့ပါ . . . တေး၊ ပြောပါဦး၊ ကျွန်တော်ဟာ သိပ်ကို လိမ် ာတတ်တဲ့ယောက်ျား၊ မာယာများတဲ့ ယောက်ျား၊ ကြောက်စရာ ကောင်းတဲ့ ယောက်ျား . . လို့လေ၊ တေး . . . ပြောသိမှ ကျွန်တော် ပါ့မယ် တေး . . . ရယ် "

သူမ မျက်လုံးထဲမှာ မျက်ရည်တွေ ဝေ့ဝဲစီးဆင်းကျလာ

www.burmeseclassic.com



တာ သူ့အံ့ဩစွာ တွေ့ရပါသည်။

သူမ . . . ဘာဖြစ်လို့ ငိုရသလဲ။

အဲဒီမျက်ရည်ဟာ ဘယ်သူ့အတွက်လဲ။

"ခဲတား . . . ကျွန်တော့်ကို ပြောချင်သလောက်ပြောပါ ဒါပေမဲ့ . . . ဒါပေမဲ့ . . . မုန်းတော့ မမုန်းပါနဲ့ဗျာ"

သူမ လက်ချောင်းလေးတွေကလည်း သူ့ပါးပြင်ပေါ်က မျက်ရည်တွေကို လာရောက်သုတ်ပေးနေလေသည်။

"မုန်းရမယ် . . . ဟုတ်လား"

သူမ, မျက်ရည်တွေကြားမှ ရယ်မောလေသည်။

"ကိုဖြူလောက် သနားစရာကောင်းတဲ့ ယောကျ်ား တစ်ယောက်ကို ကျွန်မက မုန်းရမယ်တဲ့လား"

"ကျွန်တော်က . . . သနားစရာကောင်းတယ်"

သူ အံ့ဩစွာ ရေရွတ်လိုက်မိပါသည်။

"ကိုဖြူရယ် . . . လောကကြီးမှာလေ လူတိုင်းဟာ ကိုယ့်ကိုယ်ကိုယ်အချစ်ဆုံးပါ၊ ကိုယ့်အတ္တကိုယ် အချစ်ကြဆုံး လူတွေချည်းပါ၊ ကျွန်မကိုလည်း ထွန်းက ဂရုစိုက်တယ်၊ ကျွန်မဘဝမှာ လိုအပ်သမျှကို အကုန်ဖြည့်ဆည်းပေးတယ်၊ ဒါကြောင့် ထွန်းကို ကျွန်မ,ချစ်ခဲ့တာ၊ ထွန်းကလည်း ကျွန်မကို သူ့အတ္တအတွက် ရွေးချယ်ခဲ့တာပဲ ကျွန်မမှာ သူသဘောကျတဲ့ အရည်အချင်းရှိတယ် . . . သူ့စကားကို နားထောင်တယ်၊ သူ့ကို သိပ်စွဲလန်းတယ်၊ အဲဒီလိုကောင်မလေးကို သူ့ဘဝမှာ အလိုအပ်ဆုံးလို့ယူဆပြီး ပိုင်ဆိုင်နိုင်ဖို့ အစွမ်းကုန်ကြိုးစားခဲ့တယ် . . . အဲဒါ အတ္တပေါ့ ကိုဖြူ"



သူ ငြိမ်သက်စွာ အံ့ဩရင်း နားထောင်နေမိပါသည်။

"နေနီနီလည်း သူ့အတ္တကြောင့် ကျွန်မ . . . ဆီ . . . ကိုဖြူ ...လွှတ်ပြီး အသည်းခွဲဖို့ စေလွှတ်ခဲ့တယ်မဟုတ်လား၊ လူတိုင်း လူ ...င်းဟာ ကိုယ့်အတ္တကိုယ် အကောင်အထည်ဖော်ပြီး အသက်ရှင် ...ထိုင်ခဲ့ကြတာပါ . . .၊ ဒါပေမဲ့ . . . အခု . . . ကျွန်မလေ"

သူမ စကားသံက ခေတ္တရပ်တန့်ကာ သူ့ကို ရီဝေမှိုင်းမှုန် ...သာ အကြည့်များဖြင့် ငေးစိုက်ကြည့်နေခဲ့ပါသည်။

"အခု ကျွန်မတွေ့ရတာ . . . ကိုယ့်ဘဝထဲက ကိုယ့်ရဲ့ ...တ္တကို အပြီးအပိုင်ဘေးဖယ်ထားပြီး၊ အခြားလူတစ်ယောက်ရဲ့ ...တ္တကို ကိုယ့်ဘဝထဲထည့်လို့ . . . တစ်ပါးသူအတွက် သက်သက် ...သက်ရှင်နေထိုင်ပေး၊ တစ်ပါးသူပျော်ဖို့ သက်သက် . . . သူခိုင်း ...မှု အကုန်. . . ကိုယ့်နှလုံးသားကိုယ်စတေး . . . လို့ လိုက်လုပ် ...နေတဲ့ လူတစ်ယောက် . . . ကျွန်မ တွေ့ခဲ့တယ်"

သူ . . . ခေါင်းကို ငုံ့ချလိုက်မိပါသည်။

"အဲဒါ . . . ရှင်ပဲပေါ့ . . . ကိုဖြူရယ် "

သူ ငိုလိုက်မိပါသည်။ သူ့မျက်ရည်တွေကို သူမ,မြင်မှာ ...ရှံ့စွာ မျက်နှာကို လက်ဖဝါးဖြင့် အုပ်လိုက်မိသည်။ ပြီးတော့ ...ယ်တုန်းက ဖေဖေနဲ့မေမေကို လေယာဉ်ကွင်းမှာ လိုက်နှုတ် ...တုန်းက ငိုသလိုမျိုး သူငိုချမိပါသည်။

သူ့ရှိုက်သံကိုတော့ သူမ နားလည်ပေးနိုင်ပါလိမ့်မည်။

"မငိုပါနဲ့ ကိုဖြူရယ် . . .၊ ဘာဖြစ်လို့ ရှင် . . . ငိုရတာလဲ"

သူ့ရဲ့ခေါင်းပေါ်က ဆံမျှင်တွေကို သူမက လာရောက်ပွတ်

www.burmeseclassic.com

www.burmeseclassic.com



သပ်ရှ ကလေးတစ်ယောက် အငိုတိတ်အောင် ချော့သလိုမျိုး နှစ်သိမ့်ပေးလေသည်။

တုန်ရီနေသော ရှိုက်သံများကြားမှ ကြေကွဲနာကြည်းစွာ သူပြောထွက်လိုက်ပါသည်။

"နေကလေး . . . က ကျွန်တော့်ကို မချစ်ဘူး . . . တေး"

"ကိုဖြူရယ် . . ."

"သူ . . . သိပ်ချစ်နေတာ . . . တေးပဲ"

သူမ . . . သက်ပြင်းချသံ ထွက်ပေါ်လာပါသည်။

သူ . . . ရှိုက်သံတစ်ဝက်နှင့် ဆက်ပြောမိ၏။

"ကျွန်တော် . . . သူ့ကို သိပ်ချစ်ခဲ့မိပါတယ်၊ အံ့သြစရာကောင်းလောက်အောင် ချစ်နေမိခဲ့တယ်၊ အခု . . . သူ့ဒက်ဒီ ဆေးရုံပေါ်မှာ နှလုံးခွဲစိတ်ကုသပြီး မေ့မျောနေတုန်း သူ ဘဝိုင်ဝိုင်တရီရီ ဖြစ်နေတာ မြင်ရတော့ . . . ကျွန်တော် . . . ကျွန်တော် အရမ်း တုန်လှုပ်သွားမိတယ်၊ သူ့မျက်ရည်တွေကို မကြည့်ရက်ဘူး၊ သူငိုတာ ကျွန်တော် မမြင်ချင်ဘူး၊ သူ့ကို ပျော်စေချင်တယ်၊ သူ့ရယ်သံတွေ ကျွန်တော် ကြားချင်တယ်၊ သူ့ဘဝလေး ပြည့်စုံသွားအောင်ပဲ ကျွန်တော် လုပ်ပေးချင်နေတယ်၊ အဲ့ဒါကြောင့် အခု . . . တေးဆီကို ကျွန်တော်ထွက်လာခဲ့မိတာ၊ တေးကို . . . သူ့ဆီပြန်ရောက်အောင် ကျွန်တော် မဖြစ် . . . ဖြစ်တဲ့နည်းနဲ့ လုပ်ပေးမယ်လို့ ဆုံးဖြတ်ပြီး ထွက်လာခဲ့တာ"

သူမကို သူ တုန်ရီလှိုက်မောစွာ မေးလိုက်မိလေသည်။

"ကျွန်တော် . . . မှားသလား . . . တေး"



"မှားတယ်"

သူမက ပြုံး၍ဖြေလေသည်။

"ရှင် ဘာဖြစ်လို့ . . . ကိုယ့်နှလုံးသားအတွက် ကိုယ်မစဉ်းစားရသလဲ . . . ကိုဖြူရယ်၊ တကယ်တော့ နေနီနီဆိုတဲ့ မိန်းကလေးမှာ တကယ်တမ်းလိုအပ်နေတာ ရှင့်လိုလူဆီက သိပ်ကိုအံ့သြစရာကောင်းတဲ့ ဒီလိုအချစ်မျိုးပဲ မဟုတ်ဘူးလား"

"သူက . . . ကျွန်တော့်ဆီက အချစ်ကို မလိုဘူးလေ"

"စိတ်ရှည်ပါ ကိုဖြူရယ်၊ ကိုဖြူ . . . သူ့ကို ဘယ်လောက်ချစ်တယ်ဆိုတာ သူ မသိသေးလို့ပါ၊ သူ သိလာမှာပါ၊ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ . . . သူ . . . သိကိုသိလာရတော့မှာ"

"အဲ့ဒီတစ်နေ့ဟာ ဘယ်တော့မှ ရောက်မလာဘဲလည်း ဖြစ်နိုင်တာပဲ တေးရယ်"

ကားစတီယာရင်ပေါ် သူ့မျက်နှာ မှောက်ချကာ မျက်ရည်တွေကို ဖုံးကွယ်ဖို့ ကြိုးစားနေတာ့ တေးရဲ့ လက်တစ်ဖက်က သူ့ပခုံးပေါ် လာရောက်သိုင်းဖက်ပါသည်။

တကယ့်ကိုဖြူစင်စွာပါ။ သူမ ရဲ့ နှစ်သိမ့်မှုတွေကိုလည်း သူ . . . ရိုးသားစွာလက်ခံမိပါသည်။ သူ့ဘဝကို နားလည်စွာ စာနာပေးနိုင်တဲ့ အဖော်ဆိုတာ အခုအချိန်မှာတော့ သူမ တစ်ယောက်သာလျှင် ရှိသည့်လေ။

"ကျွန်တော် ကံမကောင်းဘူးလို့ပြောခဲ့တာ မှတ်မိလားတေး၊ ကျွန်တော်ကလေ . . . မပေးနိုင်တဲ့ လူတွေဆီက မေတ္တာကိုပဲ တောင့်တတတ်လို့လေ၊ အခုလည်း ကျွန်တော် တောင့်

www.burmeseclassic.com

www.burmeseclassic.com



တမိပြန်ပါပြီး ယောကျ်ားတစ်ယောက်ကို ချစ်မြတ်နိုးဖို့ အခက်ခဲဆုံး မိန်းကလေးတစ်ယောက်ဆီက အချစ်ကို ကျွန်တော်လိုချင်ပြန်ပါပြီ"

သူ့ပါးပေါ်က မျက်ရည်တွေကို သုတ်ပေးရန် သူမက လက်ကိုင်ပုဝါလေး ထုတ်ကာ လက်လှမ်းပါသည်။

အဲ့ဒီအချိန်မှာပဲ . . . ။

※ ✿ ※

"မင်းတို့က . . ဒီလိုအခြေအနေတောင် ရောက်နေမှကိုး"

ရုတ်တရက် ဝုန်းခနဲ တခါးဆွဲဖွင့်သံနှင့်အတူ ကားထဲသို့ ဝင်လာသော စကားကြောင့် သူတို့နှစ်ယောက်စလုံး ဆတ်ခနဲ ထိတ်လန့်တုန်လှုပ်သွားကြသည်။

"ဟင် . . . ထွဋ် . . . "

ဘယ်အချိန်ကတည်းက သူတို့ကားအပြင်ဘက် ရောက်နေမှန်း မသိသော ထွဋ်ခေါင်မိုး။ သူတို့နှစ်ယောက်စလုံးကို စားတော့ဝါးတော့မတတ် နာနာကြည်းကြည်း စိုက်ကြည့်နေသည်။

ထွဋ်ခေါင်မိုးရဲ့ ပုံစံက နေနီနီပြောတဲ့အတိုင်းပါပဲ . . . ဖြူဖြူသွယ်သွယ်ခပ်ချောချောကောင်လေး၊ ဒါပေမဲ့ အခုအချိန်မှာတော့ မုန်းတီးခက်ထန်နေသည့် မျက်နှာတစ်ခုလုံးက နီရဲနေသည်။ အမူအရာကို ကြည့်လိုက်တာနှင့် သူနဲ့တေးကဗျာအပေါ် လုံးဝ



အထင်လွဲသွားပြီဆိုတာ သူသိလိုက်သည်။ သွားပြီ . . . ။

ကားရှေ့ကနေ ချာခနဲ ထွဋ်ခေါင်မိုး လှည့်ထွက်သွားတော့ တေး ထိတ်သိတ်ပျာပျာ ကားပေါ်ကနေ ဆင်းလိုက်သွားသည်။

တေးက ထွဋ်ခေါင်မိုးလက်ကို လှမ်းဆွဲတော့ ထွဋ်ခေါင်မိုးက ဒေါသတကြီး ဆတ်ခနဲ ခါထုတ်လိုက်တာ မြင်ရသည်။ သူလည်း မနေနိုင်။ ကားအပြင်ဘက်ထွက်ကာ တေးနဲ့ ထွဋ်ခေါင်မိုးတို့ စကားပြောတာကို နားစွင့်နေရသည်။

"မင်း . . . ငါ့ကို မထိနဲ့ တေး"

"ထွဋ် . . . တေးပြောတာ ခဏနားထောင်ပါဦး"

သူမရဲ့အသံက ငိုသံပါသည်။

"မထောင်နိုင်ဘူး၊ မင်းတို့နှစ်ယောက်ကို ငါမျက်စိနဲ့ တပ်အပ်မြင်ပြီးပြီပဲ၊ မင်း လိမ်ညာရှင်းပြနေလည်း အပိုပဲ၊ ငါမယုံဘူး"

"မဟုတ်ဘူး . . . မဟုတ်ဘူး၊ တေးနဲ့သူက အရင်းနှီးဆုံး မိတ်ဆွေတွေ၊ ထွဋ်ထင်သလို မဟုတ်ဘူး . . . မှားနေပြီ"

"ဘာ . . . ငါမှားနေတယ် . . . ဟုတ်လား၊ ဒီလိုလူပြတ်သပ်တဲ့ မင်္ဂလာဒုံလေဆိပ်ဘေးက ကားလမ်းပေါ်မှာ ကားကိုရပ်ပြီး ယောကျ်ားနဲ့ မိန်းမတစ်ယောက် အတူရှိနေတာ . . . ငါမှားရမှာလားကွ၊ ဒီမှာ . . . သူငိုနေတာကို မင်းသွားချော့လိုက်ဦးလေ၊ မင်းဘဲ့ရဲ့ ရှုပ်ရှုပ်ယှက်ယှက်ဖောက်လမ်းထဲ ငါဝင်မပါချင်ပါဘူး . . . သွားမယ်"

"ထွဋ် . . . "

"ဒီမှာတေးကဗျာ . . . ထွဋ်ခေါင်မိုးဆိုတဲ့ကောင်က ချစ်

www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုရင် သူများနဲ့မတူအောင် ချင့်တတ်တယ်၊ မုန်းပြီဆိုရင်လည်း သူများနဲ့မတူအောင် မုန်းတတ်တယ်၊ ငါ . . . သစ္စာမရှိတဲ့ မိန်းမတွေကို လောကမှာ အမုန်းဆုံးပဲ"

တေးကဗျာရဲ့ပါးပြင်ပေါ် မျက်ရည်စီးကြောင်း နှစ်ခုက ထင်ရှားစွာ စီးဆင်းကျလာစဉ် . . . သူဝင်ပြောလိုက်ရတော့သည်။

"ကိုထွဋ်ခေါင်မိုး . . . ခင်ဗျား တစ်ဖက်သပ်အမြင်နဲ့ မစွပ်စွဲပါနဲ့၊ တေးကဗျာဟာ ခင်ဗျာအပေါ် သစ္စာအရှိဆုံး မိန်းမ . . . ဗျ၊ ဟုတ်တယ် . . ကျွန်တော် သူ့ကို ပရိုပို့စ်လုပ်ခဲ့တယ်၊ ဒါပေမဲ့ အဲဒီအချိန်ကတည်းက သူမှာ ခင်ဗျားရှိတယ်လို့ပြောပြီး ကျွန်တော့်ကို ငြင်းခဲ့ပြီးသား၊ ကျွန်တော်နဲ့သူ အခင်မင်ဆုံးသူငယ်ချင်းတွေလို ဆက်ဆံနေကြတာ . . ."

"ဘာကွ . . ."

ထွဋ်ခေါင်မိုး ချာခနဲသူ့ဘက်သို့ လှည့်ကာလျှောက်လာသည်။

"တစ်ဖက်သတ်အမြင်နဲ့ . . . ဟုတ်လား၊ ဟောကောင် . . . ဒီမှာ . . . ဒါ ငါတစ်ယောက်တည်းအမြင်နဲ့ ပြောတာမဟုတ်ဘူး၊ ငါ့မှာ သက်သေတွေ အများကြီးရှိတယ် . . . ဒီမှာ . . . ဒီမှာ"

ထွဋ်ခေါင်မိုးက ဒေါသတကြီးနှင့် အိတ်ကပ်ထဲက အရာတချို့ကို ဆွဲထုတ်၍ သူ့ကားစက်ဖုံးဘောနက်ပေါ် ဖြန့်ကျဲပစ်ချလိုက်လေသည်။

ဓာတ်ပုံတွေ . . .။

တေးကဗျာရော . . . သူပါ . . . ရုတ်တရက် ကြက်သေသေသွားသည်။



အဲဒီဓာတ်ပုံတွေထဲမှာ သူတို့နှစ်ယောက်။ နေရာအမျိုးမျိုး ရှုထောင့်အမျိုးမျိုးမှ သူတို့နှစ်ယောက်ပုံကို အဝေးကနေ မှန်ဘီလူးနဲ့ သူတို့မသိအောင် ဆွဲရိုက်ထားသည်။ ဒါပေမဲ့ ပုံတွေက ကြည်လင်ပြတ်သားသည်။

တေးကဗျာ နေမကောင်းစဉ်က သူ့ကားနဲ့ခေါ်၍ ဆေးခန်းသို့ သွားအပြ၊ ကားပေါ်ကအဆင်း တေးကဗျာကို တွဲခေါ်လာသည့်ပုံ၊ ဆေးခန်းအထွက်က ပုံ၊ ပြီးတော့ ကွန်ပျူတာသင်တန်း လေ့ကားကအဆင်းမှာ သူတို့နှစ်ယောက် ရယ်မောစကားပြောလျက် အတူတွဲဆင်းလာသည့်ပုံ၊ စားသောက်ဆိုင်တစ်ခုမှာ နှစ်ယောက် အတူထိုင်စားနေသည့်ပုံတွေ . . . ဓာတ်ပုံပေါင်းများစွာ။

သူ . . . ဘယ်လိုမှ ရှင်းလို့ရနိုင်မှာ မဟုတ်တော့။

"ဒါ . . . သက်သက် . . . လုပ်ကြံတာပဲ"

"ဒီမှာ ကိုဖြူဖွေး . . . ခင်ဗျားနဲ့ တေးအကြောင်းကို ကျွန်တော် နိုင်ငံခြားမှာ ကြားရခါစကတည်းက မယုံခဲ့ဘူး၊ ဒါပေမဲ့ ဟောဒီဓာတ်ပုံတွေ ပြီးခဲ့တဲ့ လ,လောက်ကတည်းက ကျွန်တော့်ဆီ ရောက်လာတယ်၊ ပို့တဲ့သူက ကျွန်တော်မယုံဘူးဆိုလို့ သက်သေပြတာ ဒါတောင် . . . ကျွန်တော်မယုံချင်သေးဘူး၊ ကျွန်တော့်နှလုံးသားတစ်ခုလုံး မီးလောင်ခံရသလိုပဲ၊ ဒါကြောင့် ခွင့်ယူပြီးအခုမြန်မာနိုင်ငံကို ချက်ချင်းပြန်လာခဲ့တယ်၊ ဒီအကြောင်းကို ဟုတ် . . . မဟုတ် . . . စုံစမ်းမယ်ဆိုပြီး အခု ဒီနေ့မနက် ကျွန်တော့်ဆီကို အဲဒီဓာတ်ပုံတွေပို့တဲ့သူကပဲ ဖုန်းဆက်တယ်၊ ခင်ဗျားရဲ့ တေး

www.burmeseclassic.com



ကဗျာ . . . ခင်ဗျားအပေါ် သစ္စာဖောက်သလား၊ မဖောက်ဘူးလ သိချင်ရင် . . . အခု ခင်ဗျားသူ့အဆောင်ကို ချက်ချင်းလိုက်သွားပ . . . တဲ့၊ အဲ့ဒါနဲ့ ကျွန်တော်ချက်ချင်း ကောက်လိုက်လာတာ"

ဟက်ခနဲ . . . မခိုးမခန့် ထွန်းခေါင်မိုး တစ်ချက်ရယ်လိုက်သေးသည်။

"အဆောင်ရောက်တော့ ခင်ဗျားကားပေါ် သူတက်လိုက်သွားတာ လှမ်းတွေလိုက်တယ်လေ၊ မသေချာမှာစိုးလို့ ခင်ဗျားတို့ကားနောက်က နောက်ယောင်ခံလိုက်လာတာ၊ ဒီနေရာကျမှ ကျုပ်မမြင်ချင်ဆုံး၊ မြင်ကွင်းတွေ မြင်ရတော့တာပဲ၊ ကဲ . . . တေးကဗျာ မင်း ဘာပြောင်းချင်သေးလဲ"

"မဟုတ်ဘူး . . . မဟုတ်ဘူး"

တေးကဗျာက ငိုယိုပြီးတော့သာ အော်ဟစ်နေရာ သူဝင်ပြောရတော့သည်။

"ကိုထွန်းခေါင်မိုး . . . ကျွန်တော်ပြောတာကိုတော့ ယုံကြည်ပေးပါ၊ ကျွန်တော်နဲ့ တေးကဗျာဟာ အထီးကျန်နေတဲ့ သူအချင်းချင်း အားပေးဖော်၊ အားပေးဖက်အဖြစ်နဲ့ ဖြူစင်စွာ သံယောဇဉ်ရှိကြတာက လွဲလို့ ဘာမှမပိုဘူး၊ တစ်ယောက်အခက်အခဲကို တစ်ယောက်က လိုအပ်တဲ့အချိန်မှာ ကူညီကြတာကလွဲလို့ ကျွန်တော်တို့ ဘာမှမဖြစ်ခဲ့ဘူး၊ အဲ့ဒါ ဘုရားသိတယ်၊ ဒီဓာတ်ပုံတွေက ခင်ဗျားကို သက်သက်မဲ့ အထင်မှား အမြင်မှားဖြစ်အောင် . . ."

"ဟော့ကောင် . . . တော်စမ်း၊ မင်းပါးစပ်က ထွက်သမျှ မုသာဝါဒတွေ ငါယုံမယ် ထင်လို့လား၊ မင်းလို ရုပ်ကလေး ဗန်းပြပြီး



ခိန်းမတွေကို နှုန်းနှပ်နေတဲ့ကောင်ရဲ့စကားတွေကို တေးကဗျာလို မိန်းမ . . . ယုံရင်ယုံမယ် . . . ငါမယုံဘူး"

"ခင်ဗျား . . . မစော်ကားနဲ့၊ တေးကဗျာကိုလည်း မစော်ကားနဲ့"

"ဒါ စော်ကားတဲ့ စကားမဟုတ်ဘူး၊ အမှန်တရားကို ပြောနေတာကွ၊ အမှန်တရားကို ငါပြောနေတာ"

"အမှန်တရားကို ခင်ဗျားသိသားပဲ၊ ကျွန်တော် တေးကဗျာကို စပြီး ချဉ်းကပ်ခဲ့တာ နေနီနီခိုင်းလို့ပဲ၊ နေနီနီက ခင်ဗျားနဲ့ တေးကို ကွဲအောင်ခွဲပေးဖို့ ကျွန်တော့်ကို ခိုင်းထားတာ၊ ကျွန်တော့်ဘက်က တေးအပေါ်မှာ အခုထက်ထိ ဖြူစင်သန့်ရှင်းစွာပဲ ဆက်ဆံခဲ့တာ၊ ကျွန်တော့်ဘက်က ရိုးသားတယ်လို့ ပြောရင် ခင်ဗျားယုံဗျာ"

"ငါက . . . ဘာကိုစွယုံရမှာလဲ၊ ဒီမှာ ဖြူဖွေး . . ."

"ဘာလဲ . . ."

သူတို့နှစ်ယောက် အခြေအနေက တင်းမာခက်ထန်စွာ ချက်နှာချင်းဆိုင်နေမိကြပြီ။ ထွန်းခေါင်မိုးက သူ့မျက်နှာတည့်တည့် ငိုက်ကြည့်ကာ ပြောချလိုက်သည်။

"မင်းတို့နှစ်ယောက်ဓာတ်ပုံတွေကို ငါ့ဆီပို့ခဲ့တာ ဘယ်သူလို့ မင်းထင်နေသလဲ၊ ငါ့ဆီကို ဒီမနက်ဖုန်းဆက်ပြီး . . မင်း . . တေးကဗျာကို လာခေါ်လိမ့်မယ်လို့ ဖုန်းဆက်ခဲ့တာ ဘယ်သူလို့ မင်း ထင်နေသလဲ၊ မင်းတို့နှစ်ယောက်ကို နောက်ယောင်ခံလိုက် ကြည့်ပါ၊ မင်းတို့နှစ်ယောက်အခြေအနေမှန်ကို သိရလိမ့်မယ်လို့ ဖုန်းဆက်ပြောခဲ့တာ ဘယ်သူလို့ မင်းထင်နေသလဲကွ . . .၊ အဲ့ဒါ

www.burmeseclassic.com

www.burmeseclassic.com



. . . မင်းကို ခိုင်းစေခဲ့တဲ့ . . . နေနီနီကိုယ်တိုင်ပဲ "

"ဘာ . . ."

သူ အံ့အားသင့်စွာ အော်ဟစ်လိုက်မိသလို၊ တေးကဗျာရဲ့ မျက်လုံးကလေးတွေလည်း ဝိုင်းစက်သွားပါသည်။

"သိပ်မအံ့သြနဲ့ဦး၊ နေနီနီဆိုတဲ့ကောင်က ငါ့ကို အမြဲတမ်း အနိုင်ယူရက်စက်ချင်နေတဲ့ကောင်ဆိုတော့ ငါက သူပြောသမျှ ငါ့ကို အနိုင်လိုချင်လို့ ပြောတာလို့ပဲ ထင်မှတ်ခဲ့တာ၊ ဒါပေမဲ့ . . . ဒီနေ့ မနက် သူက ငါ့ကို စကားတစ်ခုဝန်ခံခဲ့တယ်၊ မင်းကို သူက ဟန် ဆောင်ပြီး ချစ်ဖို့ပဲ ခိုင်းစေခဲ့ပေမယ့် မင်းရဲ့နှလုံးသားက တေးကဗျာ အပေါ် တကယ်ချစ် . . . သွားပြီ . . . တဲ့၊ အဲ့ဒါကို သူ . . ဘယ်လို မှ တားမြစ်လို့မရတော့ဘူး . . . တဲ့၊ ဒါကြောင့် ငါ့ဆီဖုန်းဆက်ခဲ့ တာ၊ သူလည်း ဒီပွဲမှာ ရှုံးနိမ့်ပါတယ် . . . တဲ့"

"မဟုတ်ဘူး . . ."

သူ ရူးဝါးစွာ အော်ဟစ်လိုက်မိသည်။ မဟုတ်ဘူး၊ ဘာတွေ ဖြစ်ကုန်ပြီလဲ၊ သူရည်ရွယ်ခဲ့တာ အဲ့ဒီလိုမဟုတ်ဘူး။

"ဘာမဟုတ်ရမှာလဲ . . . ဖြူဖွေး၊ မင်း ဝန်ခံစမ်းပါ။ တေး ကဗျာကို အစ,က ဟန်ဆောင်ပြီးချစ်ခဲ့ပေးမယ့် . . . အခုတော့ နေနီနီနဲ့ အလောင်းအစားလုပ်တာကိုတောင် လျော်ကြေးပေးပြီး မင်း . . . တေးကို တကယ်ချစ်ခဲ့မိပြီ မဟုတ်လား၊ ကိုယ် ကျေနပ်ပါ တယ်၊ မင်းတို့နှစ်ယောက် ပျော်ရွှင်စွာ ပေါင်းဖက်ကြလေသတည်း ပေါ့၊ ကိုယ် အရှုံးပေးခဲ့မယ် "

"ဟေ့လူ ထွဋ်ခေါင်မိုး . . . ခင်ဗျား . . . ကျွန်တော်တို့



ပြောတာ နားထောင်ပေးဦးဗျ "

သူက ထွဋ်ခေါင်မိုးပခုံးကို ဆွဲလှည့်တော့ ထွဋ်ခေါင်မိုးက သူ့ရင်ဘတ်ကို ဆောင့်တွန်းလေသည်။ သူ နောက်ဘက်သို့ တစ်ချက် ယိုင်နဲ့သွားစဉ် ထွဋ်ခေါင်မိုးက သူ့ကို လက်ညှိုးငေါက်ငေါက်ထိုး၍ ပြောသည်။

"ဟေ့ကောင် . . . မင်း သူ့ကို တကယ်ချစ်ရင် တကယ် လက်ထပ်ပါ။ မင်းအရင်က ရှုပ်ခဲ့တဲ့ မိန်းမ,တွေလို တေးကဗျာကို သဘောထားဖို့ မကြိုးစားနဲ့၊ သူ့ကို . . . မင်းပဲ ယူရမယ်၊ ဘာမှ . . . စကားတွေ လာရှုပ်မနေနဲ့၊ ဘာမှ လာမရှင်းပြနဲ့တော့"

"မင်း . . . မင်း . . . တစ်ယူသန် တစ်ဇွတ်ထိုး စွတ်အော် မနေနဲ့ ထွဋ်ခေါင်မိုး၊ မင်းရည်းစားကို . . . ငါ မချစ်ခဲ့ဘူး၊ ဘယ် တုန်းကမှ မချစ်ခဲ့ဘူး . . . လို့ ပြောနေတယ်"

"ဟေ့ကောင် . . . ၊ မင်းတို့နှစ်ယောက် ဖြစ်ချင်တိုင်းဖြစ်၊ ရှုပ်ချင်တိုင်းရှုပ်ပြီးမှ ငါ့လက်ထဲ . . . လာမထိုးထည့်နဲ့၊ ငါ . . . နွား၊ မဟုတ်ဘူး၊ ငါက မင်းစားပြီးမှ ကျန်မယ့်အစာ . . . ကို စားမယ့် ကောင်မဟုတ်ဘူး"

"ဟာကွာ . . ."

ရုတ်တရက် ဆောင့်တက်လာသော ဒေါသက လက်ဖျားဆီ သို့ ရောက်သွားသည်။ လ,ပေါင်းများစွာ လေ့ကျင့်ထား၍ သန်မာ နေသော လက်သီးဆုပ်က အားအပြည့်နဲ့ ထွဋ်ခေါင်မိုးမျက်နှာဆီသို့ ပြေးဝင်သွားခဲ့၏။

ခွပ်ခနဲ မြည်သံနှင့်အတူ ထွဋ်ခေါင်မိုး ကတ္တရာလမ်းပေါ်

www.burmeseclassic.com

www.burmeseclassic.com



ပစ်လဲကျသွားပါသည်။ "အမလေး . . . "ဟု တေးကဗျာက အော်ကာ သူမ,ရည်းစားကို ပြေးပွေ့မည်လုပ်သည်။ ထွန်းခေါင်မိုးက တေးကဗျာရဲ့လက်ကို စူးစူးဝါးဝါးအော်ရင်း ပုတ်ထုတ်သည်။

"တေးကဗျာ . . . နင် . . . ငါ့ကိုမထိနဲ့"

သူမ, ရှိုက်ကြီးတငင် ငိုချနေပါပြီ။

"ထွန်း . . . ထွန်းရယ် . . . တေးတို့ပြောတာ စိတ်ရှည်ရှည်နဲ့ နားထောင်ပေးပါ၊ တောင်းပန်ပါတယ်"

ထွန်းခေါင်မိုး လဲကျနေရာက ဖုတ်ဖက်ခါ၍ ထ,ရပ်သည် သူတို့နှစ်ယောက်ကို စူးရဲခက်ထန်စွာ စိုက်ကြည့်သည်။ ကွဲသွားနှ စီးကျလာသော နှုတ်ခမ်းထောင့်က သွေးစက်တချို့ကို လက်ဖမိုးနှ ပင့်သုတ်ရင်း နာနာကြည်းကြည်း ပြုံးနေသေးသည်။

"ဒီမှာ တေးကဗျာ . . . ငါက အချစ်ကြီးသလို အငြိုးလည်းကြီးတယ်၊ မင်းရဲ့ . . . ဖြူဖွေးဆိုတဲ့ကောင်က ငါ့အသည်းနှလုံး နာအောင်လုပ်တဲ့အပြင်၊ ငါ့အသားကိုလည်း နာအောင်လုပ်ခဲ့ ဆိုတာ . . မင်းအမြင်ပဲ၊ ဟောကောင် ဖြူဖွေး . . . မင်းကို ငါ လုံး မကြေဘူး၊ မင်းလုပ်ခဲ့တဲ့ အပြစ်တွေအတွက် မင်း ထိုက်သင့် အပြစ်ဒဏ်ကို ခံကိုခံစေရမယ်၊ ငါ သစ္စာဆိုလိုက်တယ်"

သူတို့နှစ်ယောက်ရှေ့ကနေ ထွန်းခေါင်မိုး ချာခနဲ လှည့်ထွက်သွားပါသည်။

"ဟာ . . . ' ခနဲ သူအော်၍ ထွန်းခေါင်မိုးကို အတင်းလိုက်ဆွဲဖို့ ပြင်တော့ သူ့လက်ကို တေးကဗျာက ဖမ်းဆွဲ၍ တားထားသည်

"သွားပါစေတော့ . . . ကိုဖြူရယ်"



"ဟာ . . . မဟုတ်ဘူးလေ . . . တေး၊ သူထင်ချင်ရာတွေထင်၊ ပြောချင်ရာတွေပြောပြီး ဒီလိုထွက်သွားလို့ ဘယ်ဖြစ်မလဲ၊ အမှန်အတိုင်း ကျွန်တော်တို့ ရှင်းပြမှဖြစ်မှာပေါ့၊ အခုဟာက အကုန်လုံး ရှုပ်ကုန်ပြီ"

သူမ, ရှိုက်၍ငိုနေရင်း ခေါင်းကို ဖြည်းညင်းစွာခါသည်။

"ထားလိုက်ပါ ကိုဖြူ . . . ၊ ကျွန်မ,ဘဝနဲ့ကျွန်မ ရှိပါစေတော့၊ ထွန်းအကြောင်းကို ကျွန်မ,သိတယ်၊ ဘယ်လိုမှ ရှင်းလို့ရတော့မှာမဟုတ်ပါဘူး၊ နေနီနီ့ကို ကိုဖြူပဲပြောပြလိုက်ပါ၊ သူ . . . ဖြစ်စေချင်သလို . . . ထွန်းက . . . ကျွန်မကို နာနာကြည်းကြည်း လမ်းခွဲသွားပါပြီ၊ သူ . . . ပျော်မှာပါ . . . ကိုဖြူ ထွန်းကို ကလဲ့စားချေနိုင်တဲ့အတွက် . . . သူပျော်သွားမှာပါ"

"မဟုတ်တာ . . . တေးရာ၊ တေး . . . ထွန်းခေါင်မိုးအပေါ် ဘယ်လောက်ချစ်ခဲ့တယ်ဆိုတာ ကျွန်တော်ပဲသိတာ၊ ကျွန်တော် . . . သူ့ကို ရှင်းပြမှကို ဖြစ်မယ်"

ထွန်းခေါင်မိုးက သူတို့နှစ်ယောက်ကို လုံးဝလှည့်မကြည့်ဘဲ မလှမ်းမကမ်းမှာရပ်ထားသည့် ကားပေါ်တက်ကာ တံခါးကို ဆောင့်ပိတ်၍ အရှိန်ပြင်းပြင်းမောင်းထွက်သွားလေသည်။

တေးရဲ့ . . . သက်ပြင်းချသံကို သူကြားလိုက်ရသည်။

"အဲ့ဒီလောက် အမြင်ကျဉ်းပြီး တစ်ယူသန်၊ တစ်ဖွတ်ထိုးဆန်တဲ့ ယောကျ်ားမျိုးကို တေး . . . တော်တော်ထိတ်လန့်သွားပါပြီ . . . ကိုဖြူရယ်၊ တေး . . . မတောင်းပန်ချင်တော့ဘူး၊ တေး . . . အတွက်နဲ့လည်း ဘယ်သူမှသူ့ကို သွားမတောင်းပန်ချင်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ တေး . . . တေးက အဲ့ဒီယောက်ျားကိုပဲ ချစ်နေ
ဆဲ . . . မဟုတ်လား၊ တေးအပေါ်မှာ အဲ့ဒီလို အနိုင်ယူ၊ သဝန်တ
တတ်တဲ့ ထွန်းခေါင်မိုးကိုပဲ တေးက ချစ်ခဲ့တာမဟုတ်လား၊ တေ
. . . သူ့ကို စွန့်လွှတ်နိုင်လို့လား . . ."

သူမ, မျက်ရည်တွေကို လက်ချောင်းလေးတွေနဲ့ ဖိသု
ရင်း ခပ်ယဲ့ယဲ့ ပြုံးပြရှာသေးသည်။ ရှိုက်သံကြောင့် တုန်ရီလှိုက်
နေသော အသံနှင့် သူမ,ကြေကွဲစွာပြောပါသည်။

"တေး မစွန့်လွှတ်နိုင်ပေမယ့် . . . သူက တေးကို စွန့်လွှ
သွားပြီလေ . . ."

❊ ✿ ❊

ခွဲစိတ်ပြီးစ လူနာများထားသော အခန်းထဲတွင် ဦးနေမ
အိမ် မေ့ဆေးအရှိန်နှင့် နှစ်ခြိုက်စွာ အိပ်မောကျနေဆဲရှိသေးသည
လူနာခန်းရဲ့ အပြင်ဘက်မှာ လူနာရှင်တွေနေဖို့ အခ
တစ်ခု သတ်သတ်ရှိသည်။ အဲ့ဒီအခန်းထဲမှာ ပက်လက်ခေါက်ကုလ
ထိုင်ကို ဖြန့်ကာ ကိုနေ အိပ်မောကျနေပါသည်။ သူမ ဝတ်ထ
သော ဂျင်းရှပ်အင်္ကျီလေးမှာ အနည်းငယ် တွန့်ခေါက်ကြေမွနေ
သည်။ သူမရဲ့ဆံပင်တိုနံ့နံ့လေးတွေက ရှည်လျားစပြုကာ အနည
ငယ် ရှုပ်ပွနေသည်။



သူမရဲ့မျက်နှာက တစ်ဖက်သို့စောင်းလျက်၊ ရှည်လျား
ဖြောင့်စင်းသော မျက်တောင်နက်နက်တွေမှာ မျက်ရည်စတွေ
စေးကပ်ခြောက်သွေ့နေခဲ့ပြီ။ သူမ,မျက်နှာလေးကလည်း သိသိသာ
သာ ချောင်ကျညှိုးနွမ်းနေလေသည်။

"ကိုနေ . . ."

သူ တိုးတိုးခေါ်လိုက်သည်။ မခင်စိတ်နဲ့ နဂိုကတည်းက
စိတ်မချစွာ အိပ်စက်ခဲ့ပုံရသည်။ ဖျတ်ခနဲ မျက်လုံးတွေ ဖွင့်ကြည့်
လာသည်။ သူ့မျက်နှာကို သူမ ခေတ္တစိုက်ငေးနေသေးသည်။

"ကိုဖြူ . . . ကိုဖြူပြန်လာပြီ"

ဝမ်းသာအားရပုံစံနှင့် သူ့လက်နှစ်ဖက်ကို ဆွဲယူဆုပ်ကိုင်
ကာလှုပ်ခါသည်။ သို့ပေမယ့် သူ ဘာမှပြန်မပြောဖို့ သတိမရ။
ဦးခေါင်းကို အောက်စိုက်ကာ ဆွံ့အ,နေခဲ့မိသည်။ သူမကို . . . သူ
. . . ဘယ်လိုစကားနဲ့ နှုတ်ဆက်ရမည်လဲ . . .။

"ကိုဖြူ . . . ကိုဖြူ . . . ဘာဖြစ်ခဲ့သလဲ . . . ဟင်၊ ကိုဖြူ
. . . တစ်ခုခုပြောပါဦး၊ ကျွန်တော်ကို စကားပြန်ပြောပါဦး"

သူ ဖြည်းညင်းစွာနဲ့ သူမ,ဘေးကခုံမှာ ဝင်ထိုင်လိုက်မိ
သည်။ ပြီးတော့ ဖြည်းညင်းစွာနဲ့ပဲ သူ့အိတ်ကပ်ထဲက ထွန်းခေါင်မိုး
ပေးခဲ့သော ဓာတ်ပုံအထပ်လိုက်ကို ထုတ်လိုက်၏။

အဲ့ဒီဓာတ်ပုံတွေကို ကိုနေရဲ့လက်ပေါ် သူတင်ထားလိုက်
သည်။

"အဲ့ဒါ . . . မင်း . . . ကိုယ်နဲ့တေးကဗျာကို မနောက်
ယောင်ခံ ဓာတ်ပုံရိုက်ခိုင်းပြီး . . . ထွန်းခေါင်မိုးဆီ ပို့လိုက်တဲ့ ဓာတ်ပုံ

www.burmeseclassic.com

www.burmeseclassic.com



တွေလေ"

သူမ, ဓာတ်ပုံတွေကို တစ်ခါမှ မမြင်ဖူးခဲ့သလို ကြောင်ကြည့်နေသေးသည်။ အခန်းထဲမှာ မျက်နှာကြက်က ပန်ကာလည်သံက တကျွီကျွီနဲ့ အသံထွက်နေသည်။

သူမရဲ့ မျက်လုံးတွေက ဆနောင်တအကြည့်မျိုးနဲ့ သူ့ကို ကြေကြေကွဲကွဲ မော့ကြည့်သည်။ ပြီးတော့ . . . တိုးတိမ်စွာ ရေရွတ်သံထွက်ပေါ်လာသည်။

"ကိုဖြူနဲ့ တေးကဗျာ . . ထွဋ်ခေါင်မိုးနဲ့ တွေ့သွားခဲ့ပြီပေါ့"

"မင်းဖြစ်စေချင်တဲ့ . . . အတိုင်းပဲလေ၊ ဖြစ်သွားခဲ့ပြီ၊ ထွဋ်ခေါင်မိုးရဲ့ နှလုံးသားကို ကွဲကြေအောင် မင်းလုပ်နိုင်ခဲ့တယ်၊ သူ . . . တေးကို ခါးခါးသီးသီး မုန်းတီးသွားခဲ့ပြီ၊ မင်း . . . သိထားဖို့က အဲ့ဒီပွဲမှာ တေးဆိုတဲ့ အပြစ်ကင်းစင်ပြီးခွန်အားနည်းတဲ့ မိန်းကလေးတစ်ယောက်ရဲ့ အသည်းနှလုံးလည်း တစ်စစီကွဲကြေခဲ့တယ်ဆိုတာ . . ."

"တော်တော့ . . . ကိုဖြူ၊ ကျွန်တော် အဲ့ဒါတွေ မကြားချင်တော့ဘူး၊ ကျွန်တော်လိုတဲ့ ရလာဒ်က ရပြီ . . . ဒါပဲ"

"ကိုယ် မတော်နိုင်ဘူး၊ ဒီဇာတ်လမ်းမှာ အဓိက အပြစ်အရှိဆုံးလူက ကိုယ်ပဲ၊ ကိုယ် . . . အဲ့ဒီရလာဒ်ကို မလိုချင်ဘူး၊ မင်းကို ကိုယ်တို့ အလောင်းအစားကိစ္စ ရုပ်သိမ်းလိုက်ပြီလို့ ကိုယ်ပြောခဲ့တယ်နော်"

"ဟုတ်တယ်လေ . . . အခု ဇာတ်လမ်းက ပြီးပြီပဲ၊ ကျွန်တော် ကလဲ့စားချေလိုက်ရပြီလေ၊ ကျွန်တော် ကျေနပ်တယ်၊ ဒီကိစ္စတွေ ကျွန်တော်တို့ မေ့လိုက်ကြရအောင် . . . ကိုဖြူ"



"ဒါပေမဲ့ . . . မင်းကို . . . ကိုယ်တစ်ခုပြောမယ် ကိုနေ၊ ကိုယ့်ဘဝမှာ တေးကဗျာလောက် သစ္စာရှိပြီးရိုးသားတဲ့ မိန်းကလေးမျိုး မတွေ့ခဲ့ဖူးဘူး၊ ကိုယ့်အပေါ်လည်း သူ့လို အစွမ်းကုန်နားလည်ပေးပြီး အားပေးတတ်တဲ့ မိန်းကလေးမျိုး ကိုယ်မရခဲ့ဖူးဘူး၊ အဲ့ဒီလို မိန်းကလေးတစ်ယောက်ရဲ့ အဖြူစင်ဆုံးဘဝဟာ မင်းရဲ့ အတ္တကြီးကြီး ကလဲ့စားချေမှုအောက်မှာ ညှစ်ထေးစွန်းပေပြီး ပျက်စီးသွားတာ ကိုယ် ဒီအတိုင်း လက်ပိုက်ကြည့်မနေနိုင်တော့ဘူး"

"အဲ့ဒါ ခင်ဗျားကိစ္စမဟုတ်ဘူး ကိုဖြူ၊ ခင်ဗျား ဘေးဖယ်နေလိုက်တော့"

"မဖယ်နိုင်ဘူး၊ ဒီကိစ္စမှာ ကိုယ်က အဓိကတရားခံ၊ ကိုယ်သာ တာဝန်အရှိဆုံးပဲ၊ မင်း ထွဋ်ခေါင်မိုးရဲ့ နှလုံးသားကို တန်ပြန်ကလဲ့စားချေနိုင်ပြီဆိုရင် ကျေနပ်လိုက်တော့ ကိုနေ၊ ဒါပေမဲ့ . . . တေးကဗျာရဲ့ ဂုဏ်သိက္ခာအတွက် တေးကဗျာရဲ့ သစ္စာတရားအတွက် ထွဋ်ခေါင်မိုးကျေနပ်တဲ့အထိ ကိုယ် သွားရှင်းပြဦးမယ်၊ တကယ်လို့ ကိုယ်ရှင်းပြတာကို . . . သူ လုံးဝလက်မခံဘူးဆိုရင် . . ."

သူမရဲ့ မျက်လုံးများ ဝိုင်းစက်ကာ နှုတ်ခမ်းတွေပွင့်ဟသွားပါသည်။ သူပြောမည့်စကားကို သူမ ကြိုတင်သိရှိနေခဲ့ပြီ။

"ကိုယ် . . . တေးကဗျာကို လက်ထပ်မယ်"

သူမရဲ့ အော်သံစူးဝါးစွာ . . . ထွက်ပေါ်လာပါသည်။

"မလုပ်ရဘူး . . . အဲ့ဒီလို မလုပ်ရဘူး၊ ကိုဖြူ . . . သူ့ကို

www.burmeseclassic.com

www.burmeseclassic.com



လုံး၀ လက်မထပ်ရဘူး”

“ဒီတစ်ခါတော့ မင်း မတားနဲ့ကိုနေ၊ ကိုယ် အဲ့ဒီအလုပ်ကို လုပ်ကိုလုပ်ရလိမ့်မယ်၊ ကိုယ့်ဘဝမှာ ကိုယ့်ကြောင့် မိန်းကလေးတွေ အကြိမ်ကြိမ်အခါခါ မျက်ရည်ကျခဲ့ကြရပေါင်း များပြီ၊ အခု . . . ဒီတစ်ကြိမ်တော့ အဲ့ဒီမျက်ရည်တွေအတွက် ကိုယ်ပေးဆပ်ရလိမ့်မယ်၊ ကိုယ့်ရဲ့အပြစ်တွေအတွက် တေးကဗျာကို ကိုယ်ပေးဆပ်ရလိမ့်မယ်”

ကိုနေရဲ့ မျက်လုံးတွေက မျက်ရည်စတွေ ရစ်သီအိုင်ထွန်း လာလျက် သူ့ကို နာကြည်းစွာကြည့်သလို မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေသည်။ စီးဆင်းကျလာသော မျက်ရည်စီးကြောင်းတွေ က သူမရဲ့ ခပ်မို့မို့အပြုံးကို ဖြတ်ကျော်ဖုံးလွှမ်းသွားသည်။

သူမဆီက အေးစက်အက်ကွဲနေသော စကားတစ်ခွန်း ထွက်ပေါ်လာသည်။

“ခင်ဗျား . . . တေးကို တကယ်ချစ်သွားခဲ့ပြီဆိုတာ ဝန်ခံ စမ်းပါ”

သူ . . . ရယ်မောလိုက်ပါသည်။ ခြောက်ကပ်ကပ်ရယ်သံ တွေကို နားမလည်နိုင်သလို သူမ,က သူ့ကို မျက်မှောင်ကြုတ်၍ ကြည့်သည်။

သူ ရယ်သံတစ်ဝက်နှင့် ခပ်ထေ့ထေ့ပြန်ပြောလိုက်မိသည်။

“မင်းလည်း . . . ထွင့်ခေါင်မိုးလိုပဲ . . . ကိုနေ၊ အတ္တကြီး တယ်၊ တစ်ယူသန်တယ်၊ မိုက်မဲတယ်၊ အေး . . . မင်းတို့ရဲ့ မိုက်မဲမှု တွေအတွက် မင်းတို့နှစ်ယောက်စလုံးလည်း ခံစားရမယ် . . . သိလား၊ ကိုယ် နောက်ဆုံးစကားတစ်ခွန်း ပြောလိုက်မယ် . . ကိုနေ၊



အဲ့ဒါ မင်းသေသေချာချာနားထောင်ပါ၊ ကိုယ် . . . နဲ့ တေးကဗျာ တကယ်လို့ လက်ထပ်ဖြစ်ခဲ့မယ်ဆိုရင်တောင် . . . သူ့ရဲ့နှလုံးသား မှာ ရှိနေမယ့်သူက တစ်ယောက်၊ ကိုယ့်ရဲ့နှလုံးသားမှာ ရှိနေမယ့် သူက တစ်ယောက်၊ သတ်သတ်စီဖြစ်နေလျက်နဲ့ လက်ထပ်ကြရ မယ်ဆိုတာ မင်း . . . မြဲမြဲမှတ်ထားလိုက်စမ်းပါ”

သူမ ကြက်သေသေသွားစဉ် . . . သူမ,ရှေ့က သူ လှည့် ထွက်မည်ပြင်လိုက်သည်။ သူ့လက်ကို သူမ, ဖမ်းဆွဲကာ တအံ့တသြ လေသံနှင့် မေးလိုက်သည်။

“ကိုဖြူရဲ့ နှလုံးသားမှာ ရှိနေမယ့်သူက . . .”

သူမ,ရဲ့ မျက်နှာလေးကို သူ . . . နောက်ဆုံးအကြိမ် အဖြစ် ငေးကြည့်မိလိုက်သည်။ အဲ့ဒီလောက် မာကျောကျွတ်ဆတ်ပြီး အတ္တကြီး မိုက်မဲလွန်းတဲ့ ကလေးမလေးကို သူ . . . ဘာဖြစ်လို့များ ဒီလောက်တောင် ချစ်ခဲ့မိပါလိမ့်ကွယ် . . .။

သူမ,မေးခွန်းကို သူ ရယ်မောပစ်လိုက်မိလေသည်။

“မင်း . . . အဲ့ဒီလောက် လောဘ,မကြီးပါနဲ့ ကိုနေ၊ မင်းရဲ့ မေးခွန်းကို ကိုယ့်ဖြေမှာမဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ မင်းရဲ့ နှလုံးသားက ယောကျ်ားတစ်ယောက်ဆီက အချစ်ကို လက်မခံတတ် သို့ပဲ၊ ကိုယ် သွားတော့မယ် . . .”

သူ ချာခနဲ လှည့်ထွက်ခဲ့ပါသည်။

✲ ✿ ✲

www.burmeseclassic.com

www.burmeseclassic.com



ကားကို ဆေးရုံဝင်းထဲက မောင်းထွက်လာစဉ်မှာပဲ ဖုန်းမြည်လာသည်။ ခေါ်နေသည့်ဖုန်းနံပါတ်ကို သူ့ရဲ့ဟန်းဖုန်း (Screen) ပေါ်မှာ မြင်ရပေမယ့် ဘယ်ကဖုန်းမှန်း သူ မသိ။ သူဆီ တစ်ခါမှ မဆက်ဖူးသော ဖုန်း။ သူ့ရဲ့ ဖုန်းခလုတ်ကို နှိပ်ပြီးပြန်ထူး လိုက်သည်။

"ဟဲ . . . လို . . ."

"ဟော့ကောင် . . . ဖြူဖွေး . . ."

ခေါ်ပုံက ရင့်လှချည်လား။

"ဘယ်သူလဲ . . ."

"အခုအချိန်မှာ မင်းကို အမုန်းဆုံးကောင်"

"ဘာကိစ္စလဲ"

"မင်းနဲ့ငါ တွေ့ချင်တယ်၊ စာရင်းရှင်းမလို့"

"အတော်ပဲ . . . ငါလည်း မင်းနဲ့ တွေ့ချင်နေတာ၊ မင်းကြားသင့်တဲ့ စကားတွေ ငါ့မှာပြောဖို့ရှိသေးတယ်"

"ကောင်းပြီလေ . . . ဒါဆို အခုအချိန်ကစပြီး တစ်နာရီအတွင်း ငါချိန်းတဲ့နေရာကို မင်းလာနိုင်မလား"

"လာနိုင်တယ်၊ ဘယ်နေရာလဲ . . ."

". . . ဂေါက်ကွင်း၊ အဝင်လမ်းမှာ ငါ့ကား ရပ်ထားမယ်၊ အဲ့ဒီနားကို လာခဲ့"

"အိုကေ . . ."



"မင်း . . . သတ္တိရှိမယ် ဆိုရင် အခုအချိန်ကစပြီး မင်းရဲ့ ဟန်းဖုန်းကို ပိတ်ထားလိုက်ပါ၊ ငါလည်း ပိတ်ထားမယ်၊ ငါတို့နှစ်ယောက်ရဲ့ တွေ့ဆုံပွဲကို တားမြစ်မယ့်သူတွေ ရှိချင်ရှိလာနိုင်တယ်"

"ဘယ်သူက တားမှာလဲ"

ဖုန်းထဲမှာ ထွဋ်ခေါင်မိုးက သူ့ရဲ့မေးခွန်းကို ခပ်လှောင်လှောင် ရယ်မောပစ်နေသည်။

"ဒီပွဲမှာ . . . မင်းဖြစ်ဖြစ်၊ ငါဖြစ်ဖြစ် ဇီဝိန်ချုပ်ချင် ချုပ်သွားနိုင်တယ်လေ၊ ငါတို့နှစ်ယောက်ထဲက တစ်ယောက်ယောက် သေမှာကို စိုးရိမ်မယ့်သူတွေက တားမှာပေါ့"

"ဒီမှာ ထွဋ်ခေါင်မိုး . . . ဖြူဖွေးဆိုတဲ့ကောင်က နာမည်သာ အဖြူရောင်၊ သွေးကတော့ နီတယ်၊ မင်း အဲ့ဒီနေရာမှာသာ ဆက်ဆက်စောင့်နေပါ၊ ငါလာနေပြီ . . . ဒါပဲ"

သူ ဖုန်းကို ခလုတ်ပိတ်လိုက်သည်။ အပြီးပိတ်လိုက်ခြင်း ဖြစ်သည်။

※ ✿ ※

ဝရုန်းသုန်းကားနဲ့ ဘောဂ ဆေးရုံပေါ် ပြေးတက်သည်။ တစ်ကိုယ်လုံးလည်း ချွေးစက်တွေနှဲနှစ်ကာ မောဟိုက်နေသဖြင့် စကား ချက်ချင်းမပြောနိုင်။

www.burmeseclassic.com

www.burmeseclassic.com



ကိုနေက အံ့အားသင့်ကာ . . .

"ဟော့ကောင် ဘောဂ . . . မင်း ဘာဖြစ်လာတာလဲ"

"မင်းအဖေ . . . သတိရပြီလား"

"ခုနကတော့ တစ်ချက်ညည်းပြီး စကားတွေ မသဲမကွဲ ပြောတယ်၊ ဆရာဝန်တွေက သူနိုးလာရင် နာနေဦးမှာမို့ အိပ်ဆေး ထပ်ထိုးပေးထားတယ်၊ မင်းကိစ္စသာ မြန်မြန်ပြော . . . ဘောဂ"

ဘောဂရဲ့ မျက်လုံးပြူးမျက်ဆန်ပြူးအမူအရာကို စိတ် မရှည်နိုင်စွာ ကိုနေက အော်ပစ်လိုက်သည်။

"ဟိုကောင် . . . ဖြေ့ . . . ဖြေ့ရော . . . ဘယ်မလဲ၊ အခု . . . ဘယ်မလဲ"

"ထွဋ်ခေါင်မိုးဆီကို အဖြစ်မှန်တွေ သွားရှင်းပြမယ်ဆိုပြီး အခုလေးတင် ထွက်သွား . . . သွား . . ."

"ဟိုက် . . . သွားပြီ၊ ဒုက္ခပဲ၊ အဲ့ဒါမှ အကြီးအကျယ်ပြဿ နာ၊ ကိုဖြေ့ သေမှာကွ၊ အဲ့ဒါဆို . . . ဒီကောင်သေမှာ . . ."

"ဘာ . . ."

ကိုနေရဲ့ မျက်လုံးလေးတွေ စူးရဲဝိုင်းစက်သွားသည်။ ဝုန်း ခနဲ မတ်တပ်ထရပ်ပြီး ဘောဂရဲ့ပခုံးကို ကိုင်လှုပ်သည်။

"ဟော့ကောင် . . . မင်းဘာပြောတာလဲ၊ ဘောဂ . . . ပြန် ပြောစမ်း၊ သေသေချာချာပြောစမ်း"

"ဒီကောင် . . . ဒီကောင် ထွဋ်ခေါင်မိုးဆီသွားလို့ မဖြစ် ဘူး၊ လုံးဝမဖြစ်ဘူး၊ အခု သူတို့ဘယ်မှာ ချိန်းသလဲ . . . မင်းသိလား ကိုနေ"



"ငါ . . . ဘယ်သိမလဲ"

"သေပါတော့ကွာ . . . သေပါတော့"

"ကိုဖြေ့ဟန်းဖုန်းကို အခု လှမ်းဆက်လိုက်လေ"

"သေလိုက်ပါလား ကိုနေရာ၊ ငါ . . . ဆက်ပြီးပြီပေါ့ဟ၊ ဒီခွေးကောင်ကလည်း အခုချိန်ကျမှ ဘာကိစ္စ ဖုန်းကိုပိတ်ထားသလဲ မသိဘူး၊ လုံးဝဆက်လို့မရဘူး၊ ငါတို့ ဒီတွေ့ဆုံပွဲကို မရရအောင် တားမှဖြစ်မယ် . . . ကိုနေ၊ ထွဋ်ခေါင်မိုးက အင်မတန်ပက်စက်တဲ့ ကောင်၊ ကောက်ကျစ်တဲ့ကောင်၊ အခု . . . ကိုဖြေ့ကို နှစ်ယောက် ချင်း တွေ့ဖို့ချိန်းတဲ့ပုံစံနဲ့ ချိန်းပြီး ဝိုင်းရိုက်ဖို့ လူစုထားတာကွ . . ."

"ဘာ . . ."

သွေးပျက်သွားတဲ့ပုံစံနဲ့ ကိုနေ ကြက်သေသေသွားသည်။

"ငါတို့တားမှရမယ် ကိုနေ၊ အခုပုံဆို ကိုဖြေ့ သေလိမ့်မယ်၊ သိလား . . . ဟိုကောင်တွေအုပ်စုလေ . . . သူရိန်ဆွေတို့ . . . လမ်း ပေါ်မှာ ဖုန်းတစ်လုံးနဲ့ စကားပြောနေတာကို ငါ လှမ်းကြားလိုက် တာ၊ သူတို့အုပ်စုက ဒီပါစိုးဆိုတဲ့ကောင်က ထွဋ်ခေါင်မိုးနဲ့ သူငယ် ချင်းတဲ့၊ အဲ့ဒါ ကိုဖြေ့ကို ဝိုင်းတွယ်ချင်တဲ့ကောင်တွေ လူစုမိသွားပြီး . . . ထွဋ်ခေါင်မိုးဘက်ကနေ ဒီကောင်တွေက အငှားရိုက်ပေးမှာ"

ကိုနေ . . . မျက်နှာတစ်ခုလုံး နီရဲသွေးဆူလာကာ တောက် တစ်ချက်ပြင်းပြင်း ခေါက်လိုက်သည်။

ဘောဂက မျက်ကလဲဆန်ပျာ ဖြစ်နေပြီ။

"ကိုနေ . . . လုပ်ပါဦး၊ ငါလည်း အကြံမရတော့ဘူး၊ ဒီ အတိုင်းဆို ကိုဖြေ့ကို ဒီကောင်တွေတွေ့တာနဲ့ အသေတွယ်လိမ့်မယ်၊

www.burmeseclassic.com

www.burmeseclassic.com



ထွင့်ခေါင်မိုးကလည်း အခုသူ့ကိုအရမ်းတီးချင်နေတာ၊ သူ့ရိန့်ဆွေက ဖုန်းထဲမှာ ပြောနေတာ၊ ကိုထွင့်ခေါင်မိုး . . . စိတ်ချ၊ အခုလာခဲ့မယ်၊ ကျွန်တော်တို့မှာလည်း အဲ့ဒီဖြူဖွေးဆိုတဲ့ဘဲကို ဆပ်စရာ ရာဇဝင်ကြွေးတွေ ရှိနေသေးတယ် . . . တဲ့၊ ငါ . . . ကိုယ်တိုင်နား နဲ့ ဆတ်ဆတ်ကြားခဲ့တာ ကိုနေ . . . "

ကိုနေ . . . ဝုန်းခနဲ ဘောဂရှေ့က ပြေးထွက်သည်။

"ဟောကောင် . . . ငနေ၊ မင်း . . . အခုဘယ်လိုက်မှာလဲ"

သူ . . . ပြေးထွက်သွားရင်း ဘောဂကို လှည့်၍အော်ပြော ခဲ့သည်။

"ငါ . . . တေးကဗျာဆီသွားမယ်၊ ဒီကိစ္စတွေ . . . သူသိချင်သိမယ်၊ အနည်းဆုံး သူ့အကောင် ထွင့်ခေါင်မိုးရှိနေတဲ့ နေရာကို သိချင်သိနိုင်မယ်၊ မင်း . . . တခြားငါ့ဘော်ဒါတွေဆီကို ဖုန်းဆက်ပြီး အဲ့ဒီချိန်းပွဲ ဘယ်နေရာလဲလို့ စုံစမ်းထားဦး"

"စိတ်ချ . . . စိတ်ချ၊ ငါ့ကို မင်းအဖိုးကြီးရဲ့ ဖုန်းပေးခဲ့"

ကိုနေ . . . ဟန်းဖုန်းကို အိတ်ထဲကထုတ်ကာ ပစ်ပေးခဲ့ သည်။ သူ့လက်ထဲမှာက သူ့ကိုယ်ပိုင်ဖုန်းတစ်လုံး။ အဲ့ဒီဖုန်းကို ဘောဂမြင်အောင် သူ ထောင်ပြလိုက်သည်။

✻ ✿ ✻



"နေ . . . "

တစ်လုံးတည်း အဖျားဆွတ်၍ ခေါ်လိုက်သံက ရင်ကို မဆုန့်လှုပ်စေတော့ပါ။ အခုအချိန်မှာ တေးကဗျာကို ခါးခါးသီးသီး မုန်းတီးလို့မတတ် ဖြစ်နေခဲ့ပါပြီ။

"တေးကဗျာ . . . "

သူ စူးဝါးစွာ အော်ဟစ်လိုက်တော့ တေးကဗျာခန္ဓာကိုယ် လေးမှာ ဆတ်ခနဲတုန်သွားရှာသည်။

"နင် . . . ဘာဖြစ်လာတာလဲ . . . နေ"

"ငါ . . . ဘာဖြစ်လာတာလဲ . . . နင်သိတယ်တေး၊ နင် သိတယ်၊ အခု . . . ကိုဖြူ . . . ဘယ်မှာလဲ၊ ကိုဖြူ့ကို . . . နင် . . . ဘယ်လွှတ်လိုက်သလဲ"

"နေ . . . စကားကို အေးအေးပြောစမ်း၊ ကိုဖြူ ဘာဖြစ်လို့ လဲ . . . ၊ ကိုဖြူဘယ်သွားလဲ . . . ငါ ဘယ်သိပါ့မလဲ"

"နင်ကမသိဘူး . . . ဟုတ်လား၊ ကောင်းတယ်၊ တေး . . . နင့်အတွက်နဲ့ ကိုဖြူက အခု ထွင့်ခေါင်မိုးဆီ အဖြစ်အပျက်မှန်တွေ ရှင်းပြဖို့သွားတယ်လေ . . . ၊ နင့်အတွက်နဲ့သွားတာ . . . သိလား၊ အခု ထွင့်ခေါင်မိုးက ကိုဖြူ့ကို အရမ်းမုန်းနေတဲ့ကောင်တွေနဲ့ ပေါင်း ပြီး ဝိုင်းရိုက်ဖို့ စောင့်နေကြပြီ၊ အဲ့ဒါ . . . နင်သိလား တေး၊ အဲ့ဒါ နင်သိရဲ့လား"

ပြောရင်း . . . ပြောရင်းနဲ့ ကိုနေ့ရဲ့ ပါးပြင်ပေါ် မျက်ရည် စက်တွေ ပိုးပိုးပေါက်ပေါက် ကျလာတာ တပေါင်းဟီးနဲ့ ငိုချလိုက်လေ တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



တေးကဗျာမှာ အဲ့ဒီအင်မတန် ငပေတေမာကျောတတ်တဲ့ ကောင်မလေး ဒီလောက် ရှိုက်ကြီးတငင် ငိုတာကို တစ်ခါမှမတွေ့ဖူးခဲ့၍ ကြက်သေသေသွားသည်။

ရုတ်တရက်မို့ ဘာပြောရမှန်းလည်း မသိ။ ကိုနေကသာ ငိုသံတစ်ဝက်၊ ရှိုက်သံတစ်ဝက်ရောကာ သူမကို လက်ညှိုးငေါက်ငေါက်ထိုး၍ ပြောနေလေသည်။

"နင် . . . မတရားဘူးတေး၊ နင် . . . လုံးဝ မတရားဘူး အီး . . . ဟီး . . . ဟီး . . . နင့်မှာ . . . နင့်မှာ ထွန်းခေါင်မိုးရှိနေရဲ့သားနဲ့ ကိုဖြူ့ကို အဲ့ဒီလောက် မဟားဒရား ဆွဲဆောင်ရသလား . . . ဟင်၊ မကောင်းဆိုးဝါးမ၊ ဟီးဟီး . . . ဟီးဟီး၊ ကိုဖြူက . . . အခု . . . နင့်အတွက်နဲ့ သူသေရမယ့်လမ်းကို သူမသိဘဲ သွားနေပြီ ထွန်းခေါင်မိုးဆိုတဲ့ နင့်ရဲ့ မိန်းမကျင့်မိန်းမကြံ လူယုတ်မာက သူ့ကိုသတ်မှာ . . . အီး . . . ဟီး . . . ဟီး၊ တစ်ယောက်ချင်းချရင် . . . ကိုဖြူ လက်တစ်ဖျစ်စာတောင် မရှိတဲ့ကောင်စုတ်က ဟိုမသာတွေနဲ့ပေါင်းပြီး . . . ငါ့ရဲ့ . . . ကိုဖြူ့ကို . . . ကိုဖြူ့ကို . . . တေးကဗျာ . . . နင် . . . နင် သိပ်တရားလွန်တယ်၊ တစ်ခါတုန်းကလည်း နင် ငါ့ရဲ့အသည်းကို ရက်ရက်စက်စက်ခွဲပြီး ထားခဲ့တယ် အခုလည်း . . . ငါ့ရဲ့ . . . ငါသိပ်ချစ်တဲ့ ကိုဖြူ့ကို . . . ဟီး . . . ဟီ . . . ကိုဖြူ့ကို . . ."

"ဘာ . . ."

ထိတ်လန့်ပေါက်ကွဲစွာ တေးကဗျာ ရေရွတ်လိုက်မိသည်။

"နင် . . . ဘာပြောတယ် . . . နေနီနီ "



တေးကဗျာ . . . အထိတ်တလန့်နဲ့ ကလေးတစ်ယောက်လို အော်ဟစ်ငိုယိုနေသော ကိုနေရဲ့ ခန္ဓာကိုယ်လေးကို ဆွဲလှုပ်ခါယမ်းပစ်လိုက်မိသည်။

"နင် . . . ကိုဖြူ့ကို ချစ်နေတယ် . . . ဟုတ်လား"

"ဟုတ်တယ် . . . ဟုတ်တယ်၊ ငါ သူ့ကို ချစ်တယ်၊ အရမ်းချစ်တယ်၊ သူက ငါ့ကို အရမ်းလည်းဂရုစိုက်တယ်၊ အရမ်းလည်း အလိုလိုက်တယ်၊ သူ့ကိုရတာ ငါ့ဘဝမှာ အစ်ကိုတစ်ယောက်ကို ရသလိုပဲ၊ သူ မရှိရင် . . . ငါ့ဘဝက အခုမှ ဟာတာတာကြီးဖြစ်သွားမှန်း ငါ့ကိုယ်ငါ သိလိုက်ရတယ်၊ အီး . . . ဟီး . . . ဟီး . . . ငါ့ဘဝမှာ အခုမှ ပထမဆုံးအကြိမ် ယောကျ်ားတစ်ယောက်ကို နင့်နင့်သီးသီး ချစ်မိတာရှိသေး . . . အခု . . . သူက . . . သူက . . . နင့်ကို ချစ်နေပြန်တယ်၊ နင့်ကိုပဲ သူကလက်ထပ်မယ်တဲ့ . . . ဟီး"

ချုံးပွဲချငိုလိုက်ပြန်သော နေနီနီကို တေးကဗျာဆောင့်တွန်းပစ်လိုက်သည်။

"အရှုံးမ . . . "

နေနီနီ့ ငိုသံရပ်သွားပြီး မျက်လုံးများပြူးလျက် တေးကဗျာကို ပြန်ကြည့်သည်။

"အရှုံးမ . . . ၊ ကိုဖြူ့ရဲ့ဘဝမှာ အချစ်ဆုံးနဲ့ အလိုချင်ဆုံးသောမိန်းကလေးဟာ နင်ပဲ နေနီနီ . . . နင်ပဲ၊ အဲ့ဒါကို နင် မသိခဲ့ဘူးလား"

"ငါက . . . သူ့ရဲ့ . . ."

"ဟုတ်တယ်လေ၊ သူ . . . ငါ့ကို ရင်ဖွင့်ပြီးသွားပြီ၊ ဒီနေ့ပဲ

www.burmeseclassic.com

www.burmeseclassic.com



သူပြောသွားခဲ့တာ သူအချစ်ဆုံးဟာ နှင် . . . တဲ့၊ နှင့်ကိုချစ်လွန်းလို့ သူက သူ့ရဲ့ညီလေးတစ်ယောက်လို ဂရုစိုက်ခဲ့တာ၊ စိတ်ရှည်ခဲ့တာ၊ နှင်ခိုင်းသမျှ သူ အကုန်လိုက်လုပ်ခဲ့တာ . . . အဲ့ဒါ နှင်မသိဘူးလား နေနီနီရယ်၊ နည်းနည်းကလေးမှ မရိပ်မိခဲ့ဘူးလား။ ငါ သေသာ သေလိုက်ချင်တော့တာပဲ"

"ငါ့ကိုသာ ချစ်တယ်၊ သူက . . . တစ်ချိန်လုံးနှင့်ဆီမှာ ချည်းပဲ"

"အဲ့ဒါ . . . နှင်ခိုင်းလို့လေ အရူးမ၊ နှင်ခိုင်းလို့၊ သူခမျာ နှင်ခိုင်းတာကို တစ်သဝေမတိမ်း လိုက်လုပ်ခဲ့တယ်၊ ငါ့ကိုချစ်ဟန် ဆောင်ခဲ့တယ်၊ နှင်ပဲ အစ,ကတော့ ငါ့ကိုပဲစွဲလမ်းပြီး အရူးအမူး ဖြစ်နေတော့ နှင်ပျော်အောင်လို့ သူကလိုက်လုပ်ပေးနေတာ၊ နှင် ပျော်တာ သူက မြင်ချင်တာ . . . ဟဲ့၊ နှင်စိတ်ချမ်းသာတာကိုပဲ သူက အသေအလဲလိုချင်ခဲ့တဲ့လူ၊ အဲ့ဒါတွေအားလုံးဟာ နှင့်ကို ချစ်လွန်းလို့ လုပ်ခဲ့တာ၊ လုပ်ပေးခဲ့တာ "

"ဒါပေမဲ့ . . . သူကငါ့ရှေ့မှာ နှင်ဟာ ဘယ်လောက်ချစ် စရာကောင်းကြောင်းတွေ ခဏခဏ လာချီးမွမ်းခန်းဖွင့်တယ်"

"အဲ့ဒါ . . . နှင်ရဲ့ မနာလိုမှုကို လိုချင်လို့ သူလုပ်ပြနေတာ နေနီနီ၊ နှင့်ဆီက အခုလို အက်ကွဲ . . . ဖွင့်ထွက်လာမယ့် အချစ်ကို လိုချင်လွန်းလို့ သူလုပ်ပြခဲ့တာတွေ၊ အခုတော့ . . . အားလုံး . . . အားလုံး . . . နောက်ကျကုန်ပါပြီ၊ နှင် . . . ဘာဖြစ်လို့ . . . အခုမှ ကိုဖြူ့ကိုချစ်တယ်ဆိုတာ လာပြောရတာလဲ . . . တယ်"

တေးကဗျာလည်း ကုလားထိုင်ပေါ် ခြေပစ်လက်ပစ်ထိုင်



ချရင်း မျက်ရည်တွေ စီးဆင်းလာတော့သည်။ သူမလည်း ကိုဖြူ့ အတွက် ပူပင်မိပါပြီ။ အခုအချိန်ဆို . . .။

"ဘာဖြစ်လို့များ နှင့်ကိုယ်နှင်မသိခဲ့ရသလဲ . . . နေရယ်၊ နှင် . . . ကိုဖြူ့ကို ချစ်တယ်ဆိုတာ ဘာဖြစ်လို့များ စောစောစီးစီး သူသိအောင် မပြခဲ့ရသလဲ၊ ကိုဖြူ့ခမျာ . . . နှင့်ရဲ့အချစ်ကိုလိုချင် လွန်းလို့ ရူးမတတ်ခံစားခဲ့ရတာ၊ နှင့်အတွက်နဲ့ . . . ငါ့ဆီကို . . . ငါ့ ဆီကို လာပြီး . . . ထွန်းခေါင်မိုးနဲ့ လမ်းခွဲဖို့ အတင်းအကျပ် တောင်း ဆိုခဲ့တာ . . . "

ကောင်မလေးနှစ်ယောက် အခုတော့ ဖက်၍ငိုကြလေပြီ။ ငိုသံတွေ ရောထွေးဆူညံကာ စကားသံတွေကလည်း ရှိုက်သံနှင့် ဗလုံးဗထွေး ရောနှောပြောမိကြပြန်သည်။

"ငါ . . . ကိုဖြူ့ကိုချစ်တာ စောစောကတည်းက သိခဲ့ တယ် တေးရဲ့ . . . သိလား။ နှင့်ကို ကိုဖြူက ဟန်ဆောင်ပြီး ချဉ်း ကပ်ရင်း၊ ချဉ်းကပ်ရင်းနဲ့ တကယ်ချစ်သွားတယ်ထင်လို့ . . . ငါ အရမ်း စိတ်ဆိုးခဲ့တာ၊ နှင်တို့နှစ်ယောက်ရဲ့ ဓာတ်ပုံတွေလေ . . . ငါ . . . ငါ . . . ဓာတ်ပုံဆရာတစ်ယောက်ကို ငှားပြီး ခိုးရိုက်ခိုင်းခဲ့တာ၊ အဲ့ဒီပုံတွေ . . . ထွန်းခေါင်မိုးဆီ ပို့ခဲ့တာ . . . ငါက . . . ငါက"

သူမ ငိုသံနှင့်ရောပြောမိ၏။

"ငါက . . . ငါက နှင်နဲ့ကိုဖြူတို့ကို ဇာတ်လမ်းဆုံးသွား အောင်လုပ်ခဲ့တာ၊ ထွန်းခေါင်မိုး မြန်မာပြည်ရောက်နေတဲ့အချိန်မှာ ကိုဖြူ နှင့်ဆီထွက်သွားတော့ . . . ငါပဲ ထွန်းခေါင်မိုးဆီ ဖုန်းဆက်ပြီး လိုက်ကြည့်ခိုင်းတာ၊ အဲ့ဒါ . . . နှင်နဲ့ ထွန်းခေါင်မိုးကို ခွဲချင်တာ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး တေးရဲ့ . . . သိလား၊ ကိုဖြူ နင့်ဆီ သွားသွားနေတာကို ရပ်တန့်သွားအောင်လို့၊ ကိုဖြူလည်း . . . ငါ့ကြောင့် . . ငါ့ကြောင့်"

နေနီနီရဲ့ငိုသံ ကျယ်လောင်လာတော့ တေးကဗျာ ဒေါသတကြီး အော်ဟစ်တော့သည်။

"နေ . . . နင် . . . သိပ်အတ္တကြီးတယ် . . . သိလား။ နင်ဟာ . . . အတ္တကြီးစွာနဲ့ ကိုဖြူ့ကို ချစ်ခဲ့တာ၊ နင့်အတွက်ပဲ နင် ကြည့်ပြီးချစ်ခဲ့တာ၊ နင့်အချစ်ဟာ . . . ဘာလဲ၊ နင် . . . ကိုဖြူ အကြောင်းကိုရော . . . ချစ်တယ်ဆိုရင် ဘယ်လောက်များသိသလဲ ကိုဖြူဟာ ရည်းစားတွေရှုပ်ခဲ့တာ မေတ္တာငတ်နေလို့ဆိုတာ . . . နင် သိသလား၊ သူ့အိမ်မှာ . . . သူတစ်ယောက်တည်း အထီးကျန်စွာနဲ့ နှစ်ပေါင်းများစွာ နေခဲ့ရတယ်ဆိုတာရော နင်သိသလား၊ သူ့မိဘ တွေက နိုင်ငံခြားမှာ နောက်အိမ်ထောင်ကိုယ်စီနဲ့မို့ သူ လိုက်မသွား ချင်တာရော သိသလား . . . နင် ဘာမှမသိပါဘူး"

တေးကဗျာ နေနီနီ့ခန္ဓာကိုယ်ကို ကိုင်လှုပ်မိပြန်သည်။

"နင့်အချစ်က နင့်အတွက်ပဲ နင်ကြည့်ပြီး ချစ်တဲ့အချစ် သူ့ဘဝမှာ ဘာတွေလိုအပ်သလဲ၊ ဘာတွေဖြည့်စွမ်းပေးရမလဲ၊ နင် . . . သူ့ကို ချစ်တယ်ဆိုရင် သိရမယ်ဟဲ့ . . . သိရဲ့လား၊ သိအောင် လုပ်ရမယ်၊ နင်က အတ္တကြီးစွာ သူ့ကိုချစ်တဲ့အချိန်မှာ သူကတော့ နင့်ကို အတ္တမဲ့စွာ ချစ်ခဲ့တယ်၊ သူ့ဆန္ဒတွေကို မေ့ထား . . . လို့ သူ့အတ္တတွေ မေ့ထား . . . လို့၊ အကုန်ဖြစ်အောင် လိုက်လုပ်ပေး တယ်၊ နင့်ရဲ့အတ္တတွေကို သူ့ဘဝထဲထည့်လို့ နင့်ဝိညာဉ်နဲ့ သူ့ ကိုယ်ကို အသက်ရှင်နေခဲ့တယ် . . . သိလား၊ အဲ့ဒါမှ . . . အ...



တကယ့်အချစ်"

နေနီနီ . . . မျက်ရည်တွေ စီးဆင်းကျလာသည်။ ဒီတစ်ခါ သူမ. သုတ်မပစ်တော့။

"ငါ . . . မှားမှန်းငါသိနေပြီ . . . တေး၊ မပြောနဲ့၊ မပြော နဲ့တော့"

"ပြောမယ် . . ဒီမှာ နေ . . . အချစ်ဆိုတာရေ . . . မင်း လူတစ်ယောက်ရဲ့ အတ္တကို . . . ကိုယ့်ဘဝတစ်ခုလုံး အဖြစ်သတ် မှတ်နိုင်ပြီဆိုမှ အဲ့ဒီလူကို ချစ်တယ်ခေါ်တာကွ . . . သိရဲ့လား"

တေးကဗျာ . . . နေနီနီရဲ့ ပခုံးတွေကို ဆွဲဖက်ကာ ပွေ့ ထားလိုက်ရင်း . . .။

"နေ . . . နင် . . သူ့ကို အဲ့ဒီလိုချစ်နိုင်ပြီလား . . . ဟင်"

နေနီနီ စူးဝါးစွာ အော်ဟစ်ရင်း ငိုလိုက်မိသည်။

"သူသေရင် . . . ငါလိုက်သေတော့မယ်"

"အို . . . ဘာတွေ လျှောက်ပြောနေတာလဲ၊ နင်အခု . . . ထွန်း . . . ဆီ . . . ဖုန်းလှမ်းဆက်၊ ထွန်းရဲ့ ဖုန်းနံပါတ်က . . ."

"ငါသိတယ် . . ."

နေနီနီ . . . ထွန်းခေါင်မိုးရဲ့ ဖုန်းနံပါတ်ကို သူ့ဟန်းဖုန်းနဲ့ ကောက်နှိပ်သည်။

"နင့်အကောင်လည်း ဖုန်းပိတ်ထားတယ်"

"ဒုက္ခပါပဲ . . . ဒုက္ခပါပဲ"

အဲ့ဒီအချိန်မှာ နေနီနီရဲ့ဟန်းဖုန်းက အချက်ပေးသံ တတီ တီနဲ့ ကောက်မြည်သည်။

www.burmeseclassic.com

www.burmeseclassic.com



နေနီနီဝမ်းသာအားရ ထ,ခုန်သည်။ အဲ့ဒါ ဆေးရုံမှာ ဘောဂကို ပေးခဲ့တဲ့ ဒက်ဒီရဲ့ဖုန်း။

"ဘောဂ . . ."

နေနီနီ တုန်လှုပ်သော အသံနှင့် ခေါ်လိုက်မိသည်။

"ကိုနေ . . . မင်း အခု ဘယ်မှာလဲ"

"ငါ . . . တေးရဲ့အဆောင်မှာ"

"မင်း . . . အခု . . . မြန်မြန်လိုက် . . . မင်းနဲ့ ပိုနီးတယ်၊ ဂေါက်ကွင်းမှာတဲ့၊ ချိန်းပွဲက"

"အိုကေ . . ."

"ငါလည်း ဆေးရုံက အခုထွက်လာပြီ"

နေနီနီ ဖုန်းကို ကမန်းကတန်းပိတ်ကာ တေးကဗျာရဲ့ လက်ကို ဆောင့်ဆွဲသည်။

"နေရာသိပြီ၊ လာ . . . နင်ပါလိုက်ခဲ့ . . . တေး၊ နင့်ဘဲကို နင်ပါ ဝင်ရှင်းပေး၊ ငါ့ရဲ့ကိုဖြူ တစ်ခုခုဖြစ်ရင် . . . နင့်ဘဲကို . . . ငါ့လက်နဲ့ ကိုယ်တိုင်သတ်မယ်"

❋ ✿ ❋

မိုးရေတွေက ကားရှေ့လေကာမှန်ကို တဖြုန်းဖြုန်းနှင့် လာရိုက်နေသလို . . . ကားရဲ့ရေသုတ်တံတွေလည်း မနိုင်တော့။ ဝါး



တရိုက်သာသာ ကားရှေ့က မြင်ကွင်းတောင် သိပ်မသဲကွဲချင်။ သည်နေ့ညနေမှ မိုးက သဲသဲမဲမဲရွာချလိုက်တာ မစဲနိုင်တော့။

ဂေါက်ကွင်းရဲ့ အဝင်လမ်းကို သူ ခပ်ဖြည်းဖြည်းမောင်းလာရင်း ကားရှေ့မီးကို ဖွင့်လိုက်ရသည်။ ဘေးဘီဝဲယာက သစ်ပင်တန်းတွေပေါ် ကားမီးရောင်ဖြာကျသွား၏။ ရှေ့မှာ ထွန်းခေါင်မိုးရဲ့ ကား။ ခပ်ခွာခွာအနေအထားမှာ သူရပ်လိုက်သည်။

ကားမီးကို ဆက်ဖွင့်ထားလိုက်သည်။

ကားအပြင်ဘက် သူထွက်ရပ်လိုက်တော့ အငြိုးကြီးစွာ သဲသဲမဲမဲ ရွာချနေသော မိုးစက်များအောက်မှ တစ်ခဏအတွင်း သူ့တစ်ကိုယ်လုံး ရွှဲရွှဲစိုသွားသည်။

ပတ်ဝန်းကျင်တစ်ခုလုံး မိုးစက် ဆူဆူညံညံကလွဲလို့ ဘာသံမှ မကြား၊၊ ဂေါက်ကွင်းထဲမှာလည်း လူတစ်ဦးတစ်ယောက်မှ မမြင်တွေ့ရ။ ဒီလိုမိုးရွာပုံမျိုးနဲ့ ဂေါက်ရိုက်သူလည်း ဘယ်ရှိပါ့မလဲလေ။

သူ့စိတ်ထဲက အနည်းငယ် မသင်္ကာဖြစ်သွားသည်။

ထွန်းခေါင်မိုးရဲ့ကားကို လှမ်းကြည့်တော့ ကားထဲက လူတစ်ယောက် ထွက်လာမှန်း မိုးရေတွေကြားမှာ ဝိုးတဝါးမြင်ရသည်။ အဲ့ဒါ ထွန်းခေါင်မိုးရဲ့ ခန္ဓာကိုယ်ပုံစံပါပဲ။

ဒါပေမဲ့ . . .။

ကားထဲမှာ လူတစ်ယောက်ရှိနေသလိုလို။

ရှေ့ကို အားရုံစိုက်နေစဉ် နောက်က ချက်ခနဲ အသံကြား၍ လှည့်ကြည့်မိလိုက်သည်။

"ဟင် . . . သူရိန်ဆွေ . . ."

www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ထဲက ဝုန်းခနဲ ပေါက်ကွဲသွားသည်။ ထွဋ်ခေါင်မိုး . . . သူ့ကို လှပ်ကြဲပြီ။ သူရိန်ဆွေရဲ့လက်ထဲမှ တစ်လက်မပတ်လည် သံပိုက်လုံးတစ်ချောင်း ကိုင်ထားတာ ကားမီးရောင်နဲ့ လက်ခနဲ သူ တွေ့လိုက်သည်။

အနီးကပ်လာတော့ သူရိန်ဆွေရဲ့ အနိုင်ရပျော်မြူးသည့် မျက်လုံးတွေကို သူမြင်လိုက်ရ၏။

"ကဲ . . . ဖြူဖွေး . . . ဒီတစ်ခါတော့ မင်း ထွက်ပြေးလို့ မရတော့ဘူး၊ မင်းအတွက် ဒီနေ့ကတော့ ပြဿဒါးပေါ့ကွာ . . . ဟား . . . ဟား . . ."

သူ့ကိုယ်ထဲက သွေးတွေဆူပွက်လာသည်။ ရှေ့က ထွဋ်ခေါင်မိုးဆီသို့ သူလှမ်းအော်လိုက်သည်။

"ဟော့ကောင် ထွဋ်ခေါင်မိုး . . . ဒီကိစ္စက မင်းနဲ့ငါ နှစ်ယောက်ချင်း ရှင်းရမယ်ထင်ထားတာ၊ ဒါက . . . ဘာသဘောလဲ"

ထွဋ်ခေါင်မိုးဆီက ချက်ချင်းအသံထွက်မလာ။ ခဏကြာမှ မိုးစက်တွေအောက်ကနေ သူ့ဆီ ခြေလှမ်းတစ်လှမ်းနှစ်လှမ်း တိုး လျှောက်လာသည်။ ထွဋ်ခေါင်မိုးနောက်မှလည်း ဒီပါစိုးနဲ့ ရန်နိုင်ကျော်ကျော်ဆိုသည့် ဘဲနှစ်ကောင် ကပ်ပါလာသည်။ သူတို့ပုံတွေက လည်း သူ့တစ်ကိုယ်လုံးကို ဝိုင်းစားတော့၊ ဝါးတော့မယ့်ရုပ်မျိုးတွေ။

သို့ပေမယ့် သူ မကြောက်၊ လေးယောက်တစ်ယောက်ဆိုပေမယ့် ငနဲတွေရဲ့ခန္ဓာကိုယ်က သူလိုဝိတ်တာနဲ့ တခြားစီ။ တစ်ယောက်ချင်းစီဆိုလျှင် သူ့လက်ချက်နဲ့အကုန် အရိုးသုံးချောင်းစီ လောက်တော့ ကျိုးသွားနိုင်မည့် ရှုနာရှိုက်ကုန်းတွေ။ . . . တစ်ခုပဲ



သူရိန်ဆွေ့လက်ထဲက သံတုတ်။ ဟိုကောင်တွေလက်ထဲမှာရော . . . မောင်းချတွေ ဘာတွေပါလာနိုင်သည် . . . ပြောလို့မရ။

ထွဋ်ခေါင်မိုးက သူ့ကို ခပ်တည်တည်တစ်ချက်စိုက်ကြည့်သည်။ ပြီးတော့ သူ့နောက်က သူရိန်ဆွေကို လှမ်းပြောသည်။

"သူရိန်ဆွေ . . . မင်းတို့ ခဏနေဦး၊ ငါ့ကိစ္စ ငါရှင်းမယ်"

"ခင်ဗျားပြောတော့ ဒီကောင့်တစ်ကိုယ်လုံး ကျုပ်တို့လက်ထဲ အပ်တယ်ဆို . . ."

"ငါပြောနေတယ်၊ နေဦး . . . လို့"

ထွဋ်ခေါင်မိုးရဲ့ လေသံက မာလာသည်။

"ငါ့ခွင့်ပြုချက်မရဘဲ မင်းတို့ သူ့ကိုမထိနဲ့၊ ဒါ . . . ငါ့ရဲ့ ဂုဏ်သိက္ခာ၊ ငါက သူနဲ့နှစ်ယောက်တည်း အရင်ရှင်းချင်တယ်၊ ငါ မိန်းမ မဆန်ချင်ဘူး . . . ရှင်းတယ်နော်"

နောက်ဘက်က သူရိန်ဆွေ . . . အသံတိတ်သွားသည်။

သူ . . . ထွဋ်ခေါင်မိုးကို အော်ပြောလိုက်ရသည်။ မိုးရွာထဲမှာမို့ စကားသံကို ပြတ်သားအောင် မနည်းပြောရသည်။

"ဟော့ကောင် ထွဋ်ခေါင်မိုး . . . မနက်က မင်း . . . ငါနဲ့ တေးကို အထင်လွဲသွားတာ . . . ငါ ရှင်းပြဖို့လာတာ"

"မကြားချင်ဘူး၊ မပြောနဲ့ ဟော့ကောင်"

"ပြောမယ်ကွ၊ မင်း . . . အဲ့ဒီလိုတစ်ဖက်သတ်မတွေးနဲ့၊ ငါပြောတာ မင်းမယုံဘူးလား၊ တေးက မင်းကိုပဲ ချစ်တဲ့သူ ဘယ်တုန်းကမှ သစ္စာဖောက်ခဲ့တာ မဟုတ်ဘူး"

မိုးသံတွေကြားထဲမှာကို ကျယ်လောင်စွာနဲ့ ထွဋ်ခေါင်မိုး

www.burmeseclassic.com

www.burmeseclassic.com



အော်ရယ်သည်။

"ဟား . . . ဟား . . . ဟား . . . ဟား . . . ရယ်စရာ ကောင်းလိုက်တာ၊ အဲ့ဒါ . . . တောမှာ . . . သွားပြောစမ်း ဖြူဖွေး၊ ဒါမျိုးတွေ ရိုးနေပြီ၊ ဟခြားတခြားသော မိန်းမတွေကိုသာ မင်း အသုံးမလိုရင် သူများလက်ထဲ ထိုးအပ်လို့ ရချင်ရမယ်၊ ငါ့ကိုတော့ အဲ့ဒီလို လာမလုပ်နဲ့ ကိုယ့်လူ၊ ဒီမှာ . . . အခု . . . မင်းကို ငါခိုင်းနိုင်း တာ မင်းကို ငါ့ဆုံးဖြတ်ချက်တစ်ခု ပြောမလို့"

"ဘာလဲ . . ."

"မင်း . . . တေးကဗျာကို လက်ထပ်ပါ "

"ဘာကွ . . . မင်းရူးနေလား"

"မရူးဘူး၊ မရူးလို့ပြောနေတာ ငါ့ဘဝမှာ ငါ သိပ်မြတ်နိုး၊ သိပ်တန်ဖိုးထားတဲ့ မိန်းမတစ်ယောက်ကို . . . မင်း . . . အဲ့ဒီလို လွယ်လွယ်ကောက်ယူကြည့်၊ ပန်းပွင့်လို ခူးခြွေနမ်းရှိုက်ပြီး ပစ်ချ ထားခဲ့လို့ မရဘူး၊ လုံးဝမရဘူး၊ မင်း . . . သူ့ကို လက်ထပ်ရမယ်၊ မင်းရဲ့ အရင်တစ်ရာတစ်ပါးသော ရည်းစားတွေလို တေးကို သဘောထားဖို့ မစဉ်းစားနဲ့၊ အဲ့ဒါ ငါ့ရဲ့တေး . . .၊ ငါအချစ်ဆုံး တေး . . . ကွ"

"ဟော့ကောင် . . . ငါကလည်း မချစ်တဲ့၊ ငါ့ကိုလည်းမချစ် တဲ့ မိန်းမတစ်ယောက်ကို ငါက လက်ထပ်ရမှာလား"

"ငါပြောနေတယ် ဖြူဖွေး . . . မင်း သူ့ကို လက်ထပ်ရမယ်၊ လက်မထပ်ဘူးဆိုရင် မင်းကို ငါသတ်မယ်"

သူရွဲ့ပြီး စိတ်တိုတိုနှင့် အော်ဟစ်လိုက်မိသည်။



"အောင်မာ . . . လက်မထပ်ဘူးကွာ၊ ဘာလုပ်ချင်လဲ"

"ဟော့ကောင် . . . မင်းသူ့ကို ယူရမယ်"

သူ့အင်္ကျီစ ဆွဲယူဆုပ်ကိုင်ပြီး ထွန်းခေါင်မိုး ဒေါသတကြီး အော်သည်။

"မယူဘူး"

သူ့အောက်မေးရိုးတစ်ခုလုံး မီးရထားခေါင်းတွဲကြီး ဝင် ဆောင့်လိုက်သလိုပဲ။ သူ့ခေါင်းလည်း လည်ထွက်သွားသည်။ အလစ် မို့ ရုတ်ချည်းခံလိုက်ရသည်။ အာ . . . လား . . . ။ ပြင်းသားပဲ။ ဒီဘဲ . . . လက်သီးက . . . ။

သူလည်း ထွန်းခေါင်မိုးအရှိက်ကို ပင့်ထိုးပြီး ထွန်းခေါင်မိုး နောက်ပြန်ယိုင်နဲ့သွားစဉ် လူချင်းဝင်တိုက်ပြီး လှဲချသည်။ မိုးရေထဲ မှာမို့ သူပါ . . . အရှိန်လွန်ပြီး ဗိုင်းခနဲ လဲကျသွားသည်။ ရွှံ့ဗွက်ရေ တွေ မျက်နှာလာစင်သည်။ ထွန်းခေါင်မိုးက သူ့ကိုယ်ပေါ် ခွတက် ပြီး လည်ပင်းညှစ်သည်။

"မင်း . . . လူယုတ်မာ၊ ဖြူဖွေး . . . အဲ့ဒါ . . . ငါ့ရဲ့တေး ကို တကယ်မချစ်ဘဲ . . . လှည့်စားချင်ဦး၊ ကဲကွာ . . . ကဲကွာ. . ."

သူ့ခေါင်းကို မြေကြီးနဲ့ကိုင်ဆောင့်နေစဉ် သူလည်း ကန်မိ ကန်ရာ ကန်ထုတ်လိုက်သည်။ ထွန်းခေါင်မိုး အင့်ခနဲ လက်ထောက် ၍ လဲကျသွားစဉ် ထွန်းခေါင်မိုးမျက်နှာကို လှမ်း၍သူထိုးသည်။ ထွန်းခေါင်မိုး ရှောင်သော်လည်း နားထင်စပ်ကို ပွတ်ထိသွားသည်။ ထို့နောက် ထွန်းခေါင်မိုးကို တံတောင်နဲ့ အတင်းဆောင့်တွန်းရင်း . . . ။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် . . . မင်းရဲ့တေးနဲ့ ငါက အရင်းနှီးဆုံး မိတ်ဆွေတွေ၊ ဒီ့ထက် ဘာမှမပိုဘူး၊ သူစည်းစောင့်သလောက် ငါလည်း စောင့်ထိန်းခဲ့တယ်ကွ၊ ငါပြောတာ နားထောင်ဦး . . . ငါတို့နှစ်ယောက်က သူငယ်ချင်းအဆင့်ထက် ဘာမှ . . ."

"ဟော့ကောင် . . . ညာမနေနဲ့၊ မင်း . . ."

သူတို့နှစ်ယောက် မိုးရွာထဲ လုံးထွေးနေကြစဉ် . . . သူရိန်ဆွေတို့ အုပ်စုဘေးကနေ ဘာလုပ်ရမှန်းမသိဘဲ . . . တုတ်တပြင်ပြင်နဲ့ လှုပ်လှုပ်ရှားရှား ဖြစ်နေကြသည်။

သူနဲ့ ထွန်းခေါင်မိုးတို့က လစ်ရင်လစ်သလိုလည်း ဆော်ကြပါးစပ်ကလည်း စကားနိုင်လုကာ အော်ဟစ်နေကြရသည်။

"မင်း မထမ်းချင်တာနဲ့ ငါ့ကို . . . အဲ့ဒီလှည်းကျိုး . . ."

"မင်း . . . ဟာ . . . စော်ကားလွန်းတယ်၊ ကဲ . . . ကွာ"

❊ ✿ ❊

"ဟော့တော် . . . ဟိုမှာ . . . ဟိုမှာ . . . နေရဲ့၊ တွေ့လားလူတွေ "

"ဘယ်မှာလဲ . . . ဘယ်မှာလဲ . . ."

ကိုနေက ကားကို အလန့်တကြားနှင့် ဘရိတ်ဆောင့်အုပ်လိုက်မိသည်။ မိုးရွာထဲမှာ ရပ်ထားသော ကားနှစ်စီးရဲ့ မီးရောင်တွေ



တော့ သူတို့အတွေ့သား။ ကားနှစ်စီးက ဂေါက်ကွင်းအဝင် ကတ္တရာလမ်းမပေါ်မှာ။

အဲ့ဒီကားနှစ်စီးကြားက ကားရှေ့မီးရောင်တွေအောက်မှာ လူနှစ်ယောက်သဲသဲမဲမဲ သတ်ပုတ်လို့။

"ချကုန်ပြီ၊ ချကုန်ပြီ . . . လုပ်ပါဦး ကိုနေရဲ့ . . . လုပ်ပါဦး၊ အဲ့ဒါ ဘယ်သူတွေလဲ"

တေးကဗျာ မကြည့်ရဲကြည့်ရဲနှင့် မျက်နှာကို လက်ဖဝါးနှင့် အုပ်ကာ ငိုတော့သည်။

ကိုနေက ဒီတစ်ခါတော့ သတ္တိတွေထွက်လာသည်။

ကားနောက်ခန်းထဲက အသင့်ထုတ်ထားသော ကားဘီးလဲလျှင်သုံးသည့် ဂေါက်တံကို ကျစ်ကျစ်ပါအောင် ဆုပ်ကာ . . .။

"ဟာ . . . အရေးထဲ၊ မငိုနဲ့တေး . . . လာစမ်း၊ အပြင်ထွက်ခဲ့ဟာ၊ သူရိန်ဆွေတို့က ဘေးကရပ်ကြည့်နေတာ၊ သတ်နေတာ ကိုဖြူနဲ့ နင့်ရဲ့ ထွန်း . . . ဟဲ့"

"ဟယ်တော့ . . ."

တေးတစ်ယောက် ဆွဲမခေါ်ရဘဲ ကားအပြင်ဘက်အလိုလိုရောက်လာသည်။ သူတို့ အဲ့ဒီလူတွေနား ပြေးမသွားရဲသေး။ အဝေးကနေ လှမ်းကြည့်တော့ ဖြူဖွေးနဲ့ ထွန်းခေါင်မိုးတို့က မြက်ခင်းထဲမှာ လုံးထွေးတုန်း။

သဲသဲမဲမဲ မိုးစက်တွေအောက်မှာ . . . ဝေဝါးနေသော ပုံရိပ်တွေက ဘယ်သူက ကိုဖြူ၊ ဘယ်သူက ထွန်းခေါင်မိုးလဲ . . . ရယ်လို့ ကွဲပြားစွာ မတွေ့ရ။ တေး . . . ငိုယိုရင်း အော်ကာ နေနီနီ

www.burmeseclassic.com

www.burmeseclassic.com



ကို တွန်းလွှတ်လေသည်။

"ကိုနေ . . . ကိုနေ . . . နင်ဝင်ဆွဲဦးလေ၊ ဆွဲတော့လေ ဟာ . . ."

"နေဦး . . . နေဦး၊ ကိုဖြူက အပေါ်ရောက်နေပြီ၊ ဟုတ်ပြီ ကွ၊ ချကွ . . . ၊ ကိုဖြူကွ . . . ၊ တီးပစ် . . ."

"ဘာ . . ."

တေးကဗျာ စူးဝါးစွာအော်ရင်း မျက်လုံးတွေဖွင့်ကြည့် သည်။

"အမလေး . . . သေပါပြီ၊ သေပါပြီ . . . ထွန်ရှုတော့ . . . ၊ နင့်ကိုဖြူက လေးလုံးခြောက်ဖက်ကြီးကို အပေါ်ကနေ . . . ထိုးနေ လိုက်တာ . . . အား . . ."

တေးကဗျာ ခုန်ဆွခုန်ဆွလုပ်ရင်း ပြေးဆွဲမလို့လုပ်နေစဉ် မထင်မှတ်သော အဖြစ်က လျှင်မြန်စွာ ဖြစ်ပျက်သွားသည်။ ကိုဖြူ က ဒေါသတကြီးနဲ့ ထွန်ရှုခေါင်မိုးကို အပေါ်စီးကရတုန်း ပိတ်ထိုး နေစဉ် . . . ။ ရပ်နေသော သူရိန်ဆွေက လက်ထဲမှ သံတုတ်ဖြင့် ကိုဖြူ့ခေါင်းကို အားနဲ့ နောက်ကနေ ရိုက်ချလိုက်တာဖြစ်သည်။

"အား . . ."

"အမလေး . . ."

ကောင်မလေးနှစ်ယောက်ရဲ့ အော်သံက ပြိုင်တူထွက်လာ သည်။ ကိုဖြူ့ခေါင်းကို သံတုတ်ထိသွားသံ ဒုတ်ခနဲ မြည်တာပင် မိုးသံတွေအောက်မှာ ပီပီသသကြားလိုက်ကြရသည်။

"ခွေးသူခိုး . . . သူတောင်းစား . . ."



ကိုနေ . . . ဂေါက်တံကြီးကိုင်ကာ ပြေးဝင်သွားသည်။ ကိုဖြူကတော့ ဦးခေါင်းမှ သွေးစက်တွေစီးဆင်းကျလာကာ မြေကြီး ပေါ် ပစ်လဲကျသွားသည်။ နည်းနည်းလေးမှတောင် မလှုပ်တော့။

တေးကဗျာ ငိုပါလေပြီ။ ပြီးတော့ ထွန်ရှုခေါင်မိုးကို ဆွဲကိုင် လှုပ်ရင်း . . . ။

"အမလေး . . . ထွန်ရှု . . . ထွန်ရှု . . . ဟိုမှာ . . . ကိုဖြူ . . . ကိုဖြူ . . . ၊ ထွန်ရှု . . . လုပ်ပါဦး၊ ဟိုမှာ . . . ကိုဖြူရယ်၊ သေပြီလား"

ကိုနေက ဂေါက်တံကို လက်ထဲမှာ ဝှေ့ယမ်းလိုက်ရာ သူရိန် ဆွေတို့အုပ်စု နောက်သို့ဆုတ်ကာ ဘေးရှဲသွားသည်။ ထွန်ရှုခေါင်မိုး လည်း မျက်နှာမှာ ဒဏ်ရာဒဏ်ချက်တွေနဲ့ လဲရာမှထကာ . . . ဖြူဖွေး သွေးအိုင်ထဲ လဲနေသာတွေ့ပြီး . . .

"ဟေ့ကောင် သူရိန်ဆွေ . . . ငါ ပြောထားသားနဲ့ မင်း . . . မအေ . . ."

ကိုနေ ဂေါက်တံကိုချ၍ ကိုဖြူကို ပြေးပွေ့သည်။ မိုးရွာထဲ မှာမို့ ကိုနေလည်း စိုရွှဲနေကာ မျက်ရည်တွေက မိုးစက်များနှင့် ရောနှောကုန်သည်။

"ကိုဖြူ . . . ကိုဖြူ . . ."

ဖြူဖွေးမလှုပ် . . . ။ ဆံပင်တွေကြားထဲက ဘယ်နေရာမှန်း မသိ၊ သွေးစက်တွေက စီးဆင်းဆဲ။ နေနီနီ ရင်ကွဲပြီ။ နေနီနီ့ငိုသံက မိုးခြိမ်းသံနဲ့ မိုးပေါက်သံတွေထက် ဆူညံနေသည်။

ကိုဖြူ . . . ကိုဖြူ . . . အမလေး လုပ်ကြပါဦး၊ ကိုဖြူ

www.burmeseclassic.com

www.burmeseclassic.com



သေပါပြီ၊ သူရိန်ဆွေ . . . နင် . . . နင့်ကို ငါသတ်မယ် . . . သိလား၊ နင် . . . ကြိုးစင်တက်မှာ ငါမစောင့်ဘူး၊ ထွန်းခေါင်မိုး . . . နင်လည်း ကြံရာပါပဲ၊ ထောင်ချပစ်မယ်၊ ထောင်ထဲကို အကုန် ပို့ပစ်မယ်၊ လုပ်ရက်လိုက်တာ၊ လုပ်ရပ်လိုက်ကြတာ၊ အဲ့ဒါ . . . ငါ့ချစ်သူဟဲ့၊ ငါရဲ့ အချစ်ဆုံး၊ သူ့ကိုငါ . . . ချစ်တယ်လို့တောင် မပြောရသေးဘူး၊ နင်တို့ သူ့ကိုသတ်လိုက်ကြပြီ . . . အီး . . . ဟီး . . . ဟီး . . .”

“ဘာ . . .”

ထွန်းခေါင်မိုး ကြောင်စီစီနဲ့ တေးကဗျာကို လှည့်ကြည့်သည်။ တေးကဗျာက ထွန်းခေါင်မိုးရဲ့ရင်ဘတ်ကို ထု . . . ထုပြီး ငိုလေတော့သည်။

“အဲ့ဒါ . . . ထွန်း . . . ထွန်းကြောင့်၊ ထွန်း . . . တစ်ယူသန် တစ်ဇွတ်ထိုးမြင်ချင်ရာမြင်၊ ထင်ချင်ရာထင်ပြီး လျှောက်လုပ်လို့ အခုလိုဖြစ်ရတာ၊ အခုတော့ အားလုံးမှားကုန်ပြီ ထွန်းရဲ့ . . . ဘယ်လိုလုပ်မလဲ၊ ကိုဖြူက . . . နေနီနီ့ကို သိပ်ချစ်တာ၊ အဲ့ဒါ နေနီနီ ခိုင်းသမျှ အကုန်လိုက်လုပ်ပေးနေတာ၊ တေးကိုလည်း ဟန်ဆောင်ပြီး ချဉ်းကပ်ခိုင်း၊ အသည်းခွဲခိုင်းလို့ အဲ့ဒါတွေ လိုက်လုပ်နေတာ၊ သူ တကယ်ချစ်နေတာက နေကလေး တစ်ယောက်တည်းကို၊ ဒီနေ့ မနက် သူ့ကားပေါ်မှာလည်း တေးကိုသူက နေကလေးကိုချစ်တဲ့ အကြောင်း ဖွင့်ဟနေရင်းနဲ့ ငိုနေတာ၊ တေးက သူ့ကိုချော့နေတုန်း ထွန်းရောက်လာပြီး အထင်တွေလွဲကုန်တာ၊ ကိုဖြူ . . . ကိုဖြူက ဘယ်တုန်းကမှ မလိမ်ဘူး၊ လိမ်လို့မရခဲ့ဘူး ထွန်းရဲ့ . . . ၊ နာမည်နဲ့



လိုက်အောင် ဖြူစင်တာ၊ သူ . . . ဘယ်လောက် နေကလေးကို ချစ်တာ တေးအသိဆုံးပါ၊ အခုတော့ နေကလေးအတွက်နဲ့ . . . သူ . . . နေလေးရေ . . . နင့်အတွက်နဲ့ ကိုဖြူအသက်ပါပေးခဲ့ပါပြီဟဲ့ . . . ၊ နင်ကျေနပ်ပါတော့”

တေးကဗျာက နေနဲ့ကိုဖြူ့ရဲ့အဖြစ်ကို မကြည့်ရက်စွာ ထွန်းခေါင်မိုးရင်ခွင်ထဲ ခေါင်းကိုင့်ချ၍ ငိုရှိုက်ပစ်လိုက်သည်။

သူရိန်ဆွေတို့အုပ်စု ဘယ်ကိုထွက်ပြေးသွားကြပြီလဲ . . . မသိ။ အနားမှာ တစ်ယောက်မှ မရှိကြတော့။

ကိုဖြူရဲ့ သွေးစက်တွေ နီရဲနေသော မျက်နှာကိုအပ်ကာ ကိုနေတစ်ယောက် ရှိုက်ကြီးတငင် ငိုကြွေးလို့မဆုံးသေး။

“ကိုဖြူ . . . ကိုဖြူ . . . ကျွန်တော့်ကိုချစ်လို့ လုပ်ပေးခဲ့တာတွေတဲ့လား . . . ၊ကျွန်တော့်ရင်တွေကွဲအောင် ကိုဖြူကထားခဲ့ပြီလား . . . ကိုဖြူရဲ့၊ ကျွန်တော် [illegible]တာ နားထောင်သွားပါဦး၊ ကျွန်တော်လေ . . . ကျွန်တော်လေ . . . ကိုဖြူပြခဲ့တဲ့ အချစ်ဆိုတဲ့ အရာကို အခုသိပါပြီ၊ ကိုဖြူရဲ့ အပေးဆပ်နိုင်ဆုံး အချစ်တွေနဲ့ ကျွန်တော် အမှန်တရားကို မြင်ခဲ့ရပါပြီ၊ ထ ကြည့်ပါဦး ကိုဖြူရယ်၊ ကိုဖြူ့ကို ပြောချင်သေးတယ်၊ ကိုဖြူ့ကို အရမ်းချစ်တယ်လို့ ကျွန်တော် ပြောချင်သေးတယ်၊ ထ . . . ကြည့်ပါဦး”

မိုးရေစက်တွေအောက်မှာ သွေးအိုင်ထဲလဲနေတဲ့ လူငယ်လေးတစ်ဦးကို ပွေ့ဖက်ရင်း ရှိုက်ကြီးတငင် ငိုယိုနေတဲ့ ဆံပင်တိုတို၊ ယောကျ်ားကလေးလို ဝတ်စားထားတဲ့ ကောင်မလေးတစ်ယောက်။ သူမရဲ့ငိုသံတွေက တကယ့်ကို ကြေကွဲနာကျင်စရာ။

www.burmeseclassic.com

www.burmeseclassic.com



တေးကဗျာ . . . မကြည့်ရက်စွာ မျက်လုံးများကို မှေးမှိတ်ထားလိုက်သည်။ သြော် . . . အတ္တကြီးသူတွေကြားမှ အတ္တမဲ့ခဲ့ရသူတစ်ယောက်က အရှုံးပေးထွက်ပြေးသွားရစမြဲပဲလား . . . ကိုဖြူရယ်

✳ ✿ ✳

# နိဂုံး

www.burmeseclassic.com

www.burmeseclassic.com

ပထမဆုံး သတိဝင်လာသူက ထွန်းခေါင်မိုး။

ငိုယိုအော်ဟစ်နေသော နေနီနီကို တွန်းထုတ်ကာ ဖြူဖွေးကို ဆွဲထူသည်။

"ငိုမနေကြနဲ့ . . . ဆေးရုံကို ပို့မှဖြစ်မယ် . . . သူ့အသက် ရှိလို ရှိငြား"

"ရှိပါတယ်ကွာ"

ဝုန်းခနဲ လန့်ဖျပ်ပြီး အကုန်ထ,ခုန်ကြသည်။ ကိုဖြူက ဆန့်ဆန့်ကြီး လှဲနေရင်း အားလုံးကို မျက်လုံး ဖွင့်ကြည့်သည်။

ပြီးတော့ ခပ်ဖြည်းဖြည်း ထ,ထိုင်သည်။

"အား . . . ကျွတ် . . . ကျွတ် . . . ဟိုဘဲ . . . သေချင်ဆိုး၊ ငါ့ကို ပေးသွားတာ . . . တော်တော်ပြင်းသားဟ"

နေနီနီ မျက်ရည်တွေနဲ့ ငိုရှိုက်ရင်း ပြေးဖက်သည်။



"ကိုဖြူ . . . ကိုဖြူ မသေဘူး၊ အား . . . တကယ်ပဲ မသေဘူး၊ တေး . . . တေး . . . ဒီမှာ ကြည့်စမ်း"

ကလေးလေးတစ်ယောက်လို ငိုလိုက်ရယ်လိုက်လုပ်နေသော နေနီနီကို အားလုံးက ဝိုင်းကြည့်၍ ရယ်ကြသည်။ တေးကဗျာက ကိုဖြူရဲ့ ခေါင်းပေါ်က ဒဏ်ရာကို လက်ကိုင်ပုဝါနှင့် သွားဖိရင်း မျက်စောင်းထိုးလိုက်သည်။

"လူဆိုး . . . ဒီမှာ အကုန်လုံး စိတ်ကို ပူသွားတာပဲ"

ထွန်းခေါင်မိုးက ထ,ဆဲသည်။

"ဖြူဖွေး . . . မင်း . . . တော်တော်နှောက်တဲ့ကောင်၊ ငါကတော့ ထောင်ကျပါပြီ၊ စိတ်ထဲက မင်းကို ကျိန်ဆဲနေတာ၊ မသာလေးရဲ့"

ကိုဖြူ ရယ်ကျဲကျဲနှင့် တဟီးဟီးလုပ်သည်။

"ဟေ့ကောင် . . . ကိုနေ . . . ငါ့ခေါင်းက ဆံပင်ကြားထဲ ဖြဲကြည့်စမ်းပါဦး . . . တော်တော်ကွဲသွားသလားလို့၊ ဘယ်နှစ်ချက် ချုပ်စာလောက် ဖြစ်မလဲ"

ကိုနေ ပခုံးတွန့်သည်။

"အို . . . မကြည့်ရဲဘူး၊ ကြောက်တယ်"

"ဟ . . . မင်းပဲ ခုနကတော့ ငါ့ကို ချစ်တယ်ဆို၊ ချစ်ရင် ကြည့်ရဲရမှာပေါ့"

ကိုနေ့မျက်နှာကြီး အိုးတိုးအမ်းတမ်း ဖြစ်သွားတော့ အကုန်လုံးက ဝိုင်းဟားကြတော့သည်။

ကိုနေ ရှက်ရမ်းရမ်း၍ ငြင်းရှာသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"အံမယ် . . . ဘယ်သူပြောလို့လဲ"

ကိုဖြူတစ်ယောက် နေနီနီရဲ့ ပုခုံးတွေကို တင်းကျပ်စွာ ဆွဲပွေ့ရင်း . . .။

"ဟော့ကောင် . . . ငါမေ့သွားတာ နှစ်စက္ကန့်လောက်ပဲ ကြာတယ်၊ မင်းရဲ့ ငိုချင်းရှည်**တွေအကုန်**ကြားတယ်၊ ပြောင်မလိပ်နဲ့ ဆွဲထိုးပစ်မှာနော် . . . ငနေလေး"

*✿*

# တစ်နှစ်တီတီအကြာ

www.burmeseclassic.com

www.burmeseclassic.com

"ကြားတယ် . . . ၊ ကြားတယ်၊ လာပြီကွ၊ ထွန်းရ"

"မြန်မြန်လာဟ၊ မင်းကိုဝယ်ခိုင်းတဲ့အထဲမှာ မွေးမွေးပြီးချင်း ထိုးရမယ့် ဆေးပါတယ် . . . တဲ့၊ ဟိုမှာ . . . မင်းမိန်းမက မွေးနေပြီ"

"ဘာ . . . မွေးနေပြီ"

ဖြူဖွေးရဲ့ အော်ကြီးဟစ်ကျယ် ဖြစ်သွားတဲ့အသံကို ထွန်းခေါင်မိုးက ကမန်းကတန်း ပါးစပ်လှမ်းပိတ်သည်။

"သိပ်မအော်နဲ့လေ၊ အထဲက ကလေးအမေတွေ သွေးတက်ကုန်လိမ့်မယ်"

"ငါ့ . . . ငါ့မိန်းမ . . . "

သူ့စကားမဆုံးသေး အထဲကနေ စီခနဲ အော်လိုက်သံကို ဖြူဖွေးကြားရ၍ ထ,ခုန်မတတ်ဖြစ်သွားသည်။



"အား . . . အမလေး . . . နာလိုက်တာ . . . "

"ဆရာမ . . . ဆရာမ . . . ဖြည်းဖြည်း၊ ဖြည်းဖြည်းလုပ်ပေးပါ"

ဖြူဖွေးက ဘာမှန်းညာမှန်းမသိဘဲ မွေးခန်းအပြင်ဘက်ကနေ လှမ်း၍ကုန်းအော်သည်။ အထဲက သူနာပြုဆရာမ မွေးခန်းဝတ်စုံနှင့် ထွက်လာကာ အပြင်ဘက်မှ လူရွယ်ကလေးအဖေနှစ်ယောက်ကို မျက်မှောင်ကြုတ်ကြည့်၍ . . .

"ဘယ်လိုဖြစ်နေတာလဲ၊ ဟိုမှာ အိုဂျီကိုယ်တိုင် မွေးပေးနေတာ၊ ဘယ်မလဲ . . . ခုနက ရှင်သွားဝယ်တဲ့ဆေးထုပ် . . . ပေး"

သူနာပြုဆရာမက သူ့လက်ထဲက ဆေးထုပ်ကိုဆောင့်ဆွဲယူပြီး မွေးခန်းထဲပြန်ပြေးဝင်သွားသည်။ ဖြူဖွေးက ဂဏှာမငြိမ်ဖြစ်ကာ လှမ်းမေးနေသေးသည်။

"ဆရာမ . . . ဆရာမ . . . မွေးပြီဆို၊ ကလေးရော . . . ကလေး နေကောင်းလား"

အရေးထဲ ဘေးကနေ ထွန်းခေါင်မိုးကလည်း သူ့မိန်းမအတွက် သူ့ပူပင်ကာ . . .။

"ဟော့ကောင် ဖြူ . . . မင်းဝယ်လာပေးတဲ့ ဆေးက နှစ်ယောက်စာ . . . နော်"

"အေးပါဟ၊ ငါမမေ့ပါဘူး၊ မင်းမိန်းမကရော မမွေးသေးဘူးလား"

"မွေးတော့မှာပဲ . . . တဲ့၊ ကလေးခေါင်း မြင်နေရပြီ . . . တဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟော . . . မင်းမိန်းမကတော့ မအော်ပါလား"

"ငါ့မိန်းမက မိန်းမစစ်စစ်ပေမယ့် သတ္တိမနည်းဘူးကွ၊ မင်းမိန်းမကသာ ယောကျ်ားလျှာလိုလို ဘာလိုလိုနဲ့ သူ့ရဲဘောကျ ပိုကြောင်သေး"

"ဟော့ကောင် . . . ယောကျ်ားလျှာလည်း မိန်းမပဲကွ၊ မိန်းမမို့လို့ ကလေးမွေးနေတာပေါ့"

"အဲ့ဒါ မင်းပြောမှလား . . ."

သူတို့နှစ်ယောက် စကားနိုင်လုနေကြစဉ် ကလေးပေါက်စန,လေး ငိုသံနဲ့အတူ သူနာပြုဆရာမတစ်ဦး ပြေးထွက်လာသည်။

"ဟောဒီမှာ . . . သမီးလေး၊ သမီးလေး . . . ရှင့်၊ ကလေးအဖေ . . . ရော့၊ ကလေး ခဏချီထား၊ ဟိုမှာ . . . ပြီးမှပြန်ခေါ်ပြီး နို့တိုက်ပေးမယ်"

"ဟာ . . . ငါ့သမီး . . . ငါ့သမီး . . . ငါနဲ့တူတာကွ၊ ဟော့ကောင် ငထွန့် . . . ကြည့်စမ်း၊ ဟာ . . . ချောတာကွာ . . ."

ဖြူဖွေးက သူနာပြုဆရာမပေးသော ဖြူဖြူဖွေးဖွေး နှီးထုပ်ထဲမှ ကလေးကို တင်းကျပ်စွာ ပွေ့ချီရင်း ခုန်ပေါက်ပျော်မြူးနေသည်။ ထွန့်ခေါင်မိုးကလည်း ဝမ်းသာအားရ ငုံ့ကြည့်သည်။

အဲ့ဒီလိုနေတုန်း ဖြူဖွေး တုံ့ခနဲရပ်ကာ မျက်မှောင်ကြုတ်သည်။

"အန် . . . နေဦး၊ ငါ့မိန်းမကို အာထရာဆောင်းရိုက်တုန်းက သားလေးမွေးမှာတဲ့၊ ဘယ်လိုလုပ် သမီးထွက်လာတာလဲ"

သူနာပြုဆရာမက သူ့ကိုပြုံး၍ကြည့်ရင်း . . .။



"ဩော် . . . ဒီလိုပဲ မှားတတ်တာပေါ့၊ အာထရာဆောင်း ရိုက်တာက အမြဲမမှန်ဘူး၊ အဲ . . . နေဦး"

သူနာပြုဆရာမ, မျက်လုံးဝိုင်းသွားကာ . . .။

"ဟဲ့ . . . ဒီကလေးမွေးတဲ့အမေနာမည်က တေးကဗျာနော်၊ ဒါ . . . ဘေဘီတေးကဗျာ၊ သူ့အဖေက ဘယ်သူတုန်း၊ ရှင်တို့နှစ်ယောက်ထဲက . . ."

ဖြူဖွေးရော ထွန့်ခေါင်မိုးပါ ဝုန်းခနဲ ထ,ခုန်ကြသည်။

ဖြူဖွေးက အော်သည်။

"ဟာ . . ငထွန့် . . . ဒါ မင်းသမီးကွ၊ မင်းရဲ့သမီး၊ ရော့ . . . ရော့ယူ . . . ယူ၊ မှားကုန်ပြီ၊ မှားကုန်ပြီ"

ထွန့်ခေါင်မိုး ဝမ်းသာအရ ကလေးကိုဆွဲလုသည်။

"ဟာ . . . ကျွန်တော်မိန်းမက အခုမှ ကလေးခေါင်းမြင်ရတာဆို၊ ဘယ်လိုလုပ် အရင်မွေးသွားတာလဲ၊ အော်သံတောင် မကြား . . ."

သူနာပြုဆရာမက မျက်စောင်းထိုးသည်။

"အောင်မလေးတော် . . . ခုနက အော်တာ ရှင့်မိန်းမတော့၊ ဘယ်သူအရင်မွေးမွေးပေါ့၊ ဟိုတစ်ယောက်ရဲ့ ကလေးလည်း ထွက်နေပြီ . . . ယောကျ်ားလေးတဲ့၊ အဲ့ဒါ ဘေဘီနေနီနီနော်"

"ဟုတ်တယ်၊ ဟုတ်တယ်၊ သားလေး . . . သားလေး၊ ကျွန်တော့်သားလေး၊ မြန်မြန်ယူခဲ့ပါဗျ၊ ကြည့်ချင်လှပြီ"

သူနာပြုဆရာမ အထဲပြန်ဝင်သွားသည်။ အပြင်ဘက်က အဖေနှစ်ယောက်က အရင်ရထားတဲ့ ကလေးကို ဝိုင်းချော့မြှူနေ

www.burmeseclassic.com

www.burmeseclassic.com



ကြသည်။

"တော့ကောင် . . . ငါ့သမီးက ငါနဲ့တူတာပါကွာ၊ မင်းက လည်း သေသေချာချာကြည့်ပါဦး၊ စွတ်စက်ပြီး ငါ့သမီးကို အတင်း ဆွဲယူချီပြီး မင်းသမီးလုပ်တော့တာပဲ"

ဖြူဖွေး ရယ်ကျဲကျဲလုပ်ရင်း . . .။

"သိဘူးလေကွာ . . . ဆရာမက ငါ့လက်ထဲ လာထည့်တာ ကိုး၊ ဘာဖြစ်လဲကွာ . . . မင်းသမီးလည်း ငါ့သမီးပဲကို၊ တစ်နေ့ကျ ရင် ငါ့သားနဲ့ ပေးစားရမှာပဲကိုး . . ."

"ဘာကွ . . . ဘာပြောတယ်"

ထွန်းခေါင်မိုး လေသံကျယ်ကျယ်နဲ့ ရန်တွေမလို့ အားယူနေ စဉ် အထဲက သူနာပြုဆရာမ ကလေးထုပ်လေး ကိုင်ကာပြေးထွက် လာပြန်သည်။

"ဟောဒီမှာ . . . နေနီနီ့ယောကျ်ား ဘယ်သူလဲ၊ သားလေး၊ သားလေး . . . အံမယ်လေး . . . စီးလိုက်တာတော်၊ ရှင့်သားက ကိုးပေါင်တောင်ရှိတယ်"

"ဟာ . . . ဒါမှငါ့သားကွ၊ ငါ့သား၊ ငါ့အတိုင်းပဲကိုး၊ အယ် စတုံကြီး၊ ဟော့ကောင် ထွေ့ကြည့်စမ်း . . . ငါ့သားက ချောပါတယ် ကွ . . .၊ မင်းသမီး ကြိုက်မှာပါ"

ထွန်းခေါင်မိုး မျက်နှာစူပွပွဖြစ်လာစဉ် သူနာပြုဆရာမက သူတို့နှစ်ယောက်ကိုကြည့်၍ တခစ်ခစ်ရယ်ရင်း အထဲပြန်ဝင်သွား သည်။

အထဲမှ ခုတင်တွန်းလှည်းများ တကျွိကျွိနဲ့ တွန်းထုတ်လာ



သံကြားရသည်။ မွေးခန်းထဲက မွေးဖွားပြီးသော မိခင်နှစ်ဦးရဲ့ ခုတင်တွေ။ ဆေးရုံကော်ရစ်ဒါအတိုင်း အတူယှဉ်၍ တွန်းထုတ်လာ သည်။

နေနီနီနဲ့ တေးကဗျာ . . .။ မောပန်းနွမ်းလျှသော မျက်နှာ များဖြစ်နေပေမယ့် သူတို့နှစ်ယောက်စလုံး ကျေနပ်ပျော်ရွှင်စွာ ပြုံး နေကြလေသည်။

ခုတင်ချင်း ယှဉ်လျှက်တွန်းလာစဉ်မှာ နေနီနီရဲ့လက်ကို တေးကဗျာက လာဆုပ်ကိုင်လိုက်သည်။

"နေရေ . . . မိန်းမတွေက ယောကျ်ားတွေထက် ပိုပြီးမြင့် မြတ်တဲ့အရာတစ်ခုတော့ ပိုင်ဆိုင်နိုင်တယ်ဆိုတာ မင်း သိပြီမဟုတ် လား . . . ဟင်"

နေနီနီရှက်ပြုံးကလေး ပြုံးပါသည်။

"သိပါပြီတေးရယ်၊ အဲ့ဒါ မိခင်ဘဝ . . . ပေါ့"

သူတို့နှစ်ယောက် အတူရယ်မောမိကြသည်။

ကလေးအဖေတွေ ဝမ်းသာအားရ သူတို့ဆီ ပြေးလာကြ သည်။ အသီးသီးနှုတ်ဆက်အားပေးရင်း ကလေးတွေကို မိခင်တွေရဲ့ လက်မောင်းကြားထဲ ထည့်ပေးကြရသည်။ အမေတွေက ကိုယ့် ကလေးကိုယ် ပြုံးရွှင်နှစ်သက်စွာ ထွေးပွေ့ထားလိုက်စဉ် ထွန်းခေါင်မိုး နဲ့ ဖြူဖွေး စကားနိုင်လုပြောနေကြသေးသည်။

"တေးရယ် . . . ဟိုကောင်ဖြူဖွေးကြီးကကွာ . . . သူ့ သားကို တို့သမီးနဲ့ပေးစားမလို့ . . . တဲ့၊ မွေးတာမှ စက္ကန့်ပိုင်းတောင် မရှိသေးဘူး၊ စောစောစီးစီးကွာ . . . လာပြီး . . ."

www.burmeseclassic.com

www.burmeseclassic.com



ဟိုဘက်ခုတင်မှာလည်း ဖြူဖွေးက မကျေမနပ် . . . ။

"နေကလေး . . . ကိုယ့်သားနဲ့ သူတို့သမီးနဲ့ ပေးစားမယ်လို့ ပြောတာကွာ . . . ၊ ဟိုကောင် ထွေးနဲ့က ဒေါ်နဲ့မော်နဲ့၊ သူတို့ကပဲ နာရတယ် ရှိသေးကွာ"

ကလေးနှစ်ယောက်ရဲ့ မိခင်တွေ ခပ်တိုးတိုး ကျိတ်ရယ်မိကြလေသည်။ ပြီးတော့ အဖေတွေကို ပြုံးရွှင်ကြည်နူးစွာ လှည့်ကြည့်ရင်း . . . ။

"ဒီမှာ . . . အဖေတို့ရေ . . . နေနီနီရဲ့ တေးကဗျာဆိုတာ မိန်းမတွေချည်း ဖြစ်နေလို့ ရှင်တို့ကို ပြန်ကြိုက်ကြတယ်မှတ်ပါ။ အခု ကျွန်မတို့မွေးထားတာက သားနဲ့သမီးဆိုတော့ ကျွန်မတို့တုန်းက မဖြစ်ခဲ့ရတဲ့ဆန္ဒတွေ သူတို့မှာ ဖြစ်စေရမယ် . . . ဒါပဲ"

"ဟုတ်တယ်၊ နေကလေးနဲ့ တေးကလေးဆိုတဲ့ မိန်းမ နှစ်ယောက်ကို ရှင်တို့ဘယ်တော့မှ ခွဲခြားဖို့ မကြိုးစားလေနဲ့၊ ကျွန်မတို့က မွေးခန်းထဲမှာကတည်းက ကလေးတွေကို စေ့စပ်လိုက်ပြီးသား"

"ဟေ . . ."

အဲဒီအချိန်မှာ အသံကျယ်ကြီးနဲ့ အော်ဟစ်တက်လာသည့် ပုံရိပ်တစ်ခုကို သူတို့ မြင်လိုက်ရတော့သည်။ အသက်အရွယ်နဲ့ မလိုက်အောင် ကျန်းမာနုပျိုနေပြီဖြစ်တဲ့ . . . လောလောလတ်လတ် ဖိုးဖိုးကြီးရာထူး ရသွားသူ . . . ဦးနေမင်းအိမ် . . . ။

"ကောင်းတယ်၊ ကောင်းတယ်၊ ဒါဆိုရင် ငါ့မြေးတွေ မင်္ဂလာဆောင်မှာ နှစ်မင်္ဂလာ မတက်ရတော့ဘူး၊ တစ်မင်္ဂလာပဲ ဆောင်ပေးရတော့မယ်၊ အကုန်အကျလည်း သက်သာတယ်"



"ဟာ . . . ဒက်ဒီကတော့ လုပ်ချလိုက်ပြန်ပြီ"

ဦးနေမင်းအိမ်က တဟားဟားအော်ရယ်ရင်း ကလေးတွေကို တစ်လှည့်စီ လိုက်ကြည့်သည်။ အကုန်လုံးက ဦးနေမင်းအိမ် စကားကို ပွဲကျသွားကြသည်။

ပျော်ရွှင်မြူးတူးနေသော ဦးနေမင်းအိမ်လက်ထဲသို့ ကလေးနှစ်ယောက်စလုံးကို ကလေးအဖေတွေက ဝိုင်းထည့်ပေးကြသည်။ ဦးနေမင်းအိမ် ပြုံးပြုံးကြီးလုပ်ကာ ကျေနပ်နေသည်။

ပြီးတော့ ဖြူဖွေးကို တည့်တည့်စိုက်ကြည့်နေသည်။

အကြည့်တွေက . . . ရိဝေ . . . လို့။

"ဒက်ဒီ . . . ဘာလို့ နောက်ကျနေတာလဲ"

ဖြူဖွေးမေးလိုက်တော့ သူ့နားကို ဦးနေမင်းအိမ် တိုးကပ်လာသည်။

"ငါ . . . အရေးကြီးတဲ့ နိုင်ငံခြားဖုန်းတစ်ခုကို လှမ်းဆက်နေရလို့ကွ . . . ။

သူ့စိတ်ထဲက ထင့်ခနဲဖြစ်သွားစဉ် . . . ။ တည်ငြိမ်နွေးထွေးစွာ ဦးနေမင်းအိမ် ဆက်ပြောသည်။

"မိဘတိုင်းက သားသမီးတိုင်း ချစ်ကြပါတယ် . . . ငါ့သား ဖြူဖွေးရယ် "

ဦးနေမင်းအိမ်ပြောသည့်စကားကို သူ နားမလည်။ ဆွံ့အနာ ကြောင်ငေးရပ်တန့်နေမိစဉ် . . . ဦးနေမင်းအိမ်က သူ့မျက်လုံးတွေထဲကို ကြင်နာစွာ စိုက်ကြည့်လျက် . . . ။

"မင်းဖေဖေနဲ့ မင်းမေမေက သူတို့ရဲ့မြေးလေးကို မြင်

www.burmeseclassic.com

www.burmeseclassic.com



ချင်လို့ နောက်တစ်ပတ် မြန်မာပြည်ကို ပြန်လာခဲ့မယ်တဲ့ . . သား"

သူ့ရင်ထဲက နှလုံးသားသည် ဆတ်ခနဲ လှုပ်ခါသွားပါသည်။ အံ့အားသင့်လွန်း၍ တိတ်ဆိတ်မှင်တက်စွာ လူတွေအားလုံးကို ငေးကြည့်နေမိစဉ် . . .။

အမှန်တကယ်တော့ သူ ဘာကိုမှမမြင်နိုင်ဘဲ အမြင်အာရုံတွေ ဆွတ္တ ဝိုးဝါးသွားတာပါ . . .။ ဦးနေမင်းအိမ်ရဲ့ လေသံခပ်တိုးတိုးကို သူ ကြားလိုက်ရသေးသည်။

"သူတို့ . . . လေယာဉ်တစ်စီးတည်း အတူစီးပြီး ပြန်လာကြမှာပါ"

သူ့မျက်နှာကို ငွေ့ကာ ရှက်ရွံ့ရွံ့ တစ်ချက်ပြုံးလိုက်မိလေသည်။ သူ့ပါးပေါ်က ပူနွေးသည့် မျက်ရည်တွေကို နေကလေးက ခပ်ဖြည်းဖြည်း သုတ်ပေးသည်။ ။

မိုးနီလွင်

www.burmeseclassic.com